
www.burmeseclassic.com

လယ်တွင်းသား

# ဇောချစ်

နှလုံးသားမလှသူမဖတ်ရ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၁၀/၂၀၀၁ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၈၁/၂၀၀၁ (၁)

**ပုံနှိပ်ခြင်း**
၂၀၀၂-ခုနှစ်၊ မတ်လ၊ ဒုတိယအကြိမ်
အုပ်ရေ – ၅၀၀၊ တန်ဖိုး – ၃၅၀ ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးဇော်ခိုင် (၀၁၆၉၉)
ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ဗုလဲမြို့သစ် (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်သူ**
ဦးညွန့်ဝေ (၀၅၄၂၅)
မြိုးပန်းတစ်ရာပုံနှိပ်တိုက်
၃၉၊ ကွင်းကျောင်းလမ်း
အလုံ၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်သူ**
ဦးငွေကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်းပုံနှိပ်တိုက်
၁၈၁၊ ၃၃လမ်း၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**
မြိုးပန်းတစ်ရာစာပေ
ဖုန်း – ၂၄၅၃၈၀

လယ်တွင်းသား
စောချစ်

# နှလုံးသားမလှသူ

မဖတ်ရ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

မန္တလေးနန်းမြို့ရိုးနှင့် ပစ္စင်ပြအိုး ပြာသာဒ် မွန်းချွန်တို့သည် မှန်သားပြင်လို ကြည်လင်သော ကျုံးရေပြင်မှာ အရိပ်ထင်နေကြ၏။

လေပြင်းလေးတစ်ချက် တိုးဝှေ့သွားရှ် မှန်းသီတာဥယျာဉ် ထဲမှ စွယ်တော်ပင်လေး လှုပ်ခါသွားသည်။

အောင်ဇော်သည် ကုန်ခါနီးဖြစ်သော စီးကရက်ကို အားပါး တရဖွာရှိုက်ပြီး အဝေးသို့ လွင့်စဉ်သွားအောင် တောက်ထုတ်ပစ်လိုက် သည်။

BURMESE CLASSIC .com

"တို့ ရင်ထဲမှာ သိပ်မောတာပဲ ခင်မွန်ရယ်"

ရှိုက်ထားသော စီးကရက်မီးခိုးများကို ပင့်သက်နှင့်အတူ အောင်ဇော် မှုတ်ထုတ်ပစ်လိုက်သည်။

"ဘာဖြစ်လို့ မောရတာလဲ အောင်ရယ်"

ခုံတန်းဖြူဖြူလေးပေါ်မှာ ထိုင်နေသော ခင်မွန်၏ မျက်နှာ လေးက ပကတိ အေးဆေးတည်ငြိမ်လျက်. . . . .

"ခင်မွန်နဲ့ဝေးရမှာကို ဘယ်လိုမှ မစဉ်းစားရဲဘူးကွာ"

အောင်ဇော်က ခင်မွန်၏ ဖြူနုသော လက်ကလေးကို ခင်း ခင်း ဆုပ်ကိုင်ထားလိုက်သည်။

"ဘာလို့ ဝေးရမှာလဲ အောင်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



ခင်မွန့်ထံမှ ထွက်ပေါ်လာသည့် နူးညံ့နွေးထွေးသော အားပေးသံ။

"ခင်မွန်တို့ ဖေဖေက ကိုယ့်ကို လူဘော်ကြော့လို့ အထင်သေးတာ နည်းနည်းမှ မခံချင်ဘူး"

"ထားစမ်းပါ အောင်ရယ်၊ အောင့်ကို ခင်မွန် ချစ်နေရင် ပြီးတာပဲ မဟုတ်လား"

ခင်မွန်က ချစ်သူ၏ မျက်နှာကို မြတ်နိုးစိတ်နှင့် ကြည့်လိုက်သည်။

အသားလတ်လတ် မျက်ခုံးကောင်းကောင်းနှင့် တောက်ပသော မျက်လုံးများ၊ နှာတံပေါ်၍ နှုတ်ခမ်းမွေး ရေးရေးရှိသောကြောင့် ဆွဲဆောင်မှု ရှိသည်ဟု ဂုဏ်ယူမိသော ချစ်သူ၏ မျက်နှာ။

"ကိုယ် အလုပ်တစ်ခုခု လုပ်ချင်တယ် ခင်မွန်၊ ဒါပေမယ့် လခစား အလုပ်တော့ လုံးဝ စိတ်မပါဘူး၊ ဘယ်တော့မှ မကြီးပွားနိုင်တဲ့ အလုပ်၊ ကိုယ့်မှာ ငွေရင်းရှိရင် ကြည့်ထားစမ်းပါ၊ စီးပွားရေးလုပ်ငန်းကို ခင်မွန့် ဖေဖေ အံ့သြအောင် ကိုယ် လုပ်ပြနိုင်ပါတယ်"

အောင်ဇော်က တင်းမာသော မာန်အပြည့်နှင့် ပြအိုးပေါ်မှ ပြာသာဒ်ဘုံမြင့်ဆီသို့ လှမ်းကြည့်နေသည်။

"အောင့်ဆီမှာ အခု ခင်မွန်ပေးထားတာ လေးသိန်းရှိပြီ၊ အဲဒီ ငွေလောက်နဲ့ စလုပ်လို့ မရသေးဘူးလား"

အောင်ဇော်က ခင်မွန့်မျက်နှာကို လှမ်းကြည့်လိုက်သည်။

"အဲဒီ ငွေကို ဒီနေ့အထိ ကိုယ် ထိတောင်မထိဘူး၊ ဒီအတိုင်း သိမ်းထားတယ်၊ ဒါက မှလွဲသာ မရှောင်သာလို့ ကိုယ်တို့နှစ်ယောက် အတူ ပြေးရရင် ခင်မွန် ဆင်းရဲဒုက္ခ မခံရစေချင်လို့ ခင်မွန့်အတွက် စုပေးထားတဲ့ ခင်မွန့် ငွေ"

"ဩော်. . . ဒီလောက်လဲ သစ္စာ မကြီးစမ်းပါနဲ့ အောင်ရယ်



ခင်မွန့်ငွေဟာ အောင့် ငွေပဲပေါ့"

အောင်ဇော် ခေါင်းကို ခါယမ်းလိုက်သည်။

"ဒီလောက်တော့ ကိုယ့်ဘက်က မာနထားပါရစေ ခင်မွန်ရယ်၊ ခင်မွန် ကျေနပ်အောင် လက်ခံထားရတာပဲ လွန်လှပါပြီ"

ချစ်သူ၏ မာနကို ခင်မွန့်ရင်ထဲမှ လေးစားလိုက်မိသည်။

"ကိုယ့် မမနဲ့ သူ့ယောက်ျားက ကိုယ့်ကို သားသမီးလို ချစ်ကြပါတယ်၊ ဒါပေမယ့် သူတို့ကလည်း ဝန်ထမ်းလေ၊ ခင်မွန်သိတဲ့အတိုင်းပဲ နှစ်ယောက်လုံး အရာရှိတွေ ဆိုပေမယ့် ရိုးရိုးစားစားပဲ. . ."

"ကိုယ့်ကို သုံးဖို့တော့ ပေးနိုင်တယ်၊ ရင်းနှီးလောက်တဲ့ ငွေ မပေးနိုင်ကြသေးဘူး၊ ကိုယ်နားပူလွန်းလို့ ယောက်ဖက ဖြစ်အောင် ရှာပေးမယ် လို့တော့ ကတိပေးထားပါတယ်"

ကဲပါ အောင်ရယ်. . တော်ပါတော့၊ ခဏလေးတွေ့ရတုန်းမှာ ဒီစကားတွေနဲ့ပဲ အချိန်တွေ ကုန်တော့မယ်"

ခင်မွန့်မျက်နှာလေးကို ချစ်မြတ်နိုးစွာကြည့်ပြီး အောင်ဇော် ပြုံးလိုက်သည်။

"ခင်မွန့်ကို သိပ်ချစ်လွန်းလို့ စိုးရိမ်စိတ်နဲ့ ပြောမိတာပါ"

အောင်ဇော်က ခင်မွန့် ပခုံးလေးကို လှမ်းဖက်လိုက်သည်။

"ဟော့. . . ပန်းခြံထဲမှာ ဒန်းစီးနေတဲ့ ကလေးတွေနဲ့"

ခင်မွန် ပခုံးလေးကို ကျုံ့ပြီး ခေါင်းငုံ့ ပစ်လိုက်သည်။

"ခင်မွန်တို့ ဖေဖေက ကိုယ်တို့နှစ်ယောက်ကို အတင်းခွဲပစ်ရင်ရော"

"ဖေဖေက ခင်မွန့်ကို ချစ်ပါတယ်၊ ခင်မွန် စိတ်ဆင်းရဲအောင် လုပ်မှာ မဟုတ်ပါဘူး"

"မထင်နဲ့ ခင်မွန်၊ ဘယ်လောက် ချစ်ချစ် ဒါမျိုးကျတော့

www.burmeseclassic.com

ချစ်လေ တင်းမာလေ ဖြစ်တတ်တယ်"

"ဘယ်လိုပဲ ဖြစ်ဖြစ် အောင့်ဘက်မှာ ခင်မွန်ရှိနေတယ်လေ"

ခေါင်းကလေး ဆတ်ခနဲ ငုံ့ပြီး မျက်လုံးလေး ဝင့်ကြည့်သော ခင်မွန့် အမူအရာလေးက ချစ်စရာ။

အောင်ဇော် သက်ပြင်းတစ်ချက်ကို မျိုချလိုက်သည်။

'ခင်မွန့်ဖေဖေ ကြည့်ရတာ၊ ဟို. . . ကျော်ဘာဆိုတဲ့ကောင်ကို သိပ်အရေးပေးတာပဲ၊ အခု ပွဲရုံမှာ နေရာကနေ၊ အိမ်ပေါ်ကို ခေါ်တင်လိုက် ပြန်ပြီလေ၊ ကိုယ်တော့ သိပ် စိုးရိမ်တာပဲ ခင်မွန်ရယ်"

"ဟင်း. . အဆင့်မရှိပါဘူး၊ လက်ဖက်ရည်ဆိုင်က အလုပ်ပြုတ်လို့ ခေါ်လာတဲ့ လူ. . . ."

ခင်မွန် မျက်နှာ တင်းသွားသည်။

"ဒါကတော့ လွန်ခဲ့တဲ့ ငါးနှစ်က အခြေအနေလေ၊ ခုတော့ သူက ဘွဲ့ရပြီး ပွဲရုံ မန်နေဂျာကြီးတောင် ဖြစ်နေပြီ"

"ဘာဖြစ်ဖြစ် ရှင်ဘုရင်တက်ဖြစ်တောင် 'ဒီလို လူမျိုးကို ခင်မွန် အထင်မကြီးဘူး"

အောင်ဇော် ကျေနပ်စွာ ပြုံးလိုက်သည်။

"ကဲ. . . သိပ်လည်း စိတ်ဆိုးမသွားပါနဲ့ ခင်မွန်ရယ်၊ ခင်မွန် မျက်နှာနုနုလေး ရုပ်ဆိုးသွားပါ့မယ်"

"အောင် မကောင်းဘူး၊ ခင်မွန့်ကို ချစ်ရင် နောက် ဒီလူ့အကြောင်း မပြောနဲ့၊ ဖေဖေကလည်း အဲဒီလူကို ဘာတွေ သဘောကျနေမှန်း မသိဘူး၊ အယုံသွင်းပြီး တစ်နေ့ကျရင် ဖေဖေ့ကို လိမ်ညာသွားမှာတောင် စိုးတယ်"

"ဟုတ်တယ်. . . ခင်မွန် သိပ်တော်တာပဲ၊ ကိုယ်လည်း အဲဒါကို စိုးရိမ်တာပဲ၊ ကိုယ်က စပြောရင် မကောင်းလို့"



"ဟင်း. . ခင်မွန် ဒီလောက် မအဘူး၊ သူ့ ခြေတွေကို ခင်မွန် မြင်နေတာကြာပြီ၊ ခင်မွန့်ကိစ္စအထိ အဲဒီလူ ဝင်ပါလာရင်တော့ ဖြစ်ချင်ရာဖြစ် အောင်နဲ့ ချက်ချင်းလိုက်ခဲ့မယ်. . ."

"အိမ်မှာ ဒီလူရောက်လာတာကိုလည်း ခင်မွန် နည်းနည်းမှ မကျေနပ်ဘူး၊ ခင်မွန် ဖေဖေ့ကို ပြောသေးတယ်၊ ဖေဖေက နိုင်ငံခြား ကုမ္ပဏီတွေနဲ့ အရောင်းအဝယ် အလုပ်တွေက တစ်ခါတလေ ဖုန်းနဲ့ ဆက်တဲ့အခါ ညပေမယ့် ချက်ချင်း အကြောင်းပြန်ရတာတွေ ရှိတယ်. . ."

"သူ ရှိမှ နှစ်ယောက်အတူ တွက်ချက်တိုင်ပင်နိုင်လို့တဲ့"

ခင်မွန်က သူ့ လက်ကိုင်အိတ်ကလေး၏ ခလုတ်ကို နှိပ်ဖွင့်လိုက်သည်။

"ရော့. . . အောင့်ဆီမှာ သိမ်းထားပေး၊ အရေးဆိုရင် ငွေရှိမှ ဖြစ်မယ်"

ခင်မွန်က ငွေ ငါးသောင်းကို အောင်ဇော့်လက်ထဲ ထည့်လိုက်သည်။

"စိတ်ချပါ ခင်မွန်ရယ်၊ ခင်မွန်ပေးတဲ့ ငွေ အားလုံး သေသေချာချာ သိမ်းထားပါတယ်၊ ဒါနဲ့ဆိုရင် လေးသိန်းနဲ့ငါးသောင်း ရှိပြီနော်၊ ဒီ ငွေတွေကို ကိုယ်လုံးဝ မထိဘူး"

"ကဲ. . ခင်မွန် ပြန်တော့မယ် အောင်၊ ကြာရင် ဖေဖေ ရိပ်မိသွားမှာ စိုးလို့"

အောင်ဇော်က ငွေ ငါးသောင်းကို သူ့ ဘောင်းဘီဘေးအိတ်ထဲ ထိုးထည့်ရင်း ခေါင်းညိတ်ပြသည်။

ခင်မွန်နှင့် အောင်ဇော်တို့ စက်ဘီးတစ်စီးစီနှင့် ပန်းခြံမှ ထွက်ခဲ့ကြ၏။ သို့သော် အောင်ဇော်က မြို့ထဲသွားဦးမည်ဖြစ်၍ ဘေးအတိုင်း အနောက်သို့၊ ခင်မွန်က အရှေ့သို့. . . .။

www.burmeseclassic.com

www.burmeseclassic.com



* * *

စက်ဘီးစီးရင်း ဖေဖေ၏ပွဲရုံမှာသာမက အိမ်မှာအထိ အရေးပါ အရာရောက်နေသော ကျော်သာ့မျက်နှာကို ခင်မွန် မြင်ယောင်လာသည်။

"ဟင်း. . . . ."

လှပသော နှုတ်ခမ်းလေးကို အရုပ်ဆိုးအောင် တွန့်ပစ်လိုက်၏။

လွန်ခဲ့သော ငါးနှစ်က မနက်စောစော အိမ်ခြံဝင်းထဲသို့ ဝင်လာသော ကျော်သာ၏ ပုံကို မြင်ယောင်လာမိသည်။

"ဦးမင်းအောင် အိမ်လားဗျာ"

"ဟုတ်ပါတယ်"

အိမ်ရှေ့တွင် ဒေါ်မြနှင့် အမေးအဖြေ လုပ်နေသောအသံကို ကြား၍ ခင်မွန် ထွက်ကြည့်သည်။

နွမ်းပါးသော အဝတ်အဆင်နှင့် တောပုံမပျောက်သေးသော ကြောက်ကြောက်ရွံ့ရွံ့ လူငယ်တစ်ယောက်. . . .

"ရှင် ဖေဖေခေါ်ထားတဲ့ အလုပ်သမားဆိုတာလား"

"ဟုတ်ပါတယ် ခင်ဗျာ"

ဖြေပုံက ရိုရိုသေသေ လေးလေးစားစား။

"ရှင် မာလီ လုပ်တတ်သလား"

"ဗျာ. . . ."

မာလီဆိုသော စကားကိုပင် နားမလည်သောလူ။

"ပန်းပင် စိုက်တတ်သလား၊ ပန်းပင် စိုက်ဖူးသလား မေးတာ"



"ရွာမှာနေတုန်းက စိုက်ဖူးပါတယ်"

"ဘာ ပန်းပင်တွေ စိုက်ဖူးလဲ"

ဒန်းပန်းပင်၊ ရွက်လှပင်၊ ရွက်ကျပင်ပေါက်ပင်၊ နွယ်သာကီပင်၊ ကေရာဇ်ပင်"

"တော်ပြီ. . တော်ပြီ. . . အဲဒီအပင်တွေနဲ့ ဒီမှာ ဘာမှလုပ်စရာမရှိဘူး၊ကက်တလီယာ၊ စပိုင်ဒါ၊ ဒန်စင်းလေဒီ၊ ဟော်လန်လီလီ၊ အင်ဒိုနီးရှားရို့စ် အဲဒီ အပင်မျိုးတွေ စိုက်တတ်သလား"

ကျော်သာ ခေါင်းယမ်းပြသည်။ အမည်များကိုပင် ကြားဖူးဟန်မတူ။

"ဖေဖေကလဲ မာလီခေါ်ခဲ့ပါဆိုမှ ဘယ်လိုလူ ခေါ်လာမှန်းမသိဘူး၊ ရှင် အလုပ်မရှိလို့ ဝင်လုပ်တာ မဟုတ်လား"

"ကျွန်တော် လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုး လုပ်နေတာပြုတ်သွားလို့ ဦးက သူ အလုပ်ပေးမယ်ဆိုပြီး ခေါ်လာတာပါ"

ကျော်သာက အမှန်အတိုင်း ပြောသည်။ သူ့ ပုံက နောက်ထပ် အလုပ်တစ်ခု မခန့်ရသေးမီ ထပ်ပြုတ်မည်ကို စိုးရိမ်နေဟန်တူပါသည်။

"ကဲ. . . ကဲ. . . အခု လောလောဆယ်တော့ ခြံထဲမှာရှိတဲ့ ပန်းပင်တွေကို ရေသွားလောင်းချေ၊ ရေတိုင်မှာ ရေပိုက်တပ်ပြီး ပိုက်နဲ့လိုက်လောင်း ရုံပဲ. . . ."

"ဟုတ်ကဲ့. . . ."

သူရေပိုက်နှင့် ပန်းပင်များကို ရေလောင်းနေစဉ် ဖေဖေကား ခြံထဲသို့ ဝင်လာသည်။ မာလီ အဘိုးကြီးတစ်ယောက်ကိုပါခေါ်လာသည်။

သူက ပွဲရုံမှာ စာရေးခန့်ရန် ခေါ်ထားသူဖြစ်ကြောင်း ဖေဖေ ပြောမှ သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ဆယ်တန်းအောင်ပြီးစ၊ ခုတော့ ပွဲရုံမှာ အလုပ်လုပ်ရင်း စာပေးစာယူနှင့် ဘွဲ့ရသွားပြီ။

ထိုလူကို ရိုးသားသည် ကြိုးစားသည် စီးပွားရေးလာဘ်မြင်သည်ဟု ဖေဖေက သိပ်ချီးကျူးနေသည်။

ဖေဖေ့ ပွဲရုံထဲမှာပင် သူ ရှယ်ယာငွေ တော်တော်များများ ပါနေပြီ ဟုဆိုသည်။

"ဟင်း. . . . ကိုယ်ပေးတဲ့ ငွေနဲ့ ကိုယ့် အလုပ်ထဲမှာ ပြန်ပြီး ခြေရှုပ် ဦးမယ့်လူ"

ခင်မွန်ကတော့ ထိုတောသားကို နည်းနည်းမှ အထင်ကြီး၍မရ။ လုံးဝကြည့်၍မရ။ လူကြီးကို တအားရိုသေပြီး ဖော်လံဖားတဲ့ပုံမျိုး. . . .

ကျိုးယောင့်ကို လွန်လာပြီမို့ အောင်တော်မူဘက်သို့သွားသော လမ်းမကြီးအတိုင်း ခင်မွန် စက်ဘီးကို ဆက်နင်းခဲ့သည်။

"ဖေဖေက ဒီလူကိုများ ဘာတွေသဘောကျပြီး ဘာတွေ အထင်ကြီးနေသလဲမသိဘူး"

ခင်မွန် စဉ်းစား၍မရခြင်းနှင့်အတူ အတွေးထဲမှာ မကျေမနပ် ဖြစ်နေမိသည်။

* * *

## အခန်း (၂)

"အရင်က မောင်ကျော်သာ ကုန်ဈေးနှုန်းအတက်အကျ ခန့်မှန်းတာ အမြဲတမ်း မှန်တယ်ဆိုတာ ဦးသိပါတယ်၊ ဒါပေမယ့် ဒီတစ်ခါတော့ မင်းရဲ့ ထင်မြင်ချက်ကို ဘယ်လိုနည်းနဲ့မှ ဦး လက်မခံနိုင်ဘူး"

ညှိခန်းဘက်မှ ထွက်ပေါ်လာသော ဖခင်ဖြစ်သူ၏ စကားကြောင့် ခင်မွန် တီဗွီ ကြည့်နေရာမှ နားစွင့်လိုက်သည်။ လက်ထဲမှာ ကိုင်ထားသော ရီမုတ်ကွန်ထရိုးနှင့် အသံတိုးအောင် လျှော့လိုက်သည်။

ကျော်သာ ပြန်ပြောမည့်အသံကို ကြားချင်၍ ဖြစ်သည်။

"ဦး တစ်ယောက်တည်းမဟုတ်ပါဘူးလေ၊ အတွေ့အကြုံရှိတဲ့ ပွဲစားကြီးတွေ အားလုံးလည်း ဘယ်သူမှ သဘောမတူကြဘူး"

ဦးမင်းအောင်က ဆက်ပြောသည်။

"အခု ကိစ္စမှာ ကျွန်တော် မှန်မယ် ယုံနေမိလို့ပါဦး"

"ဟင်း. . . . သူကိုယ်သူ ထင်နေလိုက်တာ၊ တောသားက မနေ့တစ်နေ့ကမှ ပွဲရုံလုပ်ငန်း ဝင်လုပ်ပြီး၊ ဖေဖေတို့ထက်များ သူက ပိုသိချင်နေသေးတယ်"

ခင်မွန် နားကြားပြင်းကတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



“မဖြစ်နိုင်ဘူး မောင်ကျော်သာ၊ ဦးတို့ မြင်တာကတော့ ဒီကိစ္စမှာ မင်းတွက်တာတွေ လွဲနေတယ်”

ဖေဖေနှင့် အယူအဆချင်း ကွဲနေကြသည်ကို သိရ၍ ခင်မွန် ဝမ်းသာမိသည်။

“ဦးရယ် စိတ်ကူးမလွဲပါနဲ့ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့် သဘောတိုင်းဆိုရင် ဒီ နှမ်းတွေကို ရောင်းမပစ်ရုံတင် မကဘူး၊ နောက်ထပ်တောင် ငွေရှိသလောက် ထပ်ပြီးဝယ်ထားချင်ပါတယ်၊ ဦးရဲ့ အကျိုးစီးပွားအတွက် ကျွန်တော် စေတနာနဲ့ ပြောတာပါ”

“ဟင်း. . . . လေသံကိုက အပျော့ဆွဲနဲ့”

ခင်မွန် ဘယ်လိုမှ အကောင်းမထင်နိုင်။

“လုံးဝ မဖြစ်နိုင်ဘူး မောင်ကျော်သာ၊ မင်း ဘယ်လိုပြောပြော ဦးကတော့ ဒီနှမ်းတွေကို အခုပေါက်တဲ့ဈေးနဲ့ အမြန်ဆုံးရောင်းပစ်ရမှာပဲ”

“မောင်ကျော်သာ စဉ်းစားကြည့်၊ မနေ့က တစ်တင်း နှစ်ထောင့် ငါးရာရှိသေးတယ်၊ ဒီနေ့ နှစ်ထောင်နှစ်ရာ ဖြစ်သွားပြီ၊ တင်းတစ်ထောင်ဆိုရင် ငွေသုံးသိန်းထပ်ရှုံးသွားပြီ တင်း နှစ်ထောင်ဆိုရင်တော့ ခြောက်သိန်း၊ ရောင်းသူပဲရှိတယ်၊ ဝယ်သူ လုံးဝမရှိဘူး. . . .”

“ဆက်ကျဖို့ပဲ ရှိတယ်၊ တက်စရာ ဘာအကြောင်းမှ မရှိဘူး၊ နှစ်ထောင်အထိကျရင် ဆယ်သိန်းတောင် အရှုံးပြမယ်”

“အခုလည်း မထူးပါဘူး ဦးရယ်၊ နှစ်ထောင်ခုနှစ်ရာ ဝယ်ခဲ့တာဆိုတော့ တင်းနှစ်ထောင်မှာ ဆယ်သိန်း ရှုံးနေပြီးသားပဲ၊ နောက်ထပ် လေးသိန်းလောက် ရှုံးရုံနဲ့ ပိုထူးမလာပါဘူး”

“နေဦးကွ၊ ဦးကလည်း မောင်ကျော်သာ ဘာလို့ဆက်ထား



ချင်တာ လည်းဆိုတာ နားမလည်နိုင်ဖြစ်နေတာ”

“ဈေး ပြန်တက်မယ်ထင်လို့ ထားစေချင်တာပါ ဦး”

“ဘယ်လိုလုပ်ပြီး ပြန်တက်နိုင်မှာလဲ”

“ကျွန်တော် အကြိမ်ကြိမ် ပြောပြီးပါပြီ ဦးရယ်၊ အခုဟာ နိုင်ငံခြားတင်ပို့ဖို့ အခက်အခဲကြောင့် နိုင်ငံခြားအဝယ်ရပ်သွားလို့ပါ၊ လမ်းကြောင်း ပြန်ပွင့်သွားရင် အဝယ်တအားလိုက်လာပြီး ဈေးတွေ ခုန်တက်သွားဦးမှာပါ. . .”

“အဲဒီ အကြောင်းပြချက်နဲ့ ဆိုရင်တော့ လုံးဝမျှော်လင့်ချက် မရှိဘူး မောင်ကျော်သာ”

“လုံးဝ မျှော်လင့်ချက်မရှိလို့ ဆိုကြိုတ်ရောင်းမယ်ဆိုရင် အဲဒီ အရှုံးကို အများကြီး သက်သာနိုင်တာလည်း စဉ်းစားလို့ ရပါသေးတယ် ဦး. . .”

ဖေဖေ့ စကားကို တစ်ခွန်းချင်း စောဒက တက်နေသံ ကြားနေရ၍ ခင်မွန် မကျေမနပ် ဖြစ်မိသည်။

“အဲဒီလောက်အထိ ရှည်ရှည်ဝေးဝေး လုပ်မနေနိုင်ဘူး မောင်ကျော်သာ၊ နှမ်းကို ရောင်းရင် ပဲကိုပြောင်းပြီး ဝယ်နိုင်တယ်၊ ပဲက တက်ဈေးမိနေတော့ သေချာတာလုပ်မှာပေါ့”

“ပဲ တက်ဈေးက ထိပ်ဆုံးကို ရောက်နေပြီ ဦး၊ မကြာခင် ကျဖို့ပဲ ရှိတော့တယ်”

“ဟာ. . . . မောင်ကျော်သာ တွေးတာက အကုန်လုံး ပြောင်းပြန်တွေချည်း ဖြစ်နေပြီ၊ ဦးကတော့ မနက်ဖြန်မနက် ပွဲရုံဖွင့်တာနဲ့ ဒီနေ့ပေါက်ဈေးမီအောင် အားလုံးရောင်းပစ်ရမှာပဲ”

ဖေဖေ သူ့ကို စိတ်ပျက်သွား၍ ခင်မွန် လက်ခုပ်တီးပစ်ချင်လောက်အောင် ဝမ်းသာသွားမိသည်။

“အဲဒီလိုဆိုရင် ဦးရယ်၊ ဒီ နှမ်းအားလုံးကို ကျွန်တော် ဝယ်

www.burmeseclassic.com

www.burmeseclassic.com



ပါရစေ"

"ဟင်. . . ."

ခင်မွန် အံ့သြသည်။

"မောင်ကျော်သာမှာ ငွေရှိရင် ဝယ်ပေါ့"

ဦးမင်းအောင် လေသံ နည်းနည်းမာသည်။

"ပွဲရုံထဲမှာ ကျွန်တော့်ငွေ ဆယ်သိန်း ရှိတာကိုး . . . ."

"ဟာ. . . . ဒါကတော့ ဦးသဘောမတူဘူး၊ အစုရှယ်ယာဆိုတာက ပွဲရုံပိုင် ငွေပဲ"

"ဟုတ်ပါတယ် ဦး၊ ကျွန်တော်က ကျွန်တော့် ရှယ်ယာကို ထုတ်ပြီး ဝယ်မှာပါ၊ ကျွန်တော် ရှုံးရင် ကျွန်တော့် ငွေပဲ အဆုံးခံမှာပါ၊ ပွဲရုံက မခံရပါဘူး"

"ဒါကတော့ မောင်ကျော်သာရဲ့ သဘောပဲလေ၊ ဝယ်ရင်တော့ ဒီနေ့ပေါက်ဈေး နှစ်ထောင့်နှစ်ရာနဲ့ပဲ ယူရမှာနော်"

"ဟုတ်ကဲ့ပါ ဦး. . . ."

"ဒါပေမယ့် နှမ်းက တင်းနှစ်ထောင်ဆိုတော့ မောင်ကျော်သာ ငွေ သုံးဆယ့်လေးသိန်း လိုဦးမှာပေါ့၊ အဲဒီ ငွေကို နက်ဖြန်ခါ ပေးနိုင်ပါ့မလား"

"ဟုတ်ကဲ့ ကျွန်တော် တချို့ကို ဘဏ်ကချေးပေးပါမယ်၊ ကျန်တာကတော့ ပွဲစားကြီး ဦးလေးသိန်းဆီမှာ ချေးလို့ရဖို့ ကြိုးစားပါ့မယ်"

"ဦးသိန်းက မချေးဘူးဆိုရင်ကော"

ဦးမင်းအောင်က ကျော်သာ့ မျက်လုံးများကို စူးစိုက်စွာ ကြည့်နေသည်။

"အဲဒီလို ဆိုရင်လည်း တစ်ခြားလူတွေဆီမှာ အတိုးကြီး ပေးချင် ပေးရပါစေ၊ ကျွန်တော် ရအောင်ရှာပြီး ပေးပါ့မယ်"



ကျော်သာ ပြောနေပုံမှာ သူ့ကိုယ်သူ ယုံကြည်မှုအပြည့် ဖြစ်နေ၍ ဦးမင်းအောင် အံ့သြနေသည်။

"ဦးကတော့ မောင်ကျော်သာကို မလုပ်စေချင်ဘူး၊ ဒီနေ့ တစ်ညတော့ ပြန်စဉ်းစားစေချင်သေးတယ်"

"ကျွန်တော် အသေအချာ စဉ်းစားပြီးလို့ အနိုင်အမာ ဆုံးဖြတ်တာပါ ဦး"

ဦးမင်းအောင် ကျော်သာကို မကြည့်တော့၊ အိတ်ထဲမှ နဂါးစပါယ်ရှယ် ဆေးပေါ့လိပ်ကို ထုတ်ယူ၍ မီးညှိဖွာရှိုက်ရင်း အလေးအနက် စဉ်းစားနေသည်။

ခင်မွန့်စိတ်ထဲမှာတော့ နှမ်းများအားလုံးကို ဖေဖေရောင်းလိုက်စေချင်သည်။

"ဒါမှ ဒီတောသား အရှုံးကြီးရှုံးပြီး မှတ်သွားမှာ"

ဦးမင်းအောင်က မျက်နှာကြက်ဆီသို့ ဝေ့ဝဲတက်နေသော ဆေးပေါ့လိပ် မီးခိုးများကို ကြည့်နေရာမှ ဆုံးဖြတ်ချက် တစ်ခုကျသွားဟန်နှင့် ကျော်သာ့ ထံသို့ အကြည့်ပြောင်းလိုက်သည်။

"ကဲ. . . . ဦးက ဒီနေ့ ပေါက်ဈေးနဲ့ ရောင်းမယ်ဆိုရင် မောင်ကျော်သာက. . . ."

"ဦးဆီမှာ ရှိတဲ့ နှမ်းတင်းနှစ်ထောင်ကို ကျွန်တော်နှုတ်နဲ့ ဝယ်လိုက်ပါပြီ ဦး"

ကျော်သာက သူတို့ပွဲရုံ ထုံးစံအတိုင်း လက်သီးကိုဆုပ်ပြီး လက်မကို ထောင်ပြလိုက်သည်။

"ကောင်းပြီလေ. . . . ဒါဖြင့်လည်း အရောင်းအဝယ်ပြီး သွားပြီပေါ့"

ဦးမင်းအောင်က လက်သီးဆုပ်ပြီး လက်မထောင်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

* * *

နောက်တစ်နေ့မနက်တွင် ဦးမင်းအောင် ပွဲရုံသို့အစောကြီး ထွက်သွားသည်။

ပွဲရုံလုပ်ငန်းကို လုံးဝစိတ်မဝင်စားခဲ့သော ခင်မွန်ပင်လျှင် ဒီနေ့ နှမ်းဈေး အတက်အကျကို စိတ်ဝင်စားနေသည်။

ဖေဖေပြန်လာလျှင် သိရမည်ဟု ဖခင်အပြန်ကို စောင့်စားနေမိသည်။

ညနေကျတော့ ဦးမင်းအောင် စောစောပြန်ရောက်လာသည်။

ခင်မွန် အိမ်ရှေ့မှ ထွက်ကြိုရင်း ကားပေါ် လှမ်းကြည့်လိုက်တော့ ဒရိုင်ဘာနှင့်အတူ ဖေဖေ့ကို တွေ့ရသည်။

"နှမ်းဈေး အတက်အကျ ဘယ်လိုလဲဖေဖေ"

ပွဲရုံလုပ်ငန်းကို စိတ်မဝင်စားခဲ့သော သမီးက နှမ်းဈေး အတက်အကျကို မေး၍ ဦးမင်းအောင် သဘောကျစွာ ပြုံးမိသည်။

"နှမ်းဈေး နှစ်ထောင်အထိ ကျသွားတယ် သမီးရေ၊ ဖေဖေ ငွေ လေးသိန်းသက်သာပြီး၊ မောင်ကျော်သာ ငွေလေးသိန်းရှုံးသွားတာပေါ့"

"ကောင်းတယ်၊ သူ့ကိုယ်သူ သိပ်အထင်ကြီးနေတဲ့လူ ထိတာကောင်းတယ်"

ခင်မွန် မလိုတမာစိတ်နဲ့ ဝမ်းသာမိသည်။

"ဒါပေမယ့် မောင်ကျော်သာက နှစ်ရာဈေးနဲ့ပဲ နှမ်း တင်း တစ်ထောင် ကြံတိုင်းအောင်ပွဲရုံနှင့် တီကေပွဲရုံကနေ ထပ်ဝယ်လိုက်ပြန်တယ်တဲ့လေ"



ခင်မွန် အံ့ဩစွာနဲ့ ဖခင်မျက်နှာကို လှမ်းကြည့်လိုက်သည်။

"သူ့ငွေ ဘယ်ကရလဲ ဖေဖေ"

"ဦးသိန်းကပဲ ထုတ်ပေးမှာပေါ့"

"ဦးသိန်းက ငွေချေးရတာ မလွယ်ဘူးဆို"

"ဒါကတော့ စိတ်ချရတဲ့ အာမခံချက်ရှိလို့ ဖြစ်မှာပေါ့"

"ဒီလောက်များတဲ့ ငွေအတွက် သူ့မှာ အာမခံပေးစရာ ဘာများရှိလို့လဲ ဖေဖေ"

ခင်မွန် နားမလည်နိုင် ဖြစ်နေသည်။

"မောင်ကျော်သာက သူသေချာပေါက် မြတ်မယ်ဆိုတာ ဦးသိန်း ယုံကြည်လောက်အောင် တွက်ချက်ပြနိုင်လို့လည်း ဖြစ်နိုင်တာပေါ့"

"ဟင်း . . . . ဖေဖေ့လူကတော့ မထူးဘူးဆိုပြီး ရက်ရက်နဲ့ ဆက်ရမ်းနေပြီထင်တယ်"

ဦးမင်းအောင် ခေါင်းကို ဖြည်းဖြည်းသာသာ ခါရမ်းပြလိုက်သည်။

"မောင်ကျော်သာက အဲဒီလို လူစားမျိုးတော့ မဟုတ်ဘူး သမီး"

ဦးမင်းအောင် အိမ်ထဲသို့ ဝင်သွားပြီဖြစ်၍ ခင်မွန်က မျက်နှာကို ရှုံ့မဲ့ပစ်လိုက်သည်။

"ဟင်း. . . . သူ့လူကို ခုထိတောင် ထင်နေတုန်း"

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

မန္တလေးတောင်ခြေမှ အအေးဆိုင်လေးတွင် ခင်မွန်နှင့် အောင်ဇော်တို့ ဝင်ထိုင်၍ ကြံရည်တစ်ခွက်စီ မှာလိုက်ကြသည်။

"အောင့်ကို ခင်မွန် သတင်းထူးပြောစရာရှိလို့"

ခင်မွန်ကို လှမ်းကြည့်လိုက်သော အောင်ဇော်၏ မျက်လုံးများက ပြောလေဆိုသော အဓိပ္ပာယ်နှင့်။

ခင်မွန်က သူ့ဖခင်နှင့် ကျော်သာတို့ နှမ်းဈေးနှုန်း အတက်အကျ အယူအဆကွဲကြပုံကို ရှင်းပြသည်။

"ကောင်းတယ်၊ တောသား လူလည်လုပ်တာ လေးသိန်းရှုံးသွားပြီပေါ့"

အောင်ဇော်က လာချပေးသော ကြံရည်ခွက်ကို ကောက်ယူ၍ တစ်ကျိုက်သောက်ပစ်လိုက်သည်။

"အခု သူဝယ်ပြီးမှ တစ်ပတ်ရှိသွားပြီ၊ နှမ်းဈေးက နှစ်ထောင်မှာ တန့်နေတယ်"

"တကယ်ကတော့ ဒီကောင် အချိုကြီး ကြံလိုက်တာနေမှာ"

"သိန်းနဲ့ချီ မြတ်ဖို့လား"

ခင်မွန်က ဖန်ခွက်ကို လှုပ်၍ ရေခဲတုံးလေးများ အရည်ပျော်အောင်လုပ်ရင်းမေးသည်။



"ဘယ်ကမလဲ . . . ."

"သူဌေးသမီးကိုပါ အပိုင်သိမ်းဖို့"

"ဘယ်လို"

ခင်မွန် နားမလည်ပါ။

"လွယ်လွယ်လေးပါ ခင်မွန်ရယ်၊ သူမျှော်လင့်သလို ဈေးကတက်သွားရင် သူ သန်းနဲ့ချီမြတ်မယ်၊ ခင်မွန့်ဖေဖေက သူ့ကို သိပ်အထင်ကြီးသွားမယ်၊ ဒါဆိုရင် သူဌေးဦးမင်းအောင်ရဲ့ သမီးခင်မွန်ကိုတောင် သူ ရဖို့ လမ်းကြောင်းပွင့်သွားလိမ့်မယ်"

"ဟင်း. . . ဝေးပါသေး၊ ဒီလို လူမျိုးကို စိတ်တောင် မကူးဘူး"

"ခင်မွန်က စိတ်မကူးပေမယ့် ခင်မွန့်ဖေဖေက စိတ်ကူးမှာပေါ့"

"အခု သူမျှော်မှန်းသလို မဖြစ်ဘူးလေ"

ကြံရည်အေးအေးလေးကို စုပ်ယူနေသော ခင်မွန့်မျက်လုံးများက ကျေနပ်မှုဖြင့် တောက်ပလျက်. . . .

"အေးလေ. . အဲဒီတော့လည်း သူ့အထင်သေးခံရမှာပေ့ါ"

"ဒါပေမယ့် ဖေဖေကတော့ ခုထိ သူ့ကို အထင်မသေးဘူး အောင်ရဲ့"

"ဘာဖြစ်လို့လဲ"

"သူက ပွဲရုံထဲမှာ သူ့ရှယ်ယာမပါတော့ပေမယ့်၊ ဖေဖေ ကလားပဲ ဝယ်မယ့်ကိစ္စကို အတင်းဖြတ်ပြီး မတ်ပဲ အဝယ်ခိုင်းတယ်၊ ဒါနဲ့ ဖေဖေ မတ်ပဲ ဝယ်တယ်၊ ဝယ်ပြီး နှစ်ရက်ပဲ ကြာတယ်၊ ဈေးတွေ တက်လာတယ်။ ဖေဖေက တက်ဈေးမှာ ဆက်ထားချင်ပေမယ့် သူက အတင်းပြန် အရောင်းခိုင်းတယ်။ ဖေဖေ ပြန်ရောင်းတော့ ရှိခြောက် သောင်းမြတ်တယ်။ နောက်တစ်ရက်မှာ ဈေးပြန်ကျသွားတယ်"

www.burmeseclassic.com



"ဒါကတော့ ရမ်းလုပ်ပြီး မှန်သွားတာပါ ခင်မွန်ရယ်"

"ဟုတ်တယ်လေ၊ သူကိုယ်တိုင် ဝယ်ထားတဲ့ နှမ်း ကျတော့ ခုထိ ဝယ်သူလည်း မရှိဘူး၊ ဈေးလည်း မတက်ဘူး၊ သူ့မှာ နေ့တိုင်း သိုလှောင်ခတွေ တက်နေတာပေါ့၊ ဖေဖေတို့ကတော့ ဆက်တောင် ကျနိုင်တယ်လို့ ပြောကြတယ်. . . ."

"ဒါပေမယ့် ဒီလူက ဟန်ဆောင်ကောင်းတယ် သိလား။ အပြုံးမပျက်ဘူး၊ သူ့ နှမ်းတွေ အသာထားပြီး ဖေဖေ့ပွဲရုံကိစ္စ အမြတ်ရအောင် လုပ်ပေးနေလို့ ဖေဖေက သဘောကျနေတာ"

"ဒါတွေကြောင့်မို့ ခင်မွန့်အတွက် အောင် စိတ်ပူတာပေါ့"

"အဲဒီကိစ္စကို မစဉ်းစားပါနဲ့ အောင်ရယ်၊ ခင်မွန် အခုစဉ်းစားနေတာက ခင်မွန်တို့လည်း ကိုယ့်မှာရှိတဲ့ငွေနဲ့ ဖေဖေလုပ်တာကို ကြည့်ပြီး ဖေဖေဝယ်တဲ့ ကုန်ပစ္စည်းမျိုး ဝယ်ရင် ပိုတိုးလာမလားလို့"

အောင်ဇော်က ကြံရည်တစ်ကျိုက်သောက်ရင်း ခေါင်းကို ယမ်းပြလိုက်သည်။

"အဲဒါတွေက ငွေရင်း အများကြီး စိုက်ရသလောက် ဘာမှ မပြောပလောက်တဲ့ အမြတ်တွေပါ ခင်မွန်ရယ်၊ ဒီအထဲ ဟိုကောင်လို ရှုံးသွားရင် နာဦးမယ်၊ အောင် လုပ်ချင်တာက ငွေရင်းရှိရင် ဖားကန့် ကိုသွားပြီး အစိမ်းကိုင်ချင်တယ်. . ."

"တစ်ချီမိရုံနဲ့ သိန်းငါးဆယ်ဆိုလည်း ဟုတ်တယ်၊ သိန်း တစ်ရာဆိုလည်း ဟုတ်တယ်"

"ငွေအရင်းက ဘယ်လောက်လိုလို့လဲ အောင်"

"များများမလိုပါဘူး"

အောင်ဇော်က လက်တစ်ချောင်း ထောင်ပြသည်။

ခင်မွန်ကြံရည်သောက်ရင်း မန္တလေးတောင် အမြင့်ဆီသို့ တွေတွေကလေး ငေးပြီး စဉ်းစားနေသည်။



အောင်ဇော်ကတော့ ရေခဲတုံးတစ်တုံးကို ဝါးရင်း ချောမော လှပသော ခင်မွန့်မျက်နှာလေးကို ကြည့်နေသည်။

"အဲဒါက အောင်ပြောသလို သေချာပါ့မလား"

"သိပ်သေချာတာပေါ့ ခင်မွန်ရယ်၊ ငွေ သိန်းလေးဆယ် လောက်ရင်းမှ ခြောက်သိန်းလောက်မြတ်တာတောင် ခင်မွန့်ဖေဖေက ဟိုကောင့်ကို အထင်ကြီးနေတာ မဟုတ်လား၊ ဟင်း. . . . ကိုယ့်ကို ဆယ်သိန်းပဲပေးကြည့်စမ်း၊ သိန်းခြောက်ဆယ်လောက် အမြတ်က တော့အနိမ့်ဆုံးမှာ ရှိတယ်"

ခင်မွန်၏ မျက်လုံးများက သူ၏ ဘယ်ဘက်လက်ခလယ် ဆီသို့ အကြည့်ရောက်သွားသည်။ စိန်သုံးလုံးတန်း လက်စွပ်လှလှ လေး။

ကျော်သာကို အထင်ကြီးနေသော ဖေဖေ၊ သူချစ်သူကို ပို၍ အထင်ကြီးစေချင်သည်။ ကျော်သာ၏ စွန့်ရဲသောသတ္တိကို အတု ယူလိုက်သည်။

"ဟုတ်တယ် ဒါဟာ. . . . ငါ့ချစ်သူနဲ့ နီးဖို့ တစ်ခုတည်း သော လမ်းပဲ"

ခင်မွန် ဆုံးဖြတ်ချက် ချလိုက်သည်။

လက်သူကြွယ်မှ စိန်သုံးလုံးတန်း လက်စွပ်ကလေးကို ချွတ် ယူလိုက်သည်။

"ရော့. . . . အောင်၊ ဒါ အနည်းဆုံး ခြောက်သိန်းတော့ ရမယ်၊ အောင့်ဆီမှာ စုထားတဲ့ ငွေနဲ့ဆိုရင် ဆယ်သိန်းကျော်ပြီပေါ့၊ လုပ်လို့ ရမလား"

ခင်မွန်က စိန်လက်စွပ်ကို အောင်ဇော်သို့ လှမ်းပေးသည်။

"ဟာ. . . . ခင်မွန် ဝတ်နေတဲ့ လက်စွပ်နဲ့တော့ မလုပ်ပါရစေနဲ့၊ တော်ကြာ ခင်မွန့် ဖေဖေက ဝတ်ထားတာ မတွေ့လို့ မေးမှ

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတက်ကုန်မယ်"

အောင်ဇော်က ငြင်းသည်။

"ခင်မွန့်မှာ ဒါမျိုးနှစ်ကွင်းရှိတယ်၊ တစ်ကွင်းက မေမေဝတ်...
တာ၊ ခင်မွန် ဘယ်လက်စွပ်ကို ဝတ်နေတယ်ဆိုတာ ဖေဖေ မသိ...
တင် မဟုတ်ဘူး၊ စိတ်လည်းမဝင်စားဘူး"

"နေပါဦး ခင်မွန်ရယ် ကိုယ် တခြားက ရှာကြည့်ပါဦးမယ်"

အောင်ဇော်က လက်စွပ်ကို မယူသေးဘဲ ခင်မွန့် မျက်နှာ...
လေးကို ချစ်ကြင်နာစွာ ကြည့်နေသည်။

"လုပ်မနေနဲ့ အောင်၊ ဟို လူက ဆယ်သိန်းလောက်မြ...
မယ့် ကိစ္စတောင် သိန်းခြောက်ဆယ်လောက်ရင်းရသေးတာပဲ၊ ခင်မွ...
ကို ချစ်ရင် ခင်မွန်နဲ့ အောင် မြန်မြန်နီးဖို့ ဒီနည်းပဲရှိတယ်"

"ကောင်းပြီလေ၊ စိတ်ချ၊ ကိုယ်. . . . အောင်မြင်အောင်
ကြိုးစားပြမယ်"

အောင်ဇော် စိန်လက်စွပ်ကိုယူရင်း ခင်မွန် လက်ကလေး...
ပါ ဆုပ်ကိုင်ထားလိုက်သည်။

* * *

အခန်း (၄)

"ဟာ. . . . မောင်ကျော်သာတော့ ဒုက္ခပဲ"

ဦးမင်းအောင် ကုန်ဈေးနှုန်းသတင်းကိုဖတ်ရင်း စိတ်မ
ကောင်းစွာ ညည်းညူလိုက်သည်။

"ဘာဖြစ်လို့လည်း ဖေဖေ. . . .

ခင်မွန် ဦးမင်းအောင်ဘေးမှ ခုံမှာ လာထိုင်လိုက်သည်။

"နှမ်းဈေးက နှစ်ထောင်အောက်တော့ ဘယ်လိုမှ မရောက်
နိုင်ဘူးလို့ အားလုံးထင်ထားကြတာ၊ ဒီနေ့ တစ်ထောင့်ကိုးရာအထိကျ
သွားတယ်လေ"

ခင်မွန် ပြုံးလိုက်သည်။

"သူက သူ့ကိုယ်သူ သိပ်ထင်နေတာလေ၊ ဖေဖေတို့လို ဒီ
အလုပ်ကို နှစ်ပေါင်းများစွာ အတွေ့အကြုံရှိတဲ့လူတွေတောင်
သူ့လောက် နားမလည်ဘူးထင်နေတာ၊ ခံရတာတောင် နည်း
သေးတယ်"

ခင်မွန်က အခွင့်အရေးရခိုက်မှာ အပြတ်ရှုတ်ချပစ်လိုက်
သည်။

"ဒီအတိုင်းဆိုရင် မောင်ကျော်သာ သူ့ငွေ ဆယ်သိန်း ရှုံးတဲ့
အပြင် ချေးထားတဲ့ငွေတွေရဲ့ အတိုးတောင် ပေးဖို့မလွယ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းအောင်ကတော့ စိတ်မကောင်းဖြစ်နေသည်။

*　*　*

ညနေမှာ ကျော်သာပြန်လာတော့ သူ့မျက်နှာက ပြုံးပြုံးရွှင်ရွှင်ဖြစ်၏။

"ဦးရေ. . . . နှမ်းဈေးကတော့ လှုပ်လာပြီ"

သူက ဝမ်းသာအားရပင် ဖြစ်နေသေးသည်။

"ဟ. . . . လှုပ်တာကလည်း တစ်ဆယ်ထပ် ကျသွားတာကြီးပဲကွ"

ဦးမင်းအောင်က ကျော်သာ့ကို နားမလည်နိုင်သလို ဖြစ်သွားသည်။

"ဟုတ်တယ်လေ ဦးရဲ့၊ ဒါပေမယ့် လုံးဝတန်းပြီး ငြိမ်နေတာနဲ့ စာရင် ဒီလိုထပ်ကျတာက လှုပ်လာတော့ မျှော်လင့်ချက်ရှိသေးတာပေါ့"

"ဟင်း. . . . တော်တော်စိတ်ပျက်စရာကောင်းတဲ့ လှုပ်ပဲ"

ခင်မွန်ဘေးမှ ကြားနေရ၍ ကျော်သာ့ကို ပို၍ အထင်သေးစိတ်ပျက်နေမိသည်။

*　*　*

ညစာ ထမင်းစားပြီးတော့ ဦးမင်းအောင် အပြင်သို့ လမ်းလျှောက်ထွက်သွားသည်။

ခင်မွန် အိမ်ရှေ့ကို ထွက်လာတော့ အိမ်ရှေ့ခန်းမှ စားပွဲတွင် ကျော်သာ ရှိနေသည်။ ခွက်တစ်ခုထဲမှာ မြေပြူမှုန့်များကို ရေထည့်၍



သမအောင် နယ်နေသည်။

"အဲဒါ. . . . ဘာလုပ်မလို့လည်း ကိုကျော်သာ"

သရော်လှောင်ပြောင်ချင်သော စိတ်နှင့် စကားပြောချင်သောကြောင့် အရောတဝင် မေးလိုက်ခြင်းဖြစ်သည်။

"အရုပ် လုပ်မလို့ပါ"

ခင်မွန် ပြုံးလိုက်သည်။

"ကိုကျော်သာက အရုပ်လုပ်တတ်လို့လား"

"ငယ်ငယ်တုန်းကတော့ ရွာမှာ ရွှံ့နဲ့နွားရုပ်ကလေးတွေ လုပ်ဖူးပါတယ်"

"ဟင်. . . . ဟင်း ကိုကျော်သာ နှမ်းတွေဈေးတအားကျတာနဲ့ စိတ်ဂနာမငြိမ် ဖြစ်နေပြီထင်တယ်. . . ."

"ဒါပေါ့၊ စိတ်ပြေလက်ပျောက်ဖြစ်အောင် ကြိုးစားရတာပေါ့"

ကျော်သာက မြေဖြူများကို စေးပိုင်အောင် ခပ်နာနာဖိနှိပ်ပြီး နယ်နေသည်။

"ခုပုံအတိုင်းဆိုရင်တော့ ကိုကျော်သာ ချေးထားတဲ့ငွေတွေ အတိုးပေးဖို့တောင် မလွယ်ဘူးနော်"

ခင်မွန်က စိတ်မကောင်းဟန်နှင့် စကားစဖော်ပေးနေသည်။

"ကျွန်တော်တွက်လို့ရတာကတော့ ခုထိ ကျွန်တော် မရှုံးသေးပါဘူး"

"ရှင်. . . ."

ခင်မွန် အံ့ဩသွားသည်။

"နှစ်ထောင်နှစ်ရာနဲ့ဝယ်တာ တစ်ထောင့်ကိုးရာကျသွားတာတောင် မရှုံးသေးဘူးလား ကိုကျော်သာ၊ ရင်းနှီးထားတဲ့ ငွေတွေကလည်း နာရီတိုင်း၊ ရက်တိုင်း အတိုးတွေတက်နေသေးတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"သိုလှောင်ခကွေကလည်း စက္ကန့်တိုင်းတက်မနေဘူးလား"

ကျော်သာက နယ်ပြီးသားမြေဖြူတုံးကို နှစ်ပိုင်းညီအောင် ခားလေးနှင့်ပိုင်းရင်း ပြုံးလိုက်သည်။

"ကျွန်တော်က ဆီကြိတ်ရောင်းမှာလေ၊ ဆီဈေးနဲ့ တွက်ကြည့်တော့ မရှုံးသေးဘူး၊ ဆီကြိတ်ပြီး ထွက်လာတဲ့ နှမ်းဖတ်ကို ပြန်ရောင်းရင်လည်း အတိုးပေးလောက်တာထက်ပိုနေသေးတယ်"

"ဒါဖြင့် ကိုကျော်သာ မြတ်နေတာပေါ့ ဟုတ်လား"

ခင်မွန်က ရွှဲ့ မေးလိုက်ခြင်းဖြစ်သည်။

"သေချာတာပေါ့"

ကျော်သာ ရိုးရိုးသားသား ပြောလိုက်ခြင်းဖြစ်သည်။

"အံ့သြစရာကြီးနော်"

ခင်မွန်က သရော်လိုက်ခြင်းဖြစ်၏။

"ဟုတ်တယ်. . . . အံ့သြဖို့တော့ ကောင်းတယ်"

ကျော်သာက မြေဖြူတစ်တုံးကို နွားရုပ်ပုံအကြမ်း ဖော်လိုက်သည်။

"တကယ်လို့ ဒီထက်ဈေးဆက်ကျမယ်ဆိုရင်ရော"

ကျော်သာက ခင်မွန်ကို လှမ်းကြည့်လိုက်သည်။

ကြည့်စဉ်တုန်းကတော့ သူ့ကို နားလည်အောင်ရှင်းပြချင်စိတ်နှင့် ဖြစ်သည်။ သို့သော် ကြည့်မိပြီးမှ သိပ်လှသော မျက်နှာလေးကို မြင်ရသည့်အတွက် နှစ်သက်မြတ်နိုးစိတ် ဖြစ်လာမိသည်ကို သတိနှင့် သိမ်းဆည်းလိုက်ရသည်။

"သူဟာ ငါ့ ကျေးဇူးရှင်ရဲ့ သမီး. . . ."

စက္ကန့်ပိုင်းအတွင်းမှာပင် သုံးမျိုးလောက်ပြောင်းလဲသွားသော ကျော်သာ၏ အကြည့်ကို မိန်ကလေးတို့၏ သိတတ်သော



သဘောနှင့် ခင်မွန် နားလည်လိုက်ပါသည်။

ခင်မွန်က ဘာမျှမသိသလိုနှင့် ပို၍ နှစ်သက်စဖွယ်ဖြစ်အောင် ကျော်သာကို ပြုံးပြုံးလေး ပြန်ကြည့်နေသည်။ညို့ဓာတ်ရှိသော မျက်လုံးများကိုလည်း ပို၍ ကြည်လင်တောက်ပစေလိုက်သည်။

"မှတ်ထား. . . ."

စိတ်ထဲမှ သရော်လိုက်ခြင်း။

သူမှာ ချစ်သူရှိသည်။ ကျော်သာကို အထင်သေးသည်။ မုန်းသည်။ သို့သော သူ့အလှကို သတိထားမိခြင်းအတွက် အကြည့်ကလေးနှင့် ဖြစ်ဖြစ် ကလိလိုက်ချင်သည်။ ဖြစ်နိုင်လျှင် ကျော်သာ့ကို ရူးသွပ်မှုကလေးဖြစ်စေပြီးမှ မထေမဲ့မြင် ပြန်လုပ်ပြချင်သည်။

ကျော်သာကတော့ သူ့အကြည့်ကို နွားရုပ်ကလေးဆီသို့သာ ပြန်ပို့ထားလိုက်သည်။

"ဘယ် ကုန်ပစ္စည်းမဆို သူ့အချိန် သူ့အခါလိုက် အနိမ့်ဆုံးဖြစ်နိုင်တဲ့ ကြမ်းခင်းဈေးနဲ့ အမြင့်ဆုံးတက်နိုင်တဲ့ ဈေးနှုန်းကန့်သတ်ချက်တွေ ရှိပါတယ်"

ကျော်သာက ခင်မွန် နားလည်အောင်ရှင်းပြချင်သော စေတနာနှင့် စကားကို ပျိုး၍ ပြောသည်။

"ဒါတွေက ပွဲစားလုပ်သက် တစ်နှစ်လောက်ရှိရင်ကိုပဲ နားလည်နိုင်တဲ့ အခြေခံပါ၊ နှမ်းဆိုပါစို့. . . ၊ ပေါ်စမှာ ဖြစ်နိုင်တဲ့ အနိမ့်ဆုံး ဈေးရှိပါတယ်၊ စိုက်ပျိုးတဲ့ ကုန်ကျစရိတ်နဲ့ လုပ်အားခဟာ ပစ္စည်းရဲ့ တန်ဖိုးလို့ အကြမ်းဖျင်းသတ်မှတ်ရင် ရပါတယ်၊ အဲဒီ ကြမ်းခင်းဈေးထက် ပစ္စည်းတစ်ခုဟာ ပိုပြီး ဈေးချလို့မရဘူး. . ."

"နောက်. . . ကုန်သည်တွေရဲ့ လက်ထဲရောက်လာတော့ သယ်ယူစရိတ်၊ သိုလှောင်စရိတ်နဲ့ ဝယ်ယူတဲ့ ငွေရင်းအပေါ် သင့်တင့်တဲ့ အမြတ်ရလိုမှုတွေ ပေါင်းစပ်ပြီး ဈေးတစ်မျိုးဖြစ်

www.burmeseclassic.com

www.burmeseclassic.com


တယ်၊ အဲဒီမှာလည်း ဖြစ်နိုင်တဲ့ အနိမ့်ဆုံးဈေး အမြင့်ဆုံးဈေးတွေကို ခန့်မှန်းလို့ရတာပါပဲ"

ခင်မွန်က ကျော်သာ တွက်ပုံကိုသိချင်၍ စိတ်ဝင်စားစွာ နားထောင်နေသည်။

"ဒါပေမယ့် အခုဖြစ်နေတာက နှမ်းတစ်တင်း နှစ်ထောင်၊ ဒါမှမဟုတ် ထောင့်ကိုးရာဆိုတာ ဒီအချိန်မှာ ဖြစ်သင့်တဲ့ အနိမ့်ဆုံးဈေးထက် အောက်ရောက်နေတယ်၊ အဲဒါကို ဈေးပျက်တယ်လို့ ပြောရမှာပဲ၊ မဖြစ်သင့်တာ ဖြစ်နေတာ. . . ."

"ပေါ်စတုန်းက ဦးနဲ့ တိုင်ပင်ပြီး နှစ်ထောင့်ခုနှစ်ရာနဲ့ ဝယ်ခဲ့ကြတာဟာ ဝယ်သင့်တဲ့ဈေးပဲ၊ ဒီအချိန်မှာ အနိမ့်ဆုံး သုံးထောင်၊ အမြင့်ဆုံး လေးထောင်က ဖြစ်သင့်တဲ့ဈေးပဲ. . . ."

"ဒီလိုမဟုတ်ဘဲ ဈေးပျက်နေတာဟာ တစ်ခုခု မှားယွင်းနေလို့ပဲ၊ ဒီအမှားမျိုးက ကြာရှည်မဖြစ်တတ်ဘူး၊ တစ်နည်းနည်းနဲ့ မှန်အောင် ပြန်ပြင်တာမျိုး ဖြစ်လာတတ်တယ်၊ အဲဒါကို မျှော်လင့်ပြီး နှမ်းတွေကို စွန့်ဝယ်ထားလိုက်တာပဲ"

ကျော်သာက လက်ထဲမှ နွားရုပ်ကလေး၏ ဘို့ကိုအချောသပ်ရင်း ခင်မွန့် မျက်နှာချောချောလေးကို တစ်ချက်လှမ်းကြည့်လိုက်သည်။

"ကျွန်တော် မျှော်မှန်းတဲ့အတိုင်းဖြစ်ရင် အမြတ်ကောင်းရမယ်၊ မျှော်မှန်းတဲ့အတိုင်းမဖြစ်ရင် ချေးထားတဲ့ငွေ သိန်းခြောက်ဆယ်ကျော်အတွက် အတိုးနဲ့ ဂိုဒေါင်မှာ သိုလှောင်ခရှုံးမယ်၊ အဲဒီအရှုံးကလည်း ကျွန်တော့် ငွေဆယ်သိန်းနဲ့ ကာမိပါတယ်"

"အနှစ်နှစ် အလလ စုထားတဲ့ ငွေဆယ်သိန်းရှုံးသွားရင် နှမြောစရာကောင်းတာပေါ့ရှင်"

ခင်မွန် တမင်ကလိနေခြင်းဖြစ်သည်။

"ကျွန်တော် ဒီအိမ်ရောက်လာတုန်းက တစ်ပြားမှမပါခဲ့ပါဘူးဗျာ၊ မွေးလာတုန်းကလည်း လက်ချည်းပါပဲ"

ကျော်သာက နောက်ထပ် နွားရုပ်ကလေးတစ်ခုကို ပုံကြမ်းဖော်နေပြန်ပါသည်။

* * *

ညရောက်တော့ အိပ်ရာပေါ်မှာ ခင်မွန် တော်တော်နှင့် အိပ်မပျော်နိုင်ပါ။

သူ ချစ်သူ အောင်ဇော်နှင့် ကျော်သာ တို့ကိုယှဉ်ပြီး စဉ်းစားနေမိသည်။

အောင်ဇော်က မိဘမရှိသော်လည်း သူ့ အစ်မများက ပြည့်စုံ၍ သဌေးသားလိုနေနိုင်သည်။ အမြဲတမ်း ဂျင်းဘောင်းဘီ၊ စပို့ရှပ်၊ နိုင်ငံခြား ရှပ်အမျိုးမျိုး၊ ရေဘင်မျက်မှန်၊ ထောင်ကျော်တန် လမ်းလျှောက် ရှူးဖိနပ်နှင့် လူပုံကလည်း အပျံစား။

ကျော်သာပုံက ရိုးလွန်းသည်။ သပ်သပ်ရပ်ရပ်နေတတ်သော်လည်း အကောင်းဆုံးဝတ်သည်က ရှပ်အင်္ကျီနှင့် ချည်လုံချည်။

လူရည်လည်ပုံချင်းကလည်း သိပ်ကွာသည်။ အောင်ဇော်က မြင်ရုံနှင့် အထင်ကြီးစရာ။

ကျော်သာပုံကို စဉ်းစားလျှင် မအူအလည်နှင့် အိမ်သို့စ ရောက်လာသည့်နေ့ကပုံသည် ခင်မွန့် မျက်လုံးထဲမှာ အရင်ပေါ်လာတတ်သည်။

သူ ခိုင်းသည့်အတိုင်း ပန်းခြံထဲမှာ ရေလောင်းနေသောပုံ။

"အောင် တစ်ယောက် ဖားကန့်သွားတာ အရောင်းအဝယ် လုပ်ငန်းအောင်မြင်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com

ခင်မွန် ဘာမျှသတင်းမရသေး။ သို့သော် အောင် လုပ်လျှင် အောင်မြင်မည်ဟု စိတ်က အလိုလိုယုံနေသည်။

ကျော်သာကတော့ ဒီမှာ ကွဲနေပြီ။

အောင်က သွက်သည်။ ထက်သည်။ အထင်ကြီးစရာကောင်းသည်။

ကျော်သာက တည်ငြိမ်သည်။ အေးဆေးသည်ဟု ဆိုနိုင်သော်လည်း ခင်မွန်ကတော့ ထုံသည်၊ ထိုင်းသည်၊ ခပ်တုံးတုံးပုံဟု ယူဆသည်။

အောင်နှင့် ကျော်သာ အကွာကြီးကွာသည်၊ နှိုင်းယှဉ်စဉ်းစားသည်ပင် လွန်လှပြီဟု ခင်မွန် စိတ်ထဲမှာ ဘွာခတ်နေမိသည်။

"အောင်တစ်ယောက် သူ မျှော်မှန်းသလို လက်ဆယ်ချောင်းအထက်ရှိသော သိန်းဂဏန်းနှင့် ပြန်လာပါစေ" ဟု ခင်မွန် ဆုတောင်းနေမိသည်။

ဒါမှ အောင့်ကို ဖေဖေ အထင်ကြီးပြီး အောင်နှင့် အမြန်ဆုံး နီးရမည်။

* * *

"ကလင်. . . . ကလင်. . . . ကလင်. . . ."

မနက်ပိုင်း ဦးမင်းအောင် ပွဲရုံမသွားမီ တယ်လီဖုန်း မြည်လာသည်။ ခင်မွန် ကောက်ကိုင်လိုက်သည်။ ကျော်သာ၏ အသံ၊ ပွဲရုံမှ ဆက်ခြင်းဖြစ်သည်။

ဦးနှင့် ပြောချင်သည်ဆို၍ ခင်မွန် ဖေဖေ့ကို ခေါ်ပြီး တယ်လီဖုန်း ပေးလိုက်သည်။

". . . . . . . . . . . ."

"ဟေ. . . . ဟုတ်လား၊ အဲဒီတော့ မောင်ကျော်သာ. . . "

". . . . . . . . . . . ."



"ဘာဖြစ်လို့လဲ"

"အေးလေ. . . . ဒါကတော့ မောင်ကျော်သာ့ သဘောပေါ့. . . ."

". . . . . . . . . . . ."

"ဝမ်းသာတာပေါ့ကွာ၊ သိပ်ဝမ်းသာတာပေါ့"

ဦးမင်းအောင်က တကယ်ပင်ဝမ်းသာ၍ ပြောသောအသံများပင် ပုံမှန်မဟုတ်၊ ပေါ့ပါးသွက်လက်နေသည်။

". . . . . . . . . . . ."

"ဘာဖြစ်လို့လဲ၊ ကောင်းပြီလေ ပြန်လာခဲ့ပေါ့"

ဦးမင်းအောင် တယ်လီဖုန်းပြန်ချထားလိုက်သည်။

"သမီးရေ. . . . မောင်ကျော်သာ တစ်ယောက်တော့ ဟန်ကျတာပဲ"

"ဘာဖြစ်လို့လည်း ဖေဖေ"

"နှမ်းဈေးက ဒီမနက်မှာ တစ်တင်း နှစ်ထောင်ဈေး ပြန်ဖြစ်ပြီး အခု နေ့လယ်မှာ နှစ်ထောင့်ငါးရာအထိ ဖြစ်သွားပြီတဲ့"

"ဒါဆို သူ မြတ်သွားပြီပေါ့"

"ဒါပေမယ့် သူက မရောင်းသေးဘူးတဲ့၊ အခုအချိန်မှာ ဝယ်သူပဲရှိတယ်၊ ရောင်းသူမရှိဘူး၊ ဘယ်ရှိမလဲ ဒီ မန္တလေးမှာဆိုရင် နှမ်းက သူ့ဆီမှာပဲ အားလုံးလောက် နီးပါးရောက်နေတာ၊ အဲဒါ ပွဲရုံမှာ ပွဲစားတွေလာပြီး တအားဝယ်နေကြလို့ အိမ်ပြန်လာတော့မယ်တဲ့"

ခင်မွန် မျက်နှာကို မသိမသာ မဲ့လိုက်သည်။

"ဟန်ကြီးပန်ကြီး နိုင်လိုက်တာ၊ ဈေးကိုင်ဦးမယ်ပေါ့လေ"

ခင်မွန်စိတ်ထဲမှာတင် ပြောလိုက်မိခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



* * *

နောက်တစ်နေ့တွင် နှမ်းဈေးက သုံးထောင်အထိ တက်သွားသည်။

ကျော်သာ ပွဲရုံသို့ မသွားပါ။ ဖုန်းလာလျှင်လည်း မကိုင်တော့ပါ။

သို့သော် နှမ်းဈေးတွေ တက်၍ မြူးမြူးကြွကြွနှင့် ဝမ်းသာအားရ ဖြစ်နေသည်ကိုလည်း မတွေ့ရပါ။

အိမ်ရှေ့စားပွဲမှာ ထိုင်၍ အချိန်ရှိသမျှ သူ၏ နွားရုပ်ကလေးနှစ်ကောင်ကိုသာ စိတ်ရှည်လက်ရှည် မွမ်းမံနေသည်။

နောက်တစ်နေ့တွင်လည်း နှမ်းဈေးက တက်နေဆဲ။

"မောင်ကျော်သာရေ. . . . နှမ်းဈေး သုံးထောင့်ငါးရာအထိ ဖြစ်သွားပြီဟေ့"

ဦးမင်းအောင်က ရရှိသော ဖုန်းသတင်းကို ဝမ်းသာအားရ ပြောပြသည်။

"ဟုတ်လား. . . . ဦး"

သူကတော့ အေးအေးဆေးဆေးပင် နွားရုပ်ကလေးနှစ်ကောင်ကို အပြီးသတ် အချောကိုင်နေသည်။

ဖြူဖွေးနုညက်စွာ လက်ရာမြောက်သော နွားရုပ်ကလေးနှစ်ကောင်၊ တစ်ကောင်နှင့်တစ်ကောင် ပုံစံချင်းမတူ။ သို့သော် နှစ်ကောင်စလုံး၏ ဟန်မှာ ဒေါသတကြီးဖြစ်နေကြပုံကတော့ တူသည်။

"မောင်ကျော်သာ၊ မင်း နှမ်းတွေ ထုတ်မရောင်းသေးဘူးလား"

"မရောင်းသေးပါဘူး ဦး"



ခင်မွန်ကတော့ ကျော်သာရမည့် အမြတ်ငွေကို စိတ်တွက်တွက်ကြည့်နေမိသည်။ အားလုံးပေါင်းလျှင် သုံးဆယ့်ကိုးသိန်း။

ဤမျှ များသော အမြတ်ငွေကို စိတ်မဝင်စားသလိုလုပ်နေသော ကျော်သာကို တမင်ဟန်များသည်ထင်၍ အမြင်ကတ်မိသည်။

နောက်ထပ် နှစ်ရက်ကြာပြီးတော့ နှမ်းဈေး လေးထောင်အထိ ဖြစ်သွားသည်။

"မောင်ကျော်သာရေ. . . . နှမ်းဈေးတွေ ဒီလောက်အထိ တအားထိုးတက်နေတာက နိုင်ငံခြားတင်ပို့ဖို့ ဈေးကွက်ပွင့်သွားလို့တဲ့ကွ၊ ဆက်ပြီး တက်ဦးမယ်လို့ ခန့်မှန်းနေကြတယ် နှမ်းက ဝယ်သူသာရှိတယ်၊ ရောင်းသူမရှိသလောက် ဖြစ်နေလို့တဲ့"

"ဒီနေ့ ညစာအတွက် ဦးနဲ့ ခင်မွန်ကို ကျွန်တော် ကျွေးပါရစေ၊ ကျွန်တော့်ကို ငွေချေးတဲ့ ဦးလေးသိန်းရောပေါ့"

"ဟေ. . . . ဘာဖြစ်လို့လည်း မောင်ကျော်သာ"

"ကျွန်တော့်နှမ်းအားလုံးကို ဒီနေ့ ထုတ်ရောင်းတော့မလို့"

"ဟာ. . . . နှမ်းဈေးက တက်ဖို့ကျန်နေသေးတာပဲကွ"

ဦးမင်းအောင်က မရောင်းစေချင်သေး။

"ဈေးမှန်အတိုင်းဆိုရင် လေးထောင်ထက်ဆက်မတက်သင့်တော့ဘူး ဦး၊ ဒီအချိန်မှာ ဖြစ်သင့်တဲ့ နှမ်းဈေးက အနိမ့်ဆုံးသုံးထောင် အမြင့်ဆုံးလေးထောင်ပဲ ဦး. . . ."

"အေးလေကွာ ခုဟာက သူ့ ဘာသာ ဆက်တက်နေတာပဲဟာ"

"ရောင်းသင့်တဲ့အချိန်မှာ ရောင်းသင့်တဲ့ ဈေးနှုန်းနဲ့မရောင်းဘဲ ပိုမြတ်ချင်လို့ ကုန်ကိုသိုလှောင်ထားရင် အဲဒါလည်း ဝိသမလောဘဖြစ်တာပဲ ဦး၊ အဲဒီလိုလုပ်လို့ ကုန်ဈေးနှုန်းပျက်ရင် စားသုံးတဲ့သူအများ ဒုက္ခရောက်တတ်တယ်၊ ကျွန်တော်တော့ ဒီဈေးနဲ့ပဲ ရောင်း

www.burmeseclassic.com

 www.burmeseclassic.com

တော့မယ်. . . . ဦး"

ဦးမင်းအောင်က ကျော်သာ ပြောသည်ကို စဉ်းစဉ်းစားစား နှင့် လက်ခံ၍ ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်တော် ပွဲရုံသွားလိုက်ဦးမယ် ဦး. . . . "

"အေး. . . . အေး. . . . သွား"

အိမ်ထဲမှ ထွက်သွားသော ကျော်သာ၏ နောက်ကျောကို ခင်မွန် လှမ်းကြည့်လိုက်ရင်း သူ့ ချစ်သူ အောင်ဇော်ကို သတိရမိသည်။

"အောင့်ဆီကလည်း ဘာသတင်းမှ မရသေးဘူး၊ အောင် ပြောသလိုဆိုရင်တော့ အောင်က သူ့ထက် အရင်းနည်းပြီး အမြတ် များနိုင်တယ်၊ အောင် တစ်ယောက် အများဆုံးမြတ်ပြီး အမြန်ဆုံး ပြန်လာနိုင်ပါစေ"

ခင်မွန် စိတ်ထဲမှာ ဆုတောင်းနေမိသည်။

* * *

အခန်း (၅)

ရတနာမွန်ဟော်တယ်မှ လှမ်းကြည့်လျှင် ကျုံးမြို့ရိုး ပြအိုး ပစ္စင်တို့ကို လှမ်းမြင်နေရ၏။ မီးရောင်စုံ ထွန်းထားသည့် ပြည်ကြီးမွန် ဖောင်သည် ကြွကြွရွရွ လှပဝင့်ကြွားနေသည်။

"ဦး စားနော်၊ ဦးလေးသိန်း လိုတာရှိရင်ထပ်မှာနော်၊ ခင်မွန် စားလေ"

ကျော်သာက ခင်မွန်၏ပန်းကန်ထဲသို့ ဟင်းများကို ထည့် ပေးသည်။

ယနေ့ ခင်မွန်က ကြိုးကြီးချိတ် လုံချည်နှင့် ပန်းနုရောင် အင်္ကျီလက်ရှည်ကို ဝတ်လာကာ မြန်မာဆန်ဆန် လှနေသည်။

"ရပါတယ် ကိုကျော်သာ၊ ခင်မွန် စားပါတယ်. . . . "

ဦးမင်းအောင် မျက်နှာကတော့ ဝမ်းသာပျော်ရွှင်မှုကို ပုံးဖိထား၍ မရ၊

"ဦးတော့ သိပ်ဝမ်းသာတာပဲ မောင်ကျော်သာရယ်"

"အင်း. . . . ကျုပ်ကတော့ ဝမ်းသာတယ်လို့ ပြောရမှာ တောင်ခပ်ခက်ခက်"

ပွဲစားကြီး ဦးလေးသိန်း၏ ထူးဆန်းသော စကားကြောင့် ခင်မွန် လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမှန်အတိုင်းဆိုရင် ကျုပ်ရမယ့်အတိုးက တစ်သိန်းခွဲနှစ်သောင်းလောက်ပါပဲ၊ ဒါပေမယ့် မောင်ကျော်သာ ဗွတ်အတင်းပေးသွားတာက ငါးသိန်းဆိုတော့ ကျုပ်မှာနေရင်းထိုင်ရင်း အတိုးကြီးစားဖြစ်သွားပြီ"

"ဒါက အတိုးပေးတာ မဟုတ်ပါဘူး ဦးလေးသိန်းရယ်၊ ကျေးဇူးဆပ်တာပါ၊ အဲဒီ အချိန်မှာ နှမ်းဝယ်ဖို့အတွက်ဆိုရင် ဒီလောက်များတဲ့ ငွေကို ဘယ်သူမှ မချေးဝံ့ပါဘူး၊ ဦးလေးသိန်း ငွေထုတ်ချေးလို့လည်း ကျွန်တော် ခုလို အမြတ်တွေရတာပါ"

"ဩော်. . . . ဒါကတော့ မောင်ရင်ကလည်း မောင်ရင် ရှုံးတောင် အတိုးရော၊ အရင်းပါ ဘယ်လိုမှ မဆုံးစေရဘူးဆိုတာ အသေအချာတွက်ချက်ပြထားတာကိုး၊ ယုံလောက်တဲ့ အာမခံချက်ကလည်း ရှိနေတော့ ဦးလေးသိန်း ချေးဝံ့တာပေါ့ကွာ"

ဦးမင်းအောင်က ဦးသိန်းကို လှမ်းကြည့်လိုက်သည်။

"သူက ကျေးဇူးတင်လို့ ပိုပေးတဲ့ငွေဟာ အတိုးကြီးစား မဟုတ်ပါဘူးဗျာ ယူသင့်ပါတယ်၊ ဒီတော့ ဝမ်းသာစရာရှိတာကို အားရပါးရ ဝမ်းသာလိုက်၊ ဟား. . . . ဟား. . . . ဟား"

ဦးမင်းအောင် သဘောကျစွာ ရယ်သည်။

"ဟာ. . . . ဝမ်းသာတာပေါ့ဗျာ သိပ်ကို ဝမ်းသာပါတယ်"

ဦးလေးသိန်းက အားပါတရရယ်လိုက်၍ ကျော်သာနှင့် ခင်မွန်ပါပြုံးမိကြပါသည်။

ထိုနေ့ ည ရတနာမွန်ဟော်တယ်မှ ညစာ စားပွဲလေးမှာ ပျော်စရာ၊ ကြည်နူးစရာ။

မြန်မာဆန်ဆန်ဝတ်ထားသည့် ခင်မွန်၏ ထူးခြားနေသော အလှကို ကျော်သာ အကြိမ်ကြိမ် ကြည့်ချင်မိသော်လည်း ကိုယ့်ကိုကိုယ် သတိနှင့် ထိန်းချုပ်ရပါသည်။



"သူက ငါ့ ကျေးဇူးရှင်ရဲ့ သမီး"

သားရေပေါ်အိပ်ပြီး သားရေနားစားသူမဖြစ်ချင်။

ထိုသို့ ကျော်သာ့ ရင်ထဲမှာ ပိရိစွာ ဖုံးဖိထားသောအချက်ကိုသည်း ပါးနပ်သော ခင်မွန်က ရိပ်မိလိုက်ပါသည်။

ခင်မွန် ကျော်သာ့ကို လုံးဝ အထင်ကြီး၍ မရသော်လည်း အထင်သေးစိတ်တော့ လျော့ပါးသွားသည်။

"ဒီ လူဟာ ဖေဖေ့ဆီရောက်လာစက ကျော်သာတော့ မဟုတ်တော့ဘူး၊ ခြောက်နှစ်အတွင်းမှာ ပညာရေးနဲ့ ပတ်သက်လို့ ဘွဲ့ရသွားသလို ပွဲရုံအရောင်းအဝယ်လုပ်ငန်းနဲ့ ပတ်သက်လို့ ဘွဲ့လွန်ပညာလောက်ရသွားပြီ"

ဟု ခင်မွန် လက်ခံလိုက်ပါသည်။

ကျော်သာ သူ့ကို မရိုးသားစိတ်မျိုးမထားဝံ့သည်ကိုလည်း ခင်မွန် ကျေနပ်သည်။

အဆင့်ချင်းကွာခြားသည်ကို ကျော်သာ နားလည်ဟန်တူပါသည်။

အောင်နှင့် သူ၏ အချစ်ဇာတ်လမ်းတွင် ဝင်မစွက်သမျှ သူ့ကိုလည်း ရန်လိုစရာမရှိဟု ခင်မွန် သဘောထားလိုက်သည်။

အိမ်သို့ ပြန်ရောက်သည်နှင့် ခင်မွန် အပေါ်ထပ်သို့ တက်ခဲ့သည်။

ဧည့်ခန်းထဲမှာ ကျော်သာနှင့် ဦးမင်းအောင်သာကျန်ခဲ့သည်။

ကျော်သာက သူ့မှာ ကျန်သောငွေသိန်းခြောက်ဆယ်ကို ဦးမင်းအောင်လက်ထဲသို့ အပ်လိုက်သည်။

"ကျွန်တော် ဒီလိုအခြေအနေရောက်ရတာ ဦးကြောင့်ပါ၊ ဦး ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ အများကြီးရှိပါတယ်၊ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဒီငွေနဲ့ ကန်တော့တာကို လက်ခံပါဦး"

"ဟာ. . . . မဟုတ်တာဘဲ မောင်ကျော်သာရယ်၊ ပြန်စဉ်းစားမယ်ဆိုရင် ဦးက မောင်ကျော်သာကို အများကြီးအားနာစရာကောင်းပါတယ်၊ ဦး အရှုံးမခံနိုင်လို့ မောင်ကျော်သာ အတန်တန်ပြောတဲ့ကြားထဲက နှမ်းအားလုံးကို ဦး ထုတ်ရောင်းဖို့ လုပ်ခဲ့တာပဲ. . . .

"ဒါကြောင့်မို့ မောင်ကျော်သာက ဖြတ်ဝယ်ပြီး အခုလို အမြတ်ရတာ၊ ဒီငွေဟာ မောင်ကျော်သာနဲ့ပဲ ဆိုင်တယ်၊ ဦး လုံးဝ မရထိုက်ဘူး"

"ကျွန်တော်ကတော့ အဲဒီငွေကို ပြန်မယူတော့ပါဘူး ဦး၊ ဦး ကြိုက်သလိုသာလုပ်ပါ"

ဦးမင်းအောင် စဉ်းစားနေရင်းမှ ခေါင်းထဲမှာ အရောင်အလင်းတစ်ခုဝင်လာသည်။

"ဟုတ်ပြီ၊ ဒါအကောင်းဆုံးပဲ"

ဦးမင်းအောင် သူ ရသောအကြံအတွက် သူ့ဘာသာသဘောကျသွားသည်။

"ကဲ. . . . ဒါဖြင့် ဒီလို လုပ်မယ်၊ အိမ်တော်ရာဘက်က ဆင်ကြီးနှစ်ကောင်လမ်းမှာ ဦး အသိ ဒေါ်တင်မိက သူ့ပွဲရုံကို သိန်းခြောက်ဆယ်နဲ့ ရောင်းမယ်ပြောထားတယ်၊ သိပ်တန်တဲ့ နေရာပဲ အဲဒါကို မောင်ကျော်သာ နာမည်နဲ့ပဲ ဝယ်ထားလိုက်မယ်၊ နောင်ဆိုရင် ဈေးတန်မယ့် နေရာကောင်းတွေပဲ၊ ဦးတို့ ပွဲရုံခွဲ မဖွင့်နိုင်ရင်လည်း ကုန်လှောင်ရတာပေါ့"

ထိုနေ့ ညက ကျော်သာ တော်တော်နှင့်အိပ်မပျော်ပါ၊ အောင်မြင်သော ဘဝသို့ရောက်လာမှ ငယ်ဘဝ၏ ဆင်းရဲနိမ့်ကျပုံကို သတိရနေ၍ ဖြစ်သည်။

မိမိလုပ်စာနှင့် ထမင်းတစ်နပ်သာ ကျွေးလိုက်ရသော



အမေ့ကို သိပ်သတိရမိသည်။

"ဩော်. . . . ကံဆိုးလိုက်တာ အမေရယ်"

မည်သို့မျှ မေ့ပျောက်၍ မရနိုင်သော ဝမ်းနည်းကြေကွဲစရာမြင်ကွင်းများက အတွေးအာရုံထဲမှာ ထင်ဟပ်လျက်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

လယ်ကွင်းစိမ်းစိမ်းတို့ အလယ်မှာ တင့်တယ်စွာပေါ်လွင်နေသည်က ချောင်းကောက်ရွာ တွဲဖက်အထက်တန်းကျောင်း။

ကျောင်း၏ နောက်ဘက် ခပ်လှမ်းလှမ်းတွင် ထန်းတောညိုညို။

စောစောရောက်သော ကျောင်းသားအချို့ ကျောင်းဝင်းထဲမှာ သွားကြလာကြ ဆော့ကစားနေကြပြီ။

ဆယ်တန်းခန်းထဲတွင် ကျောင်းစောစောရောက်နေသော ကျော်သာ သန့်ရှင်းရေးလုပ်နေသည်။

ထိုအချိန်တွင် အခန်းထဲသို့ ကျော်ဝင်းနှင့် လှကြိုင် ပြေးဝင်လာသည်။

ကျော်သာ တံမြက်စည်းနှင့် လှည်းထုတ်လိုက်သော အမှိုက်များသည် ပြေးဝင်လာသော ကျော်ဝင်းနှင့်လှကြိုင်ထံသို့ တည့်တည့် ကြီးရောက်သွားကြ၏။

"ဟာ. . . . ဟောကောင် အနိုပ်သည်သား၊ လူတွေလာတာ မမြင်ဘူးလား"

ကျော်ဝင်းက သူ့ခြေထောက်ပေါ် လာတင်သော ဆီးပေါင်းထုပ်ခွံ ပလပ်စတစ်အိတ်ကို ဒေါသဖြင့် ကန်ထုတ်ပစ်လိုက်သည်။



"ဘယ်မြင်မလဲကွ၊ သူ့ အမေက အကန်းဆိုတော့ သူလည်း ကန်းနေမှာပေါ့"

လှကြိုင်က သူ့ ပုဆိုးပေါ်မှ ဖုံမှုန့်ကိုခါရင်း အားတုံ့အားနာ ဖြစ်နေသော ကျော်သာ့မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောလိုက်ခြင်းဖြစ်သည်။

စောစောစီးစီး မမျှော်လင့်ဘဲ စော်ကားခံလိုက်ရသော စကားများကြောင့် ကျော်သာ မျက်နှာပျက်သွားသည်။

"မင်းတို့ ပြေးဝင်လာတာ ငါမသိလို့ဖြစ်သွားတာ မှန်းသိလျက်နဲ့ မင်းတို့ ငါ့အမေကို မထိခိုက်နဲ့ မကျေနပ်ရင် ငါ့ကို ပြောပေါ့"

"မှန်တာပြောတာ ဘာဖြစ်သေးလဲ၊ မင်း အမေက အနှိပ်သည် မဟုတ်လား"

ကျော်ဝင်း၏ ပြောင်တင်းသော အမေး။

"ငါ ပြောတာကော မဟုတ်လို့လား၊ မင့် အမေက မျက်စိမြင်လို့လား၊ မျက်စိမမြင်ရင် အကန်းပေါ့"

လှကြိုင် ပြောပုံက စော်ကားလွန်း၍ ကျော်သာ မခံနိုင်တော့ပါ။

"အဲဒီလို မှန်တိုင်းပြောကြေးဆိုရင်. . . . လှကြိုင် မင်းအဖေကို ဝက်သတ်သမားလို့ခေါ်ရင် မင်းကြိုက်မလား၊ ကျော်ဝင်းရော မင်း အမေကို သွားခေါ်မလို့ခေါ်ရင် ကြိုက်မလား"

" ဘာကွ"

"ဟင်. . . . မင်းက လူပါးဝလို့"

"ချကွာ"

"ကဲကွာ"

ကျော်ဝင်းနှင့် လှကြိုင်က ကျော်သာ့ကို ဝိုင်းထိုးကြသည်။

"ဟောကောင်တွေ ရပ်ကြစမ်း"

www.burmeseclassic.com

www.burmeseclassic.com



ရုံးခန်းထဲမှထွက်လာသော ကျောင်းအုပ်ကြီးဦးအောင်ဒင်၏ အသံ။

ရုံးခန်းသည် ဆယ်တန်းခန်းနှင့် ကပ်နေသည်။ ကျောင်းအုပ်ကြီး ရောက်နေပြီဆိုသည်ကို ကျော်ဝင်းနှင့် လှကြိုင် မသိသလို ကျော်သာလည်းမသိ။

"ကဲ မင်းတို့ သုံးယောက် ရုံးခန်းထဲလိုက်ခဲ့"

"ဘာဖြစ်တာလဲ၊ ဟော့ကောင်တွေ ပြောကြစမ်း"

ရုံးခန်းထဲရောက်သည်နှင့် ဆရာကြီးက မေးလိုက်ခြင်းဖြစ်သည်။

"ဒီကောင် ဆရာကြီး၊ ကျွန်တော်တို့ ဝင်လာတာမြင်လျက်နဲ့ အမှိုက်တွေလှည်းချတာ၊ ကျွန်တော်တို့ နှစ်ယောက်စလုံး ဖုန်တွေ၊ အမှိုက်တွေ ပေကုန်လို့ ပြောတော့ သူက စ ထိုးတာ"

နှုတ်သွက်သော ကျော်ဝင်းက ဦးအောင်တိုင်လိုက်သည်။

"ဟုတ်တယ် ဆရာကြီး၊ သူကလည်း ကျွန်တော်တို့ကို ပေကုန်အောင် ဇုပ်သေးတယ်၊ ပြီးတော့ သူကလည်း စထိုးသေးတယ်"

လှကြိုင်က ကျော်ဝင်းကို ထောက်ခံပြီး ထပ်တိုင်သည်။

ဆရာကြီးက ကျော်ဝင်းနှင့် လှကြိုင်တို့၏ မျက်နှာများကို တစ်လှည့်စီ စူးစူးစိုက်စိုက် ကြည့်နေသည်။

"ဟုတ်ရဲ့လားကွ၊ အခု ငါထွက်လာတဲ့အချိန် မြင်ရတာက မင်းတို့နှစ်ယောက် ကျော်သာကို ဝိုင်းထိုးနေကြတာပဲ"

"သူက စထိုးလို့ ပြန်ထိုးရတာပါ ဆရာကြီး"

"ကျော်သာ ဟုတ်သလား၊ မင်းက စထိုးတာဆို. . . . "

ဆရာကြီးက ကျော်သာဘက်ကို လှည့်မေးလိုက်သည်။

"မဟုတ်ပါဘူး ဆရာကြီး၊ ကျော်ဝင်းက ကျွန်တော့်ကို အနှိပ်သည် သားတဲ့၊ လှကြိုင်က ကျွန်တော့် အမေကို အကန်းတဲ့"



"မင်း ပြောသလား ကျော်ဝင်း"

ဆရာကြီးက ကျော်ဝင်းကို မေးသည်။

"မပြောပါဘူး ဆရာကြီး"

"လှကြိုင် မင်းကရော. . . . "

"ကျွန်တော်လည်း မပြောပါဘူး ဆရာကြီး"

"မင်းတို့ ငါ့ကို ညာတယ်၊ ငါ ရုံးခန်းထဲကနေ အားလုံးကြားတယ်"

ကျော်ဝင်းနှင့် လှကြိုင် ငြိမ်သွားကြသည်။

"မင်းတို့ မကောင်းဘူး၊ ဆင်းရဲနိမ့်ကျတဲ့သူကို နှိမ်ချင်တယ်၊ အနိုင်ကျင့်တယ်၊ အဲဒါဟာ တော်တော် အောက်တန်းကျတဲ့စိတ်ပဲ၊ သူများကိုသာပြောချင်တာ ကိုယ့် ပြန်ပြောတော့ မခံနိုင်ဘူး၊ လူပါးဝတယ်၊ ချကွာဆိုပြီး ထိုးကြတယ်၊ ပြီးတော့ အမှန်အတိုင်း ဝန်မခံဘူး၊ လိမ်တယ်၊ ကိုယ်က စထိုးပြီး ကိုယ်က ဦးအောင်တိုင်တယ်၊ ဟုတ်တယ်မို့လား ကျော်ဝင်း"

ကျော်ဝင်း ဘာမှ မပြောပါ။

"ဟော့ကောင် အမှန်အတိုင်း ပြောစမ်း၊ မင်း သူ့ကို အနှိပ်သည်သားလို့ ပြောတယ်မဟုတ်လား"

"ပြော. . . . ပြောပါတယ် ဆရာကြီး"

"မင်း အမေကို ပြန်ထိခိုက်တော့ မင်း မခံနိုင်ဘူး မဟုတ်လား. . . "

"ဟုတ်ပါတယ် ဆရာကြီး"

"ဟင်း. . . . မင်း တော်တော် ကိုယ်ချင်းစာတရား ရှိတာပဲ လှကြိုင် အကန်းလို့ ပြောတာ မင်းမဟုတ်လား"

လှကြိုင် ဘာမှ မပြောဘဲ ခေါင်းငုံ့နေသည်။

"ဟော့ကောင်. . . . ပြောလေကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ပြန်း. . . ."

ဆရာကြီးက စာရေးစားပွဲကို ကြိမ်လုံးနှင့် ရိုက်လိုက်၍ လှကြိုင် လန့်သွားသည်။

"ဟုတ်. . . . ဟုတ်ကဲ့ ပြောမိပါတယ် ဆရာ. . . ."

"တော်တော်တရားတဲ့ ကောင်တွေ၊ ဟိုက ပြန်ပြောတော့ နှစ်ယောက်ဝိုင်းထိုးတယ်၊ မင်းတို့မှာ အပြစ်ရှိလား၊ မရှိဘူးလား ပြောစမ်း"

"ရှိပါတယ် ဆရာ. . . ."

နှစ်ယောက်စလုံး ကြောက်ကြောက်နှင့် ဖြေကြသည်။

"မောင်ကျော်သာ အမှိုက်လှည်းစရာရှိတာ သွားလှည်းပါ"

ကျော်သာ ရုံးခန်းထဲမှ ထွက်လာခဲ့သည်။

ဆရာကြီး ရုံးခန်းထဲမှ ကျော်ဝင်းနှင့် လှကြိုင်ကို ရိုက်သံ ကြားရသည်။ တစ်ယောက် တစ်ချက်စီသာ ဖြစ်ပါ၏။

"မှတ်ထား. . . . နောက်ကို ဘယ်တော့မှ အနိုင်မကျင့်နဲ့၊ မတရားတာ မလုပ်နဲ့ ငါ မကြိုက်ဘူး"

မကျော်ဝင်းနှင့် လှကြိုင် ဖင်ကိုပွတ်၍ အတန်းထဲသို့ ဝင်လာကြသည်။

ကျော်သာ့ကို ကြည့်သော သူတို့ မျက်လုံးများက အမုန်းအငြိုးများနှင့်၊

* * *

ညနေ ကျောင်းဆင်းချိန်တွင် ကျော်ဝင်းနှင့် လှကြိုင်က ကျော်သာ အိမ်ပြန်သော လမ်းမှ ကြိုစောင့်နေကြသည်။

"ဟေ့ကောင်. . . . နေဦး. . . ."

ကျော်သာကို လမ်းမှ ဆီး၍တားသည်။ ကျော်သာက မရပ်။



"ဟေ့ကောင် နေဦးလို့ပြောတာ မကြားဘူးလား၊ ရပ်စမ်း"

"ငါက မင်းတို့ အရပ်ခိုင်းတိုင်း ဘာဖြစ်လို့ ရပ်ရမှာလဲ"

ကျော်သာက ကွေ့ရှောင်ပြီး ဆက်သွားရန် ကြိုးစားသည်။

"ဟင်း. . . . မင်းက ငါတို့ကို အာခံချင်ဦးကွာ"

"ခွပ်. . . ."

ကျော်သာ ရှောင်သော်လည်း မလွတ်။

မျက်လုံးထဲမှာ မီးပွင့်ထွက်သွားသည်။

"ဟင်း. . . . လှကြိုင် မင်း. . . ."

"ဒုတ်. . . ."

"အင့်. . . ."

ကျော်သာ ပြန်ထိုးသည်၊

ကျော်ဝင်းကပါ ကျော်သာကို နှစ်ယောက်ညှပ်ပြီး ထိုးသည်။

ကျော်သာ အပြင်းအထန်ခုခံ၍ ပြန်ထိုးသော်လည်း နှစ်ယောက်နှင့် တစ်ယောက်မို့ မနိုင်ဘဲ မြေကြီးပေါ်သို့ လဲကျသွားသည်။

"သတ္တိရှိရင် မင်း ဆရာကြီးကို တိုင်ကြည့်၊ တိုင်ရင် စင်းကို သေအောင်ချမယ် မှတ်ထား၊ ဒါကျောင်းထဲမှာ မဟုတ်ဘူးကွ၊ ကျောင်းအပြင်မှာ ဖြစ်တာ"

ကျော်ဝင်းက လဲနေသော ကျော်သာကို ခါးထောက်ကြည့်ပြီး လှုမိုက်ပုံ ဖမ်းနေသည်။

"ဟင်း. . . . အနှိပ်သည် အကန်းမရဲ့သား လူပါးမဝနဲ့"

လှကြိုင်က နေ့ခင်းမှာ ခံခဲ့ရသည်ကို မကျေနပ်၍ ထပ်ပြီး စော်ကားလိုက်သည်။

ကျော်သာမှာ နှစ်ယောက်နှင့် တစ်ယောက်ဖြစ်သည့်အပြင် အသက်ချင်းလည်းကွာ လူကောင်ချင်းလည်း မမျှ၍ ခံလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com


* * *

အိမ်ပြန်ရောက်တော့ အိမ်တံခါးပိတ်ထားသည်။ အမေမရှိ။ အနှိပ်လိုက်နေဟန်တူသည်။

အမေ ဝှက်ပြီးထားနေကျ ပန်းအိုးအောက်မှ သော့ကိုထုတ်ယူပြီး ကျော်သာ အိမ်ထဲသို့ ဝင်သည်။

နံရံတွင် ထောင်ထားသော မှန်ကွဲထဲမှာ ကြည့်လိုက်တော့ ညာဘက် မျက်ကွင်းတစ်ခုလုံးညိုနေသည်။ နှုတ်ခမ်းလည်း ပေါက်သွားသည်။ အမေသိလျှင် စိတ်မကောင်းဖြစ်လိမ့်မည်။

"တော်ပါသေးရဲ့၊ အမေက မျက်စိမမြင်လို့"

ကျော်သာ ဆန်နို့ဆီဘူး တစ်လုံးကို ထမင်းအိုးထဲထည့်ပြီး ဆန်ဆေးသည်။ မီးမွှေးပြီး ထမင်းအိုး တည်နှင့်သည်။

"ကျော်သာရေ. . . "

တစ်တန်းတည်းမှ အိမ်နီးချင်း နှင်းနှင်းအေး၏ အသံ။

"ဟော. . . . မိနှင်း၊ လာဟာ ငါ့ကို ထမင်းအိုးခဏ ကြည့်ပေးစမ်းပါ၊ ငါ ရေတစ်ထမ်း သွားခပ်ချင်လို့"

"အေး. . . . နေဦး၊ နင့်ကို ကျောင်းအပြန်မှာ ကျော်ဝင်းနဲ့ လူကြိုင် ဝိုင်းထိုးကြတယ်ဆို၊ ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် အမေပြန်လာရင် မပြောပါနဲ့ဟာ၊ အမေ စိတ်မကောင်းဖြစ်နေမှာ စိုးလို့"

"နင် ပြန်မလုပ်ဘူးလား"

"သူတို့က နှစ်ယောက်၊ ငါ့ထက်လည်း အသက်ကြီးတယ် ငါ ဘယ်လိုလုပ်နိုင်မှာလဲ"

"အယုတ်တမာကောင်တွေ၊ သူတစ်ပါးကို အနိုင်ကျင့်ရမှ စိတ်ချမ်းသာတဲ့ ကောင်တွေ နင့်မျက်လုံးမှာ ညိုမည်းနေတာပဲ၊ နင် မနာဘူးလား"

နှင်းနှင်းအေးက ကျော်ဝင်းတို့ကို မကျေမနပ်ပြောရာမှ ကျော်သာ၏ မျက်လုံးမှ ဒဏ်ရာကို လှမ်းကြည့်ပြီး စိတ်မကောင်းဖြစ်သွားသည်။

"သားရေ. . . . လူလေး ပြန်ရောက်နေပြီလား ဟေ့"

အိမ်ရှေ့လမ်းဆီမှ ဒေါ်အေးမိ၏ အသံ။

"ဟော. . . . အမေလာပြီ၊ ဒီအကြောင်းတွေ အမေ့ရှေ့မှာ ဘာမှ မပြောနဲ့နော်"

"အေးပါ၊ သိပါတယ်"

"ကျွန်တော် ပြန်ရောက်နေပြီ အမေ၊ မိနှင်းလည်း ရှိတယ်"

စမ်းတဝါးဝါးလာနေသော အမေ့ကို ကျော်သာ သွားတွဲသည်။

"ကျွန်တော် ထမင်းအိုးတည်ထားတယ်၊ ရေ သွားထမ်းမလို့ မိနှင်းကို ထမင်းအိုး အကြည့်ခိုင်းထားတယ်"

"အေး အေး. . . . သွား သွား၊ ဪ. . . . သား ခဏနေဦး ရော့၊ ရော့. . . . ဒီ ပိုက်ဆံလေး သိမ်းထားလိုက်ဦး"

ဟောင်းနွမ်းနေသော ငါးဆယ်ကျပ်တန်လေး တစ်ရွက်။ အနှိပ်ခ ရလာခဲ့ခြင်းဖြစ်သည်။

"ဒီနေ့ ဦးဘခင် အိမ်မှာ နှိပ်ပြီးတော့ အမေ ဘာဖြစ်မှန်းမသိပါဘူး လူလေးရယ်၊ ခေါင်းထဲက မူးလိုက်တာ၊ ရင်ထဲကလည်း တလှပ်လှပ်နဲ့ အသက်ရှူရတာလည်းကြပ်ပြီး ဖောချွေးတွေ ပြန်လာလို့ ဒုက္ခရောက်မလားတောင် အောင့်မေ့တယ်"

"နေမကောင်းရင်လည်း အနင်းအနှိပ် မလိုက်ပါနဲ့လား အမေရယ်"

www.burmeseclassic.com


အမေ့ကို ကြည့်ပြီး ကျော်သာ စိတ်မကောင်းဖြစ်မိသည်။

"ဩော်. . . . မလိုက်တော့ ဘာနဲ့စားမှာလည်း သားလေးရယ်"

"ကျွန်တော် ကျောင်းထွက်ပြီး အလုပ်တစ်ခုခုလုပ်မှာပေါ့"

"ကျွန်တော် အမေ စိတ်ချမ်းသာအောင်လို့သာ ကျောင်းတက်နေရတာ၊ အမေ မျက်စိမမြင်ဘဲနဲ့ လုပ်ကျွေးနေတာကို မစားချင်တော့ဘူး အမေ"

"အို. . . . မဟုတ်တာ သားလေးရယ်၊ သားလေးက ငယ်ငယ်လေးရှိသေးတာ၊ အလုပ်မလုပ်ရပါဘူး၊ ပြီးတော့. . . . သားလေးက ငယ်ငယ်ကတည်းက ဉာဏ်သိပ်ကောင်းတာ၊ ပညာပဲ သင်ပါဦး သားလေးရယ်"

"ကဲ. . . . ကြီးတော်အေး၊ နေမကောင်းရင်လည်း အိပ်ရာထဲ လှဲနေလိုက်၊ လာ. . . . ကျွန်မ တွဲပို့မယ်"

"ဩော်. . . . အေး အေး၊ သာခု. . . . သာခု. . . . သာခု၊ ငါ့တူမ လေးက-လိမ္မာလိုက်တာ၊ ခု သက်သာသွားပါပြီကွယ်၊ ဦးဘခင် အိမ် က သွေးဆေးတစ်ခွက်သောက်ခဲ့ရတယ်"

"အမေ မိနှင်းရှိတုန်း ကျွန်တော် ရေတစ်ခေါက်သွားထမ်းလိုက်ဦးမယ်"

"အေး. . . . အေး၊ သွား သွား ငါ့သား"

ကျော်သာ ရေထမ်းပုံးနှစ်ခုနှင့် အိမ်မှ ထွက်လာခဲ့သည်။

"ဩော်. . . . အမေ့ခမျာ ဒုက္ခိတ ဖြစ်နေတာတောင် ငါ့အတွက် ရှာဖွေကျွေးနေရလို့ မနားနိုင်သေးပါလား"

ကျော်သာ စိတ်မကောင်း ဖြစ်မိသည်။

"ဆယ်တန်း မြန်မြန်အောင်၊ အလုပ် မြန်မြန်ရပြီး အမေ့ကို လုပ်ကျွေးချင်လိုက်တာ"

ရေခပ်လမ်းဘေးမှ ယိမ်းနွဲ့နေသော အုန်းပင်အိုကြီးကို ကျော်သာ လှမ်းကြည့်လိုက်သည်။

"အမေ အသက်ရှည်ရှည် နေရပါစေဗျာ"

* * *

ဆယ်တန်းစာမေးပွဲဖြေရန် နှစ်ပတ်သာလိုတော့သည်၊ အထက်တန်းပြ ဆရာဦးခင်မောင်ရင် အင်္ဂလိပ်စာ အချိန်ပိုသင်ပေးနေစဉ် နှင်းနှင်းအေး၏အမေ ဒေါ်သင်းထုံ အပြေးအလွှား ရောက်လာသည်။

"ကျော်သာ. . . . ကျော်သာ၊ ဟဲ့ ကျော်သာ ရှိလား"

အတန်းပေါက်ဝမှာ ရပ်ပြီး ဒေါ်သင်းထုံ အော်ဟစ်မေးနေပုံက အရေးတကြီး နိုင်လွန်း၍ စာသင်နေသော ဆရာနှင့်ကျောင်းသူ၊ ကျောင်းသား အားလုံး ဒေါ်သင်းထုံကို လှမ်းကြည့်လိုက်ကြသည်။

"ဒီမှာ ရှိတယ် ကြီးတော်သင်း"

ကျော်သာက မတ်တတ်ရပ်၍ ထူးလိုက်သည်။

"ဟဲ့. . . . နင့်အမေ မူးပြီးလဲလို့ လာမြန်မြန်လိုက်ခဲ့"

ကျော်သာက ဆရာ့ကို လှမ်းကြည့်လိုက်သည်။

"လိုက်သွားလေ မောင်ကျော်သာ"

ကျော်သာ စာအုပ်များကို လွယ်အိတ်ထဲ အမြန်ထည့်ပြီး ငိုရိပ်ပူပန်စွာ ထွက်လာခဲ့သည်။

အားလုံး၏ မျက်လုံးများက ကျော်သာ့ကို လှမ်းကြည့်နေကြသည်။

ကျောင်းအပြင်ရောက်သည်နှင့် ကျော်သာ ဒုန်းစိုင်းပြေးလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

လာခေါ်သော ဒေါ်သင်းထုံ နောက်မှာအဝေးကြီး ကျန်နေရစ်သည်။

"အမေ. . . . အမေ"

အိမ်သို့ရောက်သည်နှင့် အမေ့ကို အော်ခေါ်ရင်း အိမ်ထဲသို့ ပြေးဝင်သွားသည်။

အိပ်ရာပေါ်မှ အမေ့ဘေးမှာ မိန်းမကြီးများ ဝိုင်းရံလျက် ကျော်သာ့ရင်ထဲမှာ ထိတ်သွားသည်။

"အမေ. . . . အမေ ဘာဖြစ်လို့လဲ ဟင်"

အမေ့အိပ်ရာဘေးကို ပြေးသွားရင်း ကျော်သာ အလျင်စလို မေးလိုက်သည်။

"မင်း အမေ မူးလဲသွားလို့"

အဒေါ်ကြီးတစ်ယောက်က ဖြေသည်။

"သား. . . . သားလေး"

အမေ့အသံက မပီသတော့ပါ။ အမေ့ပါးတစ်ဖက် ရွဲ့သွား၍ ပါးစပ်ပါ ရွဲ့နေလေပြီ။ အမေ့ မျက်လုံးအိမ်မှ စီးကျလာသော မျက်ရည်များက အမေ့ နားထင်မှ ဆံပင် ရှုတ်ရှုတ်ထွေးထွေးများထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားကြသည်။

အမေ့ကိုယ်တစ်ခြမ်းမှာ လှုပ်၍ မရတော့ပါ။

မျက်မမြင်ဒုက္ခိတဖြစ်သော အမေ့ခမျာ လေဖြတ်၍ ကိုယ်တစ်ခြမ်းသေရရှာပြန်ပြီ။

"အမေ. . . . အမေရယ်၊ ဖြစ်မှဖြစ်ရလေဗျာ"

ကျော်သာ သနားလွန်း၍ အမေ့ကို ဖက်ပြီး ငိုမိသည်။

သားအမိကို ကြည့်မြင်နေရသူ အဒေါ်ကြီးများ စိတ်မကောင်းဖြစ်ကြသည်။

"ဩော်. . . . ကံဆိုးရှာလွန်းတဲ့ အမေရယ်. . . .



*    *    *

အေးမိ အပျိုတုန်းက ချောင်းကောက်ရွာ၏ အလှကျက်သရေဆောင်။ သို့သော် ကွမ်းတောင်ကိုင်တော့ မဟုတ်။ အေးမိမှာ အမေသာရှိသည်။ အဖေမရှိ။ ရွာဓလေ့အရ မိဘ ဖစုံရှိမှ ကွမ်းတောင်ိုင်ရသည်။ သို့သော် ဘယ်ကွမ်းတောင်ကိုင်မှ အေးမိ၏ အလှကို ယှဉ်နိုင်။

ထို့ကြောင့် မြေပိုင်ရှင်၊ ခြံပိုင်ရှင် လူချမ်းသာ၏သား အောင်ချမ်းက အေးမိကို မရရအောင် ယူမည်ဟု နည်းအမျိုးမျိုးနှင့် ကြိုးစားခဲ့ဖူးသည်။

သို့သော် အေးမိနှင့် မေတ္တာမျှနေကြသည်က အေးမိတို့ ရွာမှ ကျောင်းဆရာလေး ကိုကျော်စွာ။

အေးမိအမေက သမီးလေး ဆင်စီးမြင်းရံတာ မြင်ချင်၍ အောင်ချမ်းနှင့် သဘောတူသည်။ အေးမိက မျက်ရည်စက်လက်နှင့် ငြင်းသည်။ နောက်ဆုံးတွင် ဇီကုပ်နတ်ပြည်တင်မည်ဟု ကြွေးကြော် အတင်းအကျပ်ပေးစားရန် စီစဉ်သောကြောင့် အေးမိနှင့် ကျော်စွာတို့ ခိုးပြေးကြရသည်။ ကျောင်းဆရာလေး ကျော်စွာမှာ ပုံ ဓမ်တော်မှသွားပြီဖြစ်သည့် ရွာဦးဘုန်းတော်ကြီး ဦးပဏ္ဍိတ၏တူ ဖစ်သည်။ ရွာမှာ ဆွေမရှိ၊ မျိုးမရှိ တစ်ကောင်ကြွက်။

လက်ထဲရောက်ခါနီးမှ အလစ်သုတ်ခံလိုက်ရ၍ ဆရာလေး ကျော်စွာကို အောင်ချမ်း လုံးဝ မကျေနပ်။

သို့သော် ကျော်စွာနှင့် အေးမိတို့ကတော့ ချစ်ခင်မဆုံး ပျော် မြူးပြီး။

ဆရာလေးကျော်စွာမှာ ကျောင်းဆရာ၊ ပညာတတ်ဖြစ်ပြီး၊

www.burmeseclassic.com

www.burmeseclassic.com



မွန်မွန်ရည်ရည်ရှိသည်။

ဘုန်းကြီးရဟန်းနှင့် နီးနီးကပ်ကပ်နေ၍ ဘာသာရေးအဆုံးအမကို ခံယူခဲ့ရသူ ဖြစ်သောကြောင့်လည်း စိတ်သဘောထား နူးညံ့သည်။

စည်းစိမ်ချမ်းသာကို စွန့်လွှတ်ပြီး ချစ်ခြင်းမေတ္တာ တစ်ခုတည်းနှင့် မိမိနောက်သို့ ခိုးရာလိုက်လာခဲ့သော အေးမိကိုလည်း သိပ်ချစ်သည်။ သိပ်ကြင်နာသည်။

ဖြစ်ပြီးမှတော့ အေးမိအမေလည်း ကျေနပ်ပါသည်။ အတူနေမိသောအခါ ကျော်စွာ၏ ယဉ်ကျေးသိမ်မွေ့ပုံကို သဘောကျသည်။

ကျောင်းဆရာဆိုသည်ကလည်း ရွာမှာတော့ လူရိုသေရှင်ရိုသေ ဂုဏ်ရှိသည်။ လခ မှန်မှန်ရသူဖြစ်သည်။

အေးမိ၏ ဘဝမှာ အသာယာဆုံး ပျော်စရာ အကောင်းဆုံး အချိန်ဖြစ်သည်။

သားကလေး ကိုယ်ဝန်ရှိလာသောအခါ ကျော်စွာက အေးမိကို သိပ်ဂရုစိုက်သည်။ သားလေးကို သူ့လိုပင် ပညာတတ်တစ်ယောက်ဖြစ်စေရမည်။ ယဉ်ကျေးသိမ်မွေ့စေရမည်။ ကျန်းမာသန်စွမ်းစေရမည်ဟု မျှော်လင့်ခဲ့သည်။ အကောင်းဆုံးဖြစ်အောင် ပြုစုပျိုးထောင်ပေးရန်လည်း အေးမိနှင့် အချိန်တိုင်း ညှိနှိုင်းနေခဲ့သည်။

ကိုယ်ဝန်ရင့်မာလာသည်နှင့်အမျှ မကြာခင် တွေ့မြင်ရတော့မည့် သားလေးအတွက် လင်မယားနှစ်ယောက်ကြိုတင်ပြီး မေတ္တာကြီးမားနေကြသည်။ မမွေးမီကပင် သားဦးလေးအတွက် ရှူး နေခဲ့ကြရသည်။

သို့သော် တကယ်မွေးတော့ သားလေးကို ကျော်စွာ မြင်ခွင့် မရခဲ့ရှာ။



သားလေး မမွေးမီ တစ်ရက်မှာပင် ကျော်စွာ လခထုတ်ရာမှ အပြန် လမ်းတွင် ဓားနှင့်ထိုး၍ အသတ်ခံလိုက်ရသည်။ ဘယ်ဘက်ရင်အုံမှာ ဓားဒဏ်ရာ တစ်ချက်တည်းဖြစ်၏။ သတ်သူက လခငွေများကို ယူသွားသည်။ ငွေလိုချင်သူက သတ်သည်ဟုသာ ထင်မြင်ကြရသည်။ သတ်သူတရားခံ မပေါ်ပါ။

ကျော်စွာ ဆုံးပြီး နောက်တစ်နေ့မှာပင် အေးမိ သားလေးကို ဖွားမြင်သည်။

သားငယ်ကို မြင်ခွင့်လေးပင် ရမသွားရှာသော လင်ဖြစ်သူအတွက် အေးမိ ရင်မှာခံစားရလွန်းသည်။ ဆို့နစ်ကြေကွဲစွာ သတိမေ့မြောခဲ့ရသည်ကလည်း အကြိမ်ကြိမ်။

အားလုံး ဝိုင်းဝန်းဖျောင်းဖျသော်လည်း အေးမိ နားမဝင်နိုင်ပါ။ ငိုရလွန်း၍ မျက်လုံးများ နီရဲနေပြီ။

မီးတွင်းမှ ထွက်လာသောအခါ အေးမိ မျက်လုံးများ ဝေသီမှုန်ဝါးနေကြပြီ။

ကောင်းနိုးရာရာ လူတကာ အကြံပေးသမျှ မျက်စဉ်းများ ခတ်ရင်း အေးမိ၏ မျက်စိနှစ်ကွင်း အလင်းပျောက်ကွယ်ခဲ့ရသည်။

သားလေး နာမည်ကို ကျော်သာဟု ပေးလိုက်သည်။

ဖခင်ဖြစ်သူ ကျော်စွာကို အမှတ်တရဖြစ်စေရန် အေးမိက အဖေ့ နာမည်နှင့် ခပ်ဆင်ဆင် မှည့်ထားခြင်း ဖြစ်၏။

ဘွားအေ ဖြစ်သူခမျာ အသက်ကြီးကာမှ သမီးနှင့် မြေးကို အနှိပ်အနင်းလိုက်၍ ကျွေးရရှာသည်။

အေးမိ အမေ့ကို သနားပါသည်။ သို့သော် သားလေးကို သူ့ အဖေ မျှော်မှန်းသလို ပညာတတ်ဖြစ်စေချင်သည်။ ဖခင်တူ သားလေးမှာ ငယ်ငယ်ကတည်းက သိမ်မွေ့၏။ စိတ်ထား နူးညံ့၏။

ဘွားအေက မြေးကလေးကို ကျောင်းထားပေးသည်။

www.burmeseclassic.com



ဉာဏ်ကောင်း၍ စာကြိုးစားသော ကျော်သာက စတုတ္ထတန်းတွင် ပျော်ဘွယ် တစ်မြို့နယ်လုံးမှာ ပထမရသည်။

အေးမိ အားတက်သည်။ ကံအားလျော်စွာပင် ထိုနှစ်မှာ အေးမိတို့ရွာတွင် မူလတန်းကျောင်းမှ အလယ်တန်းအဆင့် တိုးမြှင့်ဖွင့်သည်။

သားလေးကို အလယ်တန်းပညာ ဆက်သင်ပေးသည်။

သားလေး ၇-တန်းနှစ်တွင် အဘွား ကွယ်လွန်သည်။

အေးမိတို့ သားအမိ အားကိုးရာ မဲ့ကြပြီ။

သားလေး ကျော်သာက သူ ကျောင်းထွက်ပြီး အလုပ်လုပ်ပါမည်။ အမေ့ကို ပြုစုကျွေးမွေးပါမည် ပြောရှာသည်။

အေးမိ လက်မခံ။

တရှိုက်ရှိုက်ငိုရင်း ခေါင်းကိုသာ အကြိမ်ကြိမ်ခါယမ်းနေသည်။

"သား ကျောင်းဆက်နေရမယ်၊ မင်း အဖေ မျှော်မှန်းသလို ဖြစ်အောင် လုပ်ရမယ်"

အမေ၏ အနှိပ်သည် အနင်းသည် အရိုက်အရာကို အေးမိ ဆက်ခံလိုက်သည်။ မျက်စိ မမြင်သော်လည်း နင်း၍ နှိပ်၍ရသည်။

နောက်ဆုံးတော့ အမေ စိတ်ချမ်းသာရေးအတွက် အမေ့ဆန္ဒကို မလွန်သာဘဲ ကျော်သာ ကျောင်းဆက်တက်ရသည်။ ရွာမှာကလည်း တွဲဖက် အထက်တန်းကျောင်းဖြစ်နေပြီမို့ အဆင်ပြေပါ၏။

အမေက ရွာထဲမှာ အနင်းအနှိပ် လိုက်သည်။ ရွာသူရွာသားများက အေးမိတို့ သားအမိကို သနား၍ ခိုင်းကြသည်။ နှိပ်ခအပြင် ဆန်လေး၊ ပဲလေးပါ ပေးကြသည်။

ကျော်သာ ကျောင်းမသွားမီ မနက်စာ ထမင်း ဟင်းချက်သည်။ ကျောင်းပြန်လာမှ ညစာ ထမင်း ဟင်းချက်သည်။



ကျော်သာ ရှစ်တန်းရောက်သည့် နှစ်မှာပင် ထန်းရည်မူးကျွဲခိုးပေါ် ဆိုသကဲ့သို့ ရွာ အနောက်ဘက်မှ ထန်းတောထဲတွင် ထန်းရည်သောက်ကြစဉ် ကျောင်းဆရာ ကျော်စွာကို သတ်ခဲ့သည်မှာ သူကိုယ်တိုင်ဖြစ်ကြောင်း ဦးအောင်ချမ်းက ထုတ်ပြောသည်။ ထိုစကား ရွာထဲသို့ ပျံ့သွား၏။

သို့သော် အေးမိတို့ သားအမိ၏ နားသို့မရောက်၊ ရောက်လျှင်လည်း ဒုက္ခိတ အေးမိ ဘာမျှ မလုပ်နိုင်။ အခြား မည်သူကမျှလည်း မြေများစွာ ပိုင်သော လူချမ်းသာ ဦးအောင်ချမ်းကို စွပ်စွဲခြင်း အရေးယူခြင်း မပြုခဲ့ကြ။

ဦးအောင်ချမ်းက ရွာထဲမှာ လူစွာလုပ်နေသလို ဦးအောင်ချမ်း၏သား ကျော်ဝင်းက ကျောင်းမှာ လူကျယ်ဖြစ်နေသည်။

ညနေပိုင်းတွင် ကျော်သာတို့ အိမ်သို့ နှင်းနှင်းအေး ရောက်လာသည်။

"အမေ လေဖြတ်ပြီး ကိုယ်တစ်ပိုင်း သေသွားပြီဟာ"

အားငယ်နေသော ကျော်သာကို ကြည့်၍ နှင်းနှင်းအေး စိတ်မကောင်း ဖြစ်ရသည်။

"ငါ သိပြီးပါပြီဟာ၊ ငါလည်း စိတ်မကောင်းပါဘူး"

"ငါ ကျောင်းထွက်ရတော့မယ်"

"စာမေးပွဲ ဖြေခါနီးမှ ဟယ်. . . . နှမြောစရာ"

"ဘယ် တတ်နိုင်မလဲ ဟာ အမေ နေမကောင်းတော့ ငါ အလုပ် တစ်ခုခုလုပ်ရမှာပေါ့၊ မလုပ်ရင် ဘာနဲ့ သွားစားမလည်း အမေ့ ဆေးဖိုးကလည်း ရှိသေးတယ်"

"နင်က ဘာလုပ်မှာလဲ"

"ကြီးတော်ခင်ကတော့ ဦးအောင်ချမ်း အိမ်မှာ နွားတွေကျောင်းဖို့ လူလိုနေတယ်တဲ့၊ သူပြောပေးမယ် ပြောတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . . . ဦးအောင်ချမ်းနဲ့ ဖြစ်ပါ့မလား"

နှင်းနှင်းအေးက ဦးအောင်ချမ်း၏ သဘောထားကိုမကြိုက်။

"ဖြစ်ပါတယ်ဟာ၊ ကိုယ်က အလုပ်သမားပဲ သူ့ ခိုင်းတာလုပ်ရုံပေါ့"

"စာမေးပွဲတော့ ဖြေဖြစ်အောင် ဖြေစေချင်တယ်ဟာ၊ နင်ဖြေရင် အောင်နိုင်ပါတယ်"

"အခြေအနေအရပေါ့ဟာ"

အဝေးဆီသို့ တွေတွေငေးငေးဖြစ်နေသော ကျော်သာ၏ မျက်နှာကို နှင်းနှင်းအေး ငေးကြည့်နေမိသည်။

*　　*　　*

နောက်တစ်နေ့မှစ၍ ထမင်းကျွေး တစ်လ ၅၀ဝိ နှင့် ဦးအောင်ချမ်း နွားများကို ကျော်သာ ကျောင်းပေးရသည်။

ဦးအောင်ချမ်းက သူ့ အမေ ဆေးဖိုးအတွက် ကျော်သာကို ငွေ ငါးရာကျပ် ကြိုပေးသည်။

"ရော့. . . . နွားတွေကို ဂရုစိုက်နော်၊ ဝ အောင်လည်းကျောင်း၊ သူများ အခင်းလည်း မစားစေနဲ့ အရေးကြီးဆုံးကတော့ အချင်းချင်း မဝှေ့စေနဲ့၊ ငါ့ နွားတွေက အဖိုးတန်တွေချည်းပဲ ကြားလား"

"ဟုတ်ကဲ့ပါ ဦးလေး"

မနက် ကိုးနာရီခန့်မှစ၍ ကျော်သာ နွားကျောင်းထွက်ရသည်။

လေဖြတ်ထားသည့် အမေ့ အနားမှာ တစ်ချိန်လုံးနေပြီး ပြုစုချင်သော်လည်း အခြေအနေက မပေး။ အိမ်နီးချင်း အဒေါ်ကြီး



များက ဝိုင်းဝန်း ကြည့်ရှုပေး၍ တော်ပါသေး၏။

စာမေးပွဲ ဖြေချင်သော်လည်း တစ်လ ငါးရာနှင့် ငှားထားသည့် ဦးအောင်ချမ်းက ဖြေခွင့်ပေးပါမည်လားမသိ။

မည်သို့ပင် ဖြစ်စေ ဖြေခွင့်ရလျှင် အသင့်ဖြေနိုင်ရန် ကျော်သာ နွားကျောင်းရင်း စာကျက်သည်။

ညနေတွင် သူ့ အတွက် ကျွေးသော ထမင်းဟင်းကို ဦးအောင်ချမ်းအိမ်မှာမစားဘဲ ဇလုံနှင့်ထည့်၍ အိမ်ယူသွားသည်။

"အမေ ထမင်းစားရအောင်နော်"

ကျော်သာ အမေ့ကို အိပ်ရာထဲမှ ပွေ့ထူပေးသည်။

"ဩော် သားလေးရယ်၊ အမေ သနားလိုက်တာ၊ သားလေးရော စားလေ"

ဒေါ်အေးမိ၏ မျက်လုံးအိမ်မှ မျက်ရည်များ ရစ်ဝဲလျက်. . . .

"ကျွန်တော် စားခဲ့ပြီ အမေ၊ အမေ ဝအောင် စား"

ကျော်သာ အမေ့ကို ဇွန်းနှင့် ခွံ့ကျွေးသည်။

မှုသာဝါဒဖြစ်သော်လည်း အမေ့ကို စားစေချင်သော စေတနာနှင့် လိမ်ညာရခြင်း ဖြစ်ပါသည်။

အမေ့ပါးစပ်မှာ ရွဲ့နေ၍ ထမင်းများ ဟင်းဖတ်များ ဝါးနေရင်းမှာပင် ဘေးပါးစောင်မှ ထွက်ကျလာကြသည်၊

ကျော်သာ လက်တစ်ဘက်နှင့် ဆီး၍ ခံယူပြီး နောက်ထပ်အသစ် တစ်ဇွန်းခွံ့ကျွေးသည်။

"တော်ပါပြီ သားလေးရယ်"

လေးငါးဇွန်း စားပြီးရုံနှင့် အမေက တော်ချင်ပြီ။

"စားပါဦး အမေရယ်၊ ဘာမှလည်း မဝင်သေးဘူး၊ နည်းနည်း ထပ်စားပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ကျော်သာ ချော့ချော့မော့မော့ ကျွေးရသည်။ အမေ လုံး၀ မစားနိုင်မှ ရေတိုက်ပြီး ပါးစပ်ရော လက်ပါဆေးကြောပေးသည်။

"သာဓု. . . . သာဓု. . . . သာဓု၊ အမေ့သားလေး ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ ပညာတတ်ကြီးဖြစ်ပါစေ"

မပီဝိုးဝါးသော အသံများနှင့် ဒေါ်အေးမိ ဆုပေးနေသည်။

ကျော်သာ အမေ့ကို အိပ်ရာပေါ်မှာ ပြန်သိပ်ပေးသည်။ ပြီးမှ နောက်ဖေးသို့ သွား၍ ကျန်သော ထမင်းကို စားရသည်။

"ငါ့လုပ်စာနဲ့ အမေ့ကို ထမင်းတစ်နပ် ကျွေးရပြီ"

ကျော်သာ ဝမ်းသာ ပီတိဖြစ်မိ၏။

* * *

"သားလေးရယ်၊ သေတဲ့ဆေးရှိရင် အမေ့ကို ရှာပေးပါလား"

မနက်စာအတွက် ဆံပြုတ်တိုက်အပြီးမှာ ဒေါ်အေးမိ ဝမ်းနည်းစွာ ပြောရှာသည်။

"အမေကလည်း မဟုတ်တာတွေ မပြောပါနဲ့ အမေရယ်"

"အမေလည်း ဝေဒနာတွေ မခံချင်တော့ဘူး၊ သားလေးကိုလည်း ဒုက္ခမပေးချင်တော့ဘူးကွယ်"

ဒေါ်အေးမိ၏ မျက်လုံးမှ မျက်ရည်များ စီးကျလာသည်။

"ကျွန်တော် ဒုက္ခမဖြစ်ပါဘူး အမေ၊ အမေ့ကို ပြုစုရတာ ကုသိုလ်တွေ အများကြီးရတာပေါ့၊ ကျွန်တော့်ကို ကုသိုလ်တွေများများ ပေးချင်ရင် မသေပါနဲ့ဦး အမေရယ်နော်"

"အေး. . . . အေး လိမ္မာလိုက်တဲ့ သားလေးရယ်၊ သားလေးမျက်နှာကို အမေကြည့်ချင် မြင်ချင်လိုက်တာကွယ်"

ဒေါ်အေးမိက လှုပ်ရှားနိုင်သော လက်နှင့် သားမျက်နှာကို စမ်းကြည့်သည်။

"သား မျက်နှာက အဖေ့ မျက်နှာနဲ့ တူတယ်တဲ့။ အဖေ့ကို မြင်ဖူးတဲ့ လူတွေက ပြောကြတယ်၊ အဲဒါဆိုရင် သားမျက်နှာက လှတာပေါ့နော် အမေ"

"အင်း. . . . အင်း လှတာပေါ့"

အမေ့မျက်နှာ ပြုံးယောင်သမ်းသွား၍ ကျော်သာ ဝမ်းသာမိသည်။

"ရော့. . . . ရော့. . . . အမေ ဒီမှာ စိပ်ပုတီး၊ ပုတီးစိပ်နေနော် အမေ၊ ကျွန်တော် နွားကျောင်းဖို့ သွားရင်း ကြီးတော်ခင်ကို လွှတ်လိုက်မယ်နော်"

"အေး. . . . အေး၊ သွား. . . . သွား"

ဒေါ်အေးမိ လက်ထဲမှ ပုတီးကို တချောက်ချောက်စိပ်ရင်း တစ်ယောက်တည်း ကျန်ရစ်ခဲ့ရှာ၏။

* * *

သူတကာတွေ ကျောင်းသွား၍ စာမေးပွဲကြီးအတွက် အနီးကပ် သင်ကြားလေ့ကျင့်နေချိန်မှာ ကျော်သာ နွားကျောင်း ထွက်ခဲ့ရသည်။

သို့သော် နွားများကို စားကျက်ကောင်းရာမှာ လွှတ်ပြီးသည်နှင့် သစ်ပင်ရိပ်ကောင်းကောင်းမှာ စာထိုင်ကျက်သည်။

"စာမေးပွဲ ရက်အတွင်းမှာ ဦးအောင်ချမ်း ငါ့ကို စာမေးပွဲဖြေခွင့်လေး ပေးရင်ကောင်းမှာ"

ကျော်သာ မဝံ့မရဲ တမ်းတမိသည်။

"ဟာ. . . . နေဦး၊ ရွာ အနောက်ပိုင်းက ငါ့သူငယ်ချင်း

www.burmeseclassic.com

ငပိုင်ကို အကူအညီတောင်းရင် ရမှာပေါ့"

ကျော်သာ ခေါင်းထဲမှာ အကြံတစ်ခု ရလာသည်။

"ဟုတ်တယ်၊ ငပိုင်က ဆင်းရဲပေမယ့် သဘောကောင်းတယ်၊ကူညီတတ်တယ်၊ ငါစာမေးပွဲ ဖြေတဲ့ ရက်တွေမှာ ငါ့ အစားဦးအောင်ချမ်းရဲ့ နွားတွေကို ကျောင်းပေးဖို့ အကူအညီ တောင်းရင် ရမယ်၊ ဦးအောင်ချမ်း သဘောတူအောင်တော့ ကြီးတော်ခင်ကို အပြောခိုင်းရမှာပဲ"

ကျော်သာ အားတက်သွား၍ စာကို စိတ်ပါလက်ပါ ကျက်နေမိသည်။

"ကျော်သာရေ. . . . ကျော်သာ"

ကြီးတော်ခင်၏ အသံကို ကြား၍ ကျော်သာ စာကြည့်နေရာမှ မော့ကြည့်လိုက်သည်။

အမောတကော ပြေးလာနေသော ကြီးတော်ခင်ကို လှမ်းမြင်ရ၍ ကျော်သာ ထိတ်ထိတ်ပျာပျာ နေရာမှ ထလိုက်သည်။

"ကျော်သာ၊ နင့် အမေ. . . . ဟီး. . . . အီး. . . . "

ကြီးတော်ခင်စကားကို ဆုံးအောင် မပြောနိုင်ရှာ ဝမ်းနည်းစွာ ငိုကြွေးနေသည်။

ကျော်သာ ရွာဆီသို့ တစ်ဟုန်ထိုး ပြေးသည်။

"ဟဲ့. . . . နေဦး၊ ဒီ နွားတွေက၊ ကဲ. . . . ကဲ သွား ငါ ကြည့်ထားခဲ့မယ်"

"ကျွန်တော် ငပိုင့်ကို လွှတ်လိုက်မယ် ကြီးတော်"

ကျော်သာ ရွာဆီသို့ မနားတမ်း ပြေးလေပြီ။

အိမ်ပေါ်ပြေးတက်လိုက်တော့ အိပ်ယာထက်မှာ မလှုပ်မယှက် ငြိမ်သက်နေသော အမေ။

မိန်းမကြီးများက အမေ့ကို ကြည့်၍ မြင်၍ ကောင်းအောင်



ပြင်ဆင်ထားကြပြီ။

"အမေ"

ဝမ်းခေါင်းထဲမှ ဆို့နင့် ကြေကွဲစွာ ခေါ်လိုက်သော အသံ။

သို့သော် သူ့ အမေက မထူးနိုင်တော့ပါ။

ကျော်သာ အမေ့ ခြေကို ဖက်၍ မျက်နှာအပ်ပြီး ရှိုက်ကြီးတငင် ငိုမိသည်။

"သြော်. . . . အမေရယ်. . . . ကျွန်တော့် လုပ်စာ ထမင်းလေးကိုတောင် တစ်နပ်ပဲ စားသွားရရှာပါလား"

ဟူသောအတွေးက ကျော်သာ့ရင်မှာ ပို၍နာကြည်းစရာဖြစ်စေသည်။

လူဖြစ်လာရသော ဘဝတွင် ကံဆိုးမိုးမှောင် အမျိုးမျိုးကို ကြုံတွေ့ခဲ့ရရှာသော အမေ့ကံကြမ္မာအတွက် ကျော်သာ မဖြေနိုင်အောင် ခံစားရသည်။

အမေ့ကို လုပ်ကျွေးနိုင်ခွင့်လေးပါ စွန့်လွှတ်လိုက်ရသည်ကလည်း ကျော်သာ ဘဝအတွက် အဓိပ္ပာယ်မဲ့သွား သကဲ့သို့ ခံစားရသည်။

"အသေစောလိုက်တာ အမေရယ်၊ သားကို လုပ်ကျွေးခွင့်လေးတောင် ရက်နည်းနည်း တိုးပြီး မပေးခဲ့ဘူးနော်"

ကျော်သာ ရင်ထဲမှာ မကျေနပ်။

"ကောင်းပါတယ်လေ. . . . သူ့ ခမျာ ဒုက္ခကို ကြာရှည်မခံစားရတော့ဘူးပေါ့"

အမေ့ ဘေးနားတွင် မျက်ရည်ကလေး တစမ်းစမ်းဖြစ်နေသော ဒေါ်သင်းထုံ၏ မှတ်ချက်က အဆိုးအတွက် ဖြေစရာလေးတစ်ကွက်။

"ကြီးတော်သင်း ပြောတာလည်း ဟုတ်တာပါပဲလေ၊ အမေ

www.burmeseclassic.com

www.burmeseclassic.com

ဟာ ဒီဘဝမှာ သူ ကြုံတွေ့ခံစားခဲ့ရတဲ့ ဒုက္ခတွေအားလုံးက လွတ်မြောက်သွား ရှာတာပေါ့"

ကျော်သာ ဖြေသိမ့်လိုက်ရပါသည်။

* * *

အခန်း (၇)

ဧည့်ခန်းထဲရှိ သံစုံနာရီမှ တီးလုံးသံထွက်ပေါ်လာပြီး နာရီထိုးသံကြားရသည်။

ည ၁၂ -နာရီ ရှိပြီ။

နာရီထိုးသံ ရပ်သွားသောအခါ အိမ်ကြီးတစ်အိမ်လုံး ပြန်လည် တိတ်ဆိတ်သွား၏။

ကျော်သာ အိပ်၍ မပျော်သေးပါ။

ခုနေ အမေရှိလျှင် ကျေးချင်စမ်းလှသည်။

အမေ့ကို ဆေးဝါးကု၍ ပြုစုချင်လှသည်။

အဖေနှင့် အမေ ဖြစ်စေချင်သော ပညာတတ်တစ်ယောက် ဖြစ်ခဲ့ပါပြီ။

ဦးမင်းအောင်၏ ကျေးဇူးကြောင့် ဆင်းရဲဒုက္ခများမှလည်း လွတ်မြောက်ခဲ့ပါပြီ။ သို့သော် ကျေးစရာ အဖေနှင့် အမေက မရှိ၍ အထီးကျန်ဖြစ်သော ဘဝသည် ဘာမျှ အဓိပ္ပာယ်မရှိသလို ကျော်သာ ခံစားရ၏။

"အေးလေ. . . . ခုချိန်မှာ ငါရဲ့ ကျေးဇူးရှင်ဟာ ဦးမင်းအောင်၊ သူဟာ ဘာသွေးသားမှ မတော်တဲ့ ငါ့အပေါ်မှာ မေတ္တာထားခဲ့တယ်၊ ငါ့ကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် လုပ်ပေးခဲ့တယ်၊

www.burmeseclassic.com

www.burmeseclassic.com

သူ့ အိမ်မှာ ခေါ်ထားခဲ့တယ်"

ဦးမင်းအောင် အပေါ်မှာ ဖခင်တစ်ယောက်လိုပါ လေးစားမိသည်။

"ငါ တတ်နိုင်သမျှ သူ့ကို အကောင်းဆုံး ကျေးဇူးဆပ်ရမယ်"

ကျော်သာ ဆုံးဖြတ်လိုက်ပါသည်။ သို့သော် ဦးမင်းအောင်၏ သမီး ခင်မွန်ကတော့ သူ့အပေါ်မှာ ရင်းနှီးခင်မင်မှု သံယောဇဉ် မရှိသည်ကို ကျော်သာ သိပါသည်။

"ဘယ်လိုပဲ ဖြစ်ဖြစ်လေ ငါ့ ကျေးဇူးရှင်ရဲ့ သမီးကို နှမလေးတစ်ယောက်လို စောင့်ရှောက်ရမှာ ငါ့ တာဝန်. . . ."

"သူ့ အပေါ်မှာ မေတ္တာစေတနာနဲ့ အနစ်နာခံနိုင်ရမှာပေါ့လေ. . . ."

မိမိအပေါ် ခင်မွန်ဆက်ဆံရေးကျဲသည်ကို ကျေနပ်စွာ ခွင့်လွှတ်လိုက်ပါ၏။

"ဖေဖေ. . . . သမီးကို စူပါကပ်တစ်စီး ဝယ်ပေးပါ"

ဦးမင်းအောင်၏ လက်မောင်းကို ဆွဲခိုရင်း ခင်မွန် တောင်းဆိုလိုက်သည်။

"နော်. . . . ဖေဖေ. . . . ဝယ်ပေးနော်၊ ပေးမှာလားဟင်"

ခင်မွန် ခပ်ချွဲချွဲလေး ပြောလိုက်သည်။

"ဘာလုပ်ဖို့လဲ သမီးရယ် သွားစရာရှိရင် အိမ်မှာ ကားရှိတာပဲ၊ သမီးသွားချင်တဲ့ဆီ လိုက်ပို့ခိုင်းလို့ ရရက်သားနဲ့ အနီးအနား သွားချင်ရင်လည်း စက်ဘီးနဲ့ သွားပေါ့၊ စက်ဘီးဝယ်ပေးထားတာပဲ"

"ဟင့်အင်း. . . . စက်ဘီး မစီးချင်ဘူး၊ အန့်တီ မြင့်မြင့်သိန်း သမီး ကစ်ကစ်တို့ ဇာဇာတို့များ နှစ်ယောက်စလုံး စူပါကပ်တစ်စီးစီနဲ့ သမီးက သူတို့ အိမ်သွားရင် စက်ဘီးလေးနဲ့ သိပ်အောက်တာပဲ"

ဦးမင်းအောင် ပြုံးလိုက်သည်။



"ကားနဲ့ သွားပေါ့ သမီးရဲ့"

"ကားနဲ့ မသွားချင်ပါဘူး။ ကားက ဖေဖေပွဲရုံ သွားရင် အိမ်မှာမှ မရှိဘဲနဲ့"

"ဪ. . . . ဒါများ သမီးရယ် ပွဲရုံကို ဖုန်းဆက်လိုက်ရင် ဖေဖေ ပြန်လွှတ်လိုက်မှာပေါ့"

"ဟင့်အင်း သားအဖနှစ်ယောက်မှ ကားလေးတစ်စီးတည်း တလှည့်စီ စီးနေရတာ၊ ဖေဖေ့ အလုပ်အရေးကြီးရင် သမီး ဘယ်မှ ထွက်လို့မရတော့ဘူး၊ ဒါကြောင့်မို့ ဦးဦးမျိုးက ပြောတယ်၊ ခင်မွန့် ဖေဖေက ပိုက်ဆံရှိရက်သားနဲ့ ကပ်စေးနှဲတယ်တဲ့၊ သမီးလေး တစ်ယောက်တည်း ရှိတာတောင် စူပါကပ်လေးတစ်စီး ဝယ်မပေးဘူးတဲ့"

ဦးမင်းအောင် အသံထွက်ပြီး ရယ်လိုက်သည်။

"ဖေဖေက ပိုက်ဆံနှမြောလို့ မဟုတ်ပါဘူး သမီးရယ် ဆိုင်ကယ်စီးတာဟာ မိန်းကလေး မပြောနဲ့ ယောက်ျားလေးတွေတောင် အန္တရာယ်များလို့ပါ"

"ဖေဖေလို ဆိုရင်တော့ ခက်ရော့ပေါ့၊ မန္တလေးမှာ မိန်းကလေးတိုင်းလို စူပါကပ် စီးနေကြတာ"

"နောက်တစ်ခုကလဲ သမီးကို အိမ်မှာပဲ အေးအေးဆေးဆေး နေစေချင်တယ်၊ အိမ်မှာ တီဗွီရှိတယ်၊ ဗီဒီယိုရှိတယ် ကက်ဆက်ရှိတယ်၊ ထွက်သမျှ မဂ္ဂဇင်း ဝတ္ထုတွေလည်း သမီး ဖတ်ချင်တာ မှန်သမျှ ဝယ်ခွင့်ပေးထားတယ်၊ နောက်ထပ် ဘာလိုသေးလည်း ပြော ဖေဖေဝယ်ပေးမယ်၊ စူပါကပ်ဝယ်ပေးလို့ အပြင် အထွက်များရင် ဟိုကောင်နဲ့ပြန်ပြီး အဆက်အသွယ်ဖြစ်မှာကို ဖေဖေ သိပ်စိုးရိမ်တာပဲ"

"ဖေဖေကို သမီး ကတိပေးပြီးသားပဲ၊ သူနဲ့လည်း ပြန်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ဆက်သွယ်စရာ လုံးဝ မရှိပါဘူး၊ သမီးသွားရင် အန်တီမြင့်မြင့်သိန်းတို့အိမ်ပဲ၊ နောက်ပြီး ဗီဒီယို အခွေငှားဆိုင်ရယ်၊ စာအုပ်ဆိုင်တွေရယ် ဒါပါပဲ၊ တော်ပါပြီ မပေးချင်လည်းနေပါတော့၊ ဖေဖေက သမီးကိုမှ မချစ်တာ သမီးသိပါတယ်"

ခင်မွန်၏ ပါးပေါ်မှ မျက်ရည်များ စီးကျလာပါသည်။

သမီးမျက်ရည် ကျပြီဆိုတော့လည်း ဦးမင်းအောင် စိတ်မကောင်း။

"ကဲပါ. . . သမီးရယ်၊ ဖေဖေ ဝယ်ပေးပါ့မယ်၊ သမီးတို့ ဖေဖေ့ကို ထပ်ပြီး ကတိပေးရမယ်"

ခင်မွန်က မျက်ရည်ပြည့်သော မျက်လုံးများနှင့် ဖခင်ကို လှမ်းကြည့်လိုက်သည်။

"အဲဒီကောင်နဲ့ လုံးဝပြန်ပြီး မဆက်သွယ်ပါဘူးဆိုတာ"

"သမီးကတိပေးပြီးသားပဲ ဖေဖေရဲ့"

"အခု ထပ်ပေးဖို့ပြောတာ"

"ပေးတယ်"

ခင်မွန်ပြောပုံက အခိုင်အမာ။

"နောက်တစ်ခုက သမီး အိမ်ထဲမှာချည်း နေရတာပျင်းရင် နေ့ခင်းမှာ ပွဲရုံကိုလာပေါ့၊ သမီးရဲ့ စူပါကပ်နဲ့ပဲ လာပါ"

"ဘာလုပ်ဖို့လဲ"

"ဒီလုပ်ငန်းက ဖေဖေတို့ရဲ့ အသက်မွေးဝမ်းကျောင်းလေ၊ အထူးသဖြင့် ဈေးနှုန်းခန့်မှန်း တွက်ချက်တဲ့ပညာ၊ ကုန်ပစ္စည်း အရည်အသွေးအကဲခတ်တဲ့ပညာနဲ့ ရောင်းပုံ ဝယ်ပုံ ဈေးစကားပြောပုံတွေကို သမီးတတ်ထားသင့်တယ်"

"ဟင့်အင်း ဖေဖေကလည်း သမီးမှ ဝါသနာမပါဘဲ၊ နောက်ပြီး ပွဲရုံအလုပ်က မိန်းကလေးအလုပ်လည်း မဟုတ်ပါဘူး"



"ဩော်. . . ဘာလို့ မဟုတ်ရမှာလဲ သမီးရယ်၊ မိန်းမတွေဦးဆောင်တဲ့ ပွဲရုံလုပ်ငန်းတွေ မန္တလေးမှာ ပြည့်လို့. . ."

"ကိုကျော်သာ ရှိနေပြီပဲ ဖေဖေရဲ့၊ သူ ကောင်းကောင်းတော်တာပဲ၊ သူရှိလျက်နဲ့ သမီးက ဘာလုပ်ဖို့လိုဦးမှာလဲ"

ခင်မွန်က ပွဲရုံကို မသွားချင်၍ ပြောလိုက်ခြင်းသာ ဖြစ်သည်။ သို့သော် ဦးမင်းအောင် အတွေးတစ်မျိုးရသွား၍ ပြုံးလိုက်သည်။

"အင်း. . . ဒါလည်း ဟုတ်တော့ ဟုတ်တာပဲလေ"

ဦးမင်းအောင် သဘောတူလက်ခံပြီး ညှော့ခန်းထဲက နံရံမှာ လှပစွာ လူးလွန့်တက်နေသည့် ဂမုန်းနွယ်ပင်ဆီသို့ ငေးကြည့်ရင်းလေးနက်စွာ အတွေးဝင်နေမိသည်။

"ဖေဖေ သမီးကို စူပါကပ် ဝယ်ပေးဦးမှာလား၊ ပြောဦးလေ ဖေဖေ"

ခဏကြာအောင် စောင့်ကြည့်နေပြီးမှ ခင်မွန်က သေချာအောင် ထပ်မေးသည်။

ဦးမင်းအောင် ခေါင်းညိတ်ပြသည်။

"ရွှေရောင်နော်၊ အသစ်စက်စက်"

အရောင်လက်နေသော သမီး၏ မျက်လုံးများကို ကြည့်ရင်း ဦးမင်းအောင် ကျေနပ်စွာ ခေါင်းညိတ်လိုက်ပြန်၏။

* * *

မကျော်သာ မနက်စာကို အလုပ်သမားများနှင့်အတူ ပွဲရုံမှာစားသည်မို့ အစောကြီးစက်ဘီးစီး၍ သွားနှင့်သည်. . .။

ဦးမင်းအောင်က မနက်စာကို သမီးနှင့်အတူ အိမ်မှာစား

www.burmeseclassic.com

www.burmeseclassic.com

ပြီးမှ ပွဲရုံကို ကားနှင့်ထွက်ခဲ့သည်။

"သမီးရဲ့သဘောထားမှာ မောင်ကျော်သာကို အားကိုးစရာရယ်လို့ ယူဆသလား၊ ဒါမှမဟုတ် ခိုင်းစရာလူရှိသွားပဲလို့ သဘောထားတာလား"

ဦးမင်းအောင် ကားနောက်ခန်းထဲတွင် ထိုင်လိုက်လာရင်း စဉ်းစားနေမိသည်။

"သူရှိလျက်သားနဲ့ သမီးက ဘာလုပ်ဖို့လိုဦးမှာလဲ"

သမီးပြောသောစကားကို ကြားယောင်နေမိသည်။

"သမီး ဘာအဓိပ္ပာယ်နှင့် ပြောလိုက်တာလဲ"

"ဘယ်လိုပဲ ဖြစ်ဖြစ် သမီးပြောတာ အမှန်ပဲ"

"သမီးကညာ အခါမလင့်စေနဲ့တဲ့၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်. . . . တဲ့၊ ငါလည်း အသက်ကြီးပြီ၊ သမီးလည်း အရွယ်ရောက်လာပြီ၊ ကိုယ်က သင့်တော်သူနဲ့ စီစဉ်မပေးရင် သူ့ဘာသူဖြစ်ချင်တဲ့လူနဲ့ ဖြစ်လိမ့်မယ်. . . ."

"ငါ့ရဲ့ ပွဲရုံလုပ်ငန်းအားလုံးကို ကျွမ်းကျွမ်းကျင်ကျင် ဦးစီးနိုင်တာ မောင်ကျော်သာပဲ. . . ."

"မောင်ကျော်သာဟာ ရိုးဖြောင့်ရုံတင် မကဘူး၊ အရည်အချင်းလည်းရှိတယ်"

"သူများတွေက တပည့်မွေးပြီး သမီးနဲ့ပေးစားတယ်လို့များ ကဲ့ရဲ့ကြမလား"

"မဆိုင်ပါဘူး၊ ငါကိုယ်တိုင်ကရော မောင်ကျော်သာနဲ့ ဘဝတူပဲ မဟုတ်လား"

ဦးမင်းအောင် သူ့အတွေးကို သူပြန်ပြင်လိုက်သည်။

"ခုအတိုင်း ဆက်သွားနေလို့ကတော့"

ဦးမင်းအောင် အတွေးထဲမှာတင် ခေါင်းခါလိုက်ပြီး



သက်ပြင်းတစ်ချက် ချလိုက်သည်။ နည်းနည်းတော့ ဝန်လေး၏။

"မတတ်နိုင်ဘူးလေ၊ မပြောမပြီး မတီးမမြည်တဲ့၊ ပြောစရာရှိတာတော့ ရှေ့မျက်နှာ ရှေ့မှာပဲထားပြီး ပြောရတော့မှာပဲ"

ဦးမင်းအောင် အခိုင်အမာဆုံးဖြတ်လိုက်ပါသည်။

* * *

နေ့ခင်းတွင် အိမ်မှာ ဦးမင်းအောင်ရော ကျော်သာပါမရှိ ပွဲရုံသို့ သွားနေကြသည်။ ခင်မွန်တစ်ယောက်တည်း ဗီဒီယိုစတိတ်ရှိုးခွေတစ်ခွေကို ကြည့်နေစဉ် တယ်လီဖုန်းအသံ မြည်လာသည်။

"ဟဲလို. . ."

". . . . . . . . . ."

"ဟယ်. . . အောင်"

". . . . . . . . . ."

"တစ်ယောက်တည်းလေ၊ ဒေါ်မြတော့ ရှိတာပေါ့"

". . . . . . . . . ."

"ကောင်းပါ့မလား၊ မဖြစ်ဘူးထင်တယ် အောင်"

". . . . . . . . . ."

"ဘာအရေးကြီးလို့လဲ. . . ."

"အိမ်မှာက မာလီလည်း ရှိသေးတယ်၊ ဖေဖေကလည်း အချိန်မရွေး ပြန်လာတတ်တယ်"

". . . . . . . . . ."

"ခင်မွန် ထွက်ခဲ့မယ်လေ၊ ဘယ်ကိုလာခဲ့ရမလဲ"

". . . . . . . . . ."

"ရတယ်လေ၊ အခု ထွက်ခဲ့မယ်"

www.burmeseclassic.com

www.burmeseclassic.com

“. . . . . . . . . .”

“အင်းပါ၊ စောင့်နေ”

ခင်မွန် တယ်လီဖုန်းကို ပြန်ချလိုက်သည်။

အိမ်ပေါ်တက်၍ မှန်တင်ခုံရှေ့သို့ အမြန်ပြေးပြီး မျက်နှာကို အလှပြင်သည်။

အဝါရောင်လုံချည်နှင့် အဝါရောင် တီရှပ်၊ ရင်ဘတ်မှာ အသည်းပုံလေးနှင့်. . . . . .

ဆယ်မိနစ်အတွင်း အားလုံးပြီးသွားပြီ။ မိချောင်းဘီးအနီလေးကို အိမ်ထဲမှ တွန်းထုတ်လိုက်၏။

“ဒေါ်မြရေ. . . စက်ဘီးခဏသွားလိုက်ဦးမယ်၊ အကျီအပ်ထားတာ ပြီးပြီလားလို့”

နောက်ဘက်မှ ဒေါ်မြကို လှမ်းအော်လိုက်သည်။

“ဟေ. . . . ဟဲ့ ဘယ်လောက်ကြာမှာလဲ”

ဒေါ်မြထွက်လာပြီး မေးသည်။

ခင်မွန်က ဘာမျှပြန်မပြောတော့ဘဲ စက်ဘီးစီး၍ ထွက်သွားပြီ။

အောင်တော်မူထဲမှထွက်၍ အရှေ့ဘက် ကျုံးလမ်းအတိုင်း စက်ဘီးကို နင်းခဲ့သည်။ ရှေ့တူရူတွင် မန္တလေးတောင်ကို လှပသော စောင်းတန်းများ၊ ဘုရား၊ စေတီများနှင့် မြင်နေရသည်။

ကုသိုလ်တော်ကြီး ဘုရားအနီးမှ ထနောင်းပင်ကြီးအောက်တွင် လူရှင်းသော အအေးဆိုင်လေး။ ဆိုင်ရှေ့တွင် ဘုရားဖူးလာသော ဟိုင်းလပ်ကားတစ်စီး ရပ်ထားသည်။ ကားသမားဖြစ်ဟန်တူသူနှစ်ယောက် အအေးသောက်နေကြသည်။

အောင်ဇော်ကို မမြင်ရသေး၍ ရင်ထဲမှာ ထိတ်သွားသည်။

ဆိုင်ကယ်တစ်စီး ထနောင်းပင်အောက်သို့ အပြေးအလွှားဝင်ရောက်လာသည်။ ခင်မွန့်စက်ဘီးဘေးတွင် ယှဉ်လျက် တိခနဲနေအောင် ရပ်လိုက်သည်။



“အောင်ရယ်. . . .”

ခင်မွန် အခုမှ သက်ပြင်းချသည်။

အောင်ဇော်က မျက်မှန်ဖြုတ်ပြီး ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်သည်။

“လာ ခင်မွန်”

ခင်မွန် လက်ကလေးကို ဆုပ်ကိုင်၍ ထနောင်းပင်ရိပ်အောက်မှ သီးခြားစားပွဲလေးဆီသို့ နှစ်ယောက်အတူ လျှောက်ခဲ့ကြသည်။

“ခရက်ရှာ တစ်ပုလင်းစီပေးပါ”

အောင်ဇော်က ဆိုင်ထဲမှ အမျိုးသမီးကို လှမ်းမှာလိုက်သည်။

“အောင် ဘယ်နေ့က ပြန်ရောက်လဲ”

“မနေ့က ညနေ”

“အဆင်ပြေလား အောင်”

“အဆင်တော့ ပြေပါတယ်။ ဒါပေမယ့် ထင်သလောက်မမြတ်ဘူး၊ အရင်းကလည်း နည်းတော့ သုံးခုပဲ မြတ်တယ်”

“သုံးခုဆိုတာ”

“သုံးသိန်းပဲပေါ့”

“သုံးသိန်းဆိုတာလည်း မနည်းပါဘူး အောင်ရယ်”

မူလက ပြောခဲ့သည်နှင့် အများကြီး ကွာသော်လည်း အောင့်ကို ခင်မွန် အပြစ်မပြောချင်ပါ။ အောင် ရသည့်အမြတ်ငွေက သိပ်နည်းနေ၍ ကျော်သာ နှမ်းတွေ တက်ဈေးမိပြီး သိန်းခြောက်ဆယ်ကျော် မြတ်သည်ကိုလည်း မပြောဘဲနေရန် ခင်မွန် ဆုံးဖြတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ပြောလျှင် အောင် ရှက်သွားနိုင်သည်။ ခင်မွန့်အတွက် လည်း ပိုပြီး စိတ်ပူနေလိမ့်မည်။

ဆိုင်မှ မိန်းကလေးက ရေခဲစိမ် ခရက်ရှာနှစ်ပုလင်းကို စက္ကူ ပိုက်ကလေးများတပ်ပြီး လာပေးသည်။

အောင်ဇော်က ပုလင်း၏ သုံးပုံတစ်ပုံလောက် ကုန်သွား အောင် အားပါးတရ စုပ်ပစ်လိုက်သည်။ ခင်မွန်ကတော့ အေးနေ သော ပုလင်းကို လက်ဖြင့် ဆုပ်ကိုင်၍ လက် အအေးခံနေသည်။

"အစိမ်းလိုင်းမှာ သုံးသိန်းလောက်ငွေဟာ အမြတ်မခေါ်ဘူး ခင်မွန်၊ ဆယ်ဂဏန်းတောင် တစ်ဆယ် နှစ်ဆယ်ဆိုရင် နည်းသေး တယ်၊ အလကားပဲ. . . . "

"နောက်တစ်ခေါက် သွားရင် အဆက်အသွယ်တွေလည်း ရခဲ့ပြီ၊ အရင်းလည်း သိန်းနှစ်ဆယ်လောက်ပါအောင် လုပ်ရမယ်၊ မမတို့ကိုလည်း ငွေရင်းရှာထည့်ဖို့ ပြောထားတယ်"

"အန္တရာယ်တွေ ဘာတွေများ ရှိလား အောင်"

"ဟာ. . . . ခင်မွန်ကလည်း အမြတ်များများ ရချင်ရင် စွန့် စားမှုတော့ နည်းနည်းပါးပါး ရှိရမှာပေါ့"

"အောင် သွားချင်တဲ့ အချိန်ကျရင် ခင်မွန်လည်း ငွေရင်း ထပ်ဖြည့်ပေးနိုင်အောင် ကြိုးစားပါ့မယ်"

"အဲဒါ ထားပါဦး၊ မြစ်ကြီးနားလိုင်းကို မီးရထားနဲ့ သွား ရတာ တောတွေတောင်တွေဖြတ်တော့ ရှုခင်းတွေက သိပ်လှတာပဲ ကွာ၊ ခင်မွန့်ကို သိပ်သတိရတာပဲ"

အောင်ဇော်က ခင်မွန့်မျက်နှာလှလှကလေးကို ကြည့်ရင်း တသသပြောသည်ကို ခင်မွန် သဘောကျနေသည်။

"ခင်မွန်လည်း အောင့်ကို သိပ်လွမ်းတာပဲ"

ခင်မွန် ပြောပြီးမှ ရှက်သွား၍ ခေါင်းလေးငုံ့လိုက်သည်။



"တကယ်"

ခင်မွန် ခေါင်းညိတ်ပြသည်။

အောင်ဇော်က ခင်မွန့်လက်ကလေးကို ဆုပ်ကိုင်ထားလိုက် သည်။

"ခင်မွန့် ဖေဖေက ဘာပြောသေးလဲ"

"ဘာမှ မပြောပါဘူး၊ သြော်. . . . နေဦး၊ ဖေဖေက ခင်မွန့်ကို စူပါကပ်တစ်စီး ဝယ်ပေးမယ်တဲ့"

ခင်မွန့်ပြောပုံက ကလေးနှယ် ဝါကြွားသံလေးနှင့်။

"ကောင်းတာပေါ့၊ အဲဒီကျမှ ခင်မွန်နဲ့ကိုယ်နဲ့ ဆိုင်ကယ် တစ်စီးစီးပြီး ပြင်ဦးလွင်အထိ တက်ကြမယ်"

"ရပါလိမ့်မယ် အားကြီးကြီး"

အောင်ဇော် ရယ်သည်။

"ကိုယ် ခင်မွန်နဲ့ ခွဲမနေချင်တော့ဘူးကွာ၊ တစ်ခါတလေကျ တော့ ခင်မွန့်ကို ကားတင်ပြေးချင်စိတ်တောင် ဖြစ်မိတယ်"

အောင်ဇော်က အားမလို အားမရဖြစ်၍ ခင်မွန့်လက်က လေးကို ပို၍ တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။

"အမယ်လေး. . . . အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့ အောင် ရယ်၊ ဖေဖေ သေမှာပေါ့"

"ဟင်း. . . . သူ့ဖေဖေဘက်ကပဲ စဉ်းစားတယ်၊ ခင်မွန် ကိုယ့်ကို တကယ် မချစ်ပါဘူး"

အောင်ဇော်က ခင်မွန့်လက်ကလေးကို လွှတ်လိုက်ပြီး မာလ်ဗိုရို စီးကရက်တစ်လိပ် ထုတ်၍ သောက်လိုက်သည်။

"ချစ်ပါတယ် အောင်ရယ်၊ ဖေဖေ့ကို အသက်ကြီးမှ သမီး အတွက် စိတ်မဆင်းရဲစေချင်လို့ပါ၊ သူ့မှာ တွယ်တာစရာဆိုလို့ ဒီသမီး လေးပဲ ရှိတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ခင်မွန်က ခရက်ရှာတစ်ကျိုက်ကို ပိုက်နှင့်စုပ်၍ သောက်လိုက်သည်။

"ကိုယ့်မှာကရော တွယ်တာစရာ ဘယ်နှစ်ယောက်ရှိလို့လဲ၊ ခင်မွန် တစ်ယောက်တည်း ရှိတာပါပဲ"

"ဟင်း. . . . ဖားကန့်မှာ ချောချောလေးတွေ ထပ်တွေ့နေရင် ခင်မွန်ဘယ်လိုလုပ် သိမလဲ"

"ဟား. . . ဟား. . . လုံးဝ မတွေ့ပါဘူး"

"ဟို. . . . ဈေးချိုက အထည်သည်လေးနဲ့ရော"

"သွားစမ်းပါ၊ ဖြူး(စ်)ပြတ်တာ ကြာလှပြီ"

အောင်ဇော်က စီးကရက်မီးခိုးများကို ခင်မွန့်မျက်နှာဆီသို့ မှုတ်၍ ကျီစယ်လိုက်သောကြောင့် ခင်မွန် မျက်နှာရှေ့မှ မီးခိုးများကို လက်ကလေးဖြင့် ခါယမ်းပစ်နေသည်။

"ဒါပဲနော်၊ ခင်မွန်နဲ့ဖြစ်မှတော့ ဘယ်သူနဲ့မှ ပတ်သက်တာ မကြိုက်ဘူး"

ခင်မွန် မျက်နှာလေး တင်းနေသည်။

"ဒါဖြင့် ရှင်းသွားအောင် ခု လက်ထပ်မလား။ တစ်ခါတည်း လိုက်ခဲ့"

"အဲဒီလိုလည်း မဖြစ်သေးပါဘူး အောင်ရယ်"

ခင်မွန့်လေသံ ပျော့သွားသည်။

"ကိုယ်ကတော့ ခင်မွန်နဲ့အတူ နေချင်လှပြီ၊ ခင်မွန်ရော မနေချင်ဘူးလား ပြော"

"နေချင်တာပေါ့၊ အောင်ရယ် ခင်မွန်ရယ် ဖေဖေရယ် သုံးယောက်တူ အတူပေါ့နော်"

"ခုတော့ ဟိုကောင်ရယ်၊ ခင်မွန်ရယ်၊ ခင်မွန့်ဖေဖေရယ် သုံးယောက် အတူပေါ့နော်"



ဘာဆိုင်လဲ သူက အလုပ်သမားပဲ၊ ရော. . . . မပြောနဲ့"

"အလုပ်သမားဆိုရင် ပွဲရုံမှာပဲ နေပေါ့"

"အောင်ရယ်. . . . သူ့ကို စာရင်းထဲ ထည့်မပြောစမ်းပါနဲ့၊ သူကလည်း သူ့အဆင့် သူ သိပါတယ်၊ ခင်မွန့်ကို မစဉ်းစားရဲပါဘူး၊ ခင်မွန်ကလည်း ကြည့်လို့တောင် မရဘူး"

"ကောင်းတယ် လုံးဝ မရောနဲ့၊ စကားလည်း မပြောနဲ့၊ မဟုတ်လို့ အဲဒီကောင်နဲ့ နည်းနည်းရောတာ သိရရင် ကိုယ့်ကို အဆိုး မဆိုနဲ့နော်၊ ကားတင် ပြေးမှာပဲ"

"စိတ်ချ လုံးဝ မရောဘူး"

"ကိုယ်ဒီမှာ နှစ်ပတ်လောက် နေပြီးရင် ပြန်ထွက်မယ်နော်"

"မြန်လိုက်တာ အောင်ရယ်"

"ဩော်. . . . ကိုယ့်ချစ်သူနဲ့ မြန်မြန်နီးစပ်ဖို့ မြန်မြန် ကြိုးစားရတာပေါ့ ခင်မွန်ရယ်၊ သိန်းလေးဆယ်လောက် ပိုက်နိုင်ရင် ဆက်မလုပ်တော့ပါဘူး၊ မန္တလေးမှာပဲ ကားနဲ့ဆိုင်ကယ် စုံရောင်းလုပ်မယ်၊ ကိုယ့်အဖွဲ့တွေလဲ ရှိတယ်၊ အဲဒါက သိပ်မြတ်တာ၊ အဲဒီ အခြေအနေလောက်ရောက်ရင်တော့ ယောက္ခမကြီးက သဘောတူပါပြီနော်"

ခင်မွန် ခေါင်းညိတ်ပြသည်။

"မှတူရင်ရော"

"ကားတင်ပြေးတော့"

နှစ်ယောက်စလုံး သဘောကျစွာ ရယ်လိုက်ကြသည်။

လေအေးအေးက ထနောင်းရိပ်ကို ဖြတ်၍ ပြေးသွားသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ညပိုင်းတွင် အချောကိုင်ပြီး နွားရုပ်ကလေး နှစ်ကောင်ကို ကျော်သာ ဆေးခြယ်နေသည်။

တစ်ကောင်က အညိုရောင်၊ တစ်ကောင်က အဖြူပေါ်တွင် မဲနယ်အုပ်ထားဟန် ရှိသည့် ဖျော့တော့သော အပြာရောင်။

ကျော်သာ နွားရုပ်ကလေး နှစ်ကောင်ကို စားပွဲပေါ်မှာ ခေါင်းချင်းဆိုင်ပေးပြီး ငေးကြည့်နေမိသည်။

အနိုင်မခံ အရှုံးမပေး ပြင်းထန်စွာ ဝှေ့နေကြသော နွားနှစ်ကောင်။

ဤနွားနှစ်ကောင်ကြောင့်ပင် မိမိဘဝ တစ်မျိုးတစ်ဖုံ ပြောင်းလဲခဲ့ရသည်။

အတိတ်မှ မြင်ကွင်းများကို ကျော်သာ ပြန်လည်၍ မြင်ယောင်လာမိသည်။

* * * *

အမေ့စျာပနကိစ္စပြီးတော့ ကျော်သာရင်ထဲမှာ ဟာကျန်ရစ်ခဲ့သည်။



သားအမိနှစ်ယောက် ရှိရာမှ တစ်ယောက်တည်း အထီးကျန် တစ်ကောင်ကြွက် ဖြစ်ရသော ဘဝ။

ဘာမျှ လုပ်ချင်ကိုင်ချင်စိတ် မရှိအောင် စိတ်ဓာတ်ကျမိသော်လည်း အမေ့ဆန္ဒလေး ပြည့်စေချင်၍ ဦးအောင်ချမ်း၏ နွားများကို ကျောင်းပေးရင်း သစ်ပင်ရိပ်မှာ စာကျက်ရသည်။

သားလေးတစ်ယောက်ကို ပညာတတ်အဖြစ် ထွန်းပေါက်စေချင်ရှာသော အမေ။

အမေ့ဆန္ဒဆိုသည်ကလည်း အမှန်စင်စစ်တော့ အဖေမျှော်မှန်းခဲ့သော သားကို ဖြစ်စေချင်သည့် ရည်ရွယ်ချက်။

သူ့အပေါ်တွင် သိပ်ချစ်ပြီး သိပ် မျှော်လင့်ခဲ့ကြသည့် အဖေနှင့် အမေကို သူ ချစ်သည်။ ကံမကောင်းခဲ့ကြရှာသော သူတို့ကို သိပ် သနားသည်။

ထို့ကြောင့် သူတို့ မရှိကြသော်လည်း သူတို့ဆန္ဒကို ဖြည့်ဆည်းချင်သည်။

စာမေးပွဲက တစ်ပတ်ခန့်သာ လိုတော့သည်။

ကျောင်းမှာ ဆရာ၊ ဆရာမ သင်ပေးသမျှ အရေးကြီးသည်များကို နှင်းနှင်းအေးက ကူးလာပေးသည်။

တစ်နှစ်လုံး မှန်မှန်ကျက်မှတ်လာခဲ့သည်များကလည်း ကျော်သာ့အတွက် အခြေခံများက ရှိနေသည်။

"ဟော့. . . . မောင်ကျော်သာ"

အသံကြား၍ လှမ်းကြည့်လိုက်တော့ ဆရာဦးခင်မောင်ရင် . . . .။

"မင်း. . . . စာကျက်နေတာလားဟေ့၊ ဆရာ ဝမ်းသာလိုက်တာကွာ"

သစ်ပင်ရိပ်သို့ ဝင်လာသော ဆရာ့ကို ကျော်သာ မတ်တပ်

www.burmeseclassic.com

www.burmeseclassic.com



ထဲ၍ ကြိုလိုက်သည်။

"ဆရာက မင်း သိပ်စိတ်ထိခိုက်ပြီး စာမေးပွဲမဖြေမှာ စိုးနေတာ၊ ဒါကြောင့်မို့ စာမေးပွဲဖြေဖို့ တိုက်တွန်းမလို့ ဒီကို လိုက်လာတာကွ"

ဆရာက သစ်ပင်ရိပ်မှာ အားပါးတရ ထိုင်လိုက်၍ ကျော်သာပါ ပြန်ထိုင်လိုက်သည်။

"စာမေးပွဲရက်အတွင်းမှာ ကျွန်တော့်သူငယ်ချင်း ငပိုင်ကို နွားတွေ ကျောင်းပေးဖို့ အကူအညီ တောင်းထားတယ် ဆရာ၊ သူကလည်း ကူပုံမယ်တဲ့၊ ဒါပေမယ့် ဦးအောင်ချမ်း သဘောတူအောင်တော့ ပြောရဦးမှာပေါ့ ဆရာ"

"တူမှာပေါ့ကွာ. . . . တူမှာပေါ့၊ ဆရာတို့ ဆရာကြီးတို့လည်း ပြောပေးမှာပေါ့၊ ဆရာကြီးကလည်း မောင်ကျော်သာအတွက် တော်တော် စိတ်မကောင်းဖြစ်နေတာ"

ဆရာစိတ်ရှိသော ဆရာများ၏ မေတ္တာ စေတနာ ဂရုဏာကို ကျော်သာလေးစားမိပါသည်။

"ဖြေခွင့်ရရင် အသင့် ဖြေနိုင်အောင်တော့ ကျွန်တော် ကျက်မှတ်ထားပါတယ် ဆရာ"

"အေး. . . . ဒီလိုမှပေါ့ကွ၊ ယောကျ်ားကောင်းဆိုတာ ဘယ်တော့မှ စိတ်အား မလျော့ရဘူး၊ ဒုက္ခဆင်းရဲ တွေ့လေ ကြံ့ကြံ့ခံနိုင်တဲ့ သတ္တိရှိဖို့လိုလေပဲ. . . ."

"အခု ကြုံတွေ့ရတဲ့ အခြေအနေမျိုးတွေမှာတောင် စိတ်ဓာတ်မကျဘူးဆိုရင် မောင်ကျော်သာအတွက် ဆရာစိတ်ချ ယုံကြည်တယ်၊ ဘဝကို ငါတပည့် ရုန်းရင်ဆိုင်ပြီး အကောင်းဆုံးဖြစ်အောင် ကြိုးစားနိုင်လိမ့်မယ်"

"အမှန်အတိုင်း ဝန်ခံရရင် တစ်ခါတစ်ခါတော့ စိတ်ထဲမှာ အတော် သိမ်ငယ်မိတယ် ဆရာ"

တပည့်ငယ်၏ မျက်နှာကို ဦးခင်မောင်ရင် ကြင်နာစွာ ကြည့်လိုက်သည်။

"ဒါလည်း မှန်တာပေါ့ကွာ၊ သိမ်ငယ်စရာ တွေ့ကြုံနေရတော့လည်း လူဆိုတာ သိမ်ငယ်တတ်တာပဲပေါ့၊ ဒါပေမယ့် အဲဒီလို သိမ်ငယ်စိတ်ဖြစ်တိုင်း အားမာန် ပိုတင်းရတာပေါ့၊ အဲဒီ အားမာန်တွေက လူကို အကြီးမားဆုံး အောင်မြင်မှုတွေ ပေးနိုင်တယ်ကွ၊ ဘဝနာမှ အသိသာတယ်ဆိုတာ၊ ဒါမျိုးကို ခေါ်တာ. . . ."

"ဘဝ ရေစုန်ကြုံတဲ့ သူတွေ ဒီလို အားမာန်မျိုးမရတတ်ဘူး၊ ဒါကျတော့ ဘဝနာတဲ့ လူတွေက အားလုံးအဆင်ပြေနေတဲ့ လူတွေထက်ကထူးတဲ့ အခွင့်အရေးတစ်ရပ်လို့ ပြောရမှာပဲ"

ဆရာ့စကားကို ကျော်သာ လေးစားစွာ မှတ်သားထားလိုက်သည်။

"နေဦးကွ၊ ဆရာ့မှာ အင်္ဂလိပ်စာ အထူးထုတ်စာအုပ်တစ်အုပ်ရလာလို့ မင်းကို လာပေးတာကွ၊ မြန်မာစာဆရာမ ဒေါ် ချိုချိုကလည်း သူ့ဆီမှာ ရှိတဲ့ မြန်မာစာမှတ်စုတွေ ပေးလိုက်တယ်၊ ဟောဒါက ထင်ကြေးပေးနေကြတဲ့ စာစီစာကုံး ခေါင်းစဉ်တွေတဲ့"

ဆရာ ဦးခင်မောင်ရင်က အင်္ဂလိပ်စာအုပ် တစ်အုပ်နှင့် မြန်မာစာမှတ်စု စာရွက်များကို ပေးသည်။

"ဒါတွေ အသေအချာ ကြည့်ထားကွ၊ အချိန်ရရင်လည်း မင်း ဆရာမ ပေးတဲ့ စာစီစာကုံးတွေကို ရေးကြည့်ထားပေါ့ကွာ"

ကျော်သာက ဆရာ ပြောသည်ကို နားထောင်ရင်း တစ်ဖက်အခင်းဆီသို့ နယ်လွန်ရန် ခွဲထွက်လာသည့် မိန်းမတို့ နွားသားအမိကို လှမ်းကြည့်လိုက်သည်။

"တဲ. . . . မင်းလည်း စာကြည့်ပျက်နေလိမ့်မယ်၊ ဆရာ

www.burmeseclassic.com

သွားတော့မယ်နော်"

"ဟုတ်ကဲ့ပါ ဆရာ၊ ဒါတွေကို ကျွန်တော် အသေအချာဖတ်ပါမယ်၊ စာစီစကုံးတွေလည်း ရေးကြည့်ထားပါမယ်လို့ ဆရာမကို ပြောပေးပါ ဆရာ"

"အေး. . . . အေး. . . . ပြောလိုက်မယ်"

ကျော်သာ ဆရာ့ကို လိုက်ပို့ရင်း စားကျက်နယ်ကျော်လွန်စပြုနေသည့် နွားသားအမိကို စားကျက်အတွင်းသို့ ပြန်မောင်းခဲ့သည်။

ပြီးမှ သစ်ပင်ရိပ်တွင် ထိုင်၍ ဆရာ ပေးခဲ့သော အင်္ဂလိပ်စာအုပ်ကို စဖတ်သည်။

* * *

"ဟေ့ကောင် ကျော်သာ ဩော်. . . . ဘယ်သွားနေလဲ အောက်မေ့တယ်၊ လက်စသတ်တော့ မင်းက နွားကျောင်းခယ့်ပြီး ဒီမှာ စာလာကျက်နေတာကိုး"

ကျော်ဝင်း၏ အပြစ်တင်လိုသော စကား. . . .

"လုပ်မနေပါနဲ့ကွာ၊ မင်း အောင်မှာလဲ မဟုတ်ဘူး"

လှကြိုင်၏ စကားက နှိမ်သော သဘောမို့ ကျော်သာ ရင်ထဲမှာ တင်းခနဲ ခံစားလိုက်ရ၏။

"ဒီကောင်တွေ ကျောင်းဆင်း လွှတ်လိုက်တာ အိမ်ကို မပြန်ဘဲနဲ့ ငါ့ဆီ တမင်ဘာလို့ ဝင်လာကြတာလဲ၊ ငါ့ကို ဘာဖြစ်လို့ ဒီလောက်တောင် နှိမ်ချင် ကြတာလဲ"

ကျော်သာ နားမလည်နိုင်အောင် ဖြစ်မိသည်။

"မင်း ဘယ်လိုမှ မအောက်မေ့နဲ့ ဟေ့ကောင်"

လှကြိုင်က စကား ဆက်နေပြန်သည်။



"ငါသာ မင်းလို အခွင့်အရေးမျိုးရရင် ကျောင်းထွက်ပြီး အေးအေးဆေးဆေး နေပစ်လိုက်မယ်၊ ဘာစာမေးပွဲမှ မဖြေဘူး ဟင်း။ ငါ့အဖေက အတင်းခိုင်းလို့သာ ကျောင်းတက်ပြီး စာကျက်နေရတာ၊ ပျင်းစရာ ကောင်းလိုက်တာ"

လှကြိုင် တကယ်ပင် စိတ်ပျက်စွာ ပြောဆိုနေခြင်း ဖြစ်သည်။

"အေးကွာ. . . . ဒီကောင်က ဇိမ်ပဲ၊ ငါတို့ဖြင့် ဆရာတွေ တစ်ယောက်ပြီး တစ်ယောက် ပြောသမျှ မှတ်လိုက်ရ ရေးလိုက်ရနဲ့ စိတ်ပျက်စရာ ကောင်းလိုက်တာ"

ကျော်ဝင်းက မျက်နှာကိုပါ ရှုံ့မဲ့ပြသည်။

ဘဝရေစုန် ကြုံသူများ၏ သဘောထားကို စောစောကပင် ဆရာ ပြောသွားသည်နှင့် ဆက်စပ်၍ ကျော်သာ နားလည်လိုက်ပါသည်။

မင်းတို့က ကျောင်းတက်ခွင့်၊ အေးအေးဆေးဆေး စာကျက်ခွင့်ရတာ ငါ့ထက် ပိုပြီး ကံကောင်းတာပေါ့ကွာ၊ ဒီအခွင့်ကိုင်းလေး အပင်ပန်းခံရပြီး ကြိုးစားလိုက်ရင် မင်းတို့ အောင်သွားနိုင်ပါတယ်"

ကျော်သာက စေတနာ အရင်းခံနှင့် ပြောခြင်း ဖြစ်သည်။

"ဆရာကြီး လာလုပ်မနေနဲ့ ဟေ့ကောင်၊ မအောင်ချင်လည်းနေ၊ ငါတို့က အရေးမစိုက်ဘူး၊ အခုလည်း အိမ်ပြန်ရမှာ ပျင်းလို့ မင်း နွားကောင်းကောင်း ကျောင်းရဲ့လားလို့ လာကြည့်တာ၊ မင်းရဲ့ ဆုံးမ ဩဝါဒခံဖို့ လာတာ မဟုတ်ဘူး၊ ဟိုမှာ နွား နီမနှစ်ကောင် ဟိုဘက်က ပဲခင်းဝင်စားတော့မယ်၊ တိုင်ရင် မင်းလျော်ရမှာနော်၊ နွားရှင်က အပြောမခံနိုင်ဘူး"

ကျော်ဝင်း ပြောပုံက အထက်စီး နိုင်လွန်းလှသည်။

"ငါ အခုလေးတင်မှ တစ်ပတ်လှည့် မောင်းသွားတာပါကွာ၊

www.burmeseclassic.com

www.burmeseclassic.com

ပဲခင်းဆီ သူတို့ မသွားပါဘူး”

“နေပါဦး၊ မင်းက စာမေးပွဲဖြေဖို့ စာတွေ ကျက်နေတော
စာမေးပွဲရက် အတွင်းမှာ ဒီနွားတွေကို ဘယ်သူက ကျောင်းမှာတုံး

“ငါ့သူငယ်ချင်း ငပိုင်က သူ ကျောင်းပေးမယ်တဲ့”

“ဟ. . . . ငပိုင်က ပန်းနာသည်ပဲကွ၊ ဒီနွားအုပ်ကို သူဘ
ထိန်းနိုင်မလဲ”

လှကြိုင်က ဝင်ထောက်သည်။

“ကျောင်း နိုင်ပါတယ်၊ နကလယ် အုပ်တောင် သူ ကျောင်
လာတာပဲ”

ကျော်ဝင်းက ခေါင်းကို ဟန်ပါပါ ခါယမ်းလိုက်သည်။

“ငါ့ အဖေ သဘောတူမှာ မဟုတ်ဘူး”

ကျော်သာ မျက်နှာ ပျက်သွားမိသည်။

“သူငယ်ချင်းရာ၊ ငါ စာမေးပွဲ ဖြေချင်လို့ပါ၊ မင်းအဖေ
သဘောတူအောင် ပြောပေးပါကွာ”

ကျော်သာ အောက်ကျို့သံနှင့် တောင်းပန်လိုက်မိသည်။

“ဟား. . . . ဟား. . . . မင်းနဲ့ ငါတို့နဲ့ သူငယ်ချင်းမှ မဟုတ်ဘဲကွ”

ကျော်ဝင်းရော လှကြိုင်ပါ အားပါးတရ ရယ်လိုက်သည်။
အကောင်းဆုံး ပြက်လုံးတစ်ခု ရသွားသလိုပင်. . . .။

“လုပ်မနေနဲ့ ဟောကောင်၊ နွားကျောင်းဖို့ ပိုက်ဆံယူထား
ရင် နွားပဲကျောင်း၊ စာကျက်နေလို့ နွားတစ်ကောင် ပျောက်သွားရင်
မင်း လျော်နိုင်မှာလည်း မဟုတ်ဘူး၊ ဟိုမှာ သွားမောင်းချေဦး
ဟောကောင်၊ နွားနီနှစ်ကောင် ဟိုဘက်အခင်း နီးသွားပြီ”

ကျော်သာ စိတ်ပျက်လေးလံစွာ နေရာမှ ထ,လိုက်သည်။

“အေး. . . . နေဦးကွ၊ အဖေ့ကို ငါ ပြောတော့ ပြောလိုက်
မယ်၊ အဖေ့နွားကျောင်းဖို့ ငှားထားတဲ့ကောင်က နွားကောင်းကောင်း



မကျောင်းဘူး၊ သစ်ပင်ရိပ်မှာ တစ်နေ့လုံး စာကျက်နေတယ်၊ ပြီးတော့
လည်း ခွင့်ရက်ရှည် တောင်းလိမ့်ဦးမယ်လို့”

သူ့စကားကို သူ သဘောကျပြီး ကျော်ဝင်းရယ်သည်။
လှကြိုင်ကပါ သဘောကျစွာနှင့် တဟားဟား လိုက်ရယ်သည်။

ကျော်သာ စိတ်ပျက်စွာနှင့် နွားနှစ်ကောင်ကို မောင်းရန်
ထွက်သွားသည်။

ကျော်းဝင်နှင့်လှကြိုင်ကတော့ သူများကို ကသိကအောင့်
လုပ်လိုက်ရ၍ အတော် သဘောကျသွားပုံရပါသည်။ တဟားဟား
ရယ်ပြီး ရွာဆီသို့ ပြန်သွားကြသည်။

* * * *

စာမေးပွဲဖြေရန် သုံးရက်သာ လိုတော့သည်။

ဆရာကြီးနှင့် ဆရာ ဆရာမများ မေတ္တာ ရပ်ခံ၍လည်း
ကောင်း၊ ကြီးတော်ခင် ပြောပေး၍ လည်းကောင်း၊ ဦးအောင်ချမ်း
က ကျော်သာ့ကို စာမေးပွဲ ဖြေခွင့်ပေးရန် သဘောတူလိုက်သည်။

ငပိုင် အစား ကျောင်းပေးရမည်။

ကျော်သာ ဝမ်းသာအားတက်ဖြစ်မိသည်။ ဦးအောင်ချမ်း
ကိုလည်း ကျေးဇူးတင်သည်။

သို့သော် ယနေ့ ကျော်သာ ခါတိုင်းလို နွားကျောင်းရင်း
စာကျက်ခွင့် လုံးဝ မရ၊ သစ်ပင်ရိပ်မှာပင် ထိုင်ခွင့်မရ။

အိမ်မှာ ကြိုးနှင့် ချည်ထားသော နွားသိုး စိန်တိုးကို ကြိုး
ပြောင်းမှာ စိုးသည်ဟု အကြောင်းပြပြီး ကျော်ဝင်းက စားကျက်သို့
ထည့်လွှတ်လိုက်သည်။

နွားချင်းဝှေ့လျှင် ပြဿနာ ဖြစ်မည်စိုး၍ ကျော်သာက

www.burmeseclassic.com

www.burmeseclassic.com



မထည့်ရန် အမျိုးမျိုးတောင်းပန်သော်လည်း မရ။

"ကြိုး မညောင်းအောင် ညနေကျတော့ ရွာလမ်းတ
လျှောက် သုံးလေးခေါက် မောင်းပေးပါ့မယ်ကွာ. . . ."

"လုပ်မနေနဲ့ ဟေ့ကောင်၊ သူလည်း တောလေရှ
တောမြက်စိမ်းစိမ်းကို စားချင်မှာပေါ့ကွ၊ နွားချင်း မငေ့အောင်
မင်း တာဝန်ပဲ၊ မင်း နိုင်အောင်ထိန်းပေါ့"

ဟု ပြောပြီး ထည့်လွှတ်လိုက်သည်။

နွားသိုးက ဘာမြက်မျှ မစားဘဲ တစ်ချိန်လုံး နွားမမ
နောက်ချည်းလိုက်နေသည်။

တွန်လိုက် ခွာရှပ်လိုက်၊ ချိုသွေးလိုက်နှင့် ခိုင်းနွားများ
လည်း တစ်ချိန်လုံး ရန်လုပ်နေသည်။

ဦးအောင်ချမ်း၏ ခိုင်းနွားများမှာ ချောချောလှလှ အဖိုးတ
များဖြစ်၍ အချင်းချင်း မငေ့အောင် ကျော်သာ တစ်ချိန်လုံး စော
မောင်းနေရသည်။

နေ့လယ်ခင်းကျတော့ နွားသိုး စိန်းတိုး ပိုဆိုးလာသည်
ကျော်သာ ထိန်းရခက်လာသည်။

ခိုင်းနွား နှစ်ကောင်ကို ရန်လုပ်လာသည်။ နွားပြာကြီး
ဗလကောင်းသည်။ တစ်ချိန်လုံး နွားသိုး၏ ဗိုလ်ကျစိုးမိုးလွန်းသည်
မခံနိုင် ဖြစ်လာဟန်တူသည်။

နွားပြာကြီးနှင့် နွားသိုး စိန်တိုး ဆုံကြပြီ။

ကျော်သာ နွားနှစ်ကောင်ကြားသို့ ပြေးသွားပြီး မောင်းထု
သည်၊ မရ. . . .။

နွားပြာကပါ ခွာရှပ်ပြီး ချို သွေးနေပြီ။

နွားပြာနှင့် ထမ်းပိုး ထမ်းဖက် နွားနီကပါ ဘေးမှ စောင်
ပြီ။



"ဟိုနွားပြာ သွားစမ်း၊ ဟာ. . . . စိန်တိုး"

ရှေ့သို့ တိုးလာနေသော နွားသိုးကို လက်ထဲမှ ဝါးရင်းတုတ်
ကျော်သာ လှမ်းပစ်လိုက်သည်။

ဤအချက်ကို အခွင့်ကောင်းယူပြီး နွားပြာက နွားသိုးကို
ဝှေ့သည်။

ချိုချင်း ခေါင်းချင်း ဆုံမိကြပြီ။

ပြင်းထန်သော ဆောင့်အား ချိုခတ်အားကြောင့် နှစ်ကောင်
သူနာ ကိုယ်နာ ဖြစ်ကြပြီ။

"ဟနွား. . ဟာ. . . ဒီနွားတွေ ဟ. . . ဟ. . . ဟဲ့ကောင်"

ကျော်သာ အော်ဟစ် ငေါက်ငမ်းသည်၊ မြေစာခဲနှင့်
သည်။

သို့သော် နွားနှစ်ကောင်က တစ်ကောင်နှင့် တစ်ကောင်
ကြီး မဲကြီး ဝှေ့နေကြပြီ။

ချိုချင်း ခတ်သံများက ပြင်းထန်လွန်းလှသည်၊ မီးတွက်မ
တတ် အောက်မေ့ရ၏။

ဝါးရင်းတုတ်က နွားနှစ်ကောင် အောက်မှာ ရောက်နေပြီ။

"ဟာ. . . ဒုက္ခပဲ. . . ဟဲ့. . . ငနီ. . . ငနီ. . ."

ကျော်သာ အော်ဟစ် ဟန့်တားနေသည့်ကြားမှာပင် ငနီက
တိုး၏ နံဘေးကို ဝင်သိပ်လိုက်သည်။

"ဝေါ. . . ."

နွားသိုး စိန်တိုးဘေးမှာ ပြိုသွား၍ နာကျင်စွာ အော်သံ
ထွက်လာသည်။ စိန်တိုးက နွားပြာကို ထားခဲ့ပြီး နွားနီကို လိုက်ဝှေ့
သည်။

နွားနီက နွားပြာလောက် အကောင်မကြီး၊ အင်အား
တောင့်. . .။

www.burmeseclassic.com



"ဝေါ. . . ."

နွားနီ တင်ပါးစုတ်ပြီး အော်ပြေးသည်။

နွားမများ၊ နွားပေါက်ကလေးများလည်း အားလုံးလန့်ပြီး ကစဉ့်ကလျား ပြေးကြပြီး နီးရာအခင်းများဘက်သို့ နယ်ကျော်ပြီး ရောက်ကုန်သည်။ သို့သော် ထိုနွားများကို ကျော်သာ လိုက်မထိန်းနိုင်၊ နွားသိုးနဲ့နွားပြာက ပြန်ချနေကြပြန်ပြီ။ နွားပြာကအကောင်ကြီးသည်။ ချိုလုံးကြီးသည်။ ဘေးသို့ ကားသည်။ နွားသိုး စိန်တိုးမှာ နွားသိုးမာန် နှင့်မို့ အားပိုသန်သည်။ အကောင်ချင်းကလည်း မကွာလှ။ စိန်တိုး၏ ချိုက နွားပြာလောက် မကြီးသော်လည်း အရင်းတုတ်၍ အဖျားချွန် သည်။

နွားနှစ်ကောင်၏ ဝေ့အားက ပို၍ ပြင်းထန်လာသည်။ သူသေ ကိုယ်သေ သဲကြီး မဲကြီး ဝေ့ကြတော့မည့်ပုံ။

ကျော်သာ မကြံတတ်အောင် ဖြစ်လာသည်။

"လာကြပါဦး ဗျို့၊ နွားတွေ ဝေ့ကုန်လို့၊ လုပ်ကြပါဦး ဗျို့. . . ."

တောနားနီးချင်းတွေ ကြားအောင် ကျော်သာ အော်ဟစ် အကူအညီတောင်းသည်။

ခဏ အကြာတွင် တောနီးချင်းတွေ ရောက်လာသည်။

နွား နှစ်ကောင်၏ ရန်ပွဲကို ဝိုင်းဖျဉ် ပေးကြသည်။

သို့သော် နွားနှစ်ကောင်က အာဃာတကြီးမား နေကြပြီ။

ကျော်သာ အရဲစွန့်ပြီး အတင်းဝင်ရိုက်သေးသည်။

ခေါင်းချင်း တည်၍ အားပြိုင်ရာမှ ပတ်ချာလှည့်ပြီး ဝေ့ကြ ခြင်း ဖြစ်သောကြောင့် နွားသိုး၏ ကိုယ် နောက်ပိုင်းနှင့် တိုက်မိပြီး ကျော်သာ လွင့်ထွက်သွားသည်။

နွားနင်း မခံရသည်မှာ တော်သေးသည်။



"ဟော့. . . ဘယ်လို ဖြစ်တာလဲကွ၊ ကျော်သာ ဘယ်မှာလဲ

ဦးအောင်ချမ်း အော်ဟစ်ပြီး အပြေးအလွှား ရောက်လာ သည်။

"သွားပါပြီ၊ ငါ့ နွားတွေတော့ နာကုန်ပါပြီ. . . .

"ဟော့ကောင် ကျော်သာ ဒီကောင် ဘယ်သွားသေနေလဲ၊ င်းကို ငါ သတ်မယ်"

ဦးအောင်ချမ်း လယ်ကွင်းထဲသို့ ရောက်လာ၍ ကျော်သာ ကျ နေရာမှ လူးလိမ့်ထ, လာသည်။

"ဟင်း. . . မင်း သောက်သုံးမကျတဲ့ ကောင်၊ ခွေး ားလေး"

"ခွပ်. . ."

"သေစမ်းကွာ"

"ဒုတ်. . ."

"ငါ့ နွားတစ်ကောင်ကု မင်းထက် အဖိုးတန်တယ်ကွ၊ င်း. . . ခွေးမသားရဲ့. . ."

"ခွပ်. . ."

ကျော်သာ ပြန်ပြီး လဲကျသွားသည်။

"မင်း ဘာ အသုံးကျလဲ၊ နွားတွေ မဝေ့စေနဲ့လို့ မင်းကို ပြောထားတယ် မဟုတ်လား. . . ဟင်. . ."

"ဒီ နွားသိုးကို ပေါင်းမထည့်ဖို့ ကျွန်တော် ပြောပါတယ် လေး၊ အဲဒါ ကျော်ဝင်းက အတင်း ထည့်လိုက်လို့ ဒီလို ဖြစ်ကုန် ာပါ"

ကျော်သာက အဖြစ်မှန်ကို ရှင်းပြသည်။

"ဘာကွ. . . မင်းက ပိုက်ဆံယူပြီး သစ်ပင်ရိပ်မှာပဲ

www.burmeseclassic.com

www.burmeseclassic.com

စာကျက်နေတယ်လို့ ငါ့သား ပြောတာ ဟုတ်တယ်ကွ၊ မင်း စာကျက်နေလို့ အခုလို ဖြစ်ကုန်တာကွ”

“မဟုတ်ပါဘူး. . . ဦးလေး၊ ဒီနေ့ တစ်နေ့လုံး ကျွန်တော် စာတစ်လုံးမှ မကြည့်ရပါဘူး ဦးလေး”

“ခွေးမသား တော်ပြီ မင်း စာမေးပွဲ ဖြေခွင့် ငါ မပေးတော့ဘူး၊ မင်းကို ငါ သတ်မယ်”

“ဒုတ်. . . .”

“အင့်. . . .”

လဲကျနေသော ကျော်သာ့ကို ဦးအောင်ချမ်းက မကျေနပ်နိုင်၊ ခြေဖြင့် ကန်လိုက်သည်။

ကျော်သာ ရင်ထဲမှာ အောင့်တက်လာပြီး မျက်လုံးများ ပြာသွားသည်။

ကလေးတစ်ယောက်ကို အကြင်နာကင်းစွာ နှိပ်စက်နေသော ဦးအောင်ချမ်း၏ အပြုအမူအတွက် ဘေးမှ ကြည့်နေသူများ မကျေမနပ် ဖြစ်ကြသည်။ ကျော်သာ့ကိုလည်း သနားနေကြသည်။

နွားနှစ်ကောင်ကတော့ ပြင်းထန်စွာ ရှေ့နေကြဆဲ။

ချိုအရင်းများတွင် သွေးခြင်းခြင်း နီလျက်။

နေရာ အနှံ့အပြားမှာလည်း ဒဏ်ရာ ဒဏ်ချက်တွေ ရနေကြပြီ။

နဖားကြိုးများလည်း ပြတ်ထွက်ကုန်ပြီမို့ မည်သို့မျှ ဝင်ဆွဲ၍ မရ။

“ဟင်း. . . . မင်းကို ပြီးမှ သတ်မယ်”

ဦးအောင်ချမ်း နွားနှစ်ကောင်ဘက်သို့ လှည့်လိုက်သည်။

“ကုန်ပါပြီဗျာ. . . နှစ်ကောင်လုံး ဒဏ်ရာတွေ ရကုန်ပါပြီ. . . .”



“ဟဲ့. . ဟဲ့ကောင်တွေနပြာကြီးဆုတ်စမ်း၊ ဟာ. . . စိန်တိုး စိန်တိုး ဒီနွားသိုးဟာ. . . .”

ဦးအောင်ချမ်း ပစ္စည်း လောဘဇောနှင့် နွားပြာကြီးကို အတင်းဝင်ရိုက်ပြီး နွားသိုး စိန်တိုး၏ နားရွက်ကို လက်နှစ်ဘက်နှင့် တအား ကုန်ဆွဲလိုက်သည်။

“ဝေါ. . . .”

နွားသိုးစိန်တိုး ဒေါသတကြီးနှင့် ဦးအောင်ချမ်းကို တအားကုန် ဝှေ့ပစ်လိုက်သည်။

“ဟာ. . . . သေပါပြီ”

ဘေးမှ ကြည့်နေသူများ အထိတ်တလန့် အော်လိုက်ကြသည်။

နွားသိုးစိန်တိုး၏ ချိုနှင့် တည့်တည့် အကော်ခံရပြီး ဦးအောင်ချမ်း လေထဲမှာ မြောက်တက်သွားသည်။

အောက်ပြန်ကျပြီးတော့ မလှုပ်မယှက် ငြိမ်သက်နေသည်။

နွားပြာကြီးက နွားသိုးစိန်တိုးကို အတင်းလိုက် သိပ်၍ နွားသိုး ထွက်ပြေးသည်။ နွားပြာကြီးက လိုက်နေဆဲ

လူအများက နွားချင်းအကွဲမှာ နွားပြာကြီး၏ ရှေ့မှ ဆီးတား အော်ဟစ်၍ ခြောက်လှန့် ထုတ်လိုက်ကြသည်၊

ပြီးမှ ဦးအောင်ချမ်းထံ ပြေးသွားပြီး ပွေ့ထူကြသည်။

ဦးအောင်ချမ်း အသက် မရှိတော့ပါ။

နွားသိုးစိန်တိုး၏ ချွန်သော ချိုက ဦးအောင်ချမ်း၏ ဘယ်ဘက် ရင်ဘတ်အောက်မှာ အပေါက် တစ်ပေါက် ဖောက်ပစ်လိုက်သည်။

ကျောင်းဆရာ ကိုကျော်စွာ သေဆုံးခဲ့ရသည်မှာလည်း ဘယ်ဘက်ရင်ဘတ်အောက်မှာ ဓားဒဏ်ရာတစ်ချက်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ရွာထဲမှာတော့ တိုးတိုးတိတ်တိတ် ပြောစမှတ်ပြုနေကြသည်။

"အကုသိုလ် အမှု ဆိုသည်မှာ အတုံ့အလှည့် ရှိသည်၊ တူသော အကျိုးပေးတတ်သည်" ဟူ၍....။

* * *

ဦးအောင်ချမ်း ကွယ်လွန်သည့် ညနေတွင် မကျေနိုင်၊ မချမ်းနိုင် ဖြစ်နေသော ကျော်ဝင်း၊ ကျော်သာ၏ အိမ်ကလေးသို့ ရောက်လာသည်။ သူ့နောက်မှာ ထုံးစံအတိုင်း လှကြိုင် ပါလာ၏။

"ဟေ့ကောင် ကျော်သာ.... မင်း ငါ့အဖေကို သတ်တဲ့ကောင်"

ကျော်ဝင်းက ကျော်သာ့ကို တွေ့တွေ့ချင်း စွပ်စွဲလိုက်သည်။

"ကျော်ဝင်းရာ မင်းအဖေ နွားဝှေ့လို့ သေတယ်ဆိုတာ တစ်ရွာလုံး သိပါတယ်၊ မင်း ငါ့ကို မတရား မစွပ်စွဲနဲ့"

ကျော်သာက ဤကိစ္စနှင့် ပတ်သက်၍ မပြီးနိုင် မစီးနိုင် ဖြစ်နေကြသည် များကို စိတ်ပျက်လှပြီ ဖြစ်သော်လည်း သည်းခံပြီး စိတ်ရှည်ရှည် ထားနေရသည်။

"မတရားစွပ်စွဲတာ မဟုတ်ဘူးကွ၊ မင်း အသုံးမကျလို့ မင်း စာကျက်နေလို့၊ နွားတွေ ဝှေ့ကုန်တာ"

ကျော်ဝင်းက ဆက်ပြီး ဒေါသတကြီး စွပ်စွဲနေသည်။

"မင်း မတရား မပြောနဲ့ ကျော်ဝင်း၊ ငါ ဒီနေ့ စာတစ်လုံးမှ မကြည့်ရဘူးကွ"

"လုပ်မနေနဲ့ ဟေ့ကောင်၊ မင်း လူလိမ်၊ ဟိုနေ့က ငါနဲ့ ကျော်ဝင်း လာတုန်းကလည်း မင်း သစ်ပင်ရိပ်မှာ စာကျက်နေတာပဲ၊



နွားတွေက သွားချင်သလို သွားပြီး စားချင်သလို စားနေတာ"

လူချမ်းသာသား ကျော်ဝင်းဘက်မှ မျက်နှာလိုအားရ ကပ်ပါး ရပ်ပါးလုပ်နေသော လှကြိုင်ကပါ နိုင့်လို မင်းထက် ပြောလာပြန်သည်။

"ဟုတ်တယ်၊ ငါ့အဖေ သေရတာ မင်းကြောင့်"

"ငါ့အဖေက မင်းအဖေကို သတ်ခဲ့တယ်ဆိုပြီး မင်းလက်စားချေလိုက်တာမဟုတ်လား ပြောစမ်း ဟေ့ကောင်"

"ဒီမယ် ကျော်ဝင်း မင်းအဖေက ငါ့အဖေကို သတ်ခဲ့တယ် ဆိုတာ တစ်ရွာလုံးပြောနေကြတဲ့ စကား အဲဒါကလည်း မင်းအဖေ ကိုယ်တိုင် ထန်းတဲထဲမှာ ထန်းရည်မူးပြီး ပြောတဲ့စကား ဒါပေမယ့်"

"မင်း အဖေကို သတ်တာ ငါမဟုတ်ဘူး၊ မင်းကွ"

"ဘာ.... ဘာပြောတယ်"

"ငါ စာမကျက်ရအောင် မင်း တမင် ယုတ်မာပြီး နွားသိုး စိန်တိုးကို မင်း ထည့်ပေးလိုက်လို့ မင်း အဖေ သေရတာ၊ မင်း အဖေကို ဝှေ့သတ်တာ နွားသိုး စိန်တိုးကွ၊ နွားသိုးစိန်တိုးကို ထည့်လိုက်တာ မင်း၊ ဒါကြောင့် မင်း အဖေကို သတ်တာ မင်း"

ကျော်သာ သည်းမခံနိုင်တော့၍ ကျော်ဝင်း မျက်နှာကို လက်ညှိုးထိုးပြီး ပြန်လည် စွပ်စွဲလိုက်သည်။

"ဟာ.... ဒီကောင် လူပါးဝတယ် ချကွာ"

လှကြိုင်က ကျော်ဝင်းကို မြှောက်ပေးသည်။

"တိတ်စမ်း ဟေ့ကောင်၊ ငါ့အဖေ မင်းကြောင့် သေရတာ၊ မင်းကို ငါ သတ်မယ်"

ကျော်ဝင်း အသင့်ယူလာသော ဓားမြှောင်ကို ဆွဲထုတ်လိုက်သည်။ မျက်လုံးများကလည်း ဝင်ခါနီး နေရောင်အောက်မှာ ကြောက်မက်ဖွယ် အရောင်များ တောက်လျှက်။

www.burmeseclassic.com

www.burmeseclassic.com

မားမြှောင် ကိုင်ထားသော ကျော်ဝင်းကို အကောင်းဆုံး ရင်ဆိုင်ရမည့် နည်းလမ်းကို ကျော်သာ ပြင်ဆင်လိုက်သည်။ ရုတ်တရက် ပြေးသွား၍ အိမ်ထရံမှာ ထောင်ထားသော ရေထမ်း ဝါးထမ်းပိုးကို ဆွဲယူလိုက်သည်။

"လာခဲ့လေ၊ မင်း သတ္တိရှိရင် ရှေ့တိုးခဲ့"

ကျော်ဝင်း ဒေါသတကြီး ပြေးတက်လာပြီး ကျော်သာ့ကို မားနှင့် ထိုးသည်။

"ဖြောင်း"

"အား. . . ."

ကျော်သာက ကျော်ဝင်းကို ဝါးထမ်းပိုးနှင့် ဖြတ်ရိုက်လိုက်သည်။

"ဟေ့ကောင်လေးတွေ မလုပ်ကြနဲ့ မလုပ်ကြနဲ့"

ကျော်ဝင်း လက်မှာ မားရှိဆဲ။

လှကြိုင်က ကျော်ဝင်းကို ကူညီရန် ကျော်သာ၏ နောက်ဘက်မှ လှည့်ဝင်သည်။

"လူယုတ်မာ ကပ်ပါးကောင်"

လှကြိုင်ကို ကျော်သာ လှည့်ပြီး ရင်ဆိုင်လိုက်သည်။ ဗလ ချင်း ကွာရုံမက သူတို့မှာ မားနှင့်မို့ နှစ်ယောက်လုံးကို ကျော်သာ အလစ်မပေးဝံ့။

"ဟေ့ ကောင်လေးတွေ မလုပ်ကြနဲ့"

ကျော်ဝင်း လက်မှာ ဓါးပါ၍ ဘေးလူများ မဝင်ဝံ့။

လှကြိုင်က ကျော်သာကို ဝင်ဖမ်းရန် ရှေ့သို့ တိုးသည်။

ကျော်သာ အပူးမခံဘဲ ဆီးကြိုပြီး ထမ်းပိုးနှင့် ရိုက်သည်။

"ဖြောင်း. . . ."

"အား. . . ."



လှကြိုင်ကို ကျော်သာ ရိုက်နေစဉ် ကျော်ဝင်းက မားနှင့် ပြေးထိုးပြန်သည်။

"ဒုတ်. . . ."

ကျော်သာ၏ ရိုက်ချက်က ကျော်ဝင်းကို မိမိရရ ထိသွားသည်။ ကျော်ဝင်း လည်ထွက်သွားသည်။ လက်ထဲမှ မားလည်း လွတ်ကျသွား၍ ဘေးမှ လူများ မားကို ဝင်ကောက်လိုက်ကြသည်။

ရွာသားများက သုံးယောက်စလုံးကို ဝိုင်းဆွဲလိုက်ကြသည်။

"တယ်ခက်ပါလားကွာ၊ ပြဿနာတွေ တစ်မျိုးပြီး တစ်မျိုး မလုပ်ကြစမ်းပါနဲ့ကွာ"

လူကြီးများက လှကြိုင်နှင့် ကျော်ဝင်းကို ဆွဲခေါ်သွားကြသည်။

"မောင်ကျော်သာ လာ. . . .လာ၊ ဘုန်းကြီးကျောင်းကို လိုက်ခဲ့"

ကပ္ပိယကြီး ဦးအေးက ကျော်သာ့ကို ဘုန်းကြီးကျောင်းသို့ ခေါ်သွားသည်။

* * *

ညကျတော့ ကျော်ဝင်းနှင့် လှကြိုင်သာမက ဦးအောင်ချမ်း၏ညီ အောင်သန်းနှင့် အောင်ရှမ်းတို့ပါ ဘုန်းကြီးကျောင်းသို့ ရောက်လာကြသည်။

"ဟေ့ကောင် ကျော်သာ ထွက်ခဲ့စမ်း၊ မင်းကို သတ်မယ်၊ ငါ့အဖေ သေရတာ မင်းကြောင့်၊ မင်းကို ဒီနေ့ည သတ်ရမှ ကျေနပ်မယ်"

ကပ္ပိယကြီး ဦးအေး၏ ဇရပ်ရှေ့မှာ ရပ်၍ ကျော်ဝင်း အော်

www.burmeseclassic.com

www.burmeseclassic.com

ဟစ်နေသည်။

"ဟေ့ကောင် ထွက်ခဲ့၊ မင်း မထွက်ရင် ငါတို့ ဇရပ်ပေါ် တက်ပြီး သတ်မယ်"

အောင်သန်းနှင့် အောင်ရှမ်းကလည်း ငှက်ကြီးတောင်ဓါး တဝင့်ဝင့်နှင့်. . . .

ဆရာတော် ကျောင်းပေါ်မှ ကြား၍ အောက်ဆင်းလာသည်။

"ဟေ့. . . မင်းတို့က ကျောင်းထဲ လာပြီး သတ်မယ်၊ ဖြတ်မယ်နဲ့ တယ်မိုက်နေကြပါလား ဟေ့၊ အောင်ချမ်းသေရတာ သူ့ဘာသာ နွားဝှေ့လို့ သေတာ ဒီကောင်လေးနဲ့ ဘာဆိုင်လဲ"

ဆရာတော်က မျက်နှာထားတင်းတင်းနှင့် ငေါက်သည်။

"ဆိုင်တယ် ဘုရား၊ ဒီကောင့်ကြောင့် တပည့်တော် အစ်ကို သေရတာ. . . ."

အောင်သန်းက ဒေါသ အရှိန်တက်နေဆဲ. . .

"အေး. . . . သတ္တဝါတွေဟာ သူ့ကံအလျောက်ဖြစ်ကြတာ ချည့်ပဲကွ၊ သွား. . . . သွား ငါ့ ကျောင်းထဲမှာ ကြိမ်းလား၊ မောင်းလား လာမလုပ်နဲ့"

ဘုန်းကြီးကိုတော့ အောင်မင်းတို့ တုံ့ဝရီး သုံးယောက် မလွန်ဆန်ဝံ့။

"အေးကွယ်. . . . ဦးလေးလည်း တောင်းပန်ပါတယ်၊ ဒီကလေးခမျာ အဖေဆုံး အမေဆုံးနဲ့ ကံမကောင်းတဲ့ လူလေးပါ။ မောင်အောင်ချမ်း ဆုံးရတာလည်း နွားဝှေ့လို့ ဖြစ်တာပါ၊ ဒီကလေးကို ရန်ညိုးမထားကြပါနဲ့ကွယ်"

ကပ္ပိယကြီး ဦးအေးက ထွက်ပြီး တောင်းပန်သည်။

"ဟင်း. . . . ဘုန်းကြီးကျောင်းထဲမို့ မင်း နေလိုက်ဦးပေါ့



ကွာ၊ အပြင်ထွက်ရင်တော့ သေပြီသာမှတ်"

ကျော်ဝင်းတို့ တုံ့ဝရီး ကြိမ်းမောင်းပြီး ပြန်သွားကြသည်။

* * *

ဆယ်တန်းဖြေသည့် ရက်များတွင် ပျော်ဘွယ်မြို့မှ အထက်တန်းကျောင်းတွင်ဖြစ်၍ ကျော်ဝင်းတို့ ဘာမျှ မလုပ်ဝံ့၊

ဆရာကြီးနှင့် ဆရာမများကလည်း တပည့်များနှင့် အတူ အမြဲရှိနေကြသည်။

အခြား ကျောင်းသူ ကျောင်းသားများမှာ ကိုယ့်အစီအစဉ်နှင့် ကိုယ် အဆင်ပြေရာမှာ တည်းကြသော်လည်း ကျော်သာကတော့ ဆရာ ဦးခင်မောင်ရင်နှင့်အတူ ဦးခင်မောင်ရင်၏ အသိ ဆရာတစ်ယောက်အိမ်မှာ တည်းသည်။

ကျော်သာ စာကောင်းကောင်း ကျက်ခွင့်ရသည်။ စာမေးပွဲပြီးသည်အထိ ချောချောမောမော ဖြေခွင့်ရခဲ့သည်။

မနက်ဖြန် မနက်တွင် ကျော်သာ ချောင်းကောက်ရွာသို့ ပြန်ရတော့မည်။ ဦးခင်မောင်ရင်က သူ့ မိဘများရှိရာ မိတ္ထီလာ ရှမ်းတဲသို့ ပြန်မည်။

"မောင်ကျော်သာရေ. . . . ဒီနေ့ ညစာတော့ ဆရာတို့ အပြင်မှာ ထွက်စားကြရအောင် ဟေ့"

"ဟုတ်ကဲ့. . . . ဆရာ"

ဦးခင်မောင်ရင်က အိမ်ရှင်ကို ပြောပြီးဖြစ်၍ ကျော်သာနှင့် ဆရာတပည့်နှစ်ယောက် အပြင် ထမင်းဆိုင် တစ်ခုသို့ ထွက်ပြီး ညစာ စားကြသည်။

ညစာ စားအပြီးမှာ မြို့ပြင်မှ ရှုခင်းသာ အအေးဆိုင်သို့ သွား၍ သံပရာရည်တစ်ခွက်စီ သောက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်ကာ ဆရာနှင့် ခွဲရတော့မည်ကို ကျော်သာစိတ်ထဲမှာ ခံစားရသည်။

တပည့်ဆိုသော်လည်း ညီတစ်ယောက်လို စောင့်ရှောက်သော ဆရာ။ စာမေးပွဲ ရက်အတွင်းမှာ ကျော်သာကို လိုလေသေးမရှိ ကူညီစောင့်ရှောက်ပေးသော ဆရာ။

လူငယ်တစ်ယောက်ပင် ဖြစ်သော်လည်း မေတ္တာ၊ စေတနာ၊ အကြင်နာတို့နှင့် တကယ့်ကို ဆရာစိတ်ရှိသော ဆရာ။

သံပရာရည်ကို ဖြည်းဖြည်းချင်း စုပ်၍ သောက်နေသော ဆရာ့ကို ကျော်သာ လေးစားစွာ ကြည့်နေမိသည်။

"မောင်ကျော်သာကို ဆရာ အေးအေးဆေးဆေး ပြောချင်တာလေးတွေရှိလို့ ဒီကို ခေါ်လာခဲ့တာ"

ဆရာ့ မျက်နှာအမူအရာက တွေးတွေးဆဆဟန်။

"ဟုတ်ကဲ့ ပြောပါဆရာ"

"ပုံမှန်အတိုင်းဆိုရင် မောင်ကျော်သာ မနက်ဖြန် ချောင်းကောက်ရွာကို ပြန်ရတော့မယ်"

ကျော်သာက သူ့ ရှေ့ရှိ ဖန်ခွက်ထဲမှ ကျန်နေသော ရေခဲတုံးကလေးများကို လှမ်းကြည့်ရင်း ဆရာ ပြောသည်ကို နားထောင်နေသည်။

"ဒါပေမယ့် ချောင်းကောက်မှာ မောင်ကျော်သာရဲ့ မိဘတွေလည်း မရှိတော့ဘူး"

ကျော်သာ ဆရာ့ကို လှမ်းကြည့်လိုက်သည်။

"ဆွေမျိုးသားချင်းလည်း တစ်ယောက်မှ မရှိဘူး"

ဆရာက စဉ်းစဉ်းစားစားနှင့် ဖြည်းဖြည်းချင်း ပြောနေသည်။

"မြေကွက်ကလေးနဲ့ အိမ်ကလေး သံယောဇဉ်တော့ ရှိမှာပေါ့"

ကျော်သာ ခေါင်းညိတ်မိသည်။

"ဒါပေမယ့် မောင်ကျော်သာ ချောင်းကောက်ရွာကို မပြန်စေချင်ဘူးလို့ ဆရာ ထင်တယ်"

ကျော်သာ ဆရာ့ကို ကြည့်မိပြန်သည်။

"ဦးအောင်ချမ်းရဲ့ ညီနှစ်ယောက်နဲ့ ဦးအောင်ချမ်းရဲ့သား မောင်ကျော်ဝင်းတို့က မောင်ကျော်သာ့ကို အငြိုးအာဃာတ ရှိနေကြတယ် . . . "

"စာမေးပွဲအတွင်းမှာ ဆရာတို့က မောင်ကျော်သာကို အခုလိုအတူနေပြီး အကာအကွယ်ပေးနိုင်ပေမယ့် အမြဲတမ်းတော့ ဒီလို တာဝန်ယူပြီး ကာကွယ်ပေးဖို့ မလွယ်ဘူး"

ကျော်သာ ခေါင်းညိတ်သည်။

"သူတို့ကလည်း ဦးအောင်ချမ်း သေရတာနဲ့ ပတ်သက်ပြီး မောင်ကျော်သာကို သိပ်မုန်းနေကြတယ်"

"ပြီးတော့ သူတို့က လူရမ်းကားတွေ၊ တရားမျှတမှုဆိုတာကို တန်ဖိုးမထားတဲ့ လူတွေ"

ဆရာက ခပ်လှမ်းလှမ်းမှ တောတန်းလေးကို ကြည့်ရင်း ဆက်ပြောသည်။

"ဒီလို ပြောနေတာဟာ ဆရာက မောင်ကျော်သာကို ကြောက်စိတ်ဖြစ်အောင်၊ သူတို့နဲ့ ရင်မဆိုင်ရဲအောင် ပြောနေတာ မဟုတ်ဘူးနော်"

"ဟုတ်ကဲ့. . . . သိပါတယ် ဆရာ"

"ရင်ဆိုင်ဖို့လိုတယ် ရင်ဆိုင်မှ ဖြစ်မယ်ဆိုရင်တော့ ရင်ဆိုင်ရမှာပေါ့၊ ခုဟာက ရွာပြန်ပြီး သူတို့နဲ့ ရင်ဆိုင်လို့ မောင်ကျော်သာအတွက် ဘာမှကောင်းကျိုးရဖို့ မမြင်ဘူး၊ ဆိုးကျိုးသာဖြစ်ဖို့များတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခု ဖြေထားတဲ့ ဆယ်တန်းစာမေးပွဲကိုလည်း မောင်ကျော်သာ အောင်မယ်လို့ ဆရာထင်တယ်၊ မောင်ကျော်သာကိုယ်တိုင်လည်း ကိုယ်ဖြေခဲ့တာကို မှန်းဆလို့ ရပါတယ်"

ကျော်သာ ဘာမျှ မပြောရဲသေး၍ ဆိတ်ဆိတ်သာ နေလိုက်သည်။

"မနေ့ညက ဆရာ အသေအချာ စဉ်းစားပြီးမှ အခုပေးမယ့် အကြံဉာဏ်ကို ပေးဖို့ ဆုံးဖြတ်တာပါ"

ဆရာ ဆက်ပြောမည့် စကားကို ကျော်သာ လေးလေးစားစား အာရုံစိုက်၍ နားထောင်နေသည်။

"မန္တလေးမှာ ဆရာ့ အစ်ကိုကြီး တစ်ယောက်ရှိတယ်။ အစ်ကိုတစ်ဝမ်းကွဲပါ။ သူက ရုံးအုပ်စာရေးကြီး ကိုထွန်းတဲ့၊ သူများကို ကူညီတတ်တော့ ခင်မင်တဲ့ အပေါင်းအသင်း မိတ်ဆွေများတယ်၊ မောင်ကျော်သာ သူ့ဆီကို သွားပါ၊ ဆရာ စာတစ်စောင် ရေးပေးလိုက်မယ်. . ."

"သူကတော့ သူ့လစာနဲ့ သူ့မိသားစုနဲ့ ဆိုတော့ မောင်ကျော်သာကို တာဝန်ယူဖို့ ရေရှည်တတ်နိုင်မှာ မဟုတ်ဘူး၊ ဒါပေမယ့် အားမနာပါနဲ့၊ စိတ်လည်းမပူပါနဲ့၊ သူတနည်းနည်းနဲ့ အဆင်ပြေအောင် မောင်ကျော်သာကို ကူညီနိုင်မှာပါ၊ ဦးအောင်ချမ်းဆီမှာ နွားကျောင်းရတဲ့အလုပ်ထက် အများကြီး ပိုကောင်းတဲ့ အလုပ်တစ်ခုခုကို ရှာပေးနိုင်မှာပါ။ ငါ့တပည့်က အစတော့ အလုပ်မရွေးပဲ လုပ်နိုင်ဖို့ လိုလိမ့်မယ်"

"ကျွန်တော် လုပ်နိုင်ပါတယ် ဆရာ"

"ဆရာ ယုံပါတယ်၊ အဲဒီလို အလုပ်တစ်ခုခု ရရင် မောင်ကျော်သာ ကိုယ့်ခြေပေါ် ကိုယ်ရပ်ပြီး စာပေးစာယူနဲ့ ဘွဲ့ရအောင် ဆက်ကြိုးစားခွင့်ရမယ်၊ ကြိုးလည်း ကြိုးစားစေချင်



တယ်"

ဆရာက စားပွဲပေါ်မှာတင်နေသော သံပရာစေ့လေးကို က်ညှိုးနှင့် ထတောက်၍ ဝေးနိုင်သမျှ ဝေးအောင် တောက်ထုတ် ိုက်သည်။

"ရွာကို ပြန်သွားရင် မောင်ကျော်သာ့အတွက် အန္တရာယ် ားတာက လွဲလို့ တိုးတက်စရာအကြောင်း မမြင်ဘူး"

ကျော်သာ ခေါင်းညိတ်လိုက်မိသည်။

"မောင်ကျော်သာက စိတ်ကောင်းရှိတဲ့ တပည့်တစ်ယောက်၊ င်းရဲပေမယ့် ကြိုးစားတဲ့ တပည့်တစ်ယောက်ဖြစ်လို့ ဆရာ သဘော ကျတယ်၊ ဆရာတင်မဟုတ်ပါဘူး၊ ဆရာကြီးနဲ့ ဆရာတွေ အားလုံး သဘောကျတာပါ"

"မောင်ကျော်ဝင်းတို့ မောင်လှကြိုင်တို့လည်း တပည့်တွေ ပဲ၊ ဆရာဆိုတာကတော့ တပည့်အားလုံးကို ကောင်းစေချင်တဲ့ စေတနာ စေတနာ ရှိတာပါပဲ၊ ဒါပေမယ့် သူများအပေါ်မှာ မကောင်းတာ အနိုင်ကျင့်ချင်တာကိုတော့ ဆရာ မကြိုက်ဘူး. . . ."

"အဲ. . . . ကြုံတုန်းပေါ့လေ၊ မောင်ကျော်သာ့ကို ဆရာ ပြောချင်တာ တစ်ခုလည်း ရှိသေးတယ်၊ အရင်ကတော့ မြှောက်ပေး လို သွေးထိုးပေးသလို ဖြစ်မှာစိုးလို့ မပြောခဲ့ဘူး၊ ခုတော့ ပြောသင့် ပြီ၊ ဒါကလည်း ရှေ့ဆက်ရမယ့် ဘဝအတွက် ပြောတာပါ"

"စိတ်သဘောထား နူးညံ့သိမ်မွေ့တာ၊ သည်းခံနိုင်တာ ကောင်းပါတယ်၊ ဒါပေမယ့် လူ့လောကမှာ လူတွေက အမျိုးမျိုးရှိတယ်"

"ရိုးဖြောင့်တဲ့လူ ရှိသလို ကောက်ကျစ် စဉ်းလဲတဲ့လူလည်း ရှိတယ်၊ သိမ်မွေ့နူးညံ့တဲ့လူ ရှိသလို ရက်စက် ကြမ်းကြုတ်တဲ့ လူလည်း ရှိတယ်၊ သည်းခံတဲ့လူရှိသလို အနိုင်ကျင့်ချင်တဲ့လူလည်း

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ထားပါတော့၊ အမျိုးအစားမတူတဲ့ လူတွေကိုခွဲပြရင် အများကြီးပဲ"

"အခု မင်းအဖြစ်ကိုပဲ ကြည့်၊ မင်းက အေးအေးဆေးဆေး နေတတ်တယ်၊ သည်းခံတယ်၊ ဒါပေမယ့် ကျော်ဝင်းတို့ လှကြိုင်တို့က မင်းကို အနိုင်ကျင့်တယ်"

ကျော်သာ ခေါင်းညိတ်မိသည်။

"ဟိုနေ့ကဆိုရင် သူတို့ နှစ်ယောက်သာ မဟုတ်ဘူး ဦးအောင်ချမ်းရဲ့ညီ အောင်သန်းနဲ့ အောင်ရှမ်းပါ ပါတယ်၊ သူတို့ အဖေ သူတို့ အစ်ကို နွားဝှေ့လို့ သေရတာ မင်းကြောင့်လို့ စွပ်စွဲတယ်"

"အမှန်ကတော့ ကျွန်တော် စာ မကျက်ရအောင် နွားသိုးစိန်တိုးကို ကျော်ဝင်း ထည့်ပေးလိုက်လို့ ဖြစ်ရတာပါ ဆရာ"

"ဟုတ်တယ်လေ. . . အဲဒါကို တစ်ရွာလုံးသိတယ်၊ ဒါပေမယ့် သူတို့က အဲဒါကို မမြင်ဘူး၊ မမြင်တာကလည်း ရွာထဲက လူတွေက မောင်ကျော်သာ့ အဖေ အပေါ်မှာ ဦးအောင်ချမ်း ပြုခဲ့တဲ့ အကုသိုလ် အတုံ့အလှည့် ခံရတာဆိုပြီး ပြောကြတာကိုး၊ အဲဒီတော့ ပိုပြီး မကျေမနပ် ဖြစ်ကြတာပေါ့"

"ဟုတ်ပါတယ် ဆရာ"

"ဆရာ ပြောချင်တာက သိမ်မွေ့တာ ကောင်းပါတယ်၊ သည်းခံတာ ကောင်းပါတယ်၊ ဒါပေမယ့် မောင်ကျော်သာ လောကီကိစ္စမှာတော့ နေရာတိုင်း သည်းခံလို့ မကောင်းဘူး၊ သည်းခံသင့်မှ သည်းခံတာပဲ ကောင်းတယ်"

ကျော်သာ ဆရာ့ကို စူးစိုက်စွာ ကြည့်နေသည်။

"ဆရာ. . . မင်းကို မိုက်ဖို့ ရန်လိုဖို့ သင်ပေးနေတာ မဟုတ်ဘူးနော်"



"ဟုတ်ကဲ့ပါ ဆရာ. . ."

"တစ်ခါတစ်ခါကျတော့ လူတွေက သည်းခံလေ၊ အနိုင်ကျင့်ချင်လေ ဖြစ်တတ်တယ်၊ မခံမှန်း သိရင် မစော်ကားရဲဘူး"

ကျော်သာ ခေါင်းညိတ်သည်။

"ဥပမာ ဆရာပြောမယ်၊ မင်းက ပွဲခင်းထဲမှာ သွားထိုင်နေတယ်၊ လူကြားထဲမှာ တိုးဝှေ့သွားလာရင်း မတော်တဆ မင်းကို တက်နင်းချင် နင်းမိမှာပေါ့၊ အဲဒါကို ဆတ်ဆတ်ထိမခံ သွားလုပ်ရင် မင်းဆိုးတာပေါ့၊ ဒါဟာ သည်းခံသင့်တာမျိုးပဲ"

"အဲ. . . ဒါပေမယ့် မင်းက လူသွား လူလာ လွတ်ကင်းရာ နေရာလေး တစ်နေရာမှာ ပက်လက် ကုလားထိုင်လေးချပြီး အေးအေးဆေးဆေး စာဖတ်နေတယ်၊ အဲဒါကို လူတစ်ယောက်က တမင်လာပြီး ခေါင်းကို ခြေထောက်နဲ့ ကန်တယ်"

"ဘာဖြစ်လို့ ကန်တာတုံးဆိုတော့ ကန်ချင်လို့ ကန်တာတဲ့"

"အဲဒါမျိုးကို သည်းခံရင် မင်း သေမှာပဲ၊ အဲဒီ ခြေထောက်မျိုးကတော့ ကိုင်ဖမ်းပြီး ချိုးပစ်ရမှာပဲ၊ ဒါက စော်ကားတာ မခံရဘူး"

ကျော်သာ ဘဝင်ကျစွာ ခေါင်းညိတ်ပြလိုက်သည်။

"မြွေပွေးကို အကောင်သေးပေမယ့် ဘယ်သူမှ မလေးမခန့် မလုပ်ဝံ့ဘူး၊ မြွေပွေးက ရန်မလိုတတ်ဘူး၊ သူ့ဘာသာ လွတ်ရာကင်းရာမှာ နေတယ်၊ သူ့ အနားဖြတ်သွားတဲ့အထိ သူ့ကို မထိရင် ဘာမှ မလုပ်ဘူး၊ အဲ သူ့ကို ထိရင်တော့ အသေပဲ၊ အဲဒီတော့ မြွေပွေးကို ကြောက်ကြတယ်"

"ဟုတ်ပါတယ်ဆရာ. . ."

"ရွှံ့ဗွက်တွေ အလယ်မှာ မြေမာလေး တစ်ခုရှိရင် လူတိုင်း အဲဒီမြေမာလေးကိုပဲ နင်းသွားကြတယ်၊ ကျန်တဲ့ နေရာက အနင်းမခံတော့ အနင်းခံတဲ့ နေရာကို နင်းကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တချို့ လူတွေကလည်း သည်းခံတာကို ကြောက်တယ်လို့ စော်ကားချင်တယ်၊ မဟုတ် မတရားတာမျိုးကိုတော့ မခံတတ်တာပဲ ကောင်းတယ်"

"ကိုယ်က ရန်လိုသူ၊ အနိုင်ကျင့်သူ၊ စော်ကားသူ မဖြစ်စေနဲ့ သိမ်မွေ့တာဟာ ကောင်းပါတယ်၊ ဒါပေမယ့် အညံ့မခံနဲ့၊ သတ္တိရှိပါ၊ မတရားစော်ကားရင် မခံဘူးဆိုတာပြပါ၊ စကားနဲ့ စော်ကားတာခံရင် လက်ပါလာလိမ့်မယ်၊ လက်နဲ့ စော်ကားတာပါ ခံရင် အသက်ကိုတောင် ရန်ရှာလာတတ်တယ်"

"ဆရာ ပြောချင်တာက ရန်ဖြစ်ရမှာ ဝန်မလေးနဲ့၊ လက်မြန် ခြေမြန်ချလို့ဆိုတဲ့ အဓိပ္ပာယ် မဟုတ်ဘူးနော်. . ."

"ကျွန်တော် နားလည်ပါပြီ ဆရာ"

"ငါ့ တပည့်ရဲ့ ရှေ့ဆက်ရမယ့် ဘဝခရီးမှာ လူ အစော်ကား မခံရဖို့ ဆရာက ပြောတာပါ"

"ဟုတ်ကဲ့ပါ ဆရာ. . ."

"ကဲ. . . သာ ပြန်ကြစို့"

* * *

နောက်တစ်နေ့ မနက် တွင် ဆရာ ဦးခင်မောင်ရင်က ကျော်သာ့ကို စာတစ်စောင်နှင့် အတူ ငွေ ငါးရာပေးသည်။

ကျော်သာ ဆရာ့ကို အားနာသော်လည်း သူ့အိတ်ထဲမှာ ငွေ နှစ်ဆယ်သာ ရှိ၍ မလွှဲသာ မရှောင်သာ လက်ခံလိုက်ရသည်။

ဦးခင်မောင်ရင် ပြောပြထားဟန် တူပါ၏။ အိမ်ရှင် ဆရာ ဦးထိန်ဝင်းကလည်း ကျော်သာကို ငွေ သုံးရာပေးသည်။

ထိုငွေကိုတော့ ကျော်သာ ငြင်းသည်။



"ကျွန်တော် မယူပါရစေနဲ့ ဆရာ၊ စာမေးပွဲ ဖြေတဲ့ ရက်အတွင်းမှာ ကျွန်တော့်ကို လက်ခံ ကျွေးမွေးထားတဲ့ ကျေးဇူးတင်ပဲ များလှပါပြီ"

"ဘာမှ အားနာစရာ မရှိပါဘူး မောင်ကျော်သာ၊ ဒါ ဆရာ တတ်နိုင်သလောက် ထောက်ပံ့ ကူညီတာပါ၊ လူဆိုတာ တစ်ယောက်နဲ့ တစ်ယောက် ဒီလို ကူညီရတာပဲကွ၊ နောင်တစ်နေ့ မင်းက ကူညီနိုင်တဲ့အခါမျိုး ကျတော့လည်း တခြား လူတွေကို ဒီလို ကူညီရင် မင်းကို ကူညီခဲ့တဲ့ လူတွေရဲ့ ကျေးဇူးကို သိတတ်ရာ ကျတာပဲ၊ အဲဒါဟာ လူ့လောကကို ကူညီ စောင့်ရှောက်ရာလည်း ရောက်တာပေါ့"

ဆရာ ဦးထိန်ဝင်းက သူပေးသော ပိုက်ဆံကို လုံးဝ ပြန်မယူ၍ ကျော်သာက အကူအညီတောင်းသော မျက်လုံးများနှင့် သူ့ဆရာ ဦးခင်မောင်ရင်ကို လှမ်းကြည့်လိုက်သည်။

"ယူသာ သွားလိုက် မောင်ကျော်သာ၊ မင်းအတွက် အစိမ်းသက်သက် နေရာသစ်မှာ ဘဝကို အသစ် ရင်ဆိုင်ရမှာဆိုတော့ ထိုက်သင့်သလောက် ငွေလေးပါသွားတာကောင်းပါတယ်၊ အားမနာပါနဲ့ကွာ၊ ငါတို့ ဆရာတွေက လူမချမ်းသာပေမယ့် စေတနာ ချမ်းသာကြပါတယ်. . ."

"မင်းတို့လို အလားအလာရှိတဲ့ တပည့်မျိုးတွေကို ပြုစုပျိုးထောင်ပေးဖို့ဆိုရင် ကိုယ်တိုင် အပွန်းအပဲ့ ခံနိုင်ကြပါတယ်၊ တကယ်တော့ ဆရာတို့က ဒီထက်တောင် ပိုပေးချင်ကြပါတယ်၊ မင်းအတွက်လည်း ဒီထက် ပိုပြီးလိုအပ်ပါတယ်၊ ဒါပေမယ့် ကိုယ်နိုင်သလောက်ပဲ မျှကြရတာ စိတ်တောင်မကောင်းပါဘူး"

ကျော်သာ ပို၍ပင် စိတ်မကောင်း ဖြစ်မိပါသည်။

"ဒါလေးတွေက ငါတို့ ဆရာတွေရဲ့ လူမသိ၊ သူမသိ

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘည်းမထိုးရတဲ့ ဒါနလေးတွေပါ၊ ဘာမျှော်လင့်ချက်မှ လည်း မရှိပါဘူး၊ သန်းကြွယ်သေဌေးတွေ သိလည်းမသိ ပြုခွင့်လည်း မရတဲ့ ဒါနလေးတွေပေါ့ကွာ"

ဆရာ နှစ်ယောက်ကို ကျော်သာ ရိုသေစွာ ကန်တော့သည်။ ဆရာများက မေတ္တာ စေတနာ အပြည့်နှင့် ဆုတွေပေးနေကြသည်။ ကျော်သာ၏ မျက်လုံးအိမ်မှာ မျက်ရည်များ ပြည့်လျက်။

* * *

ဦးထွန်း လက်ထဲမှ စာကို ဖတ်ပြီးပြီ ဖြစ်၍ သူ့ရှေ့မှ ဆက်တီ ထိုင်ခုံတွင် ထိုင်နေသော လူငယ်ကို လှမ်းကြည့်လိုက်သည်။

"အင်း. . . . မင်း ဆရာကတော့ မင်းကို ထောက်ခံချက် ကောင်းကောင်း ပေးထားတာပဲကွ၊ မင်းဟာ စိတ်ရင်းကောင်းတဲ့ လူငယ်တစ်ယောက်၊ ကြိုးစားတဲ့ လူငယ်တစ်ယောက် ဖြစ်ကြောင်း တွေပေါ့ကွာ၊ မင်းမှာ မိဘတွေ မရှိကြတော့ဘူးနော်"

"ဟုတ်ပါတယ် ဦး"

"မင်း စာမေးပွဲ အောင်စာရင်းထွက်ပြီးမှ အလုပ်အကိုင်ကို ပြန်စဉ်းစားသင့်ရင်လည်း စဉ်းစားကြတာပေါ့ကွာ၊ အခု လောလော ဆယ်တော့ ရရာအလုပ်ကိုပဲ ဝင်လုပ်ရဦးမှာပေါ့"

"ဟုတ်ကဲ့၊ ဘာအလုပ်ဖြစ်ဖြစ် ကျွန်တော် လုပ်နိုင်ပါတယ် ဦး"

"အေး. . . . အေး မင်း ဆရာကလည်း စာထဲမှာ အဲဒီလိုပဲ ထည့်ရေးထားပါတယ်၊ တစ်ခုခုတော့ အဆင်ပြေမှာပေါ့ကွာ၊ ဒါပေ မယ့် ဒီကြားထဲ ဘာအလုပ်မှ မရသေးခင်တော့ ဦး အိမ်မှာ ဘာမှ အားနာစရာ မရှိပါဘူးကွာ"



"ဦး မချမ်းသာပေမယ့် လူတစ်ယောက်စာတော့ ကျွေးထား နိုင်ပါသေးတယ်၊ တို့ စားသလိုတော့ စားရမှာပေါ့၊ဪ. . . . အေး နေဦးကွ၊ ငါကလည်း သတိမေ့တတ်လိုက်တာကွာ၊ ငါ သောက်နေကျ ဟိုဘက် လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုးဖို့ လူတစ် ယောက် လိုနေတယ်ကွ၊ ငါနဲ့ သိပ်ခင်တဲ့ ကောင်လေး မောင်ချစ်တဲ့ အလုပ် ထွက်သွားလို့. . . ."

"အဲဒီ အလုပ်ကိုလည်း ရရင် ကျွန်တော် လုပ်ချင်ပါတယ် ဦး"

"အေး. . . . မနက်ဖြန် ငါ လက်ဖက်ရည်သောက် သွား ရင်း အဲဒီ ဆိုင်ရှင်နဲ့ ဆွေးနွေးလိုက်ဦးမယ်"

* * *

ကျော်သာ မန္တလေး ရောက်ပြီး နောက်တစ်နေ့မှာပင် လက်ဖက်ရည်ဆိုင်တွင် အလုပ် ရသည်။

"စားပွဲ နံပါတ်တွေကို မင်း မှတ်ထားရမယ်၊ ဒီဘက်က စ,တယ်။ ဟောဒါ စားပွဲ တစ်၊ ဟိုဘက်က အစဉ်အတိုင်း နှစ်၊ သုံး၊ လေး၊ အလယ်မှာ ငါး၊ ခြောက်၊ ခုနစ်၊ ဟိုဘက်က ရှစ်၊ ကိုး၊ တစ်ဆယ်"

ဆိုင်ရှင် ဦးဘချို က ကျော်သာ့ကို ရှင်းပြနေသည်။

"ကိုယ့် ဖောက်သည်တွေ ကိုယ် မှတ်ထားရတယ်ကွ၊ ဘယ် သူက ချိုပေါ့၊ ဘယ်သူက ပေါ့ကျ ဆိုတာတွေပေါ့"

"ဟုတ်ကဲ့ ဦးလေး"

"ကော်ဖီ တစ်၊ လက်ဖက်ရည် တစ် ဆိုရင် ဘယ်ညာလို့ပဲ အော်လိုက်၊ ဖျော်တဲ့ လူက သိတယ်. . . ."

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

“ပိုက်ဆံပေးရင် သူတို့ဘာသာ ကောင်တာ သွားကြလိမ့်မယ်”

ကျော်သာ ကောင်တာကို လှမ်းကြည့်လိုက်သည်။

အသား ညိုသော်လည်း ကြည်ကြည် စင်စင် ရှိသော မိန်းကလေးတစ်ယောက် ထိုင်နေသည်။

မိန်းကလေးကလည်း သူ့ ကောင်တာ အကြောင်းပါလာ၍ လှမ်းကြည့်သည်၊ မျက်လုံးများမှာ ညို့ဓာတ်ရှိသူ ဖြစ်သည်။

“စီးကရက် ယူရင်တော့ လက်ငင်း ငွေပေးဖို့ တောင်းရမယ်၊ ဒါဟာ ဒီ ဆိုင်ရဲ့ စည်းကမ်းပဲ”

“ဟုတ်ကဲ့. . . .”

“ဆက်ဆံတာ ယဉ်ကျေး ပြေပြစ်ဖို့ လိုတယ်၊ ကိုယ့်ဆိုင်လာတဲ့ လူအားလုံး ကျေနပ်အောင် လုပ်ပေးရမယ်”

“ဒီဆိုင်မှာ ခွင့်မလွှတ်နိုင်တဲ့ အပြစ်က ကိုယ့်ဆိုင်လာအားပေးတဲ့ ဧည့်သည်နဲ့ ရန်ဖြစ်တာပဲ၊ အဲဒါကို ကျူးလွန်ရင်တော့ ဆိုင်က ထွက်ပေတော့”

“စိတ်ချပါ ဦးလေး”

ဦးထွန်း၏ ဆက်သွယ်ပေးမှုကြောင့် တစ်လ ရှစ်ရာ၊ ထမင်းပါ ကျွေးသော လက်ဖက်ရည်ဆိုင် စားပွဲထိုး အလုပ်ကို ကျော်သာ ရခဲ့သည်။

အိပ်တာ နေတာလည်းဆိုင်မှာပင် အိပ်ခွင့်နေခွင့်ရ၍ ဦးထွန်း အိမ်မှ တစ်ဆင့် လက်ဖက်ရည်ဆိုင်သို့ ကျော်သာ ပြောင်းခဲ့သည်။

မနက် ၅ နာရီ အိပ်ယာထရသည်။

လက်ဖက်ရည်ဖျော်သူ မလာခင် မီးသွေးဖိုများ မီးအားကောင်းအောင် မီး ပျိုးထားရသည်။ ရေနွေးအိုး ကျိုထားရသည်။



ဆိုင် သန့်ရှင်းရေး၊ စားပွဲများ၊ ခုံများ၊ သန့်ရှင်းရေး လုပ်ရသည်။ ကျော်သာက ဆိုင်ရှေ့ လမ်းကိုပါ အမှိုက်လှည်းပြီး ဆိုင်ထဲဆိုင်ပြင် ရေဖျန်းသည်။ ခုံများကို အစီအစဉ်ကျအောင် နေရာ ပြန်ချသည်။

ငါးနာရီခွဲတွင် လက်ဖက်ရည်သောက်သူများ စ,ရောက်လာသည်။ ခြောက်နာရီခန့်တွင် လူစည်နေပြီ။

“စားပွဲ နံပါတ်သုံး၊ ရှယ်တစ်၊ ချိုပေါ့ကျ”

အော်သား မကျသေး၍ အော်ရသည်မှာ ရှက်သလို ဖြစ်နေသော်ကြောင့် အော်ပုံက ဌာန်ကရိုဏ်းမကျ။

ကောင်တာမှ မိန်းကလေးက ပြုံးသည်။ ထိုမိန်းကလေးမှာ ဆိုင်ရှင်၏ သမီး ဖြစ်သည်။ သူ့ နာမည်က ခင်လေးညို။

လက်ဖက်ရည်ဆိုင် ကောင်တာ ထိုင်သော်လည်း သူ့ မျက်နှာက တည်ငြိမ်သည်။ ဣန္ဒြေ ရှိသည်။ သူ့ အသွင်အပြင်ကို ကျော်သာ လေးစားမိသည်။

တစ်နေ့လုံး နားရသည်ဟု သိပ်မရှိ။ ဆိုင်က လူများသည်။ နေ့ခင်း ထမင်းစားချိန် တစ်ချက်သာ နည်းနည်း လူပါးသည်။

“ကိုကျော်သာ ဆယ်တန်း ဖြေထားတယ်ဆို ဟုတ်လား”

နေ့ခင်း လူပါးချိန်တွင် ခင်လေးညိုက မေးသည်။

“ဟုတ်ပါတယ်”

“အောင်ရင်. . . .”

“စာပေး စာယူနဲ့ တက်မယ်”

“မအောင်ရင်ရော. . . .”

“ဆက်ဖြေမှာပေါ့”

“မခင်လေးညိုလည်း ဆယ်တန်း ဖြေထားတယ်ဆို”

“ကိုကျော်သာကလည်း သူများ ခေါ်သလို မညိုလို့ပဲ

www.burmeseclassic.com



ခေါ်ပေါ့၊ ဟုတ်တယ် မညိုလည်း ဖြေထားတယ်”

“အောင်ရင် . . . .”

“တက္ကသိုလ် ဆက်တက်မှာပေါ့”

‘မအောင်ရင်’ ဟူသော စူးစမ်းမှုကို ကျော်သာ မပြုခဲ့ပါ။

မကြိုက်လျှင် သူက ဆိုင်ရှင် သမီး။

ဤ ဆိုင်တွင် အလုပ် လုပ်ရသည်မှာ အားလုံး အဆင်ပြေပါသည်။ အလုပ်များသည် တစ်ခုသာ ပြောစရာ ရှိသည်။

ကျောင်းဆက်တက်လျှင် စာကျက်ချိန် ရပ့်မည်လား ဆိုသည်ကိုသာ ကျော်သာ စိုးရိမ်သည်။

ည ၉ နာရီတွင် ဆိုင်ပိတ်သည်။

ဆိုင်ပိတ်သည်နှင့် စားပွဲများ ကုလားထိုင်များကို စနစ်တကျ သိမ်းပြီး ဆိုင်ထဲမှာ ရေဖျန်းသည်။ အမှိုက် လှည်းသည်။ ကျော်သာက မြန်မြန်ဆန်ဆန် လုပ်တတ်၍ ၉ နာရီခွဲမှာ အားလုံး ပြီးစီးသည်။

ကောင်တာပိုင်းမှာ ခင်လေးညိုနှင့် ဦးဘချိုတို့ ကောင်တာပိတ် သိမ်းပြီး စာရင်းတွက်သည်။ နောက်တစ်နေ့ ဝယ်ရမည့် ပစ္စည်းများအထိ တွက်ချက်ရ၍ ဆယ်နာရီခန့်မှ ပြီးလေ့ ရှိသည်။

သူတို့ နေသည်က ဆိုင်နောက်မှ တိုက်ခံအိမ်ကြီး။

သူတို့ အားလုံး သိမ်းပြီးမှ စားပွဲများကို ဆက်ပြီး ကျော်သာ အိပ်ယာ ဝင်ရသည်။

* * *

မကြာမီမှာပင် လက်ဖက်ရည်ဆိုင် စားပွဲထိုး အလုပ်ကို ကျော်သာ အသားတကျ ကျွမ်းကျင်သွားပါပြီ။

ဖောက်သည်များနှင့်ပင် ရင်းနှီး ခင်မင်နေပါပြီ။



မနက် ၅ နာရီခွဲတွင် အစောဆုံး ရောက်လာတတ်သည်မှာ လမ်းလျှောက်အပြန် ကော်ဖီ ဝင်သောက်တတ်သည့် အသားဖြူဖြူ လူကြီးတစ်ယောက်။

ထိုလူကြီး ဆိုင်ထဲ ဝင်လာသည်နှင့် . . . .

“ကော်ဖီခါးခါး တစ်ခွက်”

ကျော်သာ မှာပြီးသား ဖြစ်နေပြီ။

ထိုလူကြီးသည် ည (၈) နာရီခန့် လူစည်ကားချိန်မှာ တစ်ခေါက် လာသည်။

ဤဆိုင်တွင် နေ့ခင်းမှ စ၍ အအေးပါ ရောင်းသောကြောင့် ထိုလူကြီးက ညပိုင်းတွင် သံပရာရည် တစ်ခွက်သောက်သည်။

သံပရာရည်ကို ကျော်သာ ကိုယ်တိုင် ဖျော်ပေးသည်။ ပထမ တစ်ရက်သာ ဖောက်သည်ကြီး စိတ်ကြိုက်ဖြစ်အောင် နှစ်ခါပြင်ပေးရသည်။ နောက်ရက်များတွင် မပြင်ရဘဲနှင့် ကျေနပ်အောင် ကျော်သာ ဖျော်ပေးနိုင်သည်။

ပုံမှန်လာနေကျ ဖောက်သည်များတွင် ကျော်သာ သိပ်သဘောမကျသည်မှာ တစ်ယောက်သာ ရှိသည်။ ‘တစ်နေ့ကို သုံးခါလောက် ဆိုင်ကယ်နှင့် လာသောက်တတ်သော ခပ်ကဲကဲ လူငယ်။ သူ့နာမည်က တင်မောင်ဝင်း . . . .’

သူ လာသည်နှင့် ကောင်တာကို အလျင်သွားပြီး ဟိုသီချင်း ဖွင့်ပါ၊ ဒီသီချင်း ဖွင့်ပါ၊ ခင်လေးညိုကို ရိသဲ့သဲ့ လုပ်တတ်သည်။

တစ်ခါတစ်ရံတွင် သူ တိတ်ခွေကို ယူလာပြီး အဖွင့်ခိုင်းတတ်သည်။ ထို အဖွင့်ခိုင်းသော သီချင်းများကလည်း အဓိပ္ပာယ်မဲ့တွေနှင့်။

ကျော်သာကို ခေါ်ပုံ၊ ခိုင်းပုံကလည်း မောက်မာသည်။

“ဟေ့ကောင် လက်ဖက်ရည် တစ်ခွက်၊ ထုံးစံအတိုင်း”

www.burmeseclassic.com



သူ့ ထုံးစံမှာ ကျော်သာအတွက် အမြဲတမ်း ပြဿနာ ဖြစ်ရသည်။

ချိုလွန်းနေသည်။ အခါးရည်များ သွားပြန်ပြီ။ အခါးရည် ထပ်ထည့်လိုက်ဦး။

တစ်နေ့နှင့် တစ်နေ့၊ တစ်ချိန်နှင့် တစ်ချိန် လုံးဝမတူ၍ သူ လာလျှင် ကျော်သာတင်မက လက်ဖက်ရည်ဖျော်သော ချန္ဒရားပါ အမြဲ စိတ်ညစ်ရသည်။

ကျော်သာကို အလုပ်သွင်းပေးသော ဦးထွန်းကတော့ မနက် (၈) နာရီ တစ်ကြိမ်၊ ည (၈) နာရီ တစ်ကြိမ် ပုံမှန်လာ၍ လက်ဖက်ရည်ကျကျ သောက်သည်။ ကျော်သာ လုပ်ပုံကိုင်ပုံကို ကြည့်ရှုအကဲခတ်ပြီး သဘောကျနေတတ်သည်။

ဦးထွန်း လာတိုင်း ကျော်သာ အားရှိသည်။ ဦးထွန်း လိုအပ်သည်များ လုပ်ပေးရသည်ကိုလည်း ဝမ်းသာကျေနပ်သည်။

ကျန်သည့် လာနေကျဖောက်သည် အတော်များများကိုလည်း ဆိုင်ထဲဝင်လာသည်နှင့် သူတို့အကြိုက် ကျော်သာမှာတတ်နေပါပြီ။

“ဒီဘက်ကိုလာ အစ်ကို၊ စားပွဲ ရှင်းပေးမယ်”

ကျော်သာက သွက်လက် ဖျတ်လတ်စွာ စားပွဲပေါ်မှ ဆေးလိပ်ပြာများ လက်ဖက်ရည် ဖိတ်စဉ်ထားသည်များကို ရှင်းလင်း သုတ်သင်လိုက်သည်။

“ထုံးစံအတိုင်းလား အစ်ကို”

လူငယ်နှစ်ယောက် ခေါင်းညိတ်ပြသည်။

“ချိုပေါ့ကျကျ တစ်ခွက်၊ ချိုဆိမ့် တစ်ခွက်. . . .”

“နံပါတ် ငါးက ရှင်းမယ်၊ နှစ်ရှာသုံးဆယ်ကျတယ်”

လက်ဖက်ရည် မှာရင်း ကောင်တာကို လှမ်းပြောလိုက်



သည်။

ခင်လေးညိုက ကျော်သာ့ထံ တစ်ချက်လှမ်းကြည့်ပြီး ခေါင်းညိတ်ပြသည်။

ဤအလုပ်တွင် ကျော်သာ ပျော်ပိုက်နေပါပြီ။

* * *

ဆယ်တန်းစာမေးပွဲ အောင်စာရင်းများ ထွက်သောနေ့။

ကျော်သာ အစောကြီး ထပြီး ခင်လေးညိုအတွက် အောင်စာရင်း သွားကြည့်ပေးရသည်။

ခင်လေးညို အောင်သည်။ သင်္ချာဂုဏ်ထူး ပါသည်။

ကျော်သာ စက်ဘီးကို အမြန်နင်း၍ ဆိုင်သို့ ဝမ်းသာအားရ ပြန်လာသည်။

“မညို အောင်တယ်၊ သင်္ချာ ဂုဏ်ထူးပါတယ်”

ဆိုင်အဝင်မှာပင် အော်၍ ပြောလိုက်သည်

ခင်လေးညို ဆိုင်ထဲမှာ မရှိ၊

“ဟယ်. . . . ဟုတ်လား၊ ဝမ်းသာလိုက်တာ. . . ဝမ်းသာလိုက်တာ”

အိမ်ထဲမှာ ကြောက်ရွံ့စွာ နားစွင့်နေသော ခင်လေးညို ပြေးထွက်လာသည်။

“ကိုကျော်သာ ညို ကိုယ်တိုင် ကြည့်ချင်တယ်၊ လိုက်ပြပါလား ဟင်. . . .”

ကျော်သာက ဆိုင်ရှင် ဦးဘချိုကို လှမ်းကြည့် လိုက်သည်။

“လိုက်ပို့ လိုက်ပါကွာ”

ကျော်သာ၏ စက်ဘီးနောက်မှ ကယ်ရီယာမှာ ခင်လေးညို

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခုန်တက်ပြီး ထိုင်လိုက်သည်။

“ကိုကျော်သာ သေချာပါတယ်နော်”

ခုထိ မဝံ့မရဲ ဖြစ်နေဆဲ။

“သေချာပါတယ် မညိုရယ်”

ခပ်ကြမ်းကြမ်း မောင်းလာသော ကားတစ်စီးကို လွတ်အောင် ရှောင်လိုက်၍ စက်ဘီးကို အမြန် ကွေ့လိုက်ရသောကြောင့် ခင်လေးညို ကျော်သာ၏ ခါးကို လှမ်းကိုင်လိုက်ရသည်။

“သူကတော့ အောင်သွားပြီ၊ ငါ့ အောင်စာရင်းက ဘာမှ မသိရသေးဘူး၊ ခုလောက်ဆိုရင် ဆရာကြီးတို့တော့ သိချင် သိနေကြမယ်၊ ငါအောင်သလား၊ ကျသလား၊ သိချင်လိုက်တာ၊ ငါတို့ ကျောင်းက ဘယ်သူတွေ အောင်သလဲ၊ မိနှင်းရော အောင်ပါ့မလား”

“ကိုကျော်သာ. . . .”

“ဖြန်း. . . .”

နောက်မှ ကျောကို လက်နှင့်ချမှ မညို ခေါ်နေသည်ကို ကျော်သာ သတိ ထားမိသည်။

“ဘာတွေ စဉ်းစားနေတာလဲ ခေါ်လို့ မေးလို့လည်းမရဘူး”

“ဪ. . . . ကျွန်တော် အောင်မအောင် စဉ်းစားနေမိလို့ပါ”

“ညိုကလည်း အဲဒါ မေးနေတာ၊ ကိုကျော်သာ မပြန်တော့ဘူးလား”

“အောင်ရင် ဆရာ ဦးခင်မောင်ရင် စာရေးပါလိမ့်မယ်၊ ဆရာ့ စာကို မျှော်နေရမှာပဲ”

ကျော်သာ့အတွက် ခင်လေးညို စိတ်မကောင်း ဖြစ်မိသည်။

ကျောင်းကိုရောက်တော့ ခင်လေးညိုကိုယ်တိုင် အောင်စာရင်း ကြည့်ပြီး ကိုယ်တိုင် မြင်ရမှ ဝမ်းသာအားရထခုန်နေ၍



ကျော်သာ ရယ်မိသေးသည်။

ဆိုင်ပြန်ရောက်တော့လည်း ခင်လေးညိုက ကျော်သာ့ကို အိုဗာတင်းတစ်ခွက်နှင့် မုန့်တစ်ခု ကျွေးသည်။ ကျော်သာ ငြင်းပါသေးသည်။ သို့သော် အတင်းကျွေးနေ၍ စားလိုက်ရသည်။

ထိုနေ့က လက်ဖက်ရည်ဆိုင်မှာ စာမေးပွဲ အောင်သူတို့နှင့် စည်းကားနေ၍ သိပ်ရောင်းကောင်းသည်။ သို့သော် ခင်လေးညို အောင်သည်ကို လာညှင်းကြ၍ ပိုက်ဆံမရပဲ အလကား တိုက်ရသည် ကလည်း များသည်။

“ဟော့. . . . မညို ဘာကျွေးမှာလဲ ပြော”

တင်မောင်ဝင်း ဆိုင်ကယ်နှင့် ရောက်လာသည်။

“ဟယ်. . . . ကိုတင်မောင်ဝင်းရော အောင်လား ဟင်”

“ဒီ မျက်နှာကို ကြည့်ထား အပြတ်ပဲ”

တင်မောင်ဝင်းက လက်မ ထောင်ပြသည်။

“အောင်တယ်ပေါ့ ဟုတ်လား”

“ကျတယ်”

ခင်လေးညို လက်ဖက်ရည် တိုက်လိုက်ရသည်။

* * *

အောင်စာရင်းထွက်ပြီး တစ်ပတ်ကြာမှ ဆရာ ဦးခင်မောင်ရင် ပို့လိုက်သော စာကို ကျော်သာ ရသည်။

ဦးထွန်းက ည (၈) နာရီ လက်ဖက်ရည်သောက် လာမှ ယူလာခြင်းဖြစ်သည်။

စာမေးပွဲ အောင်မအောင်ပါမည်ကိုသိ၍ ကျော်သာ ခုန်သောရင် တုန်သောလက်နှင့် စာကို ဖောက်လိုက်သည်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com


ကျောင်းမှ သူ အပါအဝင် (၈) ယောက် အောင်သည်။ ထိုအထဲမှာ မိနှင်းလည်း ပါသည်။ ရေစုန် လေစုန် ကြုံပါလျက် မအောင်သူနှစ်ယောက်က ကျော်ဝင်းနှင့် လှကြိုင်. . . . ။

"ကျွန်တော် စာမေးပွဲ အောင်တယ် ဦး"

ဝမ်းသာလွန်းသောကြောင့် ဆိုင်ထဲမှာပင် ကျော်သာ အော် ပြောလိုက်မိသည်။

"ဟယ်. . . . ကိုကျော်သာ အောင်တယ် ဟုတ်လား"

ခင်လေးညို ဝမ်းသာအားရ မေးသည်။

ထိုအချိန်မှာပင် ဆိုင်ထဲသို့ တင်မောင်ဝင်းနှင့် သူ့ သူငယ်ချင်း နှစ်ယောက် ဝင်လာသည်။

ကျော်သာ သူ့ လက်ထဲမှ စာကို ခင်လေးညိုထံ သွားပေး လိုက်သည်။ ခင်လေးညို ဖတ်ကြည့်သည်။

"ဟယ်. . . . တော်လိုက်တာ၊ အင်္ဂလိပ်စာနဲ့ မြန်မာစာ ဂုဏ်ထူးပါတယ်"

"ဟေ့ကောင် ငါတို့အတွက် လက်ဖက်ရည် သုံးခွက်ပေး. ."

အရေးထဲမှာ တင်မောင်ဝင်း၏ လက်ဖက်ရည် မှာသော အမိန့်အာဏာသံ ထွက်လာသည်။

"ဘယ်လို ဖျော်ရမှာလဲဗျာ"

ဈေးများသူမို့ ကျော်သာက မေးမိခြင်း ဖြစ်သည်။

"ချိုဆိမ့်. . . အီပျစ်. . . ခွေလဲ. . . သုံးခွက်ကွာ"

တင်မောင်ဝင်း ရွဲ့ပြောလိုက်၍ ဆိုင်ထဲမှ ရယ်သံများ ထွက် လာသည်။ ကျော်သာပါ ရယ်သည်။

"ကိုချန္ဒရားရေ ချိုဆိမ့် အီပျစ် ခွေလဲ ကျောက်ပန်းတောင်း ဂိတ်ဆုံး မြောင်းကြားထဲ ခေါင်းစိုက်သုံးခွက်"

စာမေးပွဲမှာ ဂုဏ်ထူးနှစ်ခုနှင့် အောင်သည့် အပျော်စိတ်က လေးကြောင့် ကျော်သာက ကြားဖူးထားသည်များနှင့် ပေါင်းစပ်ပြီး မြူးမြူးကြွကြွလေး မှာလိုက်သည်။

ခင်လေးညို အပါအဝင် ဆိုင်ထဲရှိသူအားလုံး ရယ်ကြပြန် သည်။

သူ့ ထက်သာအောင် ကြောပြီး ပြောသည်ဟု ယူဆ၍ တင်မောင်ဝင်း မျက်နှာတင်းသွားသည်။

"ဟေ့ကောင် မင်း ငါ့ကို နောက်တာလား"

တင်မောင်ဝင်း၏ လေသံက မာသည်။

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော် ကိုချန္ဒရားကို နောက်တာပါ"

"ဘာချန္ဒရားကို နောက်ရမှာလဲ၊ မင်း ငါ့ကို နောက်တာကွ ငါက မင်းလိုကောင်မျိုး နောက်စရာမဟုတ်ဘူး"

ဆိုင်ထောင့်ရှိ နံပါတ် (၁၀) စားပွဲမှာ သံပရာရည် သောက် နေသော အသားဖြူဖြူ လူကြီးက ကျော်သာ့ကို လှမ်းကြည့်နေသည်။

ဦးထွန်းကတော့ မာရေကြောရေနိုင်သော တင်မောင်ဝင်းကို မကျေမနပ် လှမ်းကြည့်လိုက်သည်။

"ကိုယ် ဆိုင်လာ အားပေးတဲ့ ဧည့်သည်နဲ့ ရန်မဖြစ်စေရ" ဟူ သော ဦးဘချို၏ စည်းကမ်းချက်အရ ကျော်သာ ဘာမှ ပြန်မပြောဘဲ နေလိုက်သည်။

ချန္ဒရားက လက်ဖက်ရည် ချိုဆိမ့် သုံးခွက် ဖျော်၍ ကျော်သာ သွားချပေးသည်။

တင်မောင်ဝင်း တစ်ကျိုက် သောက်ကြည့်သည်။

"ဟေ့ကောင်. . . . လာဦး၊ သုံးခွက်စလုံး ပြန်ဖျော်ခဲ့ မင်း ဘာသာ မြောင်းကြားထဲ ခေါင်းစိုက်၊ ငါတို့ ဒီလက်ဖက်ရည်ကို မသောက်နိုင်ဘူး"

ကျော်သာက သည်းခံ၍ လက်ဖက်ရည် သုံးခွက်ကို ချန္ဒရား

www.burmeseclassic.com

www.burmeseclassic.com


ထံ ပြန်ပို့သည်။ ချန္ဒရားက ပြင်ပေးသည်။

တင်မောင်ဝင်း သောက်ကြည့်သည်။

"ဟော့ကောင် မာလ်ဘိုရိုစီးကရက် တစ်ပွဲယူခဲ့"

"စီးအရက်ဖိုး ပိုက်ဆံ ကြို့ရှင်းရပါတယ်ခင်ဗျာ"

ကျော်သာက ရိုရိုသေသေ ပြောသည်။

"မရှင်းဘူး ဟော့ကောင်၊ သွားယူချေ"

"ဒါက ဆိုင်ရဲ့ စည်းကမ်းမို့ပါ"

"ဟာ. . . . ဒီကောင် လူပါးဝတဲ့ကောင် ကဲကွာ"

တင်မောင်ဝင်းက ကျော်သာ့မျက်နှာကို လှမ်းရိုက်လို[illegible]သည်။

ရုတ်တရက်ဖြစ်၍ ကျော်သာ ရှောင်သော်လည်း မျက်နှာ[illegible]ထိသွားသည်။

"ဟာ. . . . မိုက်ရိုင်းလှချည်းလားကွ"

ဦးထွန်းထံမှ ထွက်လာသော အသံ။

ကျော်သာ့ တစ်ကိုယ်လုံး သွေးများ ဆူပွက်သွားသည်။

"သည်းခံသင့်မှ သည်းခံရတယ်ကွ၊ မတရားစော်ကား[illegible]လာကန်တဲ့ ခြေထောက်မျိုးကိုတော့ ဖမ်းချိုးပစ်ရမှာပဲ"

ဆရာ ဦးခင်မောင်ရင်၏ စကားကို နားထဲမှာ ကြားလာ[illegible]သည်။ ခု ကိစ္စမှာက သက်သက် စော်ကားခြင်း ဖြစ်သည်။

"ကဲကွာ"

"ဒုတ်. . . . ဒုတ်"

"ဝုန်း. . . ."

"ဂွမ်း. . . ."

ကျော်သာ ရုတ်တရက် တင်မောင်ဝင်းကို လျင်မြန်စွာ[illegible]လက်တုံ့ ပြန်လိုက်သည်။



တင်မောင်ဝင်း စားပွဲပေါ် လဲကျသွားသည်။

သူ့ သူငယ်ချင်း နှစ်ယောက်က ကျော်သာကို ပြန်ထိုး၍[illegible] နှစ်ယောက်စလုံးကိုပါ ကျော်သာ ဆက်တိုက်ထိုးပစ်လိုက်သည်။

"တမင်သက်သက် စော်ကားတဲ့ကောင်တွေ ချကွာ"

ဘေး စားပွဲမှ လူများကပါ ဝိုင်းချ၍ တင်မောင်ဝင်းတို့[illegible]သိုက် ထွက်ပြေးကြရသည်။

"ဟော့. . . . ဘယ်လို ဖြစ်ကြတာလဲကွ"

ဦးဘချို ရောက်လာပြီး မေးသောကြောင့် ဆိုင်ထဲရှိသူများ[illegible] အဖြစ်မှန်ကို ရှင်းပြကြသည်။

သို့သော်. . . .

"မောင်ကျော်သာ၊ ဒီနေ့ကစပြီး မင်း အလုပ်ထွက်တော့"

ဦးဘချို၏ တစ်ချက်လွှတ် အမိန့်။

"ဟာ. . . . ဒါတော့ ဘယ်တရားမလဲ၊ ဟိုကောင်တွေ[illegible]တရားစော်ကားလို့ ဒီသူငယ် မခံနိုင်ဖြစ်တာ ဖြစ်သင့်တာပေါ့"

ဦးထွန်း ဝင်ပြောသည်ထင်၍ ကျော်သာ လှည့်ကြည့်လိုက်သည်။ ဦးထွန်းမဟုတ် စားပွဲ အမှတ်- ၁၀ မှ အသားဖြူဖြူ လူကြီး[illegible] ပြောခြင်း ဖြစ်သည်။

"ဘယ်လိုကြောင့်ပဲ ဖြစ်ဖြစ်၊ သည်းခံရမယ်လို့ အစကတည်း[illegible] ပြောပြီးသားပဲ၊ ရန်ဖြစ်ရင် အလုပ်ထွက်ရမယ်၊ ဒါက ဒီဆိုင်ရဲ့[illegible]ည်းကမ်းပဲ"

ဦးဘချိုက ပြတ်သားသည်။

"မဟုတ်ဘူး ဖေဖေ၊ သမီးပြော. . . ."

"တိတ်. . . . သမီးမပြောနဲ့"

"ကောင်းပါပြီ ဦးလေး၊ ကျွန်တော် အလုပ်ထွက်ပါ့မယ်"

ကျော်သာ စာမေးပွဲအောင်သည့်နေ့မှာပင် အလုပ်ပြုတ်ရသည်။

www.burmeseclassic.com



စာမေးပွဲ အောင်သည်ပင် ဝမ်းမသာရသေးခင်မှာ ဝမ်းနည်းစရာ ကြုံရသည်။

"ဟော့ သူငယ် မင်းကို မနက်ဖြန်ခါကစပြီး ငါ အလုပ်ခန့်မယ်၊ ငါ့အိမ်ကိုလာခဲ့၊ ရော့. . . ဟောဒီမှာပါတဲ့ လိပ်စာအတိုင်းလာခဲ့ မင်းရဲ့ လုပ်ရည်ကိုင်ရည်ရော သည်းခံစိတ်ကိုရော၊ မတရားစော်ကားရင် မခံတတ်တာကိုရော ငါသဘောကျတယ်၊ ငါ သိပ်လိုချင်တဲ့ လူကောင်းတစ်ယောက်ကို မမျှော်လင့်ဘဲ ရလိုက်တာ ငါ့ သိပ်ကံကောင်းတယ်ကွာ"

လူကြီးက ဆိုင်ရှင်ကြားအောင် တမင် အသံကျယ်ကျယ် ပြော၍ သူ့ အိတ်ထဲမှ ကတ်ပြားလေး တစ်ခု ထုတ်ယူပြီး ကျော်သာ့ကို ပေးသည်။ သံပရာရည်ဖိုးအတွက် နှစ်ဆယ်တန် တစ်ရွက် ကောင်တာမှာ ဆောင့်ကြီးအောင့်ကြီး ပစ်ပေးပြီး ဆိုင်ထဲမှ မကျေမနပ် ထွက်သွားသည်။

"လာ. . . . မောင်ကျော်သာ အိမ်ပြန်လိုက်ခဲ့၊ မင်းပစ္စည်းတွေ ယူခဲ့"

ဦးထွန်းလည်း မကျေနပ်။

ဆိုင်ထဲမှ အခြားလူများကလည်း ကျော်သာ အလုပ်ထုတ်ခံရသည်ကို မကျေမနပ် ပြောဆိုနေကြ၍ ဦးဘချို ဆိုင်ထဲမှာ မနေဝံ့တော့ဘဲ သူ့ အိမ်ဘက်သို့ ပြန်သွားသည်။

ကျော်သာ သူ့ ပစ္စည်းများကို သိမ်းသည်။ များများစားစား မရှိ အဝတ်အစား အနည်းငယ်မှာ အိတ်တစ်လုံးပင် မပြည့်။

ဆိုင်ထဲမှ ထွက်ခါနီးတွင် ကျော်သာက ကောင်တာသို့ လှမ်းကြည့်သည်။

ခင်လေးညို၏ မျက်လုံးမှာ မျက်ရည်များ ရစ်ဝဲ နေသည်။

ကျော်သာ စိတ်မကောင်း ဖြစ်မိသည်။



"မညို ကျွန်တော် သွားမယ်"

ခင်လေးညို ခေါင်းညိတ်ပြပြီး မျက်နှာကို လက်နှစ်ဘက်နှင့် အုပ်၍ ငိုကျန်ရစ်ခဲ့သည်။

နောက်တစ်နေ့တွင် ဤအိမ်ကြီးသို့ ရောက်ခဲ့ရသည်။ လက်ဖက်ရည်ဆိုင်သို့ လာနေကျ အသားဖြူဖြူ လူကြီးမှာ ဤအိမ်ကြီးမှ ဦးမင်းအောင်။ ကျော်သာ၏ ကျေးဇူးရှင်။

သူ့ ကျေးဇူးကြောင့် ကျော်သာ ဘွဲ့ရခဲ့ပြီ။ ပွဲရုံလုပ်ငန်းကို ကျွမ်းကျင်စွာ နားလည်ပြီး ဤဘဝသို့ ရောက်ခဲ့ရပါသည်။

* * *

www.burmeseclassic.com

## အခန်း (၉)

စားပွဲပေါ်မှ နွားရုပ်ကလေးနှစ်ကောင်ကို ကျော်သာ လှမ်းကြည့်လိုက်သည်။

ရှန်းကန်ခဲ့ရသည့် အဖိနှိပ်ခံ ဘဝ၏ အမှတ်တရ သင်္ကေတ။

"သြော်. . . . ဒီ နွားရုပ်ကလေးနှစ်ခုက တစ်ကောင်နဲ့ တစ်ကောင် သဲကြီးမဲကြီး ဝှေ့နေကြတဲ့ပုံကိုး"

နောက်မှ အသံကြား၍ ကျော်သာ လှည့်ကြည့် လိုက်သည်။

ဦးမင်းအောင်. . . .။

"ဦး မအိပ်သေးဘူးလား"

"အင်း. . . . မအိပ်သေးပါဘူး"

ဦးမင်းအောင်က ကျော်သာ့ဘေးမှ ကုလားထိုင်တွင် ဝင်ထိုင်သည်။

နွားရုပ်ကလေး နှစ်ကောင်ကို အသေအချာ ကြည့်လိုက်သည်။

"နွားနှစ်ကောင် ဝှေ့နေပုံဟာ အသက် ဝင်တယ်လို့ ချီးကျူးရမှာပဲ မောင်ကျော်သာ"

ဦးမင်းအောင်က သူ့ အိတ်ထဲမှ ဆေးပေါ့လိပ်ကို ထုတ်၍



မီးညှိလိုက်သည်။

"ဒီ နွားနှစ်ကောင် ဝှေ့တာဟာ မောင်ကျော်သာရဲ့ ဘဝမှာ အရေးကြီးတဲ့ အကြောင်းတစ်ခု ဖြစ်နေသလား"

"ခင်ဗျာ. . . ."

"ဒီလိုပါ မောင်ကျော်သာ ဦးနဲ့ နေတာ ခြောက်နှစ်ရှိပြီ၊ တစ်ခါမှ ခုလို အရုပ်လုပ်တာကို မတွေ့ခဲ့ဘူး၊ ခုမှ ထူးထူးခြားခြား လုပ်တာ တွေ့ရလို့ပါ"

ကျော်သာ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်. . . . ဦး၊ ခုရက်ပိုင်းမှ ကိုယ့်ဘဝကို ကိုယ် အမြဲ သတိရအောင် ဒီ နွားနှစ်ကောင်ကို အမှတ်တရ လုပ်ထားတာပါ"

ကျော်သာ ဝန်ခံ လိုက်ပါသည်။

"ဒါဖြင့် အဲဒီ နွားနှစ်ကောင် ဝှေ့တာနဲ့ မောင်ကျော်သာ ဘဝနဲ့ ဘယ်လိုပတ်သက်တယ်ဆိုတာ ဦး သိခွင့်ရှိသလား၊ မောင်ကျော်သာ ပြောလို့ရသလား"

"ရပါတယ် ဦး"

ကျော်သာက နွားနှစ်ကောင်နှင့် သူ့ ဘဝ ဇာတ်လမ်းကို လိုရင်းချုပ်၍ ပြောပြသည်။

ဦးမင်းအောင် ဆေးပေါ့လိပ် သောက်ရင်း စိတ်ဝင်စားစွာ နားထောင်သည်။

အဖိနှိပ်ခံ ဘဝ ခါးသီးသော အတွေ့အကြုံများ။ စိတ်ကောင်း ရှိသူတို့၏ ကူညီစောင့်ရှောက်ခံရ၍ အဆင်ပြေခဲ့ရသည်များမှာ စိတ်ဝင်စားစရာ ဖြစ်သည်။ နောက်ဆုံး လက်ဖက်ရည်ဆိုင်မှ အလုပ်ပြုတ်၍ ဦးမင်းအောင် အိမ်သို့ ရောက်လာရပုံအထိ ဖြစ်သည်။

"အင်း. . . . မောင်ကျော်သာ အဖြစ်က နာကြည်းစရာ

www.burmeseclassic.com



ကောင်းသလို စိတ်ဝင်စားဖို့လည်း တကယ် ကောင်းတာပါလား"

ခြောက်နှစ်တာ အတူနေခဲ့ကြသော်လည်း တစ်ယောက်အကြောင်းကို တစ်ယောက် မလိုအပ်ဘဲ စပ်စုကြသူများ မဟုတ်၍ ခုမှသာ ကျော်သာ၏ နောက်ကြောင်း ဘဝကို ဦးမင်းအောင် အပြည့်အဝ သိရသည်။

သိရတော့လည်း ကျော်သာ၏ စိတ်ဓာတ်ကို ပို၍ သဘောကျမိသည်။ ပို၍လည်း စာနာယောက်ထား၍ သနားကြင်နာမိသည်။

"ဦးရယ်. . . . လူ့လောကမှာ လူအချင်းချင်း သူတစ်ဖက်သားကို အနိုင်ကျင့်ချင်တဲ့ လူတွေ၊ ရက်စက် ယုတ်မာတဲ့ လူတွေ၊ သူတစ်ဖက်သား စိတ် ကသိကအောင့် ဖြစ်အောင်လုပ်ရတာကို သာယာတဲ့ လူတွေ၊ မတရားတဲ့ လူတွေရှိသလို သူတစ်ဖက်သားကို ကြင်နာတဲ့ လူတွေ၊ ကိုယ်ချင်းစာနာတဲ့ လူတွေ၊ ကူညီ စောင့်ရှောက်တတ်တဲ့ လူတွေလည်း အများကြီးပါပဲ. . . ."

"တစ်ခါ တစ်ခါကျတော့ ကျွန်တော် စဉ်းစားမိတယ်၊ လူ့လောကမှာ မကောင်းတဲ့လူတွေ၊ မတရားတဲ့ လူတွေ မရှိဘဲနဲ့ လူအချင်းချင်း စိတ်ကောင်းထားတဲ့ လူတွေချည်းရှိရင် ဘယ်လောက်ကောင်းလိုက်မလဲ၊ လူ့လောကမှာ လူဖြစ်ရတာ ဒီထက် အများကြီး ပိုပြီး ပျော်စရာကောင်းမယ်"

ကျော်သာက တမ်းတမ်းတတဖြစ်မိသော ဆန္ဒကို ဖော်ထုတ်လိုက်ခြင်းဖြစ်သည်။

"သိပ်ကောင်းတာပေါ့ မောင်ကျော်သာ၊ ဒါပေမယ့် မလွယ်ပါဘူးကွာ၊ ယုတ်မာတဲ့ လူတွေထက် ကောင်းတဲ့လူတွေက ပိုများရင်ပဲ ကျေနပ်စရာ ကောင်းလှပါပြီ"

ကျော်သာ ခေါင်းညိတ်မိသည်။

"ဒါကြောင့်မို့ ရှေးလူကြီးသူမတွေက သူတော်ကောင်းနဲ့



ပေါင်းမိပါစေ၊ သူတော်မဟုတ် သူယုတ်မာနဲ့ လွဲပါစေလို့ ဆုတောင်းကြတာပေါ့ကွာ"

ကျော်သာ ခေါင်းညိတ်ရပြန်၏။

"တစ်ခုတော့ မောင်ကျော်သာ မှတ်ထား၊ ယုတ်မာတဲ့ လူတွေဟာ အောင်မြင်မှုတွေ ရချင်ရမယ်၊ အသာစီးရတာ၊ အနိုင်ရတာတွေ ရှိချင်ရှိမယ်၊ ငွေကြေးမနေလည်း ချမ်းသာချင် ချမ်းသာမယ်၊ ဒါပေမယ့် သူတို့ စိတ်ချမ်းသာမှု မရောက်ဘူး၊ ယုတ်ညံ့တဲ့ စိတ်ဆိုတာကိုက ချမ်းသာတဲ့ စိတ်မှ မဟုတ်ဘဲ"

"နောက်တစ်ခုက ယုတ်ညံ့တဲ့ စိတ်ရှိတဲ့သူတွေရဲ့ ဥပဓိရုပ်ဟာ မတင့်တယ်ဘူး၊ ရုပ်လှချင် လှနေမယ်၊ ဒါပေမယ့် နှစ်လိုဖွယ် မဖြစ်ဘူး"

ဦးမင်းအောင်ကို ကျော်သာ ပို၍ လေးစားကြည်ညိုမိပါသည်။

"ဒီ အတွေးအခေါ်နဲ့ တင်ဆက်တည်းပဲ ထားပါတော့ကွာ၊ မောင်ကျော်သာကို ဦး ဆွေးနွေးချင်တဲ့ကိစ္စတစ်ခု ရှိတယ်"

"ဟုတ်ကဲ့. . . . ပြောပါဦး"

"ဦးက အသက်အရွယ် ကြီးလာပြီ ခုထိတော့ ဒီပွဲရုံလုပ်ငန်းကို ဦးစီးပြီး လုပ်နိုင်သေးတယ်၊ ဒါပေမယ့် ဦးမှာသွေးတိုးရောဂါရှိတယ်၊ တစ်ခါ သွေးတိုးရောဂါကြာတော့ နှလုံးရောဂါဖြစ် ဆိုတာလိုပဲ၊ ဦးရဲ့မိန်းမ ဆုံးပြီးတဲ့နောက် နှလုံးရောဂါပါ ရလာတယ်၊ အသက် ဉာဏ်စောင့်ဆိုတာလို သတိထားပြီး ဆင်ခြင်နေရတာပေါ့"

ပွဲရုံမှာ အလုပ်လုပ်ရင် သွေးတိုး၍ ခေါင်းမူးလာသည့်အခါ ဦးမင်းအောင် ဆေးသောက်ရသည်နှင့် တစ်ခါတစ်ရံ နှလုံးအောင့်၍ ဆေးခန်းပို့ရသည်များကို ကျော်သာ သတိရမိသည်။

"မကျန်းမမာဖြစ်ရင် ဒါမှမဟုတ် ဒီထက်အသက်ကြီးလာ

www.burmeseclassic.com

www.burmeseclassic.com



လို့ မလုပ်နိုင်တော့ရင် စိတ်ချလက်ချ လွှဲအပ်ရမယ့် သားသမီး ဦးမှာ မရှိဘူး၊ သမီးတစ်ယောက် ရှိတာကလည်း မောင်ကျော်သာသိတဲ့ အတိုင်း ဒီအလုပ်ကို စိတ်မဝင်စားဘူး"

"မောင်ကျော်သာကို ဦး စပြီး ခေါ်လာခဲ့တုန်းကတော့ ဒုက္ခရောက်တဲ့လူကို ကူညီချင်တဲ့စိတ်နဲ့ အလုပ်ပေးခဲ့တာပါပဲ၊ ဒါပေမယ့် အတူတွဲလုပ်လာရတဲ့ ကာလမှာ မောင်ကျော်သာရဲ့ စိတ်နေစိတ်ထား ရိုးသားမှုနဲ့ ကြိုးစားမှုကို ဦး သဘောကျတယ်. . . .",

"မောင်ကျော်သာကို ခုမှ ဖွင့်ပြောရဦးမယ်၊ မောင်ကျော်သာ ပွဲရုံမှာ စ,လုပ်စက မောင်ကျော်သာ ရိုးသားမှု ရှိမရှိ ဦး နည်းအမျိုးမျိုးနဲ့ စမ်းခဲ့ဖူးတယ်"

"ခင်ဗျာ. . . ."

ကျော်သာ ထိတ်လန့်သွားမိသည်။

"အံဆွဲထဲမှာ ငွေကို ရေတွက်ထားပြီး ပျောက်မပျောက်လည်း စမ်းဖူးတယ်၊ နောက်တစ်ဆင့်က ပြောတဲ့ ငွေအရေအတွက်ထက် ပိုထည့်ထားပြီး စမ်းဖူးတယ်၊ ငါးသောင်းလေးထောင် သွားချေရမယ့် ကိစ္စမှာ အမှတ်တမဲ့ ပါသွားသလိုလိုနဲ့ ငွေ ရှစ်ရာ ပိုထည့်ပေးလိုက်ဖူးတယ်၊ မောင်ကျော်သာ အားလုံး အမှန်အတိုင်း ပြန်ပေးခဲ့တာချည်းပဲ"

ကျော်သာ တုန်လှုပ်မိခြင်းနှင့်အတူ မိမိ၏ ရိုးသားမှုအတွက် ဝမ်းသာလိုက်မိသည်။ ထို ကိစ္စများကို ဦးမင်းအောင် တမင် စမ်းမှန်းလုံးဝ မသိခဲ့။ ရိုးသားစွာ မှားသည်ထင်၍ ရိုးသားစွာ ပြန်ပေးခဲ့သည်ချည်းသာ ဖြစ်သည်။

လူကြီးတွေမှာ ကိုယ့် ထက်သာတာတွေ အများကြီး ရှိသည်ကိုလည်း နားလည်လိုက်ပါသည်။

"အဲဒီနောက်မှ မောင်ကျော်သာကို ဦး လုံးဝ ယုံကြည်ပြီး



အရေးကြီးတဲ့ တာဝန်တွေမှာ စိတ်ချလက်ချ မျက်နှာလွှဲခဲ့တာ၊ အခုညမှာ မောင်ကျော်သာရဲ့ နောက်ကြောင်း ဘဝကို ပြည့်ပြည့်စုံစုံ သိရတော့ ပိုပြီး စာနာစိတ် ဖြစ်ရပြန်တယ်. . . ."

"မောင်ကျော်သာလည်း လူ့ လောကထဲမှာ တွယ်တာရာမဲ့ အထီးကျန်ဘဝ ဖြစ်နေသူပဲ၊ ဦးတို့မှာလည်း အားထားစရာ သားယောကျာ်း မရှိတဲ့ လူတွေပဲ၊ အဲဒီတော့ ဦးတို့ သုံးယောက် တစ်သက်လုံး ခိုင်မြဲတဲ့ သံယောဇဉ်နဲ့ အတူတကွ နေချင်ပါတယ်. . . ."

"တစ်ယောက်ကို တစ်ယောက် တကယ့် မိသားစုအဖြစ်နဲ့ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ နေသွားကြချင်တယ်"

လက်ရှိလည်း ထိုကဲ့သို့ပင် အတူတကွ နေကြခြင်းဖြစ်၍ ကျော်သာက လေးစားစွာ နားထောင်ရင်း ခေါင်းညိတ် ပြလိုက်ပါသည်။

သူ ဆိုလိုသော အဓိပ္ပာယ်အထိ ကျော်သာ သဘောမပေါက်သေးသည်ကို ဦးမင်းအောင် နားလည်လိုက်ပါသည်။

သမီးရှင် တစ်ယောက်အနေနှင့် မည်မျှပင် ပွင့်လင်း ရင်းနှီးစွာ သဘောထားသော်လည်း စကားပြောရသည်မှာ ဆင်ခြင်ချိန်ဆရလွန်းသည်။ အနည်းဆုံး စိတ်ဓာတ်ရေးရာအားဖြင့် အထင်သေး အမြင်သေး မခံရစေရန် သတိထားပြီး ပြောနေရသောကြောင့်လည်း ပင်ပန်းသည်။

ပွင့်လင်းခြင်းကိုပင် အဆင့်ဆင့် တိုးမြှင့်၍ သိမြင်လာအောင် ဦးမင်းအောင် ကြိုးစားနေရသည်။

"ဦးတို့ သုံးဦးကြားမှာ သူစိမ်းဝင်လာမှာကိုလည်း ဦး စိုးရိမ်တယ်"

ဦးမင်းအောင်က ကျော်သာကို လှမ်းကြည့်လိုက်သည်။

ထိုစကား၏ အဓိပ္ပာယ်ကို ကျော်သာ ကောင်းစွာ သဘော

www.burmeseclassic.com

www.burmeseclassic.com

မပေါက်ပါ။

“ပွင့်ပွင့်လင်းလင်း ပြောရရင် သမီးက ငယ်သေးတယ်၊ ဘဝ ရှေ့ရေးကို အလေးအနက် စဉ်းစားဆင်ခြင်နိုင်စွမ်းလည်း မရှိသေးဘူး၊ အဲဒီတော့ သူသာ အိမ်ထောင်ဖက် အရွေးမှားရင် ဦးတို့ သုံးယောက်အတွင်းမှာ သူစိမ်းဝင်လာမယ်၊ ပြီးတော့ အဲဒီ သူစိမ်းက အရေးကြီးဆုံးနေရာမှာ ဝင်ပါလာပြီး အားလုံး ရှုပ်ထွေးသွားအောင် လုပ်ပစ်နိုင်တယ်”

ဦးမင်းအောင်၏ စကား ဦးတည်ချက်ကို ကျော်သူ အလေးအနက် တွေးရပြီ။

“ဦး သဘောထားကတော့ ဦး မရှိတော့တဲ့ နောက်တောင်မှ မောင်ကျော်သူက သား၊ ခင်မွန်က သမီး၊ သားနဲ့ သမီး စုစည်းမပျက် ရှိစေချင်တယ်၊ ဘေးသူစိမ်းဝင်တာမျိုး လုံးဝ မရှိစေချင်ဘူး”

ကျော်သူ စိတ်ထဲမှာ ဦးမင်းအောင် ပြောချင်သည်ကို နားလည်သလိုလို ရှိလာသော်လည်း ထို အဓိပ္ပာယ်မျိုးနှင့် နားလည်ရန် မဝံ့ရဲသလို ဖြစ်နေမိသေးသည်။

“မောင်ကျော်သူကို သားအဖြစ်နဲ့ ချစ်ခင်ယုံကြည်ပြီးသား ဖြစ်တဲ့အတွက် ဦးရဲ့ ဆန္ဒကို ပွင့်ပွင့်လင်းလင်းပဲ ပြောပါ့မယ်၊ ဘေးသူစိမ်း မဝင်အောင် အကောင်းဆုံးနည်းကတော့ သမီးနဲ့ မောင်ကျော်သူကို အိမ်ထောင်ချပေးပြီး စုစည်းညီညွတ်မှု ခိုင်မြဲစေချင်တယ်”

ကြားရသည်မှာ အမှန်ဖြစ်သည်ပင်။ ကျော်သူ မယုံရဲသေးသလို ခံစားနေရသည်။

ရတနာမွန်ဟော်တယ်မှာ ညစာ စားစဉ်က မြန်မာဆန်စွာ လှပနေသော ခင်မွန်၏ မျက်နှာလေးကို မြင်ယောင်လာ၍လည်း ရင်ထဲမှာ လှုပ်ရှားမိသည်။

ကျေးဇူးရှင် သမီးမို့ အဆင့်ချင်း ကွာခြား၍ စိတ်နှင့်ပင်



မစဉ်းစားရဲသော မိန်းကလေး။

ဦးမင်းအောင်က မီးသေနေပြီဖြစ်သော နဂါးဆေးပေါ့လိပ်ကို မီးညှိပြီး အားပါးတရ ဖွာရှိုက်လိုက်သည်။

ပြောစရာ အားလုံးကို ပြည့်စုံစွာ ပြောပြီးဖြစ်၍လည်း ဖွာရှိုက်လိုက်သော မီးခိုးများနှင့်အတူ သက်ပြင်းတစ်ချက် မှုတ်ထုတ်ပြီး ရင်ထဲမှာ ပေါ့ပါးအောင် ရှင်းပစ်လိုက်သည်။

“ဦး ပြောတာ ဘယ်လိုသဘောရသလဲ မောင်ကျော်သူ”

ကျော်သူ ဦးမင်းအောင်ကို ရိုသေ လေးစားစွာနှင့် မဝံ့မရဲ ကြည့်လိုက်သည်။

“ဦး ပြောတဲ့ စကားတွေကို ကြားရတာ ကျွန်တော် မယုံနိုင်လောက်အောင် ရင်ထဲမှာ ခံစားရပါတယ်၊ ဦးဟာ ကျွန်တော့် ဘဝရဲ့ ကျေးဇူးရှင်ပါ၊ ဦးက ကျွန်တော့်ကို သားတစ်ယောက်လို ချစ်ခင်တယ် ဆိုတာ စိတ်ထဲမှာ သိပ်ကို ကြည်နူးမိပါတယ်၊ ကျွန်တော်ကလည်း မိဘ မရှိသူမို့ မိဘငတ်နေတာပါ၊ ဦးကို ဖခင်တစ်ယောက်လို သဘောထား ခွင့်ရတာ ဘယ်လို ပြောရမှန်း မသိအောင် ဝမ်းသာမိတာပါ”

ပြောနေရင်းမှာပင် ကျော်သူ၏ မျက်လုံးများမှာ မျက်ရည်များ ရစ်ဝဲလာပါသည်။

“ဦးရဲ့ ဆန္ဒကို ဘယ်လိုပဲဖြစ်ဖြစ် ဖြည့်ဆည်းပေးချင်တဲ့ စိတ် ကျွန်တော့်မှာ ရှိပါတယ်၊ ဒါပေမယ့် . . . ”

ကျော်သူ စကားဆက်ရန် ခက်နေပါသည်။ ခင်မွန်က သူ့အပေါ်မှာ နှစ်သက် လိုလားခြင်း မရှိသည်ကို ခံစား နားလည်ထား၍ ဖြစ်ပါသည်။

“ပွင့်ပွင့်လင်းလင်းသာ ပြောပါ မောင်ကျော်သူ”

“ဟုတ်ကဲ့ ဦး၊ ကျွန်တော့်ဘက်က အခက်အခဲ မရှိပေမယ့် မခင်မွန်ဘက်က ကျွန်တော့် အပေါ်မှာ ဘယ်လို သဘောထားမယ်ဆို

www.burmeseclassic.com

www.burmeseclassic.com

တဲ့ ကိစ္စကိုတော့ အလေးအနက် စဉ်းစားဖို့ လိုမယ် ထင်ပါတယ် ဦး"

"မှန်တယ် မောင်ကျော်သာ၊ ဒါကို ဦးလည်း သတိထားမိတယ်၊ အေး. . . . ဒီကိစ္စနဲ့ ပတ်သက်လို့လည်း ဦးဘက်က ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေ၊ အင်း. . . ဒီနေ့ ပြောရတဲ့ အထဲမှာ ပွင့်ပွင့်လင်းလင်း ဆိုတဲ့ စကားကတော့ ခဏ ခဏ ပါနေလိမ့်မယ်"

ကျော်သာ ပြုံးလိုက်မိသည်။

"မတတ်နိုင်ဘူး၊ လိုအပ်နေတော့လည်း ပါရတာပဲလို့သာ သဘောထား"

"ဟုတ်ကဲ့ပါ ဦး"

"အဲ. . . . ပွင့်ပွင့်လင်းလင်း ပြောရရင် သမီးက မောင်ကျော်သာ အပေါ်မှာ အထင်သေးတဲ့ သဘောထားတောင်ရှိတယ်"

ကျော်သာ ခေါင်းညိတ်လိုက်သည်။

"ဒါကလည်း မောင်ကျော်သာ အိမ်ကို စ,ရောက်လာတဲ့ နေ့မှာ ဦးနဲ့ အရင် မတွေ့လိုက်ရတဲ့ အံ့ချော်မှု သေးသေးလေးကနေ အရေးကြီးတဲ့ ပြဿနာတစ်ခု ဖြစ်သွားတာပဲ"

ဦးမင်းအောင်ကို ကျော်သာ လေးစားစွာ ကြည့်လိုက်မိပါသည်။ ဦးမင်းအောင် ဆိုလိုသော အဓိပ္ပာယ်ကို နားလည်၍ ဖြစ်ပါသည်။

"ဦးက မောင်ကျော်သာကို တွေ့ခဲ့ရတာဟာ သဘောကျစရာ အထင်ကြီးစရာ ဖြစ်ခဲ့ပေမယ့် သမီး မောင်ကျော်သာကို စ,တွေ့ရပုံဟာ အထင်သေးစရာ ဖြစ်ခဲ့တယ်"

ကျော်သာ လက်ခံပါသည်။

"အေး. . . . လူချင်း တွေ့ဆုံရာမှာ ပထမ အကြိမ် တွေ့တာဟာလည်း အရေးကြီးတဲ့ အချက်ပဲကွ၊ အဲဒီမှာ အထင်ကြီးခြင်း



အထင်သေးခြင်း ဆိုတာ ဖြစ်သွားရင် ပြန်ပြင်ရတာ အတော်ခက်တယ်၊ အထူးသဖြင့် ဆင်ခြင်နိုင်မှု အားနည်းရင် ပိုခက်မယ်"

ကျော်သာ ခေါင်းညိတ်ပါသည်။

"ခက်တာကလည်း အထင်ကြီးပြီးသားဖြစ်တဲ့ ဦးက, ပွဲရုံမှာ မောင်ကျော်သာနဲ့ အတူ အလုပ် လုပ်ရင်း မောင်ကျော်သာကို ပိုပြီး သဘောကျစရာတွေ တွေ့နေရတယ်၊ မောင်ကျော်သာ အလုပ်တစ်ဖက်နဲ့ စာပေးစာယူ တက်ပြီး ဘွဲ့ရသွားတာလောက်ကို ဆိုလိုတာ မဟုတ်ဘူးနော်၊ အဲဒါဟာ သာမန်လောက် ကြိုးစားတဲ့ လူငယ်ကိုင်း ဖြစ်နိုင်တယ်၊ အထင်မကြီးဘဲ နေချင်ရင် နေလို့ရတယ်"

ကျော်သာ သဘောတူပါသည်၊

"စိတ်နေ စိတ်ထား ရိုးဖြောင့် ကောင်းမွန်တာ အလုပ်အပေါ်မှာ စူးစိုက်တဲ့ အာရုံထားပြီး အတွေး အခေါ် ထက်မြက်တာ၊ ဖောက်ပြန်နိုင်ခွင့်တွေ အလွယ်ကြုံရက်နဲ့ မဖောက်ပြန်တာ၊ အမှန်ကို ဆုံးဖြတ်ရာမှာ သတ္တိရှိတာ. . . . ၊ အဲဒါတွေကမှ တကယ့် အထင်ကြီးစရာ ကောင်းတာ"

ဧည့်ခန်းဘက်ရှိ သံစုံနာရီကြီးမှ ၁၂-နာရီထိုးသံ ထွက်ပေါ်လာသည်။

ညဉ့်နက်ပြီ ဆိုခြင်းကို နှစ်ဦးစလုံးပင် သတိပြုပစ် လိုက်ကြသည်။

"ဒါပေမယ့် မောင်ကျော်သာနဲ့ နီးနီးကပ်ကပ် မဆက်ဆံရတဲ့ သမီးက ဒါတွေကို သိခွင့်မရှိဘူး၊ ဦးက အလျဉ်းသင့်တဲ့အခါတိုင်း ပြောပြပါတယ်၊ ဒါပေမယ့် ပြောဖန်များလာတော့ ဖေဖေကလည်း ဒီလူကို ဘာလို့များ ဒီလောက်အထင်ကြီးနေတာလဲလို့ နားကြားပြင်းကတ်လာတယ်၊ သူ့ မျက်နှာမြင်ရုံနဲ့ ဦး သိပါတယ်. . . "

ဒါကြောင့်မို့ ဦးက မောင်ကျော်သာကို အိမ်မှာ ပြောင်းနေဖို့

www.burmeseclassic.com

www.burmeseclassic.com

ခေါ်ထားလိုက်တာ”

ဦးမင်းအောင်ကို ကျော်သာ လေးစားရုံသာမက သနားကြင်နာမိသည်။

“ဒါလည်း ဦး မအောင်မြင်ပါဘူး၊ သမီးက မောင်ကျော်သာနဲ့ ရောရောနှောနှော မနေသလို မောင်ကျော်သာကလည်း ကျေးဇူးရှင်ရဲ့ သမီးဆိုပြီး လေးစားနေရတာက အဟန့်အတား တစ်ခု ဖြစ်နေတယ်”

ဦးမင်းအောင်၏ အသေးစိတ် သိမြင်တတ်ပုံကို ကျော်သာ အံ့သြမိသည်။

“နှမ်းကိစ္စမှာ ကျမှ သမီးက စိတ်ဝင်စားလာတယ်၊ ဒါပေမယ့် အကောင်းစိတ်ဝင်စားတာ မဟုတ်ဘူး၊ သူ့အဖေနဲ့ အယူအဆကွဲလွဲလို့ မောင်ကျော်သာကို မကျေနပ်စိတ်နဲ့ စိတ်ဝင်စားတာ”

ကျော်သာက သူလည်း သိကြောင်း ခေါင်းညိတ်ပြသည်။

“တကယ်တော့ နှမ်းကိစ္စမှာ မောင်ကျော်သာရဲ့ တွေးပုံတွက်ပုံကို ဦး သဘောမကျခဲ့တာ အမှန်ပါ၊ မောင်ကျော်သာက ဦးမှာရှိနေတဲ့ နှမ်းတွေကို ဝယ်မယ်ဆိုတော့ ဦး သိပ်အံ့သြသွားတယ်၊ မောင်ကျော်သာကိုလည်း ပထမဆုံး အကြိမ်အဖြစ် စိတ်ပျက်သွားမိတယ်. . . .”

“ဒါပေမယ့် မောင်ကျော်သာ ပြောပုံ ဆိုပုံကို ကြည့်တော့ ဦးကို ဆန့်ကျင်နေတာ မဟုတ်ဘူး၊ ကိုယ် ယုံကြည်တာကို သတ္တိရှိရှိ လုပ်ကြည့်ဖို့ ကြိုးစားနေတယ် ဆိုတာ ဦး သဘောပေါက်သွားတယ်၊ အယူအဆချင်းမတူတဲ့ ကိစ္စမှာ ဦး မှန်သလား၊ မောင်ကျော်သာ မှန်သလားဆိုတာ အဲဒီအချိန်မှာ အဖြေ မသိနိုင်သေးဘူးလေ. . .”

“ဒီတော့ မောင်ကျော်သာဘက်က မောင်ကျော်သာ လုပ်ချင်တာကို လုပ်နိုင်ခွင့်ရဖို့ လိုတယ်၊ အဲဒီမှာ မောင်ကျော်သာ



ငွေရဖို့ လိုတယ်၊ ဒါကြောင့် ပွဲစားကြီး ဦးသိန်းကို မောင်ကျော်သာ ငွေလာချေးရင် ချေးဖို့ ဦး ပြောလိုက်တာ”

“ဗျာ”

ကျော်သာ သိပ်ကို အံ့သြသွားမိသည်။

အဲဒီနေ့ မနက်ကပဲ မောင်ကျော်သာ ယူတဲ့ငွေ အားလုံး မောင်ကျော်သာ မဆပ်နိုင်ရင် ဦး ဆပ်ပါမယ် ဆိုတဲ့ ဝန်ခံ ကတိပြုစာချုပ် ဦး ကိုယ်တိုင် သွားပေးလိုက်ရတာ”

“ဩော်. . . ဦး ရယ်. . . .”

“ဒီကိစ္စကို ဦးတို့နှစ်ယောက်က လွဲရင် ဘယ်သူ့မှ အသိမပေးဖို့တော့ မှာခဲ့ရတာပေါ့ကွာ”

ထို့ကြောင့် ဤမျှများသော ငွေကို ဦးလေးသိန်း လွယ်လွယ်နှင့် ထုတ်ချေးခြင်း ဖြစ်ကြောင်း ကျော်သာ အခုမှ နားလည်ပါတော့သည်။

သူ တွက်ပြပုံကို နားလည် လက်ခံပြီး ချေးသည်ထင်ခဲ့မိသည်မှာ မှားကြောင်း ခုမှ သိရတော့သည်။

ကျော်သာ ထိုင်နေရာမှ ထ၍ ဦးမင်းအောင်ကို ရိုသေစွာ ကန်တော့သည်။

လေးစားခြင်း ကြည်နူးခြင်း ဝမ်းသာရလွန်းခြင်း တို့ကြောင့် ဖြစ်ပေါ်လာသော ပီတိမျက်ရည်များသည် ကျော်သာ၏ မျက်လုံးများမှာ ရစ်ဝဲလျက်. . . .

“ကဲ. . . ထ. . . ထ. . . မောင်ကျော်သာ ပြန်ထိုင်ပါဦး”

ဦးမင်းအောင်မှာ ပြောစရာတွေ အများကြီး ကျန်သေးသည်။

ကျော်သာ ပြန်၍ ထိုင်ပါသည်။

“ဒီကိစ္စမှာ ဦးတို့ အမြတ်တွေ အများကြီး ရလိုက်တယ်”

www.burmeseclassic.com

www.burmeseclassic.com



ကျော်သာ ခေါင်းညိတ်သည်။

"ငွေ သိန်းခြောက်ဆယ်လောက် မြတ်တာကို ပြောတာ မဟုတ်ဘူးနော်၊ ဒါပေမယ့် အဲဒီ ငွေလည်း ပါတာပေါ့၊ ပွဲရုံ ပွဲစား လောကမှာ မောင်ကျော်သာကို အားလုံး အထင်ကြီး လေးစားသွားကြတယ်၊ သမီးကိုယ်တိုင်လည်း မောင်ကျော်သာ အပေါ်မှာ အယူအဆ ပြောင်းသွားတယ်။ အထင်မကြီးရင်တောင် အထင်မသေးဝံ့တော့ဘူးလို့ ဦး ထင်တယ်၊ ဒါဟာ ဦးတို့ ရတဲ့ အကြီးဆုံး အမြတ်ပဲ"

"ကျွန်တော်. . ."

"ခဏနေဦး မောင်ကျော်သာ ဦးဆက်ပြောဦးမယ် မောင်ကျော်သာကလည်း ဦး ထင်ထားတာထက် အများကြီး ပိုတော်တာကို တွေ့ရတယ်၊ တွက်ချက်တာကို ပြောတာ မဟုတ်ဘူး၊ ဒီကိစ္စတွေ အားလုံးပြီးသွားတော့ ဦးမှားတယ်၊ ငါမှန်တယ်လို့ မာန မတက်ဘူး၊ ဒါဟာ လူငယ်တစ်ယောက် အနေနဲ့ မာန်တက်သွားသင့်တဲ့ ကိစ္စပဲ၊ ဒါပေမယ့် မောင်ကျော်သာက ရတဲ့ငွေ အားလုံးနဲ့ ဦးကို ကန်တော့တယ်. . ."

"ဒီငွေကို ဦး မယူပါဘူး၊ အဲဒီငွေထက် ပိုအဖိုးတန်တဲ့ မောင်ကျော်သာရဲ့ ကျေးဇူး သိတတ်ခြင်းကို ယူလိုက်ပါတယ်"

"ဦးရယ်. . . . ကျွန်တော့်ကိုလည်း ပြောခွင့်ပြုပါဦး"

ကျော်သာ ပြောချင်လွန်း၍ ဖြတ်ပြီး တောင်းပန်လိုက်သည်။

"ကဲ. . . ပြော"

"ကျွန်တော် ဘယ်လို ပြောရမှန်းတောင် မသိတော့ပါဘူး၊ ဦးဟာ ကျွန်တော် ပြောတတ်တာထက် ပိုပြီး အထင်ကြီး လေးစားစရာ ပုဂ္ဂိုလ်ကြီး ဖြစ်နေတယ်လို့ပဲ ကျွန်တော့်ကို ပြောခွင့်ပြုပါ"

ကျော်သာ တအံ့တသြ ဖြစ်ရလွန်း၍ စကားတွေပင် ဗလုံးဗ



ထွေး ဖြစ်နေသည်။

"အမှန်တော့လည်း ဒါတွေဟာ ဘာမှ အံ့သြစရာမရှိပါဘူးကွာ၊ ဦးကိုယ်တိုင် မောင်ကျော်သာကို မှန်မှန်ကန်ကန် လက်ခံနားလည်နိုင်တာဟာ ဦး ကိုယ်တိုင်ကလည်း မောင်ကျော်သာ လိုပါပဲ၊ ဦးက ဘုတလင်ကကွ၊ မိဘမရှိတဲ့နောက် အစ်မနဲ့ အတူ အရောင်းအဝယ် လုပ်နေရာကနေ မန္တလေး ရောက်လာပြီး ခင်မွန်တို့ အမေ မသိန်းရဲ့ အဖေ ပွဲရုံမှာ တပည့်ခံပြီး အကူ ပွဲစားလုပ်ခဲ့ရတယ်၊ ရိုးဖြောင့်တာ ကြိုးစားတာကို သဘောကျလို့ မသိန်းတို့ အဖေက မသိန်းနဲ့ ပေးစားတာနဲ့ ဒီလို ဘဝ ရောက်လာရတာပဲ"

"ဟုတ်ကဲ့. . . . အဲဒါကိုတော့ တခြားပွဲစားတွေ ပြောပြလို့ ကျွန်တော် ကြားဖူးထားပါတယ်"

"မသိန်းက တစ်ဦးတည်း သမီးကွ၊ ဦးတို့တုန်းကတော့ အခက်အခဲ မရှိပါဘူးကွာ၊ လူကြီးတွေ စီမံတဲ့ အတိုင်း နာခံလိုက်ကြတာပါပဲ၊ ဒါပေမယ့် ဦးတို့ အိမ်ထောင်ရေး အဆင်ပြေပါတယ်၊ ကလေး စကားပြောရရင် တစ်ယောက်နဲ့ တစ်ယောက်လည်း သိပ်ချစ်ခဲ့ကြပါတယ်. . ."

"အဲ. . . . သမီးလေး ခင်မွန်ကတော့ ဦးတို့ရဲ့ တစ်ဦးတည်း သမီး မဟုတ်ဘူးကွ၊ သူ့ အထက် သားတစ်ယောက်ရှိသေးတယ်၊ သိပ်လိမ္မာတဲ့ သား၊ ဦးတို့ လင်မယား သိပ်ချစ်ခဲ့ကြတဲ့ သားပေါ့ကွာ"

"သူ့ ခမျာ ဘဝကံ အကြောင်းပါလာတော့ ဆယ်ခြောက်နှစ်သားမှာ တန်ဆောင်မုန်းလ သူ့ သူငယ်ချင်းတွေနဲ့ စစ်ကိုင်းတောင် သွားကြတော့ ဧရာဝတီမြစ်ထဲ ရေဆင်းကူးရင်း ရေနစ်ပြီး ဆုံးသွားရှာတယ်"

ဦးမင်းအောင် ပြောနေရင်း စိတ်မကောင်း ဖြစ်လာဟန်တူပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလည်း ပွဲရုံက လူတွေ ပြောလို့ ကျွန်တော် သိပါတယ် ဦး"

"အေးကွာ. . . ဦး ဇနီးကတော့ သူ့ သားဆုံးပြီးကတည်းက တရှောင်ရှောင် ဖြစ်လာတာပါပဲ၊ သူ့မှာ အဲဒီ အချိန်ကတည်းက နှလုံးရောဂါလည်း ရှိနေတော့ ပိုဆိုးတာပေါ့၊ သူ့ ခမျာ သားစိတ်နဲ့ပဲ သက်တမ်း တိုသွားတယ်လို့ ဦး ကတော့ ထင်တာပဲ၊ သူ ဆုံးတော့ လေးဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ်ကွ"

"သြော်. . . ငယ်သေးတာပေါ့နော်"

ကျော်သာ စိတ်မကောင်း ဖြစ်မိသည်။

"သားကိစ္စက ဖြစ်ထားတာရှိလို့ သမီးကျတော့ ဦးတို့ ပိုပြီး ဂရုစိုက်တယ်၊ အသွားအလာတောင် မိဘ မပါရင် ဝေးဝေးလံလံ ဘယ်မှ မလွှတ်ဘူး၊ ဒါတောင် တက္ကသိုလ်မှာ ကျောင်းတက်ရင်း ဖေအောင်ဇော် ဆိုတဲ့ ကောင်လေးတစ်ယောက်နဲ့ သမီး ရည်းစားဖြစ်တယ်၊ ဒါကိုလည်း မောင်ကျော်သာ အမှန်အတိုင်း သိသင့်ပါတယ်"

ဦးမင်းအောင်၏ ရိုးသားပွင့်လင်းမှုကို ကျော်သာ လေးစားမိသည်။

"တက္ကသိုလ်မှာ ကျောင်းတက်ရင်း တွေ့တယ်ဆိုလို့ တက္ကသိုလ်ကျောင်းသား မထင်နဲ့ဦး၊ ဆယ်တန်းနှစ်ခါကျပြီး ကျောင်းဆက်မနေတော့ဘူးတဲ့၊ ဒါအထိ ဦးက အပြစ်မပြောသေးပါဘူး၊ ဒါပေမယ့် အဲဒီ ကောင်လေးက ကျောင်းနေပြီး ပညာမကြိုးစားချင်သလို ဘာအလုပ်မှ လက်ကြောတင်းအောင် မလုပ်ချင်ဘူး၊ သူ့ အစ်မတွေက နည်းနည်းပါးပါး တတ်နိုင်တော့ အဝတ်အစား ကောင်းကောင်း ဝတ်ပြီး စက်ဘီးနဲ့ ထွက်လိုက်. . ."

"ခုခေတ် မိန်းကလေးတွေ အထင်ကြီးမယ်ဆိုရင် ကြီးမယ့် ပုံမျိုးပေါ့ကွာ၊ ဦး စုံစမ်းခိုင်းတဲ့ လူတွေပြောပြတာဆိုရင် ငွေသာ



ဝင်အောင် မရှာတာ၊ ငွေသုံး လက်ဖွာတယ်၊ အချေးအငှားများတယ်၊ ငွေရေး ကြေးရေး ကတိမတည်ဘူး၊ မိန်းမကိစ္စ ရှုပ်တယ်၊ အချို့ မိန်းကလေးတွေ ဆီကနေ ငွေချေးပြီး သုံးတယ် ဆိုတာမျိုးတွေအထိ သိရတယ်"

"ဒီလိုလူမျိုးနဲ့ သမီးရည်းစားဖြစ်တာကို ဘယ်လိုလုပ်ပြီး ဦး လက်ခံလို့ရမလဲ၊ အိမ်ထောင် ချပေးပြီး ဒီပွဲရုံလုပ်ငန်းကြီး တစ်ခုလုံး ထိုးအပ်ဖို့ ဆိုတာမျိုးကို စဉ်းတောင် မစဉ်းစားနိုင်ဘူး၊ သမီးကို ကျွန်တာ တွေ အလိုလိုက်နိုင်ပေမယ့် ဘဝ တစ်ခုလုံး ပျက်စီးမှာမျိုးတော့ ဘယ်လိုမှ အလိုမလိုက်နိုင်ပါဘူး၊ ဒါနဲ့ သမီးကို ဒီကောင်လေးနဲ့ လုံးဝ အဆက်အသွယ် ဖြတ်ခိုင်းရတယ်၊ သူ ကတိပေးပါတယ်၊ အဆက်အသွယ် ဖြတ်လိုက်ပြီလို့လည်း ပြောပါတယ်. . ."

"ဒါပေမယ့် ဒါမျိုးဆိုတာ စိတ်ချလို့တော့ မရဘူးပေါ့၊ သမီး တစ်ကောင် နွားတစ်ထောင် လုံအောင် အမြဲစောင့်နိုင်ခဲ့တာ ဒီတော့ မဖြစ်သင့်တာ မဖြစ်ဖို့ဆိုရင် ဖြစ်သင့်တာကို ကိုယ်က စီစဉ်ပေးဖို့ လိုတယ်. . ."

"သမီးတို့အရွယ်ဟာ အမြင်ကျဉ်းသေးတုန်းပါ၊ အကောင်း အဆိုး အမှားအမှန် ဝေဖန်နိုင်တာ မဟုတ်သေးဘူး၊ ထင်မိထင်ရာ ဖွဲ့မိဖွဲ့ရာ၊ ရှုမိရှုရာလေးတွေရှိတတ်တယ်၊ ဒီတော့ ဝေဖန်နိုင်တဲ့လူက အမှန်လမ်းကြောင်းပေါ်ကို ဆွဲခေါ်ပေးဖို့ လိုပါတယ်"

"ဒါပေမယ့် ဇွတ်အတင်း အိမ်ထောင်ချပေးတာမျိုးကို ဦး မလုပ်ချင်ပါဘူး၊ အဲဒီလို လုပ်တာဟာလည်း မမှန်ဘူး. . ."

"အိမ်ထောင်ရေးဆိုတာ နှစ်ဦးနှစ်ဘက် မေတ္တာမျှမှလည်း သာယာချမ်းမြေ့တယ်၊ စီးပွားဥစ္စာ တိုးတက်တယ်"

ကျော်သာ ခေါင်းညိတ်လိုက်မိသည်။

ဦးမင်းအောင်က ကျော်သာ့မျက်နှာကို လှမ်းကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်သည်။

"ဒီတော့ မောင်ကျော်သာကို ဦး ပွင့်ပွင့်လင်းလင်း ပြောမယ်၊ သမီးဘက်က စိတ်နေစိတ်ထား ပြောင်းလဲလာဖို့ဆိုတာ မောင်ကျော်သာဘက်ကလည်း စိတ်နေစိတ်ထား ပြောင်းလဲဖို့လိုတယ် ကိုယ့် ကျေးဇူးရှင် တစ်ယောက်ရဲ့ သမီးဆိုတဲ့ အဟန့်အတားကို မောင်ကျော်သာက အရင် ဖယ်ရှားပစ်ဖို့ လိုပါတယ်၊ ဒါက သူ့ကို စော်ကားတာမှ မဟုတ်ဘဲ၊ သူ့ ဘဝကို တာဝန်ယူ ကူညီစောင့်ရှောက်နိုင်ဖို့ပဲ. . ."

"ဒီတော့ မောင်ကျော်သာကို သားတစ်ယောက်လို အားကိုးလို့ ဦး လူငယ်စကား ပြောပါရစေ၊ မောင်ကျော်သာ့ဘက်က မေတ္တာစိတ်ရှိမှ သူ့ဘက်ကလည်း တုံ့ပြန်တဲ့မေတ္တာ ဖြစ်လာနိုင်မှာ၊ ဒီလောက် ဦး ပြောရင် မောင်ကျော်သာ သဘောပေါက်မှာပါ"

ဦးမင်းအောင် ပြောနေရင်းမှာပင် ဖခင်တစ်ယောက်အနေနှင့် ရက်ရွံ့လာနိုင်သည်ကို ကျော်သာ နားလည်လိုက်ပါသည်။ ဤမျှအထိ ပွင့်လင်းလွန်းသည်ကိုပင် လွန်လှပြီဟု ကျော်သာ လေးစားခိတ်နှင့်အတူ အံ့ဩနေမိသည်။

ဦးမင်းအောင် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်ပါသည်။

"တကယ်ကတော့ ဒါတွေဟာ မိခင်တစ်ယောက်က လိမ္မာပါးနပ်စွာ သွယ်သွယ်ဝိုက်ဝိုက် ပြောရလုပ်ရတာမျိုးတွေပါ၊ ဒါပေမယ့် ဘယ်လိုလုပ်တတ်နိုင်မှာလဲ၊ သမီးမှာ အမေကမှ မရှိတော့ဘဲ၊ တစ်မျိုးတော့လဲ ကောင်းတာပေါ့လေ၊ အမျိုးသမီးတွေဆိုတော့ လိမ္မာပါးနပ်စွာဆိုပြီး လုပ်နေရတာနဲ့ အချိန်တွေကုန်ပြီး လိုရင်းမရောက်ဘဲ လွဲကုန်တာတွေ ရှိတတ်တယ်၊ ယောက်ျားအချင်းချင်းဆိုတော့ တိုက်ရိုက်ပဲ ပြည့်ပြည့်စုံစုံ နားလည်အောင် ပြောလို့ရတာပေါ့. . ."



"တကယ်တော့လည်း ဒါဟာ ရှက်စရာတော့ မဟုတ်ပါဘူးကွာ၊ လူ့သဘာဝတရား၊ လူမှုရေး တရားတွေကို ဖခင်တစ်ယောက်ရဲ့ တာဝန်နဲ့ ပေါင်းစပ်ပြီး ဆောင်ရွက်ရတာတွေပါ"

ဦးမင်းအောင် သူ့ဘာသာ အဖြေစကား ဆိုလိုက်သည်။

"ဦး ပြောတာတွေကို ကျွန်တော် နားလည်နေပါပြီ ဦး"

ကျော်သာ နားဆောင်ရသည်ပင် ဦးမင်းအောင်ကို မျက်နှာပူပြီး အားနာလှပါပြီ။

"မောင်ကျော်သာ ဦးကို ဘာများပြောစရာရှိသေးလဲ"

စူးစမ်းသောအမေးနှင့် အတူ စူးစမ်းသော မျက်လုံးများ။

"မရှိပါဘူး ဦး"

အမှန်ပင် ကျော်သာ ဘာပြန်ပြောရမှန်း မသိ၍ ဘာပြောစရာမျှ မရှိပါ။

ဦးမင်းအောင်က အိတ်ထဲမှ နဂါးစပါယ်ရှယ် ဆေးပေါ့လိပ်အသစ်တစ်လိပ်ကို ထုတ်၍ မီးညှိမည်ပြုပြီးမှ မညှိတော့ဘဲ အိတ်ထဲသို့ ပြန်ထည့်လိုက်သည်။

"ကဲ. . . . ဒါဆိုရင် ညဉ့်လဲနက်လှပြီ အိပ်ကြစို့"

ဦးမင်းအောင် နေရာမှထ၍ ကျော်သာပါ ထိုင်နေရာမှ ထလိုက်သည်။

အတော်လေး ပင်ပန်းနွမ်းနယ်သွားဟန်တူသော ဦးမင်းအောင်၏ မျက်နှာကို လှမ်းကြည့်ပြီး ကျော်သာ စိတ်မကောင်းဖြစ်မိသည်။

အိမ်ပေါ်သို့ တက်ရန် လှေကားဆီသို့ သွားနေသော ဦးမင်းအောင်၏ နောက်ကျောကို ကျော်သာ ငေးကြည့်နေမိပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ကလင်. . . . ကလင်. . . . ကလင်. . . . ကလင်"

နေ့ခင်းမှာ ခင်မွန်တစ်ယောက်တည်း ရှိနေစဉ် တယ်လီဖုန်း မြည်လာသည်။

"ဟုတ်ကဲ့ ပြောပါရှင့်"

". . . . . . . . . . . . ."

"ဟင်. . . . အောင်"

". . . . . . . . . . . . ."

"မရှိပါဘူး"

". . . . . . . . . . . . ."

"ဒေါ်မြတော့ ရှိတာပေါ့"

". . . . . . . . . . . . ."

"မဖြစ်ဘူး ထင်တယ် အောင်"

". . . . . . . . . . . . ."

"မာလီ အဘိုးကြီးကလည်း ခြံထဲမှာ ရှိနေတာပေါ့"

". . . . . . . . . . . . ."

"အပြင်ကို ခင်မွန် ခဏ ထွက်ခဲ့မယ်လေ"

". . . . . . . . . . . . ."



"မကောင်းဘူး ထင်တယ် အောင်"

". . . . . . . . . . . . ."

"ဖေဖေကလည်း တစ်ခါတစ်လေ နေ့ခင်း ပြန်လာတတ်တယ်"

". . . . . . . . . . . . ."

". . . . . . . . . . . . ."

ခင်မွန် ခေါင်းကုတ်နေရပြီ။

". . . . . . . . . . . . ."

"မကောင်းဘူး ထင်တယ် အောင်"

". . . . . . . . . . . . ."

". . . . . . . . . . . . ."

"အောင်. . . . နေဦး. . . . ခင်မွန့်. . . . ပြော"

"တူ. . . . တူ. . . . တူ. . . . တူ"

"ဟာ. . . . ပြဿနာပဲ စိတ်ညစ်စရာ ကောင်းလိုက်တာ"

ဧည့်ခန်းထဲမှ ဆက်တီ ဆိုဖာမှာ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်ရင်း ခင်မွန့်မျက်နှာ ရှုံ့မဲ့၍ ခေါင်းမှ ဆံပင်များကို ကုတ်ဖွပစ်လိုက်သည်။

နံရံပေါ်မှ သံစုံနာရီကို လှမ်းကြည့်လိုက်သည်။ တစ်နာရီထိုးရန် ၁၀ မိနစ်သာ လိုတော့သည်။ အချိန်က သိပ်မရှိ။

ဤသို့ အကျပ်ကိုင် သည်ကိုတော့ စိတ်ထဲက မကျေနပ်။ သို့သော် ဖေဖေသိလျှင် ပြဿနာ တက်မှာကိုလည်း စိုးသည်။

"ဒေါ်မြရေ. . . . ဒေါ်မြ"

စိတ်ပေါက်ပေါက်နှင့် သံကုန် အော်လိုက်သည်။

"လာပြီဟေ့. . . . လာပြီ"

သူ ခန္ဓာကြီး ဝဝတုတ်တုတ်နှင့် ဒေါ်မြ အပြေးအလွှား

www.burmeseclassic.com

www.burmeseclassic.com

ရောက်လာသည်။

"စက်ဆိုင်မှာ အင်္ကျီအပ်ထားတာ ဒီနေ့ပြီးမယ် ပြောတယ် သွားလိုက်စမ်းပါ"

"အမယ်လေး. . . . ခင်မွန်ရယ် အင်္ကျီ အယူခိုင်းတာများ အထိတ်တလန့်"

"ပြီးမယ်ပြောပြီး မပြီးသေးတဲ့ စက်ဆိုင်ကို ဒေါသဖြစ်လို့၊ မနက်ဖြန် သွားစရာ အရေးကြီးလို့ပါ၊ ပြောလိုက် မပြီးသေးရင် စောင့်ခိုင်းပြီး ယူခဲ့"

"ကြာနေရင်. . . ."

"ကြာပါစေ. . . . စောင့်သာယူခဲ့"

ခင်မွန်က ငွေထောင့်နှစ်ရာ ယူပေးလိုက်သည်။

"ခုသွားရမှာလား. . . ."

"ခုသွားလေ. . . . လမ်းထိပ်ကနေ ဘတ်စ်ကား စီးသွား ရော့ တစ်ရာ့ငါးဆယ် လမ်းစရိတ်ယူသွား"

"အေး. . . . အေး. . . ."

လမ်းစရိတ် ပိုပိုမိုမို ပေးလိုက်၍ ဒေါ်မြ ကျေနပ်ပြီး ထွက်သွားသည်။

ခင်မွန် တိုက်ထဲမှ ထွက်ခဲ့သည်။

ပန်းခြံထဲမှာ မာလီအဘိုးကြီးက သစ်သားတိုင်များကို သဇင် စိုက်ရန် အုန်းဆံကြိုးနှင့် ရစ်ပတ်နေသည်။

"ဦးလေး. . . . မြန်မြန် လာစမ်းပါ"

အဘိုးကြီး ရစ်ပတ်လက်စ အုန်းဆံကြိုးခွေကို ချထားခဲ့ ပြီး ထ, လာသည်။

"ကျွန်မသူငယ်ချင်း ဖုန်းဆက်လို့ ဘုရားကြီးဈေးထဲမှာ သဇင်ဥတွေ ရောင်းနေတယ်တဲ့၊ ရခိုင် သဇင်ဥတွေ၊ အကြီးကြီးတွေ



ပဲတဲ့၊ အခုချက်ချင်း သွားဝယ်ရင် ရမယ်ဆိုလို့ ဦးလေး သွားလိုက် နော်"

"အေး. . . . အေး. . . . ရခိုင် သဇင်ဥ ရရင် သိပ်ကောင်း တာပေါ့"

"ရော့. . . . ဦးလေး ငွေ နှစ်ထောင်ယူသွား၊ ရသလောက် ဝယ်ခဲ့၊ မေးမြန်းပြီး အသေအချာ တွေ့အောင်ရှာနော်"

"အေးပါ. . . . ဘုရားကြီးဈေးက ဘယ်လောက် ကြီးတာ မှတ်လို့"

"ဘတ်စ်ကားနဲ့သွား. . . . ရော့၊ ဒါက ဘတ်စ်ကားခနဲ့ ဦးလေး လက်ဖက်ရည်ဖိုး"

ခင်မွန်က နှစ်ရာတန် နှစ်ရွက် ထပ်ပေးသည်။

အဘိုးကြီးက ပိုပိုမိုမို ငွေကလေးရ၍ ဝမ်းသာသွားသည်။

ဒေါ်မြရော အဘိုးကြီးပါ ထွက်သွားပြီဖြစ်၍ ခင်မွန် အိမ်ထဲ ဝင်လာသောအခါ သံစုံနာရီမှ တစ်နာရီ ထိုးသံကြားရသည်။ နောက် ငါးမိနစ်ဆိုလျှင် အောင်ဇော် ရောက်လာတော့မယ်။

"ဒီနေ့ ဖေဖေ ညနေမှ ပြန်လာပါစေ"

လာတော့ လာခဲ့သည်။ သို့သော် တစ်ခါတရံမှာ မမျှော်လင့် ဘဲ ပြန်လာတတ်၍ ခင်မွန် စိုးရိမ်မိခြင်း ဖြစ်သည်။

ခေါင်းကို ကုတ်ဖွထား၍ ဆံပင်များ ဖွာနေသောကြောင့် ပြုပြုပြင်ပြင် လုပ်ရန် အိမ်ပေါ်သို့ ခဏတက်ခဲ့သည်။

အင်္ကျီပါ လဲဝတ်လိုက်သည်။

ခေါင်းဖြီးသည်။

မျက်နှာကို ခရင်းပတ်(ဖ်) ရိုက်နေစဉ် မှန်ထဲတွင် မြင်လိုက်ရ သည်က. . . .

"ဟင်. . . . အောင်. . . . ဘာလို့ အိမ်ပေါ်အထိ တက်

www.burmeseclassic.com

www.burmeseclassic.com

လာရတာလဲ"

ခင်မွန် ထိတ်လန့်သွား၍ လက်ထဲမှ ပတ်(ဖ်)ကို လွတ်ချလိုက်သည်။

"ဘာလဲ လန့်သွားလား၊ သွားခါနီး ခင်မွန်နဲ့ နှစ်ယောက်တည်း အေးအေးဆေးဆေး လွတ်လွတ် လပ်လပ် တွေ့ချင်လို့ပါ"

အောင်ဇော် ရှေ့သို့ တိုးလာသည်။

"ဟင့်အင်း. . . . အခုလို အခန်းထဲအထိ ဝင်လာတာတော့ မကောင်းဘူး အောင်၊ လာပါ အောက်ဆင်းရအောင်"

"ခဏလေး နေပါဦး ခင်မွန်ရယ်"

အောင်ဇော်က ခင်မွန်ကို ဖက်ရန် ကြိုးစားသည်။

ခင်မွန် နောက်ကို ဆုတ်လိုက်သည်။

နောက်မှာ သူ အိပ်သော ခုတင်။

ပန်းနုရောင် တရုတ်အိပ်ယာခင်း လှလှလေး ခင်းထားသည်။ ခုတင်ကို မြင်တော့ ခင်မွန် ရင်ထိတ်သွားသည်။

"အဲဒီလို မလုပ်နဲ့ အောင်၊ ခင်မွန် မကြိုက်ဘူး"

ခင်မွန့် အသံမှာ ဒေါသ ပါလာသည်။

"ကိုယ်. . . . ခု တစ်ပတ် ဖားကန့် မော်ကွေ့ထဲအထိ သွားမှာ ခင်မွန်၊ အန္တရာယ် အများကြီး ရှိတယ်၊ ခင်မွန်နဲ့လည်း နီးချင်လွန်းလို့ စွန့်စားရမှာပါ၊ အန္တရာယ် ခရီးကို သွားရမှာမို့ မသွားခင် ကိုယ့်ချစ်သူနဲ့ လွတ်လွတ်လပ်လပ် တွေ့ချင်တာပါ"

"လွတ်လပ်ပါတယ် အောင် လာပါ၊ အောက်ထပ် ဧည့်ခန်းမှာ ဆင်းပြီး အေးအေးဆေးဆေး ပြောကြတာပေါ့"

"အောက်ထပ်မှာ ဆိုရင် တစ်ယောက်ယောက် မြင်သွားနိုင်တာပေါ့"

ခင်မွန် စိတ်ထဲမှာ ကျဉ်းကျပ်လာသည်။ အောင်ဇော်က



ဝင်ပေါက်ဘက်မှ ရပ်နေသည်မို့ အပြင်သို့ ထွက်၍မရ၊

"ကဲ. . . . ဒီလိုဆိုရင်လဲ အပေါ်ထပ်က ဧည့်ခန်းထဲမှာပဲ ထိုင်မယ်"

အောင်ဇော်က လမ်းမဖယ်သေးပါ။

"ကိုယ်. . . . ခင်မွန်ကို မွေးရုံလေးတောင် မွေးခွင့်မပေးတော့ဘူးလား"

"သမီး ကောင်လေးက ရည်းစားများတယ်၊ မိန်းမကိစ္စ ပြဿနာ အရှုပ်အရှင်း ခိုးတယ်၊ တချို့ မိန်းကလေးတွေ ဆီက ငွေချူတာမျိုးတောင် လုပ်တယ်"

ဟု ဖေဖေ ပြောသည်ကို အစကတော့ မယုံဘဲ နေခဲ့သည်။

အခုတော့ သူ့အဘင့်ရဲလွန်းပုံကို ကြည့်၍ ဖေဖေ ပြောတာ မှန်များနေသလားဟု သံသယ ဖြစ်လာမိသည်။

"ခင်မွန့်ကို အဲဒီလိုတော့ အကျပ်မကိုင်နဲ့ အောင်၊ ခင်မွန် မကြိုက်ဘူး"

ခင်မွန် စိတ်ပျက်ပျက်နှင့် ခေါင်းကို စုံကုတ်ပစ်လိုက်သည်။

သွားရမည့် ခရီးအတွက် ခင်မွန့်ထံမှ ငွေရရန် လိုသေးသည်ကို အောင်ဇော် စဉ်းစားမိသည်။ သိပ်ပြီး ကြောက်လန့်နေလျှင် အကြွမ်းမဖက်သင့်သည်ကိုလည်း အတွေ့အကြုံရှိသော အောင်ဇော်နားလည်သည်။

"ကဲပါ ခင်မွန်ရယ်၊ ဒီလောက်လဲ ကြောက်လန့်ပြီး စိတ်ညစ်မနေပါနဲ့၊ ကိုယ်က ကိုယ့်ချစ်သူကို နှစ်ယောက်ထဲ တွေ့လိုက်ရတော့ ချစ်တဲ့ စိတ်တွေ သိပ်ဖြစ်သွားမိလို့ပါ၊ လာ. . . . အပြင် ထွက်ကြတာပေါ့၊ အောက်တော့ မသွားဘူးနော်၊ လူမြင်မှာ စိုးလို့ ဒီအပေါ်က ဧည့်ခန်းမှာပဲ ထိုင်မယ်"

အောင်ဇော် ရှေ့မှ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ခင်မွန် အခုမှ အသက်ရှူချောင်ပြီး ဝမ်းသာသွားသည်။

အခန်းထဲမှ အမြန်ထွက်၍ အောင်ဇော် နောက်သို့ လိုက်ခဲ့သည်။

ဦးမင်းအောင်၏ အခန်းရှေ့တွင် အပေါ်ထပ်ဧည့်ခန်း ရှိသည်။

အောင်ဇော်က သားရေဖုံး နှစ်ယောက်ထိုင် ဆိုဖာ ကုလားထိုင်ကြီးမှာ ပိုင်စိုးပိုင်နင်း ထိုင်ချလိုက်သည်။

"လာလေ. . . . ခင်မွန်. . . . ဒီမှာ ထိုင်"

အောင်ဇော်က သူ့ ဘေးမှာ အထိုင်ခိုင်းသည်။

"ဟင့်အင်း. . . . ဒီမှာပဲ ထိုင်မယ်"

ခင်မွန်က အောင်ဇော်နှင့် မျက်နှာချင်းဆိုင်မှ တစ်ယောက်ထိုင် သားရေဖုံးဆိုဖာမှာ ထိုင်မည်ပြုသည်။

"ဒီလောက် မစိမ်းပါနဲ့ ခင်မွန်ရယ်၊ အဲဒီလို ဆိုရင် ခင်မွန့် ဘေးက ခုံမှာ ကိုယ် ရွှေ့လာရလိမ့်မယ်"

ခင်မွန် စိုးရွံ့စွာနှင့် အောင်ဇော့် ဘေးမှာ ဝင်ထိုင်လိုက်သည်။

"ဖေဖေ ပြန်လာလို့ တွေ့ရင် ပြဿနာ အကြီးအကျယ် တက်လိမ့်မယ် အောင်၊ ပြောစရာရှိတာ မြန်မြန် ပြောပြီး မြန်မြန် ပြန်နော်"

"ရောက်ရောက်ချင်း နှင်နေပြီလား ခင်မွန်ရယ်၊ စိတ်တောင် မကောင်းဘူး"

အောင်ဇော်က ခင်မွန့် လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။ ခင်မွန့် ရင်မှာ ကြောက်သည့်စိတ်က များနေ၍ ချစ်သည့်စိတ်ပင် ပျောက်ကွယ်သလို ဖြစ်နေသည်။

"နှင်တာ မဟုတ်ပါဘူး အောင်ရယ်၊ ခင်မွန် တကယ်ကို



ကြောက်နေလို့ပါ"

ခင်မွန် အသံများ တုန်နေသည်။

"ကိုယ် သိပါတယ်၊ ကြောက်လွန်းလို့ ခင်မွန် လက်တွေ အေးတောင်နေတယ်၊ တစ်ခါမှ ဒီလို မတွေ့ဖူးဘူး"

အောင်ဇော်က အေးစက်နေသော ခင်မွန် လက်ကလေးကို နွေးထွေးလာအောင် ဆုပ်နယ် ပေးနေသည်။

ခင်မွန်. . . . အောင်ဇော်ကို အသနားခံသော မျက်လုံးများနှင့် လှမ်းကြည့်လိုက်သည်။

"စိတ်ချ ခင်မွန်၊ ကိုယ်လေ ခင်မွန်ကို သိပ်ချစ်တဲ့ လူပါ၊ ခင်မွန် စိတ်ညစ်အောင် ခင်မွန် ဒုက္ခဖြစ်အောင် ဘယ်တော့မှ မလုပ်ဘူး၊ အခု မြန်မြန် ပြောစရာရှိတာ ပြောပြီး မြန်မြန် ပြန်မှာပါ"

ခင်မွန် ခုမှ စိတ်ထဲမှာ နေသာ၊ ထိုင်သာ ဖြစ်လာပါသည်။

"ဒါဖြင့်ရင် ပြောလေ အောင်"

"ကိုယ် မနက်ဖြန်ကာ ရထားနဲ့ မိုးကောင်းကို သွားမယ်၊ ကိုယ့် သူငယ်ချင်း ခင်အောင်တင့် ဆိုတဲ့ကောင်လည်း လိုက်မယ်၊ ဒီကောင်က အရင်က လုပ်ဖူးတယ်၊ ဖားကန့် အထိ နှစ်ခေါက်သွားဖူးတယ်၊ ကိုယ်တို့ အခုတစ်ခေါက် ဖားကန့် မော်တွေထဲအထိ အရောက် သွားမယ်"

"သွားဖူးတဲ့ အဖော်ပါတော့ ပိုကောင်းတာပေါ့ အောင်"

"ဒီကောင်က အရင်းအနှီး တောင့်တယ်၊သိန်းလေးဆယ် လောက်ပါမယ်၊ ကိုယ့်ဆီမှာတော့ အရင် တစ်ခေါက်က အရင်းရယ်၊ အမြတ်ရယ် ပေါင်းရယ် ဆယ်သုံးလောက်ရှိတယ်၊ မမတို့ကလည်း ဒီနေ့အထိ သုံးသိန်းပဲ ပေးနိုင်သေးတယ်၊ ကိုယ်က အနည်းဆုံး နှစ်ဆယ်လောက်တော့ ပါသွားချင်တယ်၊ ခုတစ်ခေါက်ကတော့ ခေါ်ချော ပေါက် အမြတ်များမှာပဲ ခင်မွန်"

www.burmeseclassic.com

www.burmeseclassic.com

အောင်ဇော် စကားပြောနေသည်ကို ငေးကြည့်ရင်း နှုတ်ခမ်းမွေး ရေးရေးနှင့် နီရဲနေသော နှုတ်ခမ်းလေးများမှာ ကြည့်၍ ကောင်းလှသည်ဟု မေတ္တာစိတ်များ ပြန်လည် နိုးကြားလာသည်။

"ဟော. . . . ခင်မွန့် လက်ကလေးတွေ နွေးသွားပြီ၊ မကြောက်တော့ဘူး မဟုတ်လား ခင်မွန်"

ခင်မွန် ခေါင်းညိတ်ပြီး ပြုံးပြသည်။

"ကိုယ် ခင်မွန့်ကို သိပ်ချစ်တာပဲကွာ၊ ခင်မွန်နဲ့ နီးဖို့ဆိုရင် အသက်တောင် စွန့်ချင် စွန့်ရ စမ်းပါစေ၊ စွန့်ရဲတယ်၊ ဒါမျိုးတွေ ကိုယ် အရင်က တစ်ခါမှ မလုပ်ခဲ့ဖူးပါဘူး၊ မမတို့တောင် အံ့သြနေတယ်၊ ကိုယ် ခင်မွန်ကို ချစ်လွန်းလို့ လုပ်တာပါ"

အောင်ဇော်က ခင်မွန့် ပခုံးလေးကို ဖက်၍ ယုယစွာ ဆုပ်ကိုင်လိုက်သည်။

"ယုံပါတယ် အောင်၊ ခင်မွန်လည်း အောင့်ကို သိပ်ချစ်ပါတယ်၊ အန္တရာယ် မဖြစ်အောင်တော့ သတိထားပါ အောင်"

အောင်ဇော့်အတွက် ခင်မွန် စိုးရိမ်စိတ် ဖြစ်မိသည်။

အောင်ဇော်က ခင်မွန့် မျက်နှာလေးကို စိုက်ကြည့်နေ၍ ခင်မွန် မျက်လွှာ ချလိုက်သည်။

"သိပ် ချစ်ဖို့ ကောင်းတာပဲ ခင်မွန်ရယ်"

အောင်ဇော်က ခင်မွန့် ပခုံးလေးကို ဖက်ထားလျက်မှ သူ့ဘက်ကို ဆွဲယူလိုက်သည်။ ရုတ်တရက်မို့ ခင်မွန် ယိုင်ပြီး ပါသွားသည်။

"ဟေး. . . . အောင်၊ အဲဒီလို မလုပ်နဲ့ကွာ"

သို့သော် အောင်ဇော်၏ ရင်ခွင်ထဲသို့ ရောက်နေပြီဖြစ်သော ခင်မွန်။

ချစ်သူ၏ အထွေး အပွေ့မှာ လှိုက်ဖို မောခြင်းနှင့် အတူ



သာယာနေမိသော ခင်မွန်။

ရှုန်းရင်း၊ ကန်ရင်းနှင့် ပင့်ကူကြီး အောင်ဇော်၏ ပိုက်ကွန်မှာ ငြိနေပြီ ဖြစ်သော ခင်မွန်။ ရင်ခုန်သံတွေက မြန်လျက်. . . .

အောင်ဇော်က ခင်မွန်၏ ဖြူနုသော လက်ကလေးများကို ကြင်နာစွာ ဆုပ်ကိုင် ပေးနေဆဲ။

ချစ်သူ၏ အတွေ့အထိမှာ သာယာနေမိသော ခင်မွန်၏ လက်ကလေးများသည် အောင်ဇော်၏ ဆုပ်နယ်ပေးနေခြင်းတွင် နူးညံ့ ပျော့ပျောင်းစွာ အလိုက်သင့်ပါလျက်။

"သိပ် ချစ်တာပဲ ခင်မွန်ရယ်"

အောင်ဇော်ထံမှ ထွက်ပေါ်လာသည့် တိုးညှင်းသော မောလျသံ။

"ခင်မွန်လည်း ချစ်တာပါပဲ အောင်ရယ်"

နှလုံးသားမှ ပဲ့တင်သံ။

"အတူတူ နေချင်လှပြီ အချစ်ရယ်"

အောင်ဇော်က ခင်မွန်၏ ဖြူဝင်း အိစက်သော လက်မောင်းသလေးများကို အသာအယာ ဆုပ်ကိုင်လိုက်သည်။

နေ့ခင်းပင် ဖြစ်သော်လည်း အိမ်ကြီး တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

ခင်မွန်က သူ့ ပါးလေးကို အောင်ဇော်၏ ရင်မှာ အလိုက်သင့် ကပ်မှီထားလိုက်သည်။

သူ၏ လွတ်နေသော လက်ကလေး တစ်ဘက်က အောင်ဇော်၏ လွတ်နေသော လက်တစ်ဘက်ကို ခပ်တင်းတင်းလေး ပြန်ပြီး ဆုပ်ကိုင်ထားလိုက်သည်။

ခင်မွန် ရင်ထဲမှာ အချစ်စိတ်များ လွှမ်းမိုးလာ၍ ကြောက်စိတ်များ ထွက်ပြေး ပျောက်ကွယ်သွားကြပြီ။

www.burmeseclassic.com

www.burmeseclassic.com

"ချစ်. . . ."

"အောင်. . . ."

ဆုပ်ကိုင်ထားသော လက်ကလေးများ ပို၍ တင်းကျပ် သွားကြသည်။

"အတူတူ နေချင်လှပြီကွယ်"

"ခင်မွန်လည်း နေချင်တာပဲပေါ့ အောင်ရယ်"

"ခုလိုပဲ ချစ်ကို ရင်ခွင်ထဲမှာ အမြဲတမ်း ထွေးပွေ့ထားချင်တယ်"

အောင်ဇော်က တင်းတင်းလေး ပွေ့ပစ်လိုက်သည်။

"အင့်. . . ."

ခင်မွန် အသက်ရှူရ ကျပ်သွားသည်။

သို့သော် မရုန်းမိ၊ မငြင်းမိ။

ခင်မွန် ဖေဖေ့ကို မေ့သွားပြီ၊ လောကကြီးကို မေ့သွားပြီ၊ အရာအားလုံးကို မေ့သွားပြီ။

ချစ်သူ ရင်ခွင်သည်သာ နှစ်သက်စရာ အကောင်းဆုံး မှီခိုရာဟု မှတ်ထင်ထားလိုက်သည်။

ယခု အချိန်တွင် အချစ်မှတစ်ပါး ဘာကိုမျှ မစဉ်းစားချင်။

ပြင်းထန်သော ရင်ခုန်သံများသည် အခံရ မခက်ဘဲ နှစ်သက်စရာ ဝေဒနာများ ဖြစ်နေ၏။

ပင့်သက်အမောများကိုလည်း လောက၏ အလှတရားများ အဖြစ် ခံစားနေမိကြ၏။

အောင်ဇော်က ခင်မွန်၏ မျက်နှာလေးကို အပေါ်သို့ မော့ယူလိုက်သည်။

တောက်ပ ရွှန်းလဲ့သော မျက်လုံးလှလှလေးများက အောင်ဇော်၏ မျက်လုံးများဆီကို စူးစိုက်စွာ ကြည့်လျက်။



အောင်ဇော်၏ အကြည့်က ခင်မွန်၏ လှပသော မျက်လုံးကလေးများမှတစ်ဆင့် ပါးမို့မို့လေးကို ဖြတ်ကျော်လျက် နီထွေး နူးညံ့သော နှုတ်ခမ်း နှစ်လွှာမှာ ရပ်သွား၏။

ခင်မွန်၏ လုံးကျစ်သော ကိုယ်ကလေးကို အောင်ဇော် ပွေ့ယူ ဆွဲထူလိုက်စဉ်မှာပင် ခင်မွန် တစ်ခုကို သတိရသွား၏။

"ခဏ နေဦး. . . . အောင်"

အောင်ဇော်၏ ရင်ခွင်ထဲမှ ခင်မွန် ရုန်းထလိုက်သည်။

နှစ်ဦးလုံး အချစ်မှ လန့်နိုးသွားရသော အဖြစ်ကို အောင်ဇော် မကျေနပ်။

"ခဏလေးနော်. . . . အောင်၊ ပိုက်ဆံပေးထားဖို့ သတိရလို့ ရုတ်တရက် တစ်ယောက်ယောက် ပြန်လာရင် ပိုက်ဆံ မပေးရသေးဘဲ ဖြစ်နေမှာ စိုးလို့"

အောင်ဇော် မချင့်မရဲနှင့် ခေါင်းညိတ်လိုက်ရသည်။

ခင်မွန် အခန်းထဲသို့ ဝင်သွားသည်။

သူ့ ဗီရိုထဲမှာ စက္ကူအိတ် တစ်အိတ်နှင့် အသင့်ထည့်ပြီး လုံခြုံအောင် ထုပ်ထားသော ငွေ ငါးသိန်းကို ယူလိုက်သည်။

ဗီရိုတံခါးကို ပိတ်ပြီး ထွက်မည်ပြုတော့. . . .

"ဟင်. . . . အောင်"

အခန်းထဲသို့ ရောက်နေသော အောင်ဇော်က အခန်းတံခါးကို အတွင်းမှ ပိတ်နေသည်။

"အဲဒီလိုတော့ မလုပ်နဲ့ အောင်ရယ်၊ ခင်မွန် မကြိုက်ဘူး"

"စိတ်ချပါ ခင်မွန်၊ ခင်မွန် မကြိုက်တာကို ကိုယ်ဘာမှ မလုပ်ဘူး၊ ခင်မွန် စိတ်ဆင်းရဲအောင် ဘာမှ မလုပ်ဘူး၊ ခုထိ ခင်မွန် ကိုယ့်ကို မယုံသေးဘူးလား"

အောင်ဇော်က သူ့ နေရာမှာပင် ရပ်နေ၍ ခင်မွန် စိတ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com


အေးသွားသည်။

"ရော့ အောင်၊ ဒါကို သေသေချာချာ အရင်ထည့်ထား ငွေငါးသိန်း၊ အားလုံးတစ်ထောင်တန်ချည်းပဲ"

ခင်မွန် လှမ်းပေးသော ငွေကို ယူရင်း ခင်မွန်၏ ကိုယ်လေးကိုပါ ရင်ခွင်ထဲမှာ ပွေ့ထားလိုက်သည်။

ခင်မွန်၏ ရင်ခုန်သံတွေ မြန်လာကြပြန်ပြီ။

ဒီတစ်ခါတော့ အချစ်နှင့် အကြောက် အားပြိုင်နေကြသည်။

ခင်မွန်၏ မျက်နှာက အောင်ဇော်၏ ရင်မှာ ကပ်လျက်။ အောင်ဇော်က ချစ်သူ၏ ခေါင်းမှ ဆံပင်ကလေးများကို ကြင်နာစွာ ပွတ်သပ် ပေးနေသည်။

ချစ်သူ၏ အပြုအမူက ကြမ်းလျှင် ခင်မွန်၏ ရင်ခုန်သံများ ဤသို့ မြန်မည် မထင်။

ချစ်သူ၏ ကြင်နာမှုက နူးညံ့လေမှ ခင်မွန့် ရင်ခုန်သံများက ပို၍ မြန်လာရသည်။

နှစ်ဦးသား ပင့်သက် အမောများကို ရှိုက်ကြရပြန်ပြီ။

အောင်ဇော်က ခင်မွန်၏ ကိုယ်လေးကို ရုတ်တရက် ဇွေ့ခနဲနေအောင် ပွေ့လိုက်သည်။

ခင်မွန် လေထဲမှာ လွင့်ပါသွားသလို ရင်ထဲမှာ ဟာခနဲ ခံစားလိုက်ရ၏။

"ဟင့်အင်း အောင်. . . .၊ အဲဒီလိုတော့ မလုပ်နဲ့"

ခင်မွန် ထိတ်ထိတ်လန့်လန့်နှင့် ရှန်းသည်။

ခင်မွန် ရှန်းသော်လည်း အားချင်းက မမျှ. . . .

ချစ်သူမို့ ရက်စက်ကြမ်းတမ်းစွာ ရှန်းကန် တွန်းထိုး လုပ်ရမှာလည်း ခက်နေသည်။

"အောင်ရယ်. . . . ခင်မွန် တောင်းပန်ပါတယ်"

အသနားခံရင်းသာ ရှန်းဖယ် ကာကွယ်နေရသည်။ ဤသို့ ရှန်းရင်းနှင့် ရှုံးသွားမည့် အဖြစ်ကိုလည်း မတွေးဝံ့။

ခင်မွန် ရင်မှာ မောလွန်းလှသည်။

"တီ. . . .တီ. . . ."

အိမ်ဝင်းထဲသို့ ကားဝင်လာသော အသံ။

"ဟော. . . . ဒါ ဖေဖေ့ ကားဟွန်းသံ"

"တောက်. . . ."

အောင်ဇော် တောက်တစ်ချက် ခေါက်လိုက်သည်။

"ဘယ်လို လုပ်ကြမလဲ အောင်"

အောင်ဇော်က ငွေထုပ်ကိုယူပြီး အခန်းတံခါးကို ဖွင့်၍ အပြင်သို့ အမြန်ထွက်လိုက်သည်။

ခင်မွန် သူ့ကိုယ်သူ ပြုပြင်လိုက်သည်။

ပြီးတော့ အခန်းအပြင်သို့ အမြန်ထွက်လိုက်သည်။

အောင်ဇော် လှေကားထိပ်သို့ ရောက်နေပြီ။

"သမီးရေ. . . . သမီး"

အိမ်အောက်မှ ဦးမင်းအောင်၏ အော်သံ ခေါ်သံ။

အောင်ဇော် လှေကားမှ ဆင်း၍ မရတော့ပါ။ ဧည့်ခန်းဘက်သို့ ပြန်ဆုတ်လာသည်။

"ဟယ်. . . . အောင်. . . . ဖိနပ်"

"ဟာ. . . . ဒုက္ခပါပဲကွာ"

လှေကားရင်းတွင် ချွတ်ထားခဲ့သော ဝေါကင်းရှူးကို ခုမှ သတိရကြသည်။

"ဖေဖေ. . . . သတိမထားမိပါစေနဲ့"

သို့သော် ခင်မွန်၏ ဆုတောင်းမပြည့်။

"ဒါ. . . ဘယ်သူ့ ဖိနပ်လဲ၊ ဟော့. . . သမီးရေ. . . ခင်မွန်"

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းအောင် လှေကားပေါ်သို့ တက်လာသော ခြေသံ တဒုန်းဒုန်းကို ကြားရသည်။

"ဘယ်လိုလုပ်ရမလဲ ခင်မွန်၊ ဟင်. . . . ကိုယ် ဘယ်မှာပုန်းရမလဲ"

ခုမှ အောင်ဇော် ထိတ်ထိတ်လန့်လန့် ဖြစ်လာ၍ ခင်မွန့်ထံ အကြံဉာဏ် တောင်းနေသည်။

"ဟို. . . . ဟိုဘက်က စတိုခန်းထဲ သွားပုန်းနေ"

အောင်ဇော် စတိုခန်းဆီသို့ ပြေးသွားသည်။

သို့သော် လှေကားထိပ်သို့ ရောက်လာပြီဖြစ်သော ဦးမင်းအောင် လှမ်းမြင်လိုက်သည်။

ဦးမင်းအောင် အိမ်ပေါ်သို့ ရောက်လာပြီ။

ခင်မွန်ကတော့ ကြောက်လွန်း၍ တဆတ်ဆတ် တုန်နေပြီ။ နေရာမှာပင် ရွေ့၍ မရ။

"ဟင်. . . . သမီးမိုက်၊ တောက်. . . . ခွေးလို မိုက်တဲ့ သမီး"

ခင်မွန် မျက်နှာကို လက်နှစ်ဘက်နှင့် အုပ်၍ ထိတ်လန့်ကြောက်ရွံ့စွာ ငိုကြွေးနေပါပြီ။

ဦးမင်းအောင် စတိုခန်းသို့ တန်းတန်းမတ်မတ် လိုက်သွားသည်။

စတိုခန်းထဲမှ ဆံလည် ကုလားထိုင် အပျက်တစ်ခု၏ နောက်တွင် ထိုင်၍ အောင်ဇော် ငွေ ငါးသိန်းကို စက္ကူအိတ်ထဲမှ ထုတ်ယူပြီး နှစ်ထုပ်ခွဲ၍ ဘောင်းဘီအိတ်နှစ်ခုမှာ ထိုးထည့်နေသည်။

"ဟော့ကောင် မင်း ကောင်းကောင်း မွန်မွန် ထွက်ခဲ့စမ်း။ မထွက်ရင် ငါ အခု ရဲကို ဖုန်းဆက်ခေါ်ပြီး ပိုင်နက်ကျူးလွန်မှုနဲ့ အပ်ရလိမ့်မယ်"



အောင်ဇော် ထွက်လာသည်။

"ဖေဖေ. . . . သူ့ကို ဘာမှ မလုပ်ပါနဲ့ ဖေဖေရယ်၊ သမီးကိုသာ. . . ."

"တိတ်စမ်း. . . . အား. . . ."

ဦးမင်းအောင် ရင်ထဲမှာ အောင့်တက်လာ၍ ရင်ဘတ်ကို လက်နှစ်ဘက်နှင့် ဖိပြီး သတိထား၍ နှစ်ယောက်ထိုင် ဆိုဖာ နားရောက်အောင် သွားသည်။

ဦးမင်းအောင်၏ မျက်လုံးထဲမှာ အိမ်ခန်း တစ်ခုလုံး ပတ်ချာလည်နေကြပြီ။

"ဘုရား. . . . ဘုရား. . . . ဘုရား"

ဦးမင်းအောင် ဘုရားတနေစဉ်မှာပင် အမြင်အာရုံတွေ ဝေဝါးလာပြီး နှစ်ယောက်ထိုင် ဆိုဖာကြီးပေါ်သို့ လဲကျသွားသည်။

"ဖေဖေ. . . . ဖေဖေ"

ခင်မွန် စိုးရိမ်ထိတ်လန့်စွာ အော်၍ ဖခင်ဖြစ်သူထံ ပြေးသွားသည်။ ခင်မွန်၏ အထိတ်တလန့် အော်သံကြောင့် အိမ်အောက်မှ ဒေါ်မြ ပြေးတက်လာသည်။

အောင်ဇော်ကတော့ လှေကားဆီသို့ ပြေးဆင်းသွား၏။ လှေကားပေါ်တွင် ဒေါ်မြနှင့် တိုက်မိမလို ဖြစ်ပြီးမှ အမြန်ရှောင်ပြီး ပြေးဆင်းသွားသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

မန္တလေးဆေးရုံကြီးမှာ အထူးခန်းခုတင်ပေါ်မှ နှာခေါင်း၊ ပါးစပ်၊ လက်ဖျံ တို့တွင် ပိုက်များနှင့် ရှုပ်ထွေးနေသော ဖခင်ကို ကြည့်၍ ခင်မွန် မျက်ရည် မဆည်နိုင် ဖြစ်မိသည်။

ဦးမင်းအောင်ကတော့ မလှုပ်မယှက် ငြိမ်သက်နေသည်။

ဆရာဝန်ကြီးများ ဦးမင်းအောင်၏ အသက်ကို ရလိုရငြား အစွမ်းကုန် ကြိုးစားနေကြသည်။

ဦးမင်းအောင်ကို ကြည့်၍ ကျော်သာ စိတ်မကောင်း ဖြစ်မိသည်။

"လာ. . . . မခင်မွန် ဟိုဘက် အခန်းထဲ စောင့်ရအောင်နော်"

ကျော်သာက ခင်မွန့်ကို ဧည့်သည်များ စောင့်ဆိုင်းရန် အခန်းသို့ ခေါ်လာခဲ့သည်။

"ကိုကျော်သာ ဖေဖေ. . . . ဖေဖေ ပြန်ပြီး ကောင်းလာနိုင်သေးရဲ့လား ဟင်"

"ကောင်းလာပါစေလို့ ဆုတောင်းရမှာပဲ မခင်မွန်"

ကျော်သာလည်း အသေအချာ မပြောနိုင်ပါ။

"ဖေဖေ အကောင်းပကတိကနေ ဒီလိုဖြစ်ရတာ ခင်မွန်



ကြောင့်ပါ၊ ဖေဖေရယ် သမီးမိုက်ကို ခွင့်လွှတ်ပါ"

ခင်မွန် ဝမ်းနည်း ပူဆွေးစွာ ငိုကြွေးမိသည်။

"ဒီမှာ ထိုင်. . . . ခင်မွန်"

ဧည့်သည်နေရန် အခန်းထဲသို့ ရောက်သောအခါ ကျော်သာက ခင်မွန် ထိုင်ရန် ခုံတစ်ခု ယူပေးသည်။

"ဦးဟာ မခင်မွန်ကို တစ်ဦးတည်း သမီးဆိုတော့ သိပ်ချစ်ခဲ့ပါတယ်၊ အတော်လည်း စိုးရိမ်ကြောင့်ကြ ရှိခဲ့တယ်၊ သူ မရှိတဲ့နောက် မခင်မွန် ဒုက္ခဖြစ်မှာကိုလည်း သိပ်စိုးရိမ်ခဲ့တယ်"

"ဒါတွေ အားလုံးကို ကျွန်မ သိပါတယ် ကိုကျော်သာ၊ ခုလို ဖြစ်ရတာလည်း ကျွန်မ ဘယ်လိုမှ မရည်ရွယ်ပဲနဲ့ ရုတ်တရက် ဖြစ်ရတာပါရှင်. . . ."

"ဦးဟာ မခင်မွန်ရဲ့ ကျေးဇူးရှင် ဖြစ်သလို ကျွန်တော့် ကျေးဇူးရှင်လည်း ဖြစ်ပါတယ်၊ ဦးကို ပြန်ပြီး ကောင်းလာစေချင်သေးတယ်၊ ကျွန်တော် ဦးကို ဘာမှ တုံ့ပြန်ပြီး ကျေးဇူးဆပ်ခွင့် မရသေးဘူး"

"ခင်မွန်က ပိုဆိုးတာပေါ့ရှင်. . . ."

"ကျေးဇူးဆပ်ခွင့် မရတဲ့အပြင် ဒုက္ခရောက်အောင် လုပ်တဲ့ သမီး ဖြစ်နေတာ သိပ် ဝမ်းနည်းဖို့ ကောင်းတာပဲ"

ခင်မွန် ပါးပေါ်မှာ မျက်ရည်များ စီးကျနေသည်။

"တကယ်လို့ ပြန်ကောင်းလာရင် ကျေးဇူးဆပ်ဖို့ ကြိုးစားပေါ့ မခင်မွန်"

ဆရာဝန်တစ်ယောက် အခန်းပေါက်သို့ ရောက်လာသည်။

ကျော်သာကို လက်ဟန်အမူအရာနှင့် လှမ်းခေါ်လိုက်သည်။

ခင်မွန့် ရင်ထဲမှာ ထိတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဖေဖေ ဘာဖြစ်လို့ပါလိမ့်၊ ဖေဖေ ပြန်ပြီး ကျန်းမာလာပါစေ"

ဆရာဝန်နှင့် တီးတိုးပြောပြီး အခန်းထဲသို့ ပြန်ဝင်လာသော ကျော်သာ့ မျက်နှာ ပြုံးရွှင်နေသည်။

"ဘာတဲ့လဲ ကိုကျော်သာ"

"ဦး ပြန်ပြီး သတိရလာပြီတဲ့၊ မူလအခြေအနေအတိုင်းပြန်ပြီး ကောင်းမွန်လာနိုင်တယ်တဲ့"

"အို. . . . ဝမ်းသာလိုက်တာ ရှင်. . . ."

ခင်မွန် ဝမ်းသာ စိတ်နှင့် ကျော်သာ့ လက်ကို ဆုပ်ကိုင်ပြီး လှုပ်ရမ်းလိုက်မိသည်။

"ကျွန်မတို့ ခု ဝင်တွေ့နိုင်လား ဟင်"

"ညနေ ဧည့်တွေ့ချိန်ကျမှ လာတွေ့ပါတဲ့၊ အခု သူ ကောင်းကောင်း နားပါစေဦးတဲ့"

ခင်မွန် ခေါင်းညိတ်ပြသည်။

"ဆရာဝန်က တစ်ခုတော့ သတိပေးသွားတယ်၊ သူ့ စိတ်ထိခိုက်မှာဆိုရင် ဘာမှ မပြောကြ မလုပ်ကြပါနဲ့တဲ့"

ခင်မွန့် မျက်နှာလေး ညှိုးသွားရှာသည်။

"ညနေကျရင် ဖေဖေ့ကို ခင်မွန် လိုက်တွေ့လို့ ဖြစ်ပါ့မလား ဟင်"

သူ့ အတွက် ဖေဖေ စိတ်အနှောင့်အယှက် ဖြစ်မည်ကို ခင်မွန် စိုးရိမ်နေသည်။

"ရပါတယ် မခင်မွန်၊ ဦးက မခင်မွန်ကို သိပ်ချစ်တာပါ၊ စဉ်းစားဆင်ခြင်ဉာဏ် ကြီးမားသလို ခွင့်လွှတ်နိုင်စိတ်လည်း အလွန်ကြီးမားသူပါ၊ အခုဟာက ရုတ်တရက်မို့ စိတ်မထိန်းနိုင်လို့ ဖြစ်သွားတာနေမှာပါ. . . ."



"ညနေကျတော့ ကျွန်တော် အရင်ဝင်တွေ့ပြီးမှ မခင်မွန်ကို ခေါ် လိုက်ပါ့မယ်"

ခင်မွန် ခေါင်းညိတ်ပြသည်။

သမီးရင်းက တပည့်၏နောက်သို့ ရောက်သွားရခြင်းအတွက် ခင်မွန် ဝမ်းနည်းမိသည်။

* * *

ဆေးရုံမှာ တစ်ပတ်ကုသပြီး ဦးမင်းအောင် ပြန်ဆင်းခွင့်ရသည်။

အလုပ်မဆင်းသေးဘဲ အိမ်မှာ အေးအေးဆေးဆေး အနားယူရန် ဆရာဝန်က အကြံပေးလိုက်သည်။

ဦးမင်းအောင် အိမ်မှာပင် အေးအေးဆေးဆေး အနားယူသည်။ ပွဲရုံလုပ်ငန်းကို ကျော်သာပင် ဦးစီး လုပ်ကိုင်သည်။

ခင်မွန် ဖခင်ကို လိုလေသေး မရှိအောင် ပြုစုသည်။

"ဖေဖေ၊ အားရှိအောင် ဒီကြက်ပြုတ်ရည်လေး သောက်လိုက်နော်"

ခင်မွန် ကိုယ်တိုင် ဇွန်းဖြင့် ခပ်၍ တိုက်သည်။

"ဖေဖေ ဒီဆေးလေးတွေ သောက်လိုက်ဦးနော်"

ဆရာဝန် ပေးထားသော ဆေးများကို နာရီမကျော်ရအောင် ခင်မွန် သတိထားပြီး တိုက်သည်။

သမီး ကျွေးသမျှ ဦးမင်းအောင် စားပါသည်။ သမီးတိုက်သမျှ ဆေးကိုလည်း သောက်ပါသည်။

သို့သော် ဦးမင်းအောင် ထူးထူးခြားခြား စကားနည်းသွားသည်။ အထူးသဖြင့် ခင်မွန့်ကို ဘာမျှ မပြောတော့ပါ။ ခင်မွန် စိတ်

www.burmeseclassic.com

www.burmeseclassic.com



မကောင်း ဖြစ်မိသည်။

ညနေပိုင်းတွင် ကျော်သာ ပွဲရုံမှ ပြန်လာသောအခါ ပွဲရုံလုပ်ငန်းမှ တစ်နေ့တာ စာရင်းများကို ရှင်းလင်း ပြောကြားရန် ကြိုးစားသော်လည်း ဦးမင်းအောင်က လက်ကာ၍ ပြသည်။

ဦးမင်းအောင် ပုံမှန် မဟုတ်ဘဲ စကားနည်းသွားခြင်းအတွက် ခင်မွန် စိုးရိမ်မိသည်။

ညအချိန်တွင် အောက်ထပ်မှ ကျော်သာထံ ဆင်းလာသည်။

"ကိုကျော်သာ၊ ဖေဖေ စကားနည်းသွားတာကို သတိထားမိလား"

ခင်မွန်၏ အမေးကို ကျော်သာ ခေါင်းညိတ် ပြလိုက်သည်။

"ကိုကျော်သာနဲ့ရော စကားပြောသလား"

ကျော်သာ ခေါင်းယမ်းပြသည်။

"ဖေဖေ တစ်ခုခုအတွက်များ သိပ်ပြီး စိတ်ထိခိုက်နေသလား ရှင်"

"တဖြည်းဖြည်း ကျန်းမာရေး ပြန်ကောင်းလာရင် ပုံမှန် ပြန်ဖြစ်သွားမှာပါ မခင်မွန်၊ မစိုးရိမ်ပါနဲ့"

"ခင်မွန့်ကိုများ ဖေဖေ သိပ်စိတ်နာသွားပြီလား ရှင်"

ကျော်သာ ခေါင်းယမ်းပြသည်။

"အဲဒီလိုတော့ မဖြစ်နိုင်ပါဘူး မခင်မွန်"

"အခု ဖြစ်သွားတဲ့ ကိစ္စနဲ့ ပတ်သက်လို့ ကိုကျော်သာ ကျွန်မအပေါ်မှာ ဘယ်လို မြင်လဲ ဟင်"

ခင်မွန်က အဝေဖန်ခံရန် တောင်းဆိုလိုက်ခြင်း ဖြစ်သည်။

"မခင်မွန်နဲ့ ပတ်သက်လို့ ဦး ကျွန်တော့်ကို ပြောဖူးတာ ရှိပါတယ်၊ သမီးက အဖြူထည်လေးပါတဲ့၊ အများ အမှန် ဝေဖန် ပိုင်းခြားနိုင်တာ မဟုတ်သေးဘူးတဲ့၊ ဒီတော့ ဝေဖန်နိုင်တဲ့ လူက အမှန်



လမ်းကြောင်းပေါ် ဆွဲခေါ်ပေးပါတဲ့"

"ဖေဖေက ကိုကျော်သာ့ကို အကူအညီ တောင်းတာလား"

ခင်မွန့် လေသံက နည်းနည်း မာသည်။

"ဟုတ်ပါတယ်"

"ဒီမယ် ကိုကျော်သာ၊ ကျွန်မတို့ ကိစ္စထဲမှာ ရှင် လုံးဝ ဝင်မရှုပ်ပါနဲ့၊ ဒါကိုတော့ ကျွန်မ ရှင့်ကို သတိ ပေးထားမယ်"

ကောင်းကောင်းမွန်မွန် ပြောနေရင်းမှ ခင်မွန်က အထက်စီးလေနှင့် မာနသံ ပါလာ၍ ကျော်သာ အံ့ဩခြင်းနှင့်အတူ မကျေမနပ်ဖြစ်မိသည်။

"ကျွန်တော် ဘယ်သူ့ ကိစ္စမှ ဝင်မရှုပ်ပါဘူး မခင်မွန်၊ စိတ်ချပါ၊ အခုဟာလည်း မခင်မွန်က မေးလို့ပါ၊ ဒါတောင် ကျွန်တော့် ထင်မြင်ချက်ကို ပြောတာ မဟုတ်ပါဘူး၊ ဦး ပြောခဲ့တဲ့စကားကို ပြန်ပြီး သတိရလို့ ပြောတာပါ၊ ဦးဟာ ကျွန်တော့် ကျေးဇူးရှင်၊ ဦး အပေါ်မှာ ကျွန်တော် ဘယ်တော့မှ လိမ်ညာတာ၊ မမှန်တာမလုပ်ဘူး၊ ဦး စိတ်မချမ်းသာအောင်လည်း ကျွန်တော် ဘယ်တော့မှ မလုပ်ဘူး. . . "

"မခင်မွန်ဟာ ဦးရဲ့ သမီးအရင်း၊ ဒီတော့ ရှင်းပါတယ်။ ဦး ဟာ မခင်မွန်ကို ချစ်တာ ကျွန်တော့်ထက် အဆအများကြီး ပိုတယ်၊ ဒီတော့ မခင်မွန် အနေနဲ့ ဦးရဲ့ ကျေးဇူးတွေ ကျွန်တော့်ထက် အဆ အများကြီး ပိုရှိနေတယ်၊ ဒါပေမယ့် မခင်မွန် သိအောင် ကျွန်တော် ပြောထားလိုက်မယ်၊ မခင်မွန် အနေနဲ့ ဦးရဲ့ ကျေးဇူးတွေကို မထောက်ထားဘဲ၊ ဦး စိတ်ဆင်းရဲအောင် လုပ်မယ်ဆိုရင် ကျွန်တော် မခင်မွန်ရဲ့ ဆန္ဒနဲ့ ဆန့်ကျင်ပြီး လုပ်ချင် လုပ်ရလိမ့်မယ်၊ အဲဒီအခါမှာ မခင်မွန် မကျေနပ်ရင်လည်း မတတ်နိုင်ဘူး၊ ကျွန်တော်ကတော့ ဦး စိတ်ချမ်းသာမယ်ဆိုရင် ဘာမဆို ရင်ဆိုင်ဖို့အသင့်ပဲ"

"ဖေဖေနဲ့ ပတ်သက်လို့ ဒီလောက်အထိ ပြောဖို့ မလိုပါဘူး

www.burmeseclassic.com

ကိုကျော်သာ၊ ခင်မွန်က သမီး အရင်းပါ"

ကျော်သာ ပြုံးလိုက်သည်။

"ဟုတ်ပါတယ်၊ အခုလည်း ဦး တစ်ခုခုကို စိတ်ထိခိုက်နေတယ် ထင်လို့ မခင်မွန် စိုးရိမ်နေတာ မဟုတ်လား"

ခင်မွန်က ခေါင်းညိတ်ပြသည်။

"မစိုးရိမ်ပါနဲ့ဗျာ၊ အကောင်းဆုံးကတော့ နောက်ထပ် ဦး စိတ်ထိခိုက်အောင် ဘာမှ မလုပ်ဖို့ပါပဲ"

"ဒါက ရှင် ပြောစရာ မလိုပါဘူး"

ခင်မွန် ခြေဆောင့်ပြီး အိမ်ပေါ်သို့ ပြန်တက်သွားသည်။

ကျော်သာ သက်ပြင်းတစ်ချက် ချလိုက်မိပါ၏။

* * *

ဆေးကောင်း ဝါးကောင်းတို့၏ ကျေးဇူးကြောင့် တစ်ပတ်ခန့်အကြာတွင် ဦးမင်းအောင်၏ ကျန်းမာရေး အခြေအနေမှာ အတော်လေး တိုးတက် ကောင်းမွန်လာသည်။ အိမ်ပေါ်မှာတင် လမ်းလျှောက်၍ပင် ရနေပြီ။ သို့သော် ခင်မွန့်ကို လုံးဝ စကားမပြောဘဲ နေ၍ ခင်မွန့် ရင်ထဲမှာ ဖေဖေနှင့် တွေ့တိုင်း ခံစားရလွန်းသည်။ ငိုချင်စိတ်ကို မနည်းထိန်းချုပ် ထားရသည်။

"ဒေါ်မြ အဲဒီ ငါးရံ့ဆန်ပြုတ် ပန်းကန် ဖေဖေ့ဆီ သွားပို့ပေးပါ"

"ဟင်. . . . ခင်မွန် ကိုယ်တိုင် သွားမတိုက်ဘူးလား"

ခါတိုင်း ခင်မွန် ကိုယ်တိုင် တိုက်နေကျဖြစ်၍ ဒေါ်မြ တအံ့တသြ မေးမိသည်။

"ဖေဖေက ခင်မွန့်ကို လုံးဝ စကားမပြောဘူး ဒေါ်မြရယ်၊



ခင်မွန် သိပ်ဝမ်းနည်းတာပဲ"

ခင်မွန် ငိုသည်။

"သြော်. . . . ပွဲစားက နေမကောင်းသေးလို့ နေမှာပါကလေးရယ်၊ သွားပါ ကိုယ်တိုင် ကျွေးပါ"

"ဟင့်အင်း. . . . ဒေါ်မြ သွားပို့လိုက်ပါ၊ ခင်မွန် ငိုမိရင် ဖေဖေ့ကို စိတ်ထိခိုက်အောင် လုပ်သလို ဖြစ်မှာ စိုးလို့ပါ. . . ."

ခင်မွန့် ပါးပေါ်မှာ မျက်ရည်များက အဆက်မပြတ် စီးကျလျက်. . . .။

"အေး. . . . အေး ဒါဖြင့်လည်း ဒေါ်မြ သွားပို့လိုက်ပါ့မယ်ကွယ်"

ဒေါ်မြ ဆန်ပြုတ် ပန်းကန်ကို အိမ်ပေါ်သို့ ယူသွားသည်။

"သြော်. . . . မမြ လာပို့တာလား၊ သမီးရော"

"သူ မီးဖိုထဲမှာ ရှိပါတယ် ပွဲစား၊ ဒီ ဆန်ပြုတ်ကိုလည်း သူ ကိုယ်တိုင် စီစဉ်ပြီး သူ ကိုယ်တိုင် ပြုတ်ပေးလိုက်တာပါ"

"အေးလေ. . . . မမြကို ပေးစရာရှိတာနဲ့ အတော်ပဲပေါ့"

ဦးမင်းအောင်က သူ့ ခေါင်းအုံးအောက်မှာ အသင့်ထားဟန်တူသော နှစ်ရာတန် ငွေစက္ကူတစ်ထပ်ကို ယူ၍ ဒေါ်မြကို ပေးသည်။

"ကျွန်မ မယူချင်ပါဘူး ပွဲစားရယ်၊ မမသိန်းရှိကတည်းက ဒီအိမ်မှာ နေလာခဲ့တာ၊ မမသိန်း ကျေးဇူးတွေရော၊ ပွဲစား ကျေးဇူးတွေရော ကျွန်မမှာ အများကြီး ရှိပါတယ်၊ ခင်မွန်ကိုလည်း တူမလေးလို့ ချစ်နေလို့၊ သူ ဒုက္ခရောက်မှာစိုးပြီး ကျွန်မ ပွဲစားဆီ ဖုန်းဆက်တာပါ၊ ဘာမှ မျှော်လင့်လို့ မဟုတ်ပါဘူး"

ဒေါ်သိန်းက ငွေ ငါးထောင်ကို မယူပဲ ငြင်းနေသည်။

"ငါသိပါတယ် မမြ၊ နင့် စေတနာကို ငါ နားလည်တယ်၊ ဒါပေမယ့် မမြသာ ငါ့ဆီကို အချိန်မီ ဖုန်းဆက်မပြောရင် စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com

ကြည့်စမ်း. . . . ဘယ်လို အခြေအနေတွေအထိ ရောက်ကုန်မလဲ၊ ခုတောင် ဘယ်လောက် ဖြစ်နေကြပြီဆိုတာ ဘယ်လိုလုပ် သိနိုင်မလဲ"

"ကျွန်မလည်း ဘတ်စ်ကား စီးလာပြီး ဈေးချို ရောက်တာနဲ့ ဖုန်းဆက်တာပါ၊ ပွဲစားကလည်း ချက်ချင်း အိမ်ရောက်သွားတာ ဆိုတော့ သူတို့တွေ့ချိန်က ခဏလေးပဲ ရှိပါသေးတယ် ပွဲစားရယ်၊ ပြီးတော့ ခင်မွှန် ဒီလောက် မမိုက်ပါဘူး၊ ကျွန်မ သိပါတယ်. . . ."

"ခု ဆိုရင် သူ့ခမျာ ပွဲစားက စကားလုံးဝ မပြောလို့ မီးဖိုထဲမှာ ငိုနေခဲ့ရှာတယ်"

ဒေါ်မြ ပြောရင်းနှင့် ငိုသံ ပါလာသည်။ မျက်လုံးများမှာလည်း မျက်ရည်များ ပြည့်လျှံလာသည်။

"ဟင်း. . . . သိပ်မိုက်တဲ့ သမီး"

ဦးမင်းအောင် ဒေါသဖြစ်မိပြီးမှ စိတ်ကို ပြန်ထိန်းလိုက်သည်။

"ကဲ. . . . ရော့ မမြ၊ ဒီငွေကို ယူ၊ ဒါ ငါက ကျေးဇူးတင်လို့ ပေးတာ၊ နောက်ကိုလည်း ငါ့ အပေါ်မှာ သစ္စာရှိတယ်ဆိုရင်. . . . သမီးကိုလည်း တူမ တစ်ယောက်လို ချစ်တယ်ဆိုရင် ဘာဖြစ်ဖြစ် ငါ့ကို အချိန်မီ သတိပေး၊ ရော့လေ ယူလိုက်"

ဒေါ်မြ ဦးမင်းအောင်ကို ကြောက်၍ ယူလိုက်ရသည်။

"ကဲ. . . . သွားတော့၊ လက်က ကောင်းကောင်း မကိုင်နိုင်သေးလို့ သမီး ကိုယ်တိုင် လာတိုက်ပါလို့ ပြောလိုက်"

"ဟုတ်ကဲ့. . . . ဟုတ်ကဲ့. . . . ပွဲစား၊ လွှတ်လိုက်ပါ့မယ်"

ဒေါ်မြ ဝမ်းသာအားရ ပြန်ဆင်းသွားသည်။

"ခင်မွှန်ရေ. . . . သွား. . . . သွား၊ ကလေး ဖေဖေက ကလေး ကိုယ်တိုင် လာတိုက်ပေးပါတဲ့"

"ရှင် ဖေဖေက အဲဒီလို ပြောလား ဒေါ်မြ"



"အေး. . . . ပြောတယ် သွား သွား"

ခင်မွှန် ဝမ်းသာစွာ အိမ်ပေါ်သို့ တက်သွားသည်။

ဖေဖေ ရှေ့မှ စားပွဲပေါ်တွင် ဆန်ပြုတ် ပန်းကန်မှာ သူ ထည့်ပေးလိုက်သည့် အတိုင်းရှိနေဆဲ။

"ဖေဖေ. . . . သမီး တိုက်မယ်နော်"

ခင်မွှန်က ဆန်ပြုတ်ပန်းကန်ကို သံပန်းကန်ပြား ခံ၍ လက်ပေါ်မှာ တင်ပြီး ကိုင်လိုက်သည်။

သမီးကို ကြည့်ပြီး ဦးမင်းအောင် ခေါင်းညိတ်သည်။

ခင်မွှန် ကိုယ်တိုင် ဖခင်ကို ဆန်ပြုတ်တိုက်သည်။

တစ်ဝက်သာသာခန့် ကုန်ပြီးတော့ ဦးမင်းအောင် လက်ကာပြသည်။

ခင်မွှန်က ဦးမင်းအောင်ကို ရေတစ်ခွက် ယူပေးသည်။

ဦးမင်းအောင် ခေါင်းခါပြသည်။ ရေမသောက်တော့ပါ။

"ဖေဖေ့၊ သမီးကို သိပ်မုန်းသွားပြီလား ဖေဖေရယ်၊ သမီးကို ဆူချင် ဆူပါ ရိုက်ချင် ရိုက်ပါ၊ စကားမပြောဘဲတော့ မနေပါနဲ့ ဖေဖေရယ်"

ခင်မွှန့် ပါးပေါ်မှာ မျက်ရည်များ စီးဆင်းလာသည်။

ဦးမင်းအောင် သမီးဖြစ်သူကို ကြည့်နေသည်။

"ဖေဖေ သမီးကို သနားရင် စကားပြောပါ ဖေဖေရယ်နော်"

ဦးမင်းအောင် ခင်မွှန့်ကို စူးစူးစိုက်စိုက် ကြည့်ရင်း စဉ်းစားနေဆဲ။ ရင်ထဲမှာ မကျေမနပ်မှုများက တင်းကျပ်နေသည်။

သမီးဖြစ်သူ ဝမ်းနည်းနေခြင်းမှာ လိမ်ညာခြင်း မဟုတ်သည်ကိုတော့ သမီးကို ကြည့်ပြီး ဦးမင်းအောင် ယုံပါသည်။

"ကောင်းပြီလေ၊ ဒါဆိုရင် ဖေဖေ မေးတာကို သမီးမှန်တဲ့ အတိုင်း ဖြေမလား"

www.burmeseclassic.com

www.burmeseclassic.com



"မေးပါ ဖေဖေ၊ သမီး ဖြေပါ့မယ်"

"သမီး ဟိုကောင်လေးနဲ့တွေ့တာ သမီး အခန်းထဲမှာလား အပြင်ဧည့်ခန်းမှာလား"

"အပြင်ဧည့်ခန်းမှာပါ ဖေဖေ၊ သမီး ဒီလောက် မမိုက်ပါဘူး"

"သေချာသလား သမီး"

"သေချာပါတယ် ဖေဖေ၊ အဲဒီနေ့ကလည်း သမီး သူ့ကို ခေါ်တာ မဟုတ်ပါဘူး၊ သူ ဘာသာ ရောက်လာပြီး အိမ်ပေါ်ကို အတင်းတက်လာတာပါ"

"ဟုတ်ရဲ့လား သမီး"

"သမီး အမှန်အတိုင်း ပြောတာပါ ဖေဖေ"

"ကောင်းပြီ၊ ဒါဖြင့် သမီး ဖေဖေ့ကို ကတိပေးထားပြီးမှ သူနဲ့ ပြန်ဆက်သွယ်နေသေးသလား"

"မဆက်သွယ်ပါဘူး ဖေဖေ"

"မညာပါနဲ့ သမီးရယ်၊ ရှေ့က ပြောပြီးသား စကားတွေပါ ပေါ်ညာတယ်လို့ ထင်စရာ ဖြစ်ကုန်ပါ့မယ်"

"ရှင်. . . ."

ခင်မွန် ဘာမျှ ပြန်မပြောဝံ့ပါ။

"နောက်တစ်ခု ဖေဖေ မေးမယ်၊ သမီး မှန်တဲ့အတိုင်း ဖြေ"

ခင်မွန် စိုးရိမ်စွာနှင့် ခေါင်းညိတ်ပြသည်။

"သမီး သူ့ကို ငွေကြေး ထောက်ပံ့ ပေးကမ်းနေရလား"

"ရှင်. . . . ဟို မပေးရပါဘူး ဖေဖေ"

ဦးမင်းအောင် စိတ်ပျက်သွားသည်။

"သမီး ညာတယ်"

ဦးမင်းအောင်၏ စွပ်စွဲချက်က အခိုင်အမာ ဖြစ်၏။

ဖေဖေ ဘာတွေအထိ သိထားပြီလဲ. . . . ခင်မွန် စဉ်းစား၍



မရ။

"ဖေဖေ သူ့ကို စတိုခန်းထဲမှာ သွားတွေ့တော့ သူ ဆုံလည်ကုလားထိုင် အဟောင်းကြီး နောက်မှာ ကွယ်ထိုင်ပြီး တစ်ထောင်တန် ငွေစက္ကူတွေကို တစ်ဝက်စီခွဲပြီး ဘောင်းဘီအိတ် တစ်ဘက်စီ ထိုးထည့်နေတာ တွေ့ရတယ်၊ အဲဒီ တစ်ထောင်တန်တွေဟာ သမီး ကျောက်စိမ်းဆွဲကြိုး တစ်ကုံးလုပ်ချင်တယ်ဆိုလို့ ဖေဖေ ပေးထားတဲ့ ငွေတွေလေ. . . ."

"ငြင်းဦးမလို့လား သမီး၊ မငြင်းနဲ့၊ သူ ဘေးမှာ ရှိနေတဲ့ စက္ကူအိတ်က ဖေဖေ သမီးကို ငွေ ငါးသိန်းထည့်ပေးခဲ့တဲ့ စက္ကူအိတ်၊ အပေါ်မှာ ပွဲရုံတံဆိပ်ပါတယ်လေ"

ခင်မွန် မငြင်းရဲတော့၍ မျက်နှာကို လက်ဖြင့်အုပ်ပြီး ရှက်ကြောက်စွာ ငိုမိပါသည်။

"မငိုနဲ့ သမီး နောက်တစ်ခု မေးရင်လည်း သမီး ဖြေနိုင်မှာ မဟုတ်ဘူး၊ သမီးရဲ့ စိန်သုံးလုံးတန်း လက်စွပ်လည်း သူ့ကို ပေးခဲ့ရတယ် မဟုတ်လား"

"ရှင်. . . . ဖေဖေ"

"ခု ဝတ်ထားတဲ့ လက်က လက်စွပ်ဟာ သမီးမေမေရဲ့ လက်စွပ်လေ၊ မသိန်းက ကြက်ဆူဆီရောင်ကို ကြိုက်လို့ အဝါရောင် နည်းနည်းသမ်းတဲ့ စိန်တွေကို တမင်ရွေးဝယ်ပြီး လုပ်ထားတဲ့ လက်စွပ်. . . ."

"သမီးကတော့ အဝါရောင် သမ်းတာကို မကြိုက်ဘူးဆိုလို့ ခဲရောင် စိန်သုံးလုံးတန်း လုပ်ပေးခဲ့ရတာ၊ သမီး လက်စွပ်သာ ရှိနေရင် အဝါရောင်သမ်းနေတဲ့ ဒီလက်စွပ်ကို သမီး ဘယ်လိုမှ ဝတ်မှာ မဟုတ်ဘူး"

ဖခင်၏ အသေးစိတ် အမှတ်အသား ရှိခြင်းအတွက် ခင်မွန်

www.burmeseclassic.com

www.burmeseclassic.com

အံ့ဩမိသည်။

"သမီး ငြင်းမယ်ဆိုရင် ဖေဖေက သမီး လက်စွပ်ကို ယူအပ်နိုင်းရလိမ့်မယ်၊ သမီး ပြန်ိုင်ပါ့မလား"

ခင်မွန် အဖြေမပေးနိုင်၍ ဖခင်ရှေ့မှာ ခေါင်းငုံ့ပြီး မျက်ရည်တွေတွေကျနေမိသည်။

"မိုက်လွန်းလှချည်လား သမီးရယ်၊ ငါ့သမီး ဒီလောက်အထိ စဉ်းစားဉာဏ် နည်းလိမ့်မယ်လို့ ဖေဖေ လုံးဝ မထင်ခဲ့ဘူး"

"သူက ဖားကန့်သွားပြီး ကျောက်စိမ်း အရောင်းအဝယ် လုပ်ချင်လို့ပါ ဖေဖေ၊ အဆင်ပြေရင် တစ်ခေါက်တည်းနဲ့ သိန်းငါးဆယ်၊ သိန်း ခြောက်ဆယ်လောက်အထိ မြတ်နိုင်ပါတယ်"

မထူးတော့ပြီမို့ ခင်မွန် အမှန်အတိုင်း ပြောပြလိုက်ပါသည်။

"အဲဒါက သူပြောတာ မဟုတ်လား"

ခင်မွန် ခေါင်းညိတ်ပြသည်။

"သမီးက သိပ်ယုံလွယ်တာကိုး၊ ဒီကောင်လေးဟာ မိန်းမရှုပ်တယ်၊ အလုပ်မရှိဘဲ အသုံးအစွဲ ကြီးတယ်၊ ရည်းစားထားတဲ့ မိန်းကလေးတွေဆီက ငွေ တောင်းတတ်တယ် ဆိုတာ ဖေဖေ သတိပေးခဲ့သေးတယ်၊ ဒါပေမယ့် သမီး လုံးဝ နားမဝင်ခဲ့ဘူး၊ သူ ပြောတာကိုပဲ ယုံခဲ့တယ်"

ခင်မွန် ဘာမျှ မပြောနိုင်ပါ။

"ဖေဖေ သမီးကို ယုံလို့မရတော့ဘူး၊ ဒီအတိုင်း ဆက်ထားရင် သမီး ဒုက္ခရောက်တော့မယ်၊ ခဏရောက်မှ မဟုတ်ဘူး၊ တစ်သက်လုံးရောက်မှာ"

ဦးမင်းအောင် ရှေ့ကို စကားမဆက်ခင် ငိုနေသော သမီးကို ကြည့်၍ အားမလိုအားမရ ဖြစ်မိသည်။

"သမီးအဖြစ်က ဘာနဲ့တူနေလဲ ဆိုရင် ခပ်ညံ့ညံ့ မျက်လှည့်



သမား လိမ်ညာတာကို ဘေးကကြည့်တဲ့ လူတွေအကုန် သိမြင်နေပါရက်နဲ့ ရှေ့တည့်တည့်က ထိုင်ကြည့်နေတဲ့ လူတစ်ယောက်တည်း မသိမမြင်တာနဲ့ တူနေတယ်"

"ဖေဖေ၊ သူလည်း သမီးနဲ့ နီးချင်လွန်းလို့ စွန့်စားပြီး လုပ်နေတာပါ ဖေဖေ၊ သမီးတို့ ချစ်ခြင်းကို မခွဲပါနဲ့ ဖေဖေရယ်နော်"

ဖခင်၏ ခြေရင်းမှာ ဒူးတုပ် ထိုင်၍ ဖခင်၏ ခြေကိုဖက်ပြီး ခင်မွန် ငိုကြွေးရင်း တောင်းပန်ရှာသည်။

"ဪ. . . . သနားစရာ ကောင်းလိုက်တဲ့ သမီးလေးရယ်"

ဦးမင်းအောင် သမီး၏ ခေါင်းပေါ်မှာ လက်တင်၍ ကြင်နာစွာ ပွတ်သပ်ပေးနေပါသည်။

"ဒါဟာ အချစ် မဟုတ်ပါဘူး သမီးရယ်၊ အလိမ်အညာမိနေတာပါ။ ဒါပေမယ့်. . . . သမီး ရင်ထဲမှာ တကယ်ခံစားနေရတယ်ဆိုတာ ဖေဖေ ယုံပါတယ်. . . ."

"သမီးက လိမ်ညာတာကို ယုံနေမိသူကိုး၊ နောင် တစ်နေ့ ဒုက္ခရောက်မှ လိမ်ညာတာကို အမှန်သိပြီး သမီး အခု သိပ်ချစ်တယ်လို့ ထင်နေတဲ့ သူ့ကို အမုန်းကြီး မုန်းလိမ့်ဦးမယ်. . . ."

"ဒါပေမယ့် အဲဒီအချိန်မှာ အားလုံး နောက်ကျသွားပြီလေ၊ ပြုပြင်နိုင်တဲ့ အခြေအနေ မဟုတ်တော့ဘူး၊ ဒါကို ဖေဖေက သိရက်နဲ့ သမီးကို မှားခွင့် ဆက်ပေးရင် သိပ်ပြီး တာဝန်မဲ့တဲ့ ဖခင်တစ်ယောက် ဖြစ်သွားမှာပေါ့"

ခင်မွန် ရှိုက်ကြီးတငင် ငိုပါသည်။

"ဟင့်အင်း. . . . ဟင့်အင်း. . . မဟုတ်ပါဘူး ဖေဖေရယ်၊ ဖေဖေ သူ့ကို အထင်သေးနေလို့ပါ"

ဦးမင်းအောင် ခေါင်းခါပြလိုက်သည်။

"သူ တစ်ဖက်သားကို ဖေဖေ အထင်မသေးတာတဲ့ဘူး သမီး၊

www.burmeseclassic.com

www.burmeseclassic.com



အခြေမဲ့အနေမဲ့ ဖြစ်နေတာမျိုးကိုတောင် ဖေဖေ အထင်မသေးဘူး ဥပမာ မောင်ကျော်သာ့ကိုကြည့်၊ ဘာမှ အခြေအနေမရှိဘူး၊ အလုပ်ပြုတ်လို့ ဖေဖေ ခေါ်လာပြီး အလုပ်ပေးခဲ့တဲ့ လူပဲ၊ ဖေဖေ သူ့ကို အထင်မသေးရုံတင်မကဘူး အထင်တောင် ကြီးတယ်၊ အေး. . . ဒါပေမယ့် အကျင့်စရိုက် မကောင်းတာမျိုးကိုတော့ ဖေဖေ အထင်သေးတယ်"

"သူဟာ အကျင့်စရိုက် ကောင်းပါတယ် ဖေဖေ၊ သမီးဆီက ယူသွားတဲ့ ငွေကိုလည်း သူ ခုအထိ တစ်ပြားမှ မသုံးပါဘူး၊ ပြီးခဲ့တဲ့ အပတ်က သွားတာလည်း သုံးသိန်း မြတ်ပါတယ်. . . ."

"အဲဒီ ငွေတွေကို သမီး မြင်ရလား၊ သမီးကို ပြန်ပေးလား"

"အဲဒီ ငွေတွေနဲ့ အခု နောက်တစ်ခေါက် သွားမှာပါ"

ဦးမင်းအောင် ပြုံးလိုက်သည်။

"သိပ်ကြောက်စရာကောင်းတဲ့ ကောင်၊ မဖြစ်ဘူး သမီး၊ ဒီအတိုင်းဆက်ထားရင် သမီး ဒုက္ခဖြစ်တော့မယ်၊ ဖေဖေ ကျန်းမာရေး အခြေအနေကလည်း စိတ်မချရဘူး၊ ဖေဖေ ကိုယ့်ဘာသာသိတယ်၊ ဒီတော့ ဖေဖေ သမီးကို အိမ်ထောင်ချပေးမှ ဖြစ်တော့မယ်"

"ရှင်. . . . အဲဒီလိုတော့ မရက်စက်ပါနဲ့ ဖေဖေရယ်"

"ခက်တာပဲ သမီး၊ ဖေဖေ ဒီအတိုင်း လျစ်လျူ ရှုထားမှ တကယ် ရက်စက်ရာရောက်မှာ"

"သမီး သူက လွဲလို့ ဘယ်သူ့ကိုမှ မယူနိုင်. . . ."

"တိတ်စမ်း သမီး"

ဦးမင်းအောင်၏ တင်းမာ ခက်ထန်သော ဒေါသသံကြောင့် ခင်မွှန့် အသံတိတ်သွားသည်။

"ဖေဖေ မသေခင် စိတ်ချသွားနိုင်ဖို့ သမီးကို မောင်ကျော်သာနဲ့ အိမ်ထောင်ချပေးဖို့ ဆုံးဖြတ်ပြီးပြီ၊ ကျန်တဲ့ကိစ္စတွေမှာ သမီးကို



ဖေဖေ တစ်သက်လုံး အလိုလိုက်ခဲ့ပေမယ့် ဒီကိစ္စနဲ့ ပတ်သက်လို့တော့ ဖေဖေ စီစဉ်တဲ့အတိုင်း သမီး လိုက်နာရမယ်၊ ကဲ. . . . သွားတော့၊ ဪ. . . . စူပါကပ်ဝယ်ဖို့ အစီအစဉ်ကိုလည်း ဖေဖေ ဖျက်လိုက်ပြီ သမီးက စပြီး ကတိပျက်ခဲ့လို့ပဲ"

ခင်မွှန် ဖခင်ဖြစ်သူကို ကြောက်ရွံ့စွာ လှမ်းကြည့်လိုက်သည်။

ဦးမင်းအောင်၏ မျက်နှာတွင် ခင်မွှန် တစ်ခါမျှ မမြင်ခဲ့ဘူးသော ပြတ်သားခြင်းကို တွေ့မြင်လိုက်၍ ခင်မွှန် ရှိုက်ကြီးတငင် ငိုကြွေးရင်း အိမ်အောက်သို့ ပြေးဆင်းခဲ့ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ခင်မွန် မီးဖိုဘက်သို့ ပြေးဝင်၍ ဒေါ်မြ ရင်ခွင်မှာ ရှိုက်ကြီးတငင် ငိုသည်။

"ဩော်. . . ဘယ်လိုဖြစ်လာတာလဲ ကလေးရယ် ဖေဖေက ဆူလိုက်လို့လားဟင် ပြောစမ်း၊ ဒေါ်ကြီးကို ပြော"

ခင်မွန် ဘာမျှ မပြောပါ ငို၍သာ နေသည်။

ဒေါ်မြ ချော့မေး၍လည်း လုံးဝမရ။ ထမင်းစားချိန်မှာလည်း ထမင်းကျွေး၍ မရ။ ငို၍သာ နေသည်။

ခင်မွန့် ရင်ထဲမှာ ဆောက်တည်ရာမရအောင် ခံစားနေရသည်။

ခင်မွန် ကျော်သာ့ကို လက်မထပ်နိုင်ပါ။

ကျော်သာ့ ပုံကို စဉ်းစားကြည့်ရုံနှင့် စိတ်ပျက်သည်။

ဂျင်းဘောင်းဘီလောက်မျှ ဝတ်၍ မရအောင် ခေတ်နောက်ကျနေသည့် လူ။

ခေတ်မျက်စိနှင့် ကြည့်လျှင် သူ့ပုံက လုံးဝ အောက်နေသည်။

ခင်မွန် ကျော်သာကို စိတ်ဝင်စားကြည့်၍ လုံးဝ မရ။

စီးပွားရေးမှာ လာဘ်မြင်သည်။ ပွဲရုံလုပ်ငန်းမှာ ကျွမ်းကျင်



သည်။ ကိုယ်ကျင့် တရားကောင်းမွန်သည်။ ရိုးသားသည်။ ကြိုးစားသည်။ လူတော် လူကောင်း တစ်ယောက်။ ထိုအချက်များကို ခင်မွန် အားလုံး လက်ခံနိုင်ပါသည်။

သို့သော် ခက်နေသည်က ခင်မွန် ကျော်သာ့ကို ဘယ်နည်းနှင့်မျှ မချစ်နိုင်။ မချစ် မနှစ်သက်သူနှင့်လည်း ခင်မွန် လက်မထပ်ချင်။

အောင့်ကိုလည်း အခွင့်အရေး ပေးချင်သေးသည်။

ခုတစ်ခေါက် အောင် ဖားကန့် မော်ထဲအထိ သွားမည်ဟုဆိုသည်။ ငွေရင်းကလည်း သိန်းနှစ်ဆယ်လောက် ပါသွားသည်။ အောင် ပြောသည့်အတိုင်းဆိုလျှင် သိန်း ရာဂဏန်းအထိ မြတ်နိုင်သည်။ သိန်း နှစ်ရာလည်း ဖြစ်နိုင်သည်။

ခင်မွန် ကြားဖူးပါသည်။ ကျောက်တစ်လုံး အောင်လျှင် ထောင်ဂဏန်း ရင်းရုံနှင့် သိန်းဂဏန်း မြတ်နိုင်သည်။

အောင် များများ မြတ်ပြီး အမြတ်ငွေကို အံ့သြလောက်အောင် ပြနိုင်လျှင် ဖေဖေ စိတ်ပြောင်းသွားနိုင်သည်။

ခင်မွန် မျှော်လင့်ချက် ထားချင်သေးသည်။

"ဒီ ကိစ္စကို ကျော်သာ သိသလား၊ ဒါဟာ သူ့ အကြံညာဏ်လား. . . ဖေဖေ့ ဆန္ဒလား"

ခင်မွန် စိတ် အေးအေးထားပြီး စဉ်းစားကြည့်သည်။

"သူ့ပုံ ကြည့်ရတာ ဒီလိုလုပ်မယ့် လူစားမျိုးတော့ မဟုတ်ဘူး၊ ဒါဟာ ဖေဖေ သူ့ကို ပြောပြထားပြီးသားလား၊ သူ့ သဘောထားဘယ်လိုရှိမလဲ၊ သူ့ ငါ့အပေါ်မှာ. . . ."

ခင်မွန် စဉ်းစားကြည့်သည်။ မှန်းဆ၍ မရ။

"ငါ သူနဲ့ ဆွေးနွေးကြည့်ရရင်. . . ."

ခင်မွန် ခေါင်းထဲမှာ အရောင်အလင်းတစ်ခု ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com


"ကောင်းတယ်၊ ငါ သူနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြည့်သင့်တယ်"

*   *   *

ည (၉) နာရီလောက်တွင် ခင်မွန် အိမ်အောက်သို့ ဆင်းခဲ့သည်။

ဤအချိန်တွင် တစ်အိမ်လုံး အိပ်ပြီ ဖြစ်သော်လည်း ကျော်သာ မအိပ်သေးသည်ကို ခင်မွန် သိသည်။

ကျော်သာ့ အခန်းမှ မီးပွင့်နေသည်။

ခင်မွန် တံခါးကို အသာခေါက်လိုက်သည်။

အခန်းထဲမှ ထလာသံ ကြားရသည်။ တံခါး ပွင့်သွားသည်။ မမျှော်လင့်ဘဲ ခင်မွန့်ကို မြင်လိုက်ရ၍ ကျော်သာ အံ့သြနေသည်။

"ဘာကိစ္စရှိလို့လဲ မခင်မွန်"

"ကျွန်မ ကိုကျော်သာနဲ့ ဆွေးနွေးချင်တာ ရှိလို့ပါ"

"ညကြီး နှစ်ယောက်တည်း ဆိုတော့. . . ."

ခင်မွန် ပြုံးလိုက်သည်။ ကျော်သာ၏ သဘောထားကို သေချာသွားသောကြောင့် ဖြစ်သည်။

"စိတ်ချပါ ကိုကျော်သာ ကျွန်မ ကိုယ် ကျွန်မ တာဝန်ယူပါတယ်၊ ဘာမှ မဖြစ်စေရပါဘူး"

ကျော်သာ ပြုံးလိုက်သည်။

"ကောင်းပြီလေ၊ အဲဒီလိုဆိုရင် ကျွန်တော်တို့ ဘယ်မှာ ဆွေးနွေးကြမလဲ"

ခင်မွန်က ခဏစဉ်းစားလိုက်သည်။

"လာပါ၊ အိမ်ရှေ့ခန်းမှာ ကျွန်မတို့ ဆွေးနွေးကြတာပေါ့"

ကျော်သာနှင့် ခင်မွန်တို့ အိမ်ရှေ့ခန်းသို့ ထွက်ခဲ့ကြသည်။

ကျော်သာ စာရင်းတွက်သော အခန်း၊ စာရေးစာဖတ်လုပ်သော အခန်း။

"ကဲ. . . . ထိုင် မခင်မွန်"

ကျော်သာက ခင်မွန်အတွက် ခုံတစ်ခုံချပေးသည်။

သူက စားပွဲတစ်ဖက်မှ ခုံမှာ ထိုင်သည်။

"ပြောပါ မခင်မွန်"

"ကျွန်မနဲ့ ပတ်သက်လို့ ကိုကျော်သာကို ဖေဖေ ဘာတွေ ပြောထားဖူးတာရှိလဲ"

"ခင်ဗျာ. . . . ထူးထူးခြားခြားပြောတာ မရှိပါဘူး"

"လျှို့မထားနဲ့နော် ကိုကျော်သာ"

"ဟုတ်ကဲ့ မချိုပါဘူး"

"ကိုကျော်သာနဲ့ ကျွန်မကို အိမ်ထောင်ချပေးချင်တယ်လို့ ဖေဖေက ပြောလို့ပါ"

"ခင်ဗျာ. . . ."

"ဦးက ပြောတယ် ဟုတ်လား"

ကျော်သာ့ မျက်နှာ တအံ့တသြ ဖြစ်သည်ကို တွေ့ရ၍ သူ့ဆန္ဒ မဟုတ်ကြောင်း ပို၍သေချာ သွားသည်။

ကျော်သာ တကယ်အံ့သြခြင်း ဖြစ်ပါသည်။ မခင်မွန်ကို ဤမျှ အလျင်စလို ဦး ဖွင့်ပြောလိမ့်မည် မထင်သေးပါ။

"အဲဒါနဲ့ ပတ်သက်လို့ ကိုကျော်သာ ဘယ်လို သဘောရသလဲ"

ကျော်သာ ခင်မွန့်ကို လှမ်းကြည့်လိုက်သည်။

ချောမော လှပသော မျက်နှာလေး. . . .။

ကျော်သာ အပြောရ ခက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"မခင်မွန် သဘောထားကို အရင်သိပါရစေ"

ခင်မွန် ကျော်သာ့ကို ပြန်ကြည့်လိုက်သည်။

"ကိုကျော်သာ ခင်မွန့် အပေါ်မှာ ဘယ်လို. . . . အဲလေ အဲဒါကိုသာ အရင် ပြောပါ"

"မခင်မွန် သဘောထားက အဓိကပါ"

ခင်မွန် စိတ်မရှည်တော့၍ ခေါင်းကို ခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး၊ ခင်မွန် မေးတာသာ ဖြေပါ၊ ကိုကျော်သာရဲ့ စိတ်ထား အမှန်ကို ခင်မွန် သိချင်တယ်"

ကျော်သာ သက်ပြင်းတစ်ချက် ချမိသည်။

ခင်မွန့် မျက်နှာလေးကို လှမ်းကြည့်ရင်း ရင်ထဲမှာလည်း လှုပ်ရှားလာသည်။

ကျော်သာ ရွာမှာနေစဉ်က မိန္နင်းနှင့် ခင်မင်ခဲ့သည်။ လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုး လုပ်စဉ်က ကောင်တာထိုင်သော ခင်လေးညီနှင့် ရင်းနှီးခဲ့သည်။ သို့သော် ကျော်သာ့ ရင်ထဲမှာ ဤသို့ မလှုပ်ရှားခဲ့ပါ။

ခုတော့ ဦးမင်းအောင် ပြောထားသော အခံရှိ၍လား တာယက်ရှင် ကိုယ်တိုင်က မေးနေ၍လား မသိ အလိုလိုနေရင်း ရင်ခုံသံတွေက မြန်နေကြသည်။

ကျော်သာ ကိုယ်ဘာသာလည်း ပြန်မေးမိသည်။

"ဒီ မိန်းကလေးကို ငါ ချစ်သလား"

ပို၍ မြန်လာသော ရင်ခုံသံ စည်းချက်များတွင် ချစ်တယ် ဟူသော အသံကို ကြားယောင်နေမိသည်။

ကျော်သာ သတ္တိရှိရှိ ဆုံးဖြတ်လိုက်သည်။ တရားဝင် မေးလာ၍ တရားဝင် ပြောခွင့်ရချိန်မှာ ရင်ထဲရှိသည်ကို အမှန်အတိုင်း ထုတ်ပြောရန် ဆုံးဖြတ်လိုက်သည်။



"ဦးဟာ ကျွန်တော့်ရဲ့ ကျေးဇူးရှင်ပါ မခင်မွန်ဟာ ဦးရဲ့ သမီး ဖြစ်နေတော့ ကျွန်တော့်မှာ အဟန့်အတား ရှိနေခဲ့ပါတယ်၊ ဒါကြောင့်မို့ ကျွန်တော် မခင်မွန်ကို စိတ်နဲ့တောင် မရိုးမသား မဖြစ်မိအောင် သတိထားပြီး ထိန်းချုပ်ခဲ့ပါတယ်။ ဒါပေမယ့် အခု အမှန်အတိုင်း ပြောခွင့်ရလို့ ပြောရမယ်ဆိုရင် ကျွန်တော် မခင်မွန် အပေါ်မှာ ဖြစ်တဲ့ ခံစားရတာမျိုး တခြား ဘယ်တုန်းကမှ မဖြစ်ခဲ့ပါဘူး၊ အခု ပြောနေရင်းလည်း ကျွန်တော့် ရင်တွေ ခုန်နေအောင် ခံစားရပါတယ်. . . ."

"ကျွန်တော် ထုတ်ပြောဖို့ အခွင့်မသာလို့ ထိန်းချုပ်ထားခဲ့ပေမယ့် အမှန်အတိုင်း ဝန်ခံရရင် အဲ. . . ကျွန်တော်. . . မခင်မွန်ကို ချစ်တယ်. . . ."

ကျော်သာ၏ စကားကြောင့် ခင်မွန် စိတ်ပျက်သွားသည်။

"ခင်မွန် ကိုကျော်သာကို မချစ်ဘူး"

"ဗျာ. . . ."

ခင်မွန် စကားက ပြတ်သားလွန်း၍ ကျော်သာ စိတ်မကောင်း ဖြစ်မိသည်။

နှစ်ဦးသား စကားတိတ်သွား၍ ပတ်ဝန်းကျင် ဆိတ်ငြိမ်မှုက ပိုပြီး သိသာလာသည်။

စားပွဲပေါ်မှာ ထိပ်တိုက် ရင်ဆိုင်၍ အားပြိုင်နေသော နွားရုပ်ကလေး နှစ်ကောင်ကို ကျော်သာ ငေးကြည့် နေမိသည်။

"ဖေဖေကတော့ ဖွတ်အတင်း စီစဉ်မယ့် သဘောရှိတယ်"

ဆိတ်ငြိမ်မှုကို ခင်မွန်က စ၍ ဖျက်လိုက်သည်။

ကျော်သာ ဘာမျှ ပြန်ပြောချင်စိတ် မရှိပါ။

"ကိုကျော်သာကို ခင်မွန် ပြောချင်တာ တစ်ခုရှိတယ်"

ကျော်သာ ခင်မွန်ကို လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်မွန်မှာ ချစ်သူ ရှိတယ်"

ကျော်သာ အံ့ဩဟန် မပြပါ။

"သူ နာမည်က ကိုအောင်ဇော်တဲ့ သူ အခု ဖားကန့်ကို သွားတယ်၊ ငွေရင်း သိန်း နှစ်ဆယ်လောက်ပါသွားတယ်၊ ကျောက် အရောင်းအဝယ် အဆင်ပြေရင် သိန်း တစ်ရာကနေ သိန်း နှစ်ရာ အထိ မြတ်နိုင်တယ်"

ထို အရောင်းအဝယ် ကိစ္စကို ကျော်သာ ဘာမျှ မသိ၍ အံ့ဩစွာ နားထောင် နေလိုက်သည်။

"အဲဒီလို မြတ်ရင် သူ မန္တလေးမှာပဲ အခြေချပြီး ကားနဲ့ ဆိုင်ကယ် ဝယ်ရောင်း လုပ်ဖို့ ဆုံးဖြတ်ထားတယ်"

ကျော်သာ ရောယောင်၍ ခေါင်းညိတ်ပြလိုက်သော်လည်း ကားနှင့် ဆိုင်ကယ် အရောင်းအဝယ်ကိစ္စကို သူ ကောင်းစွာ မသိပါ။

"အဲဒီ အလုပ်က သိပ်ဝင်ငွေကောင်းတယ်၊ အဲဒီ အချိန် လောက်ဆိုရင် ဖေဖေ သူ့ကို အထင်သေးမှာ မဟုတ်တော့ပါဘူး"

ကျော်သာ ခင်မွန်ကို လှမ်းကြည့်လိုက်သည်။

ဩော် . . . . သူ ချစ်သူနဲ့ ပေါင်းရေးအတွက် မျှော်လင့်ချက် အကြီးကြီး ထားနေသော မိန်းကလေး။

ကျော်သာ စိတ်မကောင်းစွာ စာနာမိပါသည်။

"အဲဒီ အချိန်လောက်ထိအောင်တော့ ကိုကျော်သာ ဖေဖေ့ ကို အချိန်ဆွဲထားပါလို့ ခင်မွန် အကူအညီတောင်းချင်လို့ပါ. . . ."

ကျော်သာ စဉ်းစား ရပြီ။

သူ ခင်မွန်ကို ချစ်သော်လည်း ခင်မွန်မှာက သူ ချစ်သူ ရှိနေသည်။ သူ့ကိုလည်း အားကိုးတကြီးနှင့် အကူအညီ တောင်းနေ သည်။

ကျော်သာ တစ်ကိုယ်ကောင်း မဆန်ချင်ပါ။



"ကောင်းပြီလေ. . . . မခင်မွန်ရဲ့ ချစ်သူက အဲဒီအခြေအ နေ ရောက်အောင် ဘယ်လောက် ကြာမလဲ"

"ရှင်. . . ."

ခင်မွန် အတိအကျ မပြောနိုင်ပါ။

"သူ ဖားကန့်ကို သွားတာ ဘယ်လောက်ကြာရင် ပြန်လာ မလဲ"

"နှစ်ပတ်၊ သုံးပတ်တော့ ကြာမယ်ထင်တယ်. . . ."

ခင်မွန် စဉ်းစဉ်းစားစား ဖြေသည်။

"ကောင်းပြီလေ. . . . တစ်လဆိုရင် သေချာတယ် မဟုတ် လား"

"တစ်လ. . . . သေချာတယ်. . . . သေချာတယ်"

"ကောင်းပြီလေ ဦးကို တစ်လလောက် စောင့်ဖို့တော့ ကျွန်တော် ကြိုးစားပေးပါမယ်"

"အို. . . . ကျေးဇူးတင်လိုက်တာ ကိုကျော်သာရယ်၊ ခင်မွန် သိပ် ကျေးဇူးတင်ပါတယ်ရှင်"

ဝမ်းသာစိတ်နှင့် လှုပ်ရှားရလွန်းသောကြောင့် ခင်မွန် အသံ တွေ တုန်နေသည်။

ခင်မွန်ကို ကြည့်ပြီး ကျော်သာ ခေါင်းညိတ်ပြလိုက်သည်။

အပျော် စိတ်ကြောင့် ပို၍ နုပျိုလှပနေသော ခင်မွန့် မျက်နှာ လေးကို ကျော်သာ နှမြောတသစွာ ကြည့်နေမိပါသည်။

* * *

နောက်တစ်နေ့ မနက်တွင် မင်းအောင် ပွဲရုံမှာ ဝယ်ထား သော စွန်တာနီပဲများမှာ တစ်တင်းလျှင် တစ်ဆယ်မြတ်နေ၍ ထုတ်

www.burmeseclassic.com

www.burmeseclassic.com

ရောင်းသင့်ပြီ ဖြစ်ကြောင်း၊ ဦးမင်းအောင် သဘောတူလျှင် ရောင်းချင်ကြောင်း ကျော်သာ ခွင့်ပြုချက် တောင်းသည်။

ဦးမင်းအောင် လွယ်လွယ်ကူကူပင် ခေါင်းညိတ်သဘောတူလိုက်ပါသည်။

"လုပ်ပါ နေ့ခင်းက ဦးသိန်းလာလို့တောင် ဦးသိန်းကလည်း စွန်တာနီ ထုတ်ရောင်းဖို့ ပြောပါတယ်၊ မောင်ကျော်သာကို ဦး ပြောချင်တာ ရှိသေးတယ်"

ပွဲရုံကိစ္စပြီးသည်နှင့် ဦးမင်းအောင် သီးခြား စကားဆိုလာသည်။

ပြောမည့်စကားကို ကျော်သာ ကြို၍ သိနေပါသည်။

"မောင်ကျော်သာနဲ့ အိမ်ထောင်ချပေးမယ်ဆိုတဲ့ ကိစ္စ သမီးကို ဦး ကိုယ်တိုင် ဖွင့်ပြောလိုက်ပြီ. . . ."

"မမြန်လွန်းဘူးလား ဦး"

"မမြန်ဘူး မောင်ကျော်သာ၊ ဦး ကျန်းမာရေး အခြေအနေကို ဦး စိတ်မချဘူး မောင်ကျော်သာ၊ နှလုံးရောဂါ ဆိုတာ သိတဲ့အတိုင်းပဲ အချိန်မရွေး ဒုက္ခဖြစ်နိုင်တယ်"

"ဒီလောက်လဲ စိတ်မပူပါနဲ့ ဦးရယ်၊ ဦးရဲ့ ကျန်းမာရေး အခြေအနေ တစ်ရက်ထက် တစ်ရက် ပိုပြီးကောင်းလာတာပဲ"

ဦးမင်းအောင်က ခေါင်းခါ ပြသည်။

"ဦး သူ့အတွက် စိတ်ပူနေရတာက ပိုပြီးပင်ပန်းတယ်၊ သူ့ကို မြန်မြန်အိမ်ထောင်ချပြီးမှ ဦး စိတ်အေးမယ်၊ အဲဒါမှလဲ ကျန်းမာရေး ကောင်းလိမ့်မယ်လို့ ယုံကြည်နေတယ်"

စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ပြဿနာနှင့် အကျပ်ကိုင် ခံရ၍ ကျော်သာ စိတ်ပျက်မိသည်။

"ကျွန်တော် ကိုယ်တိုင်လည်း သူနဲ့ ရင်းနှီးမှုရအောင်



ကြိုးစားချင်သေးလို့ပါ ဦး၊ အိမ်ထောင်ရေး ဆိုတာကလည်း အတင်း အကျပ် စီစဉ်တာထက် မေတ္တာပါမှ ကောင်းတာမို့ပါ"

ဦးမင်းအောင် ခေါင်းညိတ်သည်။

"မောင်ကျော်သာ ပြောတာ မှန်ပါတယ်၊ အဲဒါကို ဦးလည်း နားလည်ပါတယ်၊ ဒါပေမယ့် သမီးရဲ့ အခြေအနေက အဲဒီလို စောင့်ဆိုင်းနေလို့လည်း စိတ်ပြောင်းစရာ အကြောင်းမရှိဘူး၊ အချိန်ကြာတာနဲ့ အမျှ စိုးရိမ်စရာ အန္တရာယ်တွေလည်း များတယ်၊ သူ လိမ်ညာတတ်နေပြီ၊ ဒီကြားထဲမှာ တစ်ခုခု လုပ်သွားမှ အားလုံး ဒုက္ခရောက်ကုန်မှာ၊ အဲဒီတော့ သူက ဘာမှ မလုပ်ခင် စီစဉ်လိုက်မှ စိတ်အေး ရမယ်"

အခြေအနေက အကျပ်အတည်း ဖြစ်လာပြီဟု ကျော်သာ နားလည်လိုက်သည်။

"တစ်လလောက်တော့ စောင့်ပါ ဦး"

"ဘာလဲ သမီးက မောင်ကျော်သာ့ကို တောင်းဆိုလို့လား"

"ခင်ဗျာ. . . ."

ဦးမင်းအောင် ကွက်တိမေးလိုက်၍ ကျော်သာ အံ့သြသွားသည်။

သို့သော် ဝန်မခံနိုင်ပါ။ ဝန်ခံလိုက်လျှင် ခင်မွန် ယုံကြည်စွာ အကူအညီ တောင်းသည်ကို ဖောက်ဖျက်ရာ ကျလိမ့်မည်။ ဦးမင်းအောင်ကိုလည်း မညာချင်ပါ။

"ဘယ်လိုလဲ၊ မောင်ကျော်သာက ကိုယ့်လူ သူ့ဘက်သား ဖြစ်သွားပြီလား"

"မဟုတ်ပါဘူး ဦး၊ အချိန်နည်းနည်း ယူလိုက်ရင် ပိုပြီး အဆင်ပြေမယ် ထင်လို့ပါ"

ဦးမင်းအောင်၏ အကဲခတ်သော မျက်လုံးများ. . . .။

www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပြီလေ ဦး စောင့်ပါ့မယ်၊ ဒီကြားထဲမှာ သမီးက မဟုတ်တာ ဘာမှ မလုပ်ပါဘူးလို့ မောင်ကျော်သာ တာဝန်ယူမလား"

"ဟုတ်ကဲ့ ကျွန်တော် တာဝန်ယူပါ့မယ် ဦး"

"မောင်ကျော်သာ လွယ်လွယ် တာဝန် မယူနဲ့နော်၊ မောင်ကျော်သာက တစ်နေ့လုံး ပွဲရုံသွားနေမှာ"

ကျော်သာ ပြန်စဉ်းစားသည်။ ခင်မွန့် ချစ်သူ အောင်ဇော်ဆိုသူက ဖားကန့်သွားနေဆဲ၊ အစောဆုံး နှစ်ပတ် သုံးပတ်ကြာဦးမည်။ ဒီကြားထဲမှာ ခင်မွန် ဘာမျှ လုပ်၍မရ၊ နောက်ဆုံး တစ်ပတ်နှစ်ပတ် ခန့်သာ တာဝန်ကြီးမည်။ ထို ရက်ပိုင်းကျမှ ဒေါ်မြနှင့် မာလ်ကို အကူအညီတောင်းမည်။ လိုအပ်လျှင် ပွဲရုံမှ သူ့တပည့် မောင်ခင်ဝင်းနှင့်မောင်တိုးကို စောင့်အကြည့်ခိုင်းမည်ဟု ဆုံးဖြတ်လိုက်သည်။

"ကျွန်တော် တာဝန်ယူပါတယ် ဦး"

ကျော်သာ အခိုင်အမာ တာဝန်ခံလိုက်သည်။

"ကောင်းပြီလေ"

ဦးမင်းအောင်ကလည်း သူ့တွက်ကိန်းနှင့် သူ လက်ခံလိုက်ခြင်းဖြစ်၏။

ဦးမင်းအောင်ရော ကျော်သာပါ တွက်ကိန်း မှားသွားကြသည်။

ဖားကန့်မှာ တစ်ပတ်သာ ကြာပြီး အောင်ဇော် မန္တလေးသို့ ပြန်ရောက်လာသည်။

နေ့ခင်းတွင် အိမ်အောက်ထပ်မှာ ခင်မွန်တစ်ယောက်တည်းရှိစဉ် မိန်းကလေးတစ်ယောက်လာသည်။

ဦးမင်းအောင်က အိမ်အပေါ်ထပ်မှာ လူနာမေးလာသော ပွဲစားဦးသိန်းနှင့် စကားပြောနေကြသည်။ ဒေါ်မြက နောက်ဘက်မှ. . .



သို့သော် ဒေါ်မြတာဝန်ကျေသည်။ ဦးမင်းအောင်ရော ကျော်သာပါ မှာထား၍ မိန်းကလေးတစ်ယောက်ဝင်လာသည်ကို မြင်ရုံနှင့် ဒေါ်မြအိမ်ရှေ့သို့ ရောက်လာသည်။

"ကျွန်မ မခင်မွန် သူငယ်ချင်းပါ၊ မခင်မွန်နဲ့ တွေ့ချင်လို့"

"ဪ. . . . ရှိပါတယ်၊ အိမ်ထဲမှာ. . . ."

မိန်းကလေးဖြစ်၍ ဒေါ်မြ ယုံကြည်စွာ လွှတ်လိုက်သည်။

အိမ်ရှေ့မှ မေးဖြေနေကြသံကို ခင်မွန် ကြားနေရပါသည်။

အိမ်ထဲဝင်လာသော သူငယ်ချင်းဆိုသော မိန်းကလေးကို ခင်မွန်မသိပါ။

"ကိုအောင်ဇော် လွှတ်လိုက်တာပါ"

မိန်းကလေးက ခင်မွန်နားကပ်၍ ခပ်တိုးတိုး ပြောလိုက်သည်။

"ဪ. . . လာ. . . လာထိုင်. . . ."

ခင်မွန်က မိန်းကလေးလက်ကို ဆွဲ၍ ဧည့်ခန်းထဲမှ ဆိုဖာမှာ အထိုင်ခိုင်းသည်။

"ဒေါ်မြရေ ကျွန်မသူငယ်ချင်းဖို့ ကော်ဖီတစ်ခွက်လောက် ဖျော်ပေးပါ"

ခင်မွန် နောက်ဘက်ကို လှမ်းမှာလိုက်သည်။

"အေး. . . . အေး ယူခဲ့မယ်ဟေ့. . . ."

ဒေါ်မြ စိတ်ချလက်ချ ဖြစ်သွားသည်။

"ပြော. . . . သူ ဖားကန့်သွားတာ ပြန်လာပြီလား"

"ပြန်လာပြီ မနေ့က ညနေမှရောက်တယ်၊ ကျွန်မက သူ့ညီမ တစ်ဝမ်းကွဲ သူဇာပါ"

"ဪ. . . အေး. . . သူ ဘာမှာလိုက်သေးလဲ"

"သူ အခု အောင်တော်မူဘုရား မြောက်ဘက်က ကမ္ဘောဇ

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်မှာ စောင့်နေတယ်၊ ခဏလိုက်ခဲ့ပါတဲ့၊ အခေါ်ခိုင်းလိုက်တာ"

"အင်း. . . . ကော်ဖီ ဖျော်ခိုင်းထားတာ သောက်လိုက်ပါဦး၊ ပြီးတော့ ယုတ္တိရှိအောင် ခဏ စကားပြောပြီး နေသေးတာပေါ့၊ လိုက်ခဲ့ပါ့မယ်"

မိန်းကလေး ခေါင်းညိတ်ပြသည်။

ခင်မွန် ကက်ဆက် ဖွင့်လိုက်သည်။

နှစ်ယောက်သား သီချင်းနားထောင်နေကြသည်။

ဒေါ်မြ ကော်ဖီနှင့် မုန့်တစ်ပွဲ ယူလာသည်။

"သောက်လိုက်ဦး သူဇာ၊ ဪ. . . ဒါနဲ့ မင်းတို့အိမ်မှာ ဟိုနေ့က ငါ ပြောထားတဲ့ ရင်ဂိုအခွေ ရှိတယ် မဟုတ်လား"

ခင်မွန်က ဒေါ်မြ မမြင်အောင် မျက်စိ မှိတ်ပြလိုက်သည်။

"ရှိတယ် မမ၊ ဘာလဲ လိုချင်လို့လား"

သူဇာဆိုသော မိန်းကလေးကလည်း ပါးသည်။

"ဒေါ်မြရေ တိပ်ခွေ လိုချင်လို့ သူဇာတို့အိမ်ကို ခဏလိုက်သွားမယ်နော်၊ ဒီ အောင်တော်မူဘုရားနားတင်ပါ"

သူငယ်ချင်းမိန်းကလေးဆိုတော့ ဒေါ်မြ အတားရခက်နေသည်။

"အေး. . . . မကြာစေနဲ့နော်၊ ပွဲစားမေးရင် ဒေါ်ကြီး ဖြေရခက်နေမှာ စိုးလို့"

"စိတ်ချ ဒေါ်မြ မကြာစေရဘူး၊ ဖေဖေကလည်း ဦးသိန်းနဲ့ဆိုရင် တော်တော်နဲ့ စကားပြတ်မှာ မဟုတ်ပါဘူး"

သူဇာ ကော်ဖီသောက်ပြီးသည်နှင့် နှစ်ယောက်အတူ ထွက်သွားကြသည်။

"အင်း. . . . သွားကြတာကတော့ အောင်တော်မူဘုရား



ဘက်ပဲ"

ဒေါ်မြက လှမ်းကြည့်ပြီး အကဲခတ်လိုက်သေးသည်။

လက်ဖက်ရည်ဆိုင်ရှေ့မှာ အောင်ဇော် စီးနေကျ ဆိုင်ကယ်။

ဆိုင်ထဲကို ဝင်လိုက်တော့ ချောင်ကျသော ထောင့်ကျကျ စားပွဲမှာ တစ်ယောက်တည်း ထိုင်နေသော အောင်ဇော့်ကို တွေ့ရသည်။

ခင်မွန်ကို မြင်လိုက်ရတော့ အောင်ဇော် သိပ်ကို ဝမ်းသာသွားသည်။ ပါလာမည်ဟုပင် သူ မထင်။

"ဟိုနေ့က ခင်မွန် အရိုက်ခံရသေးသလား"

"ဟင့်အင်း၊ ဖေဖေ ဆေးရုံ တင်လိုက်ရတယ်"

"အို. . . . ဟုတ်လား၊ ဘယ်လို ဖြစ်လို့လဲ"

"ဖေဖေ့မှာ နှလုံးရောဂါရှိတယ်၊ မသေတာ ကံကောင်းသေးတယ်၊ ခုထိတောင် အိမ်မှာပဲနေရတယ်"

"ဒါဖြင့် ခင်မွန် ဘယ်လိုလုပ် ထွက်လာသလဲ"

"ဒေါ်မြကို ခဏလို့ ပြောပြီး ထွက်လာရတာပေါ့၊ ပြောစရာ မြန်မြန် ပြောကြရအောင်၊ ဖေဖေ မေးနေရင် ပြဿနာ ရှုပ်မှာစိုးလို့ အောင်သွားတာ အဆင်ပြေရဲ့လား"

အောင်ဇော် စိတ်ပျက်စွာ ခေါင်းခါပြသည်။

"ကိုယ်ရော ကိုယ့်သူငယ်ချင်းပါ အညာခံလိုက်ရတယ်"

"ဟင်. . . . ဘယ်လို"

မျှော်လင့်ချက် တောင်ကြီး ပြိုသွားပြီမို့ ခင်မွန် ငိုချင်မိသည်။

"ကိုယ်တို့ကလည်း မကျွမ်းကျင်သေးတော့ ကျားတွေအစားသွားတာပေါ့၊ ကိုယ်က သိန်းနှစ်ဆယ်ထဲပါ၊ ကိုယ့်သူငယ်ချင်းဆို လေးဆယ်တောင်ထိသွားတာ"

"ဘယ်လို ဖြစ်တာလဲ အောင်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျောက်က ကွမ်ပြီးသား ခင်မွန်ရဲ့ ပတ်လည်ကြိုးကလည်း အဲပဲဆိုတော့ ကိုယ်တို့လည်း အပိုင် ရိုက်လိုက်ကြတာပဲ"

"ကွမ်ပြီးသား ဆိုတာက"

ခင်မွန် နားမလည်ပါ။

"အဲ. . . . ကွမ်ပြီးသားဆိုတာက အပေါ်ကြောက်လွှာကို ဆောက်နဲ့ ဖြတ်ပြီး အတွင်းက ကျောက်စိမ်း အရည်ပေါ်အောင် ဖော်ပြထားတာကို ပြောတာ၊ မျက်မြင်ဆိုတော့လဲ ရဲတာပေါ့၊ အရည်က သိပ်ကောင်းနေတာကိုး၊ ခွဲလိုက်လို့ အောင်ရင် သိန်းလေးရာ လောက်ရနိုင်တာ ဆိုတော့ သူက သိန်းတစ်ရာတောင်းတယ်၊ ကိုယ်တို့က နှစ်ယောက်ပေါင်းမှ ခြောက်ဆယ်ပဲပါလို့ ဆစ်တယ်၊ သူက သိန်းရှစ်ဆယ်မလျှော့ဘူးပြောတယ်၊ နောက်ဆုံးတော့ ကျန်တဲ့ နှစ်ဆယ်ကို ကျောက်ခွဲပြီးပေးမယ်ပြောတာနဲ့သဘောတူပြီး ရောင်းလိုက်တာ၊ ဒါပေမယ့် ကျောက်ခွဲပြီးတာနဲ့ အဲဒီလူတွေကို မတွေ့ရတော့ဘူး ခြောက်ဆယ်ရင်းရတဲ့ကျောက်က ခွဲပြီးတော့ တစ်သိန်းတောင် မနေဘူး၊ ရှစ်သောင်းပဲရတယ်၊ သူငယ်ချင်းကို ငါးသောင်းပေးပြီး ကိုယ်က သုံးသောင်းပဲ ယူခဲ့တယ်"

"ကွမ်ထားတဲ့နေရာက အရည်ထင်ရအောင် ဆေးနဲ့ လုပ်ထားတာကိုး၊ ကြိုးကလည်း ပတ်လည်မှ မဟုတ်ဘဲ၊ လိုနေတဲ့ နေရာလေးကို တူအောင် အသေအချာ ဆက်ထည့်ထားတော့ ခံရတာပေါ့"

ပါးပေါ်သို့ စီးကျလာသော မျက်ရည်များကို ခင်မွန် လက်ကိုင်ပဝါနှင့် သုတ်လိုက်သည်။ သို့သော် မျက်ရည်များက အဆက်မပြတ် စီးကျနေဆဲ။

"ခင်မွန် ငွေတွေကို နှမြောလို့ ငိုနေတာလား၊ ငွေစုပြီး ကိုယ် ပြန်သွားဦးမှာပါ၊ ခင်မွန့် ငွေကို အားလုံး ပြန်ပေးမှာပါ"

BURMESE CLASSIC .com



"ခင်မွန် ငွေနှမြောလို့ ငိုတာမဟုတ်ဘူး အောင်၊ ဟိုတစ်နေ့က ကိစ္စဖြစ်ပြီးတော့ ဖေဖေက အောင့်ကို ငွေပေးတဲ့ကိစ္စတွေအားလုံး သိသွားတယ်"

"ဟင်. . . . ဘယ်လိုလုပ် သိတာလဲ"

"အဲဒီနေ့က အောင် စတိုခန်းထဲမှာ ငွေကို နှစ်ထုတ်ခဲ့ပြီး ဘောင်းဘီအိတ် နှစ်ခုမှာ ထည့်တော့ ငွေထုတ်တဲ့ စက္ကူချထားတာကို ဖေဖေ တွေ့သွားတယ်၊ အဲဒီ ငွေက ဖေဖေ့ဆီက တောင်းထားတာ၊ သူ ထုတ်ပေးတဲ့ စက္ကူကို ဖေဖေက မှတ်မိတယ်၊ အပေါ်မှာ ပွဲရုံဘံ ဆိပ်ပါတယ်. . . .

"အဲဒါနဲ့ ဆက်ပြီး မေမေ့လက်စွပ် ပြောင်းဝတ်ထားတာကို လည်း ဖေဖေ သိသွားတယ်၊ ခင်မွန့် လက်စွပ်ကို မေးတော့ ခင်မွန် မငြင်းနိုင်ဘူး. . . ."

"ဒါနဲ့ ခင်မွန်က အောင် ဖားကန့်ဘက်သွားပြီး ကျောက်စိမ်း အရောင်းအဝယ် လုပ်တဲ့အကြောင်း၊ သိန်းရာဂဏန်းအထက် မြတ်နိုင်ကြောင်း ပြောတော့ ဖေဖေ မယုံဘူး. . . ."

"ခင်မွန်က လက်တွေ့ သက်သေပြချင်လို့ အောင် ပြန်လာမယ့် ရက်ကို စောင့်နေတာ၊ ခုတိုင်းဆိုရင် ခင်မွန်မှာ ဘာမှ ပြောလို့ မရတော့ဘူး"

"အို. . . . ဘာလို့ မရ ရမှာလဲ၊ ကိုယ် ငွေရှာပြီး ပြန်တက်မှာပဲ၊ အောင်တဲ့အပတ်ကျရင် အခိုင်အမာပြလို့ ရတာပေါ့"

"အဲဒီလောက် အချိန်မရတော့ဘူး အောင်၊ ဖေဖေက ခင်မွန်ကို သိပ်စိုးရိမ်ပြီး အမြန်ဆုံး အိမ်ထောင်ချပေးဖို့ စီစဉ်တယ်"

"ဟင်. . . . ဘယ်သူနဲ့လဲ"

အောင်ဇော် အသံကျယ်သွား၍ ခင်မွန်ပင် လိတ်လန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန် ပြောစမ်းပါ ခင်မွန်"

စိုးရိမ်ကြီးစွာ မေးနေသော အောင်ဇော့် မျက်နှာကို ခင်မွန် လှမ်းကြည့်လိုက်သည်။

"ကိုကျော်သာနဲ့"

"ဟင်. . . . တောက်"

အောင်ဇော် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

"မတရားဘူးကွာ လုံးဝ မတရားဘူး၊ ဟင်း. . . . ဒါတွေအားလုံး ဒီကောင့် ညာဏ်တွေချည်းပဲ၊ တောသား အယုတ်တမာကောင် ဒီကောင့်ကို သတ်မယ်"

ခင်မွန်က ခေါင်းကို ခါယမ်းပြလိုက်သည်။

"ဒီကိစ္စဟာ ဖေဖေ့ အစီအစဉ်လို့ပဲ ခင်မွန် ထင်တယ်၊ ကိုကျော်သာနဲ့ ခင်မွန် မေးကြည့်ပြီးပြီ၊ သူ ဘာမှ မသိဘူး"

"ဟင်း. . . . ဟင်း၊ ရိုးလိုက်တာ ခင်မွန်ရာ၊ ဒီကောင်က မသိသလို လုပ်နေမှာပေါ့ ဘာခက်လို့လဲ"

"မဟုတ်သေးဘူး အောင်၊ ခင်မွန်က အောင်နဲ့ ကိစ္စ သူ့ကို ဖွင့်ပြောပြတယ်၊ အောင် ဖားကန့်သွားနေတဲ့ အစီအစဉ်ကိုလည်း ပြောပြတယ်၊ ဖေဖေက မြန်မြန် လက်ထပ်ပေးမှာစိုးလို့ တစ်လလောက် အချိန်ဆွဲလို့ရအောင် သူပဲ ဖေဖေ့ကို ပြောပေးထားတာ"

အောင်ဇော် ခေါင်းခါလိုက်သည်။

"ဒီကောင် လူလည်ပါ။ ခင်မွန့်ကို လိုက်လျောပြပြီး သူ့ဘက် ပါလာအောင် လုပ်သွားဦးမှာ. . . ."

"ဝေးပါသေးတယ် အောင်ရယ်၊ အဲဒီကိစ္စကိုလည်း ခင်မွန် သူ့ကို အပြတ်ပြောပြီးပြီ၊ သူ့ကို လုံးဝ မချစ်နိုင်ကြောင်း၊ အောင်က လွဲလို့ လက်မထပ်နိုင်ကြောင်း. . . ."



"သူ. . . . ဘာပြောလဲ"

"သူ လက်ခံသဘောတူလို့ အောင် ပြန်လာမယ့်အချိန်ထိ အောင် စောင့်ဖို့ ဖေဖေ့ကို ရက်ဆွဲထားတာပေါ့"

"ကိုယ် ဒီကောင့်ကို မယုံဘူး၊ ခင်မွန် ကိုယ်နဲ့ အခုတစ်ခါတည်း လိုက်ခဲ့တော့"

"အဲဒီလိုတော့ ဘယ်ဖြစ်ပါ့မလဲ အောင်ရယ်၊ တစ်လဆိုတာ အခု အောင်က တစ်ပတ်လောက်နဲ့ ပြန်လာတော့ ရက်နှစ်ဆယ်လောက် ကျန်ပါသေးတယ်၊ ဒီကြားထဲမှာ စဉ်းစဉ်းစားစားလုပ်ဖို့ အချိန်တွေ ကျန်ပါသေးတယ်"

"နောက်ထပ် ဒီအခွင့်အရေးမျိုးရဖို့ မလွယ်ဘူး ခင်မွန်၊ ကိုယ်တော့ ဟိုကောင့်ကိုလည်း လုံးဝ မယုံဘူး၊ ခုဆိုရင် အဘိုးကြီးက လက်ထပ်ပေးမယ် ဆိုတာလဲ သူသိသွားပြီ၊ တစ်အိမ်တည်း နေကြတာဆိုတော့. . . ."

"နေဦး အောင်၊ အဲဒီလိုတော့ သူကလည်း မလုပ်ဘူး၊ လုပ်ရင်လည်း ခင်မွန်က နည်းနည်းတောင် သည်းခံမှာမဟုတ်ဘူး ဒါလည်း သူ့ကို ပြောပြီးသား"

"ခက်တာပဲကွာ၊ ခင်မွန်ကပါ သူ့ကို ယုံနေပြီကိုး"

အောင်ဇော် စိတ်ပျက်စွာ ခေါင်းကို ကုပ်ဖွပစ်လိုက်သည်။

"ခင်မွန် သူ့ကို ယုံနေတာ မဟုတ်ဘူး အောင်"

"ယုံတာ မဟုတ်ရင် အထင်ကြီးနေတာ"

"အထင်လည်း မကြီးဘူး အောင်၊ ဘာလဲ. . . . အောင် ခင်မွန့်ကို မယုံတော့ဘူးလား"

"အခု တစ်ခါတည်း မလိုက်ခဲ့ရင်တော့ ကိုယ်တို့ ဝေးကြရလိမ့်မယ် ခင်မွန်၊ သူတို့ဘက်က အမြန် စီစဉ်ကြရင် ခင်မွန် ဘယ်လို လုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ အောင်၊ အဲဒီလို လုပ်တာနဲ့ ခင်မွန် အောင့်ဆီကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ထွက်လာခဲ့မယ်"

"သေချာလား ခင်မွန်"

"သေချာတယ်"

"ဒီကြားထဲ ဟိုကောင့်ကို အထင်. . အဲလေ. . . ဟိုကောင့် ဆောင်ချောက်ထဲ ကျသွားရင်. . . ."

"စိတ်ချ. . . . အသက်နဲ့ လဲပစ်လိုက်မယ်"

"ခင်မွန်ကိုယ်တိုင် ဟိုကောင့်ကို စိတ်ပြောင်းသွားရင်"

"အဝေးကြီး အောင်၊ လုံးဝ မစိုးရိမ်နဲ့၊ ဒီတောသားကို ချစ်ဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

"စိတ်ချရမှာလား"

"စိတ်ချ"

နှမရှေ့ပင် ဖြစ်သော်လည်း မရှောင်နိုင် တော့ပါ၊ စားပွဲပေါ်မှ ခင်မွန်၏ လက်ကလေးကို အောင်ဇော် တင်းကျပ်စွာ ဆုပ်ကိုင် ထားလိုက်သည်။

"ခင်မွန့်ဘက်မှာ အရေးကြီးတဲ့ အကြောင်းရှိရင် ဟိုခင်မွန့် သူငယ်ချင်း ကစ်ကစ်တို့ ဇာဇာတို့ကို ကိုယ့်ဆီလွှတ်ပြီး အပြောခိုင်းရင် ရော"

"အမယ်လေး. . . . မလုပ်နဲ့ အောင်၊ သူတို့က ဖေဖေ ဘက်သားတွေ၊ ဒါကြောင့်မို့ ခင်မွန် အခု သူတို့ကို သိပ်မရောဘဲ နေတာ၊ သူတို့လည်း အိမ်မလာတာကြာပြီ၊ မလာတာပဲ ကောင်း တယ်၊ လာရင် ရိပ်မိလို့ ဖေဖေ့ကို သတင်းပေးကြမှာ"

အောင်ဇော်သည် သက်ပြင်းတစ်ချက် ချလိုက်သည်။

"စိတ်မပူပါနဲ့ အောင်ရယ်၊ အရေးအကြောင်းရှိရင် ခင်မွန့်မှာ အကြံဉာဏ် ရှိပါတယ်၊ ခင်မွန် ဆက်သွယ်ပါ့မယ်၊ သွားမယ်နော်"



"ကိုယ် ဖုန်းဆက်လို့ရမလား ခင်မွန်"

"မရဘူး အောင်၊ မဆက်နဲ့၊ ဖုန်းက အိမ်ပေါ်မှာ လိုင်းခွဲရှိ တယ်၊ ဖေဖေ ကောက်နားထောင်နေရင် ခက်ကုန်လိမ့်မယ်၊ အရင်က ဖေဖေ ပွဲရုံသွားနေတော့ ကိစ္စမရှိဘူး၊ ခုဟာက ဖေဖေ အိမ်ပေါ်မှာ အမြဲရှိနေတာ"

"ဒါဖြင့် နောက်ကို အရေးကြီးရင် သူဇာ့ကိုပဲ လွှတ်လိုက် မယ်နော်"

"လွှတ်လိုက်"

သူဇာကလည်း ခေါင်းညိတ်ပြသည်။

ခင်မွန် ဆိုင်ထဲမှ ထွက်လာပြီးမှ သတိရသည်။ တိပ်ခွေငှား ရန် လိုက်သွားသော်လည်း တိပ်ခွေ မပါသည့်အဖြစ်။

"ကိစ္စမရှိဘူး ရတယ်၊ ဒေါ်မြ မမြင်အောင် အိမ်ထဲဝင်လိုက် ရုံပေါ့"

နည်းလမ်းက ရပြီးသား။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ခင်မွန်နှင့် အောင်ဇော် တွေ့ပြီးနောက် သုံးရက်မြောက် ညနေတွင် ဦးမင်းအောင်၏ ခြံထဲသို့ ဒေါ့ဂျစ်ကားတစ်စီး ဝင်လာသည်။

ဦးသိန်း၏ ပွဲရုံမှ လူများ ကားပေါ်မှ ဆင်းလာပြီး ပစ္စည်းများ ချကြသည်။

ကားသံနှင့် လူသံများကို ကြား၍ ခင်မွန် အိမ်ထဲမှ ထွက်ကြည့်သည်။ နှစ်ယောက်အိပ်ခုတင် တစ်လုံး၊ မွေ့ရာ၊ အိပ်ရာခင်းနှင့် ခေါင်းအုံးများကို တွေ့ရ၍ ခင်မွန် အံ့ဩသွားသည်။

"ဘယ်သူ ဝယ်တာပါလိမ့်"

ထိုအချိန်တွင် ကျော်သာ စက်ဘီးနှင့် ပြန်ရောက်လာသည်။

ကိုကျော်သာ ဒီပစ္စည်းတွေကို ဘယ်မှာ ထားရမလဲ"

ဦးသိန်း၏ ပွဲရုံမှ မန်နေဂျာ ကိုသောင်းက ကျော်သာကို မေးလိုက်သည်။

ခင်မွန် စိတ်ထဲမှာ ထောင်းခနဲ ဖြစ်သွားသည်။

"ဟင်း. . . . လက်စသတ်တော့ သူဝယ်လာတာကိုး"

ခင်မွန် ရင်ထဲမှာ မကျေနပ်မှုများ ကြီးထွားလာသည်။

"ဟင်း. . . . ဒါကြောင့် အောင်က ပြောတာ၊ လူလိမ်



လူညာ ငါ သူ့ထောင်ချောက်ထဲမှာ မိသွားပြီလား"

ထိုအချိန်တွင် ဦးမင်းအောင် အိမ်ပေါ်မှ ဆင်းလာသည်။

"ဩော်. . . . မောင်သောင်းတို့လားဟေ့၊ ပစ္စည်းတွေ အိမ်ပေါ်တင်လိုက်ကြ"

ဦးသိန်း၏ ပွဲရုံမှ အလုပ်သမားများက ပစ္စည်းများကို အိမ်ပေါ်တင်လိုက်ကြသည်။

ကျော်သာ ကိုယ်တိုင်လည်း ပစ္စည်းများကို ကြည့်ပြီး အံ့ဩ နေသည်။

ပွဲရုံအလုပ်သမားများက ဦးမင်းအောင် ညွှန်ပြသည့်အတိုင်း အပေါ်ထပ်မှ အခန်းကျယ်ကြီး တစ်ခုမှာ နှစ်ယောက်အိပ်ခုတင်ကို ဆင်ပြီး အခန်းကိုလည်း လှပ သပ်ရပ်အောင် ပြုပြင်ပေးကြသည်။

"ပွဲစားကြီးက ကိုကျော်သာနဲ့ မခင်မွန် သူ့ အခန်းကို သာခဲ့ ကြပါဦးတဲ့"

ဦးသိန်း၏ ပွဲရုံမှ အလုပ်သမားတစ်ယောက် လာခေါ်၍ ကျော်သာနှင့် ခင်မွန် အိမ်အပေါ်ထပ်သို့ လိုက်သွားကြသည်။ လမ်းတွင် ကျော်သာနှင့် ဆုံသော်လည်း ခင်မွန် ရင်ထဲမှာ မကျေနပ်၍ ကျော်သာကို နှုတ်မဆက်။

"ကဲ. . . . လာထိုင်ကြ"

ဦးမင်းအောင်က သူ့အိပ်ရာဘေးမှ စားပွဲပေါ်ရှိ ဖိတ်စာ တစ်ထပ်ကြီးထဲမှ နှစ်စောင်ကို ယူပြီး တစ်စောင်စီ ပေးလိုက်သည်။

ဖိတ်စာကို ဖတ်ပြီး ခင်မွန်ရော ကျော်သာပါ အံ့ဩသွား ကြသည်။

"ကဲ. . . . အဲဒီအတိုင်းပဲ၊ မနက်ဖြန် စနေနေ့မှာ ဖိတ်စာ တွေ ဝေမယ်၊ သန်ဘက်ခါကျရင် အိမ်မှာပဲ အကျဉ်းရုံးပြီး မင်္ဂလာ

www.burmeseclassic.com

www.burmeseclassic.com

ဆောင်လိုက်ကြတာပေါ့။ ဖေဖေ့ မိတ်ဆွေ တရားသူကြီး ဦးပိုကိုလည်း ဖိတ်ထားတယ်၊ သူက အိမ်မှာပဲ တရားဝင်စာချုပ် စာတမ်းနှင့် လက်ထပ် ပေးပါလိမ့်မယ်"

ကျော်သာ စိတ်ပျက်သွားမိသည်။

ဦး လုပ်ပုံတွေက တစ်ယောက်နဲ့ တစ်ယောက် သံသယစိတ် ဝင်ပြီး ရေရှည် အဆင်မပြေဖြစ်မည်ကို စိုးရိမ်လိုက်မိသည်။

သို့သော် ကျော်သာ ဘာမျှ မပြောဘဲ နေလိုက်သည်။

"ဖေဖေရယ် ခုလို ကတိုက်ကရိုက်ကြီး"

ခင်မွန် စကားကို ဆုံးအောင် ဆက်မပြောဘဲ ငိုသည်။

"မတတ်နိုင်ဘူး သမီး သမီးကိုလည်း ဖေဖေ ပြောပြီးသားပဲ၊ ဖေဖေ့ ကျန်းမာရေး အခြေအနေကြောင့် ပွဲစား ဦးသိန်းကို အကူအညီတောင်းပြီး ဒီလို စီစဉ်လိုက်ရတာပဲ"

ခင်မွန် မကျေနပ်ပါ။

"အသက်ကြီးတဲ့ လူတွေဟာ တဆိတ်ရှိ ကျန်းမာရေးနဲ့ အကျပ်ကိုင်နေကြတာပဲ"

ခင်မွန် ရင်ထဲမှာ နာကြည်းစွာ ပြောနေမိပါသည်။

"အဲဒီတော့ ဖိတ်စာတွေ ဖိတ်ဖို့က ဦးသိန်းနဲ့ မောင်သောင်း တို့ကိုပဲ တာဝန်ပေးထားပါတယ်၊ သူတို့ ဖိတ်လိမ့်မယ်၊ လူကလည်း သိပ်မများပါဘူး၊ ရင်းနှီးတဲ့ လူတွေလောက်ပါပဲ၊ မနက်ဖြန်ခါကျရင် ဖေဖေ့ပွဲစားအဖွဲ့က ဦးသိန်းနဲ့အတူ အိမ်မှာ လိုအပ်တာတွေလာပြီး ပြင်ဆင်ကြလိမ့်မယ်၊ ကျွေးမှာကတော့ ကိတ်နဲ့ရေခဲမုန့်ဆိုတော့၊ အဲဒါ လည်း ဦးသိန်းမှာပြီးပါပြီ၊ မင်္ဂလာဆောင်နေ့ကျမှ သူတို့ အစီအစဉ်နဲ့ သူတို့ဘာသာ လာကျွေးမှာပါ၊ ဘာမှ မလိုတော့ဘူး. . . ."

"ရော့. . . ဒါက သတို့သမီးဝတ်စုံ၊ သမီး အကျီအတိုင်းနဲ့ သေသေချာချာ အပ်ထားတာ"



ဦးမင်းအောင်က သူ့ညာဘက်ဘေးရှိ စားပွဲပေါ်မှ ပလပ်စတစ်အကြည်အိတ်ကြီး နှစ်လုံးကို ခင်မွန့် လက်သို့ပေးသည်။ လှမ်းယူသော ခင်မွန့် လက်များ တုန်နေသည်။

အိတ်ကြီးတစ်လုံးမှာ ရွှေဖလားရောင် လွန်းရာကျော်ကြိုးကြီးချိတ်လုံချည်ကို အပေါ်မှ မြင်နေရပါသည်။

နောက်အိတ်တစ်ခုတွင် လုံချည်နှင့် လိုက်ဖက်သော ဆွစ်ဇာလန်ဇာ ရွှေရောင်အကျီနှင့် ရွှေရောင် ဇာပဝါ။

"ရော့. . . ဒါက ကတ္တီပါ ဖိနပ်ခုံအထူမြန်မာဆန်ဆန်ပဲ ပေါ့၊ မန္တလေးသူဆိုတော့ ရွှေခြေကျင်းလည်း ဝတ်ရမယ် သမီး"

"ဩော်. . . အသေးစိတ် လိုအပ်ချက်တွေကိုပါ၊ ဖေဖေက လျှို့ဝှက်စွာ စီစဉ်နေခဲ့တာကိုး"

ခင်မွန် ဝမ်းနည်းကြေကွဲစွာ တွေးနေမိသည်။

နေ့ခင်းများတွင် ပွဲစားကြီး ဦးသိန်းလာတိုင်း နှစ်ယောက်တည်း စကားအကြာကြီး ပြောနေကြသည်ကို ခုမှ ခင်မွန်သဘောပေါက်မိသည်၊ ထိုအချိန်က လုံးဝ စိတ်မဝင်စားခဲ့၍ ဘာမျှ ကြိုပြီး မသိခဲ့ရ။

သို့သော် ဤကိစ္စများ အားလုံး ဦးသိန်း တစ်ယောက်တည်းကို တိုင်ပင်သလား။ ဒီပြင် ဘယ်သူသိသေးသလဲ။

"ကိုကျော်သာ သူအားလုံး သိနေသလား"

ခင်မွန် သံသယဖြစ်မိသည်။

"ရော့. . . ဒါက မောင်ကျော်သာ့ အတွက်"

ခင်မွန်လိုပင် ပလပ်စတစ်အိတ်နှစ်ခုကို ဦးမင်းအောင်က ကျော်သာသို့ ပေးလိုက်သည်။

လုံချည်က ခင်မွန်နှင့် တစ်ဆင်တည်း။ နောက် အိတ်တစ်ခုတွင် ရှပ်အကျီနှင့် တိုက်ပုံအကျီ ရွှေဝါရောင်။

www.burmeseclassic.com

www.burmeseclassic.com

"ငါ့ အကျီအတိုင်းက ငါ့ ဗီရိုကို ဖွင့်ပြီး အကျီတစ်ထည် ယူလိုက်ရုံနဲ့ရတယ်၊ ငါ မသိနိုင်ဘူး။ သူ့အကျီက ဟင်း. . . . သေချာပြီ၊ သူပေးမှ ရမယ်၊ ဒီကိစ္စတွေ သူ ကြိုသိနေတာပေါ့၊ အလိုတူ အလိုပါ၊ ငါ့ကိုတော့ တစ်မျိုးပြောပြီး ဖေဖေနဲ့ကျတော့ နှစ်ဦးသဘောတူ တိုင်ပင်ကြံနေတဲ့ သစ္စာဖောက်"

ခင်မွန် ကျော်သာ့ကို အမုန်းကြီး မုန်းမိသည်။

"အောင် ပြောတာတွေ မှန်နေပြီ၊ လူလိမ် လူညာ၊ ဟန်ဆောင်ကောင်းတဲ့ လူ"

"ရော့. . . . ဒါက ဖိနပ်၊ မောင်ကျော်သာနဲ့ တော်ပါလိမ့်မယ်"

ခင်မွန် ကျော်သာကို လှမ်းကြည့်လိုက်သည်။

ဘာမှ မသိသလို ပုံမျိုးနှင့် လှမ်းယူနေသော ကျော်သာကို ကြည့်ပြီး ပို၍စက်ဆုပ်မိသည်။

"ကဲ. . . . ခုဆိုရင် သမီးနဲ့ စပ်ပြီး မောင်ကျော်သာလည်း သားဖြစ်သွားပြီ၊ ဒီကိစ္စ ချောချောမောမော ပြီးသွားရင် ဖေဖေ့ တစ်သက်မှာ စိတ်အေးချမ်းသာ ရှိပါပြီ။ သေရမယ်ဆိုရင်လည်း သေပျော်ပါပြီ၊ ဘာမှ နောက်ဆံတင်းစရာ မရှိတော့ပါဘူး. . . ."

"ဖေဖေ့ ကျန်းမာရေး အခြေအနေအရ ခုလို အကျဉ်းရုံးပြီး ခပ်မြန်မြန် စီစဉ်လိုက်ရတာကိုတော့ ဘယ်လိုမှ မအောက်မေ့ကြနဲ့၊ တစ်သက်တာ နောင်ရေးအတွက် ကောင်းစေချင်တဲ့ မိဘရဲ့ မေတ္တာ၊ စေတနာလို့သာ ခံယူပြီး ကျေနပ်ကြပါ၊ သမီး မေမေနဲ့ ဖေဖေလည်း ဒီလိုပဲ လက်ထပ်ပြီး တစ်သက်လုံး ချစ်ခင်ကြင်နာစွာ ပေါင်းသင်းခဲ့ကြတာပါ။ ဒီတော့ မောင်ကျော်သာနဲ့ သမီးတို့လည်း တစ်ယောက်နဲ့ တစ်ယောက် ချစ်ခင် ကြင်နာကြပါ၊ ဘာမဆို ဆိုးတိုင်ပင် ကောင်းတိုင်ပင်နဲ့ ပျော်ပျော်ရွှင်ရွှင် နေကြပါ၊ ဖေဖေ့မှာရှိတဲ့ စည်းစိမ်ချမ်းသာ



. . .းလုံးဟာလဲ သမီးတို့ နှစ်ယောက်ပဲ ဆိုင်ပါတယ်၊ မောင်ကျော်သာ . . . ပွဲရုံအလုပ်ကို ဦးစီးပြီးလုပ်၊ သမီးက အိမ်ထောင်ကို ထိန်းသိမ်း . . . . ."

"ရော့. . . . ဟောဒီ ဖိတ်စာတွေက မင်းတို့ လူငယ်တွေရဲ့ . . .ငယ်ချင်းတွေထဲက ဖိတ်ချင်တဲ့ လူတွေကို မနက်ဖြန်ခါ နှစ်ယောက် . . .တူ လိုက်ဖိတ်ကြ၊ ဪ. . . . မောင်ကျော်သာက သမီးကို သူ . . .ွက်သွားတဲ့ စိန်သုံးလုံးတန်း လက်စွပ်ကလေးတစ်ကွင်း မနက်ဖြန် . . .ယ်ပေးလိုက်ပါကွာ. . . ."

"သမီးက မင်္ဂလာဆောင်နေ့ကျတော့ ဝတ်ပေါ့၊ မင်္ဂလာဦး . . .က်ဆောင်ဆိုတာ ပိုအဖိုးတန်ပါတယ်၊ ကဲ. . . . ကဲ. . . . သွားကြ . . .ယ်သူတွေ ဖိတ်မယ်ဆိုတာ တိုင်ပင်ပြီးတော့ ဖိတ်ကြ"

ဦးမင်းအောင်က ဖိတ်စာတစ်ထပ်ကို ခင်မွန့်လက်သို့ ပေး . . .ိုက်သည်။

မင်္ဂလာဝတ်စုံ အိတ်များကို ယူ၍ နှစ်ဦးသား ဦးမင်းအောင် . . .ခန်းမှ ထွက်ခဲ့ကြသည်။

ကျော်သာက လှေကားမှ ဆင်းသွားသည်။

ခင်မွန်က သူ့ အခန်းထဲဝင်ပြီး မင်္ဂလာဝတ်စုံ အိတ်များနှင့် . . .နပ်ဘူးကိုပါ ခုတင်ပေါ်သို့ ဆောင့်ကြီး အောင့်ကြီး ပစ်တင်လိုက် . . .သည်။

ငိုချင်သော်လည်း မငိုမိအောင် စိတ်ကို တင်းထားလိုက် . . .သည်။

မကျေနပ်မှုတွေက ရင်ထဲမှာ အတိုင်းအဆမရှိ ကြီးထွားနေ . . .ကြသည်။

"သူနဲ့ တိုင်ပင်ပြီး ဖိတ်ရမယ့် ဖိတ်စာတွေ"

လက်ထဲမှ ဖိတ်စာများကို ကြည့်၍ ခင်မွန် မျက်နှာမဲ့သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။

"မနက်ဖြန်ခါ တစ်ရက်ပဲ ဖိတ်ရမှာဆိုတော့ အချိန်ထ မကျန်တော့ဘူးလေ၊ ခု သွားတိုင်ပင်ရသေးတာပေါ့ ဟင်း. . . .

ခင်မွန် ဖိတ်စာများကို ယူပြီး အိမ်အောက်သို့ ဆင်းခဲ့သည်

ကျော်သာ အခန်းရှေ့ရောက်တော့ တံခါးခေါက်မည်ဟ စဉ်းစားပြီးမှ. . . .

"သန်ဘက်ခါ လက်ထပ်ရတော့မယ့် လူပဲ ဘာလို့ တံခါ ခေါက်ပြီး ဝင်ခွင့် တောင်းနေရဦးမှာလဲ"

တံခါးကို တွန်းဖွင့်လိုက်သည်။

အထဲမှ သော့ချမထား၍ တံခါး ပွင့်သွားသည်။

ခုတင်ပေါ်မှာ စိတ်ပျက်လက်ပျက် လှဲနေသော ကျော်သာ ခင်မွန့်ကို မြင်၍ ခပ်မြန်မြန် ထ,ထိုင်လိုက်သည်။

"ရပါတယ်. . . . သတို့သားကြီးရယ်၊ သက်သက် သာသ နေပါ၊ ဘယ်သူတွေ ဖိတ်ကြမယ်ဆိုတာ တိုင်ပင်မလို့ ဝင်လာတာ မကြာခင် ကိုယ့်ယောကျ်ား ဖြစ်တော့မယ့် လူမို့ ခွင့်မတောင်း ဝင်လာတာ စိတ်မရှိနဲ့နော်"

ခင်မွန်က ဖိတ်စာများကို ကျော်သာ အိပ်ရာဘေးမှ စာ ပေါ်ကို ပစ်တင်ပြီး စားပွဲရှေ့မှ ကုလားထိုင်မှာ ပိုင်စိုးပိုင်နင်း ထို လိုက်သည်။

ခင်မွန် ပြောသော လေသံနှင့် စကားလုံးများမှာ တမင်အ တိုက်ပြီး ပြောနေကြခြင်းဖြစ်ကြောင်း ကျော်သာ နားလည်ပါသည်

"ဧည့်ခန်းမှာ သွားပြီး တိုင်ပင်ရင်း ရေးကြမလား မခင်မွ

ကျော်သာက အားတုံ့အားနာ မေးလိုက်သည်။

"မလိုပါဘူးရှင်. . . . ဒီမှာတင် ပြောကြဆိုကြ တိုင်ပင တာပေါ့"



ခင်မွန့် လေသံက ခပ်မာမာ ခပ်တင်းတင်း ဖြစ်သည်။

"ဟုတ်ကဲ့. . . . ရပါတယ်"

ကျော်သာ အိပ်ရာ ခုတင်ပေါ်မှာပင် ထိုင်လိုက်သည်။

"ကျွန်မ ဖိတ်ချင်တဲ့ လူတွေ အရင်ပြောရမလား"

"ဟုတ်ကဲ့. . . . ပြောပါ. . . ."

ခင်မွန်က ပြုံးလိုက်သည်။ သို့သော် မလိုတမာ အပြုံး၊

"တစ်က သေမင်း၊ နှစ်က ယမမင်း၊ သုံးက မာန်နတ်မင်း"

ကျော်သာ မျက်နှာ ပျက်သွားသည်။

"မခင်မွန် မကျေမနပ် ဖြစ်နေသလို ကျွန်တော်လည်း စိတ်ဓာတ်အကျကြီး ကျနေတဲ့ လူပါဗျာ"

"သြော်. . . . ရှင်က ကျွန်မကို ယူရမှာမို့ စိတ်ဓာတ်အကျကြီးကျနေတာပေါ့ ဟုတ်လား၊ ဝမ်းနည်းစရာပဲ ရှင်. . . . ရှင့်အတွက် အကြီးအကျယ် နစ်နာတဲ့ ကိစ္စပဲ"

ခင်မွန်ကို ကြည့်ပြီး ကျော်သာ ပို၍ စိတ်ပျက်မိသည်။

"ကျွန်တော်ကို ခုလို လာပြီး ရိမနေပါနဲ့ မခင်မွန်၊ ကျွန်တော် မခင်မွန်ကို အားလုံး အမှန်အတိုင်း ပြောပြီးသားပါ၊ ကျွန်တော် မခင်မွန်နဲ့ လက်ထပ်ရလို့ ဘာမှ နစ်နာစရာလဲ မရှိပါဘူး၊ စိတ်ဓာတ်ကျတာလည်း မခင်မွန်နဲ့ လက်ထပ်ရမှာမို့ မဟုတ်ပါဘူး၊ ကျွန်တော်က မခင်မွန်ကို ချစ်နေတဲ့ လူပါ"

"တော်စမ်းပါရှင်. . . . ကိုယ်နဲ့ မတန်တဲ့ စကားကို မသုံးစမ်းပါနဲ့"

ခင်မွန့် စကားကြောင့် ကျော်သာ ရင်ထဲမှာ တင်းခနဲ ဖြစ်သွားသည်။

"ကျွန်တော် ပြောချင်လို့ ပြောတာ မဟုတ်ဘူး မခင်မွန်၊ မခင်မွန်က ကျွန်တော့်ကို ရိနေလို့ ကျွန်တော့်ဘက်က နစ်နာတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



သင်စရာမရှိကြောင်း ခိုင်မာအောင် ပြောတာပါ. . . ."

"ရှင်ဟာ. . . . ရိုးသလိုလို. . . . ဖြောင့်သလိုလိုနဲ့ ေ
တော်ကြောက်စရာ ကောင်းတဲ့ လူပဲ၊ ကိုကျော်သာ"

ခင်မွန်က ကျော်သာ့ မျက်နှာကို ကြည့်ပြီး တည့်တည့်
စွဲလိုက်သည်။

"ရှင်. . . . ကျွန်မကို ပြောတော့ ကောင်းပြီကောင်းရ
ဖေဖေ့ကို တစ်လလောက်စောင့်ဖို့ ပြောပြီးပြီတဲ့၊ ဖေဖေက တာဝန်
ယူ ခိုင်းလို့ ရှင်ကပဲ စွန့်ပြီး တာဝန်ယူခဲ့ရတဲ့ပုံ၊ ကျွန်မကိုလ
သွယ်ဝိုက်ပြီး သတိပေးလိုက်သေးတယ်"

"ယောကျ်ားစကားပဲဆိုပြီး ကျွန်မ ယုံခဲ့တယ်၊ ခု
လဝက်တောင် မရှိသေးဘူး၊ လက်ထပ်ဖို့ အမြန် စီစဉ်ပစ်လို
တယ်"

"ဒီကိစ္စတွေ ကျွန်တော် ဘာမှ မသိဘူး မခင်မွန်"

ကျော်သာက အခိုင့်အမာ ငြင်းလိုက်သည်။

"အြော်. . . . ရှင်ဘာမှ မသိဘူးလား. . . ."

ခင်မွန်က ရွဲ့မေးခြင်း ဖြစ်သည်။

"ဟုတ်တယ်. . . . မသိဘူး၊ မခင်မွန် ဆန္ဒအတိုင်း ဦ
ကျွန်တော် ညှိနှိုင်းပေးတာလဲ အမှန်ပဲ၊ တစ်လလောက် စော
ပြောတော့ ဦးက စိတ်မချလို့ ကျွန်တော့်ကို တာဝန်ယူနိုင်မလား
တယ်၊ ကျွန်တော တာဝန်ယူခဲ့ပါတယ်၊ အဲဒါတွေ အားလုံး အမှ
တိုင်း ကျွန်တော် မခင်မွန်ကို ပြန်ပြောခဲ့တာပဲ"

"ညာရင်လည်း ပီအောင် ညာပါ ကိုကျော်သာ၊. . .
အဲဒီ အကျီအတိုင်းတွေက ရှင်မသိဘဲနဲ့ ဘယ်လိုလုပ်ရသလဲ"

"ဒါဖြင့်. . . . မခင်မွန် အကျီအတိုင်းကရော၊ မခင်မွန်
လိုက်တာလား"



ကျော်သာ မကျေမနပ် ပြန်မေးမိသည်။

"ဖေဖေနဲ့ ကျွန်မက အိမ်ပေါ်မှာနေကြတာရှင့်၊ ကျွန်မ အကျီတစ်ထည်ကို ကျွန်မ မသိအောင် ဖေဖေယူလို့ရတယ်၊ ကျွန်မ ချုပ်နေကျ အပ်ချုပ်ဆိုင်က ကျွန်မ ကိုယ်အတိုင်းကို ယူလိုက်ရင်လည်း ရတယ်၊ ရှင့် အကျီအတိုင်းကျတော့ ရှင်မသိဘဲ ယူလို့မရဘူး၊ ရှင် သဘောတူမပေးဘဲ မသိနိုင်ဘူး"

ကျော်သာ ပြုံးလိုက်သည်။

"တစ်ဖက်သတ် မတွေးပါနဲ့ မခင်မွန်၊ ကျွန်တော် အခု ဒီ ခုတင်ပေါ်မှာ လှဲပြီး အဲဒါကို စဉ်းစားနေတာ၊ ပြီးခဲ့တဲ့ လေးရက်လောက်က ဦးလေးသိန်းရဲ့ မန်နေဂျာ ကိုသောင်းက မင်္ဂလာဆောင် တစ်ခု သွားစရာရှိလို့ဆိုပြီး ကျွန်တော့်ဆီက ရှပ်အကျီတစ်ထည်နဲ့ တိုက်ပုံအကျီတစ်ထည် ငှားတယ်၊ ကျွန်တော်လည်း သဘောရိုးနဲ့ မှတ်လို့ ငှားလိုက်တယ်၊ သူနဲ့ ကျွန်တော်က အရွယ်တူ အရပ်တူပဲလေ၊ အဲဒါဟာ ဒီ အကျီနှစ်ထည် ဖြစ်လာတယ်လို့ ကျွန်တော် ထင်တယ်၊ တကယ်ကတော့ အဲဒီလိုတောင် လုပ်ဖို့ မလိုပါဘူးဗျာ၊ ကိုသောင်းနဲ့ တိုင်းချုပ်လိုက်ရင်တောင် ကျွန်တော် ဝတ်လို့ရပါတယ်"

"ဒါကတော့ ရှင် ပြောသမျှပဲလေ"

"ခက်တယ် မခင်မွန်၊ ခုချိန်မှာ ကျွန်တော် ဘာပြောပြော ခင်ဗျား ကျွန်တော့်ကို ယုံမှာ မဟုတ်ဘူး"

"မယုံဘူး၊ ကျွန်မ ရှင့်ကို လုံးဝ မယုံဘူး"

"ကျွန်တော် စိတ်ခါတ်ကျနေတာကလည်း အဲဒါပါပဲဗျာ၊ ဦး အခုလို စီစဉ်လိုက်တာဟာ မခင်မွန် ကျွန်တော့်ကို အထင်လွဲစရာ ဖြစ်မယ်၊ ဆက်ဆံရေး ပိုပြီး တင်းမာကုန်လိမ့်မယ် ဆိုတာ စဉ်းစားမိလို့ပါ"

"အထင်လွဲစရာတွေ ရှိနေတော့ ဘယ်သူက မလွဲဘဲနေမလဲ

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံရေးကလည်း စိတ်ချ၊ ရှင်နဲ့ ဘယ်တော့မှ ပြေလည်စရာ မရှိဘူး"

"ကောင်းပြီလေ. . . . မခင်မွန် ကျွန်တော့်ကို မယုံရင် ကျွန်တော် ရှင်းနေလို့လည်း အပိုပါပဲ၊ စကားများများပြောလေ မခင်မွန်အတွက် ကျွန်တော့်ကို များများအမြင်ကတ်လေ ဖြစ်ရုံပဲ ရှိမယ် ကျွန်တော် ဘာမှ မရှင်းတော့ပါဘူး၊ မခင်မွန် ကျွန်တော့်ကို ကြိုက်သလို ထင်နိုင်ပါတယ်၊ နောင်တစ်နေ့ ကျရင်တော့ မခင်မွန် နားလည် သွားပါလိမ့်မယ်"

ကျော်သာ စိတ်ပျက်စွာ ပြောလိုက်မိသည်။

"ကျွန်မက ရှင့်ကို ဘယ်တော့မှ နားလည်မှာ မဟုတ်ဘူး"

"ရပါတယ်ဗျာ၊ နားမလည်ချင်လို့ နားမလည်အောင် ကြိုးစားရင် တစ်သက်လုံးလည်း နားမလည်လို့ ရပါတယ်"

"ကျွန်မကတော့ ရှင်နဲ့ ပတ်သက်လာရင် နားမလည်အောင် ကို ကြိုးစားရမှာပဲ"

ကျော်သာ ခင်မွန်ကို အံ့ဩစွာ ကြည့်လိုက်သည်။

"ကျွန်တော် ဒီနေ့အထိ မခင်မွန်ကို မတော်မတရား စော်ကားဘာမျိုး ဘာမှ မလုပ်ခဲ့ပါဘူး၊ အနှောင့်အယှက်ပေးမိတာ လည်း မရှိပါဘူး၊ စိတ်နဲ့တောင် မကောင်းတဲ့ သဘောထား မထားခဲ့ပါ ဘူး၊ မခင်မွန် ဘာလို့ ကျွန်တော့်ကို ဒီလောက် တစ်ဖက်သတ် မုန်းနေ ရတာလည်း ဆိုတာကို ကျွန်တော် နားမလည်နိုင်ဘူးဗျာ"

ခင်မွန် ရယ်လိုက်သည်။

"ဟင်း. . . . ဟင်း ဒါလဲ ရှင်က နားမလည်နိုင်အောင် ကြိုးစားနေလို့ ဖြစ်မှာပေါ့၊ တကယ်ကတော့ ရှင်းရှင်းလေးပဲ၊ ရှင့်က အနှောင့်အယှက် ပေးမိတာ မရှိဘူးလို့ ရှင့်ကိုယ်ရှင် လူကောင်းကြီး လုပ်ပြောနေတယ်၊ ရှင်ဟာ ကျွန်မ ဘဝကို အကြီးအကျယ် အနှောင့်



အယှက် ပေးတဲ့လူ၊ ကျွန်မ ချစ်သူနဲ့ ကွဲရတာ ရှင့်ကြောင့်၊ ရှင်ဟာ ကျွန်မ အသည်းကို ခွဲတဲ့လူ၊ ကျွန်မ မချစ်ဘဲနဲ့ မယူချင်ဘဲ ယူရမယ့် လူ"

"ရှင်. . . . ကျွန်မ အိမ်ကို စ,ရောက်လာတုန်းက ပေနွမ်း နေတဲ့ အဝတ်အစားနဲ့ ပန်းပင်ရေလောင်းခဲ့ရတဲ့လူ၊ ကျွန်မ ရှင့်ကို ဘယ်တော့မှ အထင်မကြီးဘူး၊ အဲဒီ အထင်မကြီးတဲ့ လူကို 'လင် အဖြစ် ယူရဦးမယ်ဆိုတော့ ကျွန်မ ရှင့်ကို မုန်းတယ်၊ သိပ် မုန်းတယ်"

ကျော်သာ နားလည်ခြင်းနှင့်အတူ စိတ်ထဲမှာ ဝမ်းနည်းကြေ ကွဲစွာ ခံစားရပါသည်။

"အခု ကိစ္စမှာ ရှင် သိသိ၊ မသိသိ ကျွန်မ ရှင့်ကို မုန်းတယ်၊ ဘယ်လိုပဲ ဖြစ်ဖြစ် ရှင်ဟာ အလိုတူ အလိုပါ လူ၊ ရှင်ဟာ ကျွန်မကို ရချင်တဲ့ လူ. . . ."

"ဖေဖေ့ ပွဲရုံမှာ ရှင် ရောက်လာလို့ ဒီအိမ်ကို ရှင် ရောက်လာ လို့ ကျွန်မ ခုလို စိတ်ဆင်းရဲစရာတွေ ကြုံရတာ၊ ဒါကြောင့်မို့လည်း ရှင့်ကို မုန်းတယ်၊ ရှင် ကျွန်မကို ဘယ်တော့မှ မချစ်နဲ့ ကျွန်မလည်း ရှင့်ကို ဘယ်တော့မှ မချစ်ဘူး မုန်းတယ်"

ခင်မွန် ငိုကြွေးရင်းနှင့် နာကြည်းစွာ ပြောလိုက်သော စကား များသည် ရင်ထဲမှ ပေါက်ကွဲထွက်လာကြခြင်းဖြစ်ကြောင်း နားလည် ခြင်းနှင့်အတူ ကျော်သာ သက်ပြင်းတစ်ချက် ချလိုက်မိသည်။

"ကောင်းပြီလေ၊ အခု ကျွန်တော် နားလည်သွားပါပြီ၊ အဲဒီ တော့ မခင်မွန် ဘာဖြစ်ချင်တယ်၊ ဘာလုပ်ချင်တယ် ဆိုတာ ကျွန်တော့်ကို ပြောပါ"

ကျော်သာ၏ လေသံပျော့ပျောင်းစွာ ပြောဆိုခြင်းကိုပင် ခင်မွန် သံသယဖြစ်စွာ သတိထား၍ နားထောင်နေသည်။

"အခုတော့ ကျွန်မ ဘာမှ မပြောတတ်သေးဘူး၊ ရင်ထဲက

www.burmeseclassic.com

www.burmeseclassic.com

ပူပြီး ခေါင်းထဲလည်း ထူနေပြီ၊ မနက်ဖြန်ကာ မနက်ကျမှ ကျွန်မ ရှင်နဲ့ အေးအေးဆေးဆေး ညှိပါဦးမယ်"

ကျော်သာ ခေါင်းညိတ်ပြလိုက်၍ ခင်မွန် ဖိတ်စာအထပ်ကြီးကို ဘားပစ်ခဲ့ပြီး အခန်းထဲမှ ပြန်ထွက်သွားပါသည်။

ကျော်သာ ပင်ပန်းနွမ်းနယ်စွာ အိပ်ရာပေါ် ပစ်လှဲပြီး သက်ပြင်းတစ်ချက် ချလိုက်မိပြန်သည်။

သူ့ အပေါ်မှာ အမုန်းကြီး မုန်းနေသော ခင်မွန်ကို ကျော်သာ အပြစ်မတင်လိုပါ။ သူ့ အဖြစ်က ချစ်သူနှစ်ယောက်ကြားမှာ ဆူးဖြစ်နေရသော ဘဝ။

သူတစ်ပါးရဲ့ ချစ်ဇာတ်လမ်းမှာ လူကြမ်းနေရာမှ ပါဝင်နေရသောဘဝ စိတ်ကူးနဲ့ပင် သူမပါဝင်ချင်သော နေရာ။

သူ့ကို ဤနေရာမှ ပါဝင်ကပြအောင် ဆောင်ရွက်လိုက်သူက သူ့ကျေးဇူးရှင် ပွဲစားကြီးဦးမင်းအောင်။

ကျော်သာ နဖူးပေါ် လက်တင်ပြီး အသေအချာ စဉ်းစားနေမိသည်။

ပွဲစားကြီး ဦးမင်းအောင်ကိုလည်း သူ မကျေမနပ် မဖြစ်မိပါ။ ဦးမင်းအောင် ပြောသည့်အတိုင်း ဆိုလျှင်လည်း ခင်မွန်၏ ချစ်သူ အောင်ဇော်မှာ ဖခင်တစ်ယောက်အနေနှင့် ဘယ်လိုမှ သဘောတူနိုင်စရာ မရှိ။ နောက်ဆုံးဖြစ်သွားသော ကိစ္စမှာ အဆိုးဆုံး။ ဦးမင်းအောင် သေမတတ် ခံစားခဲ့ရသည်။ ထို့ကြောင့်လည်း ဤကဲ့သို့ ကာယကံရှင်များကို မတိုင်မပင်ဘဲ အလျင်အမြန် ဆောင်ရွက်ခြင်းများ ဖြစ်ပေါ်ခဲ့ရသည်။

ဦးမင်းအောင်ဘက်မှ ကြည့်လျှင် သမီး၏ တစ်သက်တာ ဒုက္ခရောက်မည့် အန္တရာယ်မှ အမြန်ဆုံး ကာကွယ်နိုင်ရန် လုပ်သင့်၍ လုပ်ခဲ့ခြင်းသာ ဖြစ်ပေသည်၊ ဤနှစ်ဦး နှစ်ဘက်ကြားမှာ မလူးသာ



မလွန့်သာ အမုန်းခံနေရာမှာ ရောက်နေရသော မိမိ၏ ကံကြမ္မာကို သာ ကျော်သာ စိတ်မကောင်း ဖြစ်မိသည်။

သို့သော် ကိုယ့်ကိုကိုယ်လည်း အသေအချာ ပြန်စဉ်းစား တော့ သနားစရာ နေရာမှာ အကြောင်းမဲ့ ရောက်နေရသည်မဟုတ်။

ကျေးဇူးရှင်၏ စိတ်ချမ်းသာမှုကို တုံ့ပြန်လိုခြင်းနှင့် အတူ မိမိကိုယ်တိုင်ကပါ ခင်မွန်ကို ချစ်ခင်စိတ်နှင့် မျှော်လင့်မိခြင်းလည်း ပါနေပါသည်။ သန့်စင်သော သူ့မေတ္တာကို တစ်ကြိမ်မှာ ခင်မွန် နား လည်ပြီး တုံ့ပြန်လာခဲ့သော်ဟူသော အပျော်ဘဝလေးကို မျှော်လင့် မိခဲ့၍လည်း ဤဒုက္ခများကို ကျော်သာ ကြုံခဲ့ရခြင်း ဖြစ်ပါသည်။

ခုတော့ ကျော်သာ စိတ်ပျက်စွာ နားလည်ရပါပြီ။ မိမိပေါ် မှာ အထင်သေးခြင်းနှင့်အတူ အမုန်းကြီး မုန်းနေသော ခင်မွန်၏ မေတ္တာကို ရဖို့ဆိုသည်မှာ. . . .

ကျော်သာ ချမိမည်ပြုသော သက်ပြင်းကို အောင့်ထားလိုက် ပါသည်။

နားထဲမှာ ခင်မွန် ပြောသွားသော စကားများကို ခါးသီးစွာ ကြားယောင်လျက်။

"ရှင်ဟာ ကျွန်မ ဘဝကို အကြီးအကျယ် အနှောင့်အယှက် ပေးတဲ့ လူ၊ ကျွန်မ ချစ်သူနဲ့ ကွဲရတာ ရှင့်ကြောင့်၊ ရှင်ဟာ အသည်းကိုခွဲတဲ့ လူ၊ ကျွန်မ မချစ်ဘဲနဲ့ မယူချင်ဘဲ ယူရမယ့် လူ. . .

"အဲဒီ အထင်မကြီးတဲ့ လူကို လင်အဖြစ်နဲ့ ယူရဦးမယ် တော့ ကျွန်မ ရှင့်ကို မုန်းတယ်၊ သိပ် မုန်း. . . . တယ်"

"ရှင်. . . . ကျွန်မကို ဘယ်တော့မှ မချစ်နဲ့၊ ကျွန်မလည်း ရှင့်ကို ဘယ်တော့မှ မချစ်ဘူး၊ မုန်းတယ်"

ကျော်သာ သက်ပြင်းတစ်ချက်ကို လေးလံစွာ ချ ရပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

* * *

“ဒေါက်. . . . ဒေါက်. . . . ဒေါက်”

တံခါးခေါက်သံကြား၍ ကျော်သာ တံခါး ဖွင့်ပေးလိုက်သည်။

လှလှပပ ဝတ်စားဆင်ယင်ထားသော ခင်မွန်။ မျက်နှာက ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင်။

မနေ့က နာကြည်းကြေကွဲစွာ ဖွင့်အန် ရန်တွေ့ခဲ့သော ခင်မွန်နှင့် ဘာမျှ မဆိုင်။

မိန်းမများ၏ မြန်ဆန်အော အပြောင်းအလဲကို ကျော်သာ အံ့ဩမိသည်။

“လုပ်လေ ဘာယောင်နေတာလဲ ဖိတ်စာတွေ သွားပေးရအောင်”

“ခင်ဗျာ”

ကျော်သာ နားမလည်နိုင်အောင် ဖြစ်မိသည်။

“မနေ့က ဖေဖေ ခိုင်းထားတာလေ၊ ကိုကျော်သာနဲ့ ခင်မွန်ရဲ့ အပေါင်းအသင်းတွေကို လိုက်ဖိတ်ဖို့ မေ့နေပြီလား”

ဤမင်္ဂလာဆောင်ကိစ္စအတွက် မနေ့က မကျေမနပ်ပြောခဲ့သည်များကို ခင်မွန် မေ့သွားပြီလား မသိ။

ကျော်သာ ယောင်နေဆဲ. . . .။

“ငွေယူခဲ့ဖို့လည်း မေ့နေဦးမယ်နော်၊ ခင်မွန့်ကို စိန်လက်စွပ် ဝယ်ပေးရဦးမှာ မင်္ဂလာဦး အထိမ်းအမှတ်”

အရွဲ့တိုက်ပြီး လှောင်ပြောင်နေသလားဟု ခင်မွန်၏ မျက်နှာကို ကျော်သာ အကဲခတ်လိုက်သည်။



“ကဲ. . . . မထွက်တော့ဘူးလား ဆရာကြီး၊ ဖိတ်ချိန်က ဒီတစ်နေ့ပဲ ရှိတယ်”

“ကဲ. . . . မခင်မွန် ဧည့်ခန်းက စောင့်၊ ကျွန်တော် အင်္ကျီလဲပြီး ထွက်ခဲ့မယ်၊ ရော့. . . . မခင်မွန် ဖိတ်ချင်တဲ့ သူငယ်ချင်းတွေရဲ့ နာမည်ရေးနှင့်. . . .”

ကျော်သာက စားပွဲပေါ်မှ ဖိတ်စာများကို လှမ်းပေးလိုက်သည်။

“မြန်မြန်လုပ်”

မျက်စောင်းလေး တစ်ချက်ဝင့်ပြီး ဧည့်ခန်းဘက် ထွက်သွားသော ခင်မွန်၏ အပြုအမူကြောင့် ကျော်သာ ငေးခွင်သွားသည်။

“ခုတော့လည်း နှစ်ဦးသဘောတူ ကြည်ကြည်ဖြူဖြူ လက်ထပ်ကြမယ့် ချစ်သူနှစ်ယောက်ရဲ့ ပုံမျိုး ဘာမှန်းလဲ မသိဘူး”

ကျော်သာ နားမလည်နိုင်သော်လည်း ရင်ထဲမှာ ကြည်နူးသလိုလို ခံစားရသည်။

ကျော်သာ ပုဆိုးအင်္ကျီ အမြန်လဲလိုက်သည်။

“ငွေ. . . .၊ စိန်လက်စွပ် တစ်ကွင်းဖိုး ဘယ်လောက် ယူခဲ့ရမှာပါလိမ့်”

ကျော်သာ မသိ။

“အေးလေ. . . . သူ့မေးပြီး လိုတဲ့ငွေ ပွဲရုံဝင်ယူလိုက်ရုံပေါ့”

ပွဲရုံမှာ ယုံကြည်စိတ်ချရသော ငွေကိုင် ဦးလေးရှင် ရှိသည်။

“ဘယ်မှာ ဝယ်ရမှာလဲ”

ကျော်သာ မသိ. . . .။

“အေးလေ. . . . ဒါလဲ သူက သူဌေးသမီးပဲ၊ ဘယ်မျိုးဘယ်မှာ ဝယ်ရမှာဆိုတာ သူ သိမှာပေါ့”

ပုဆိုး၊ အင်္ကျီ လဲပြီးပြီဖြစ်၍ ခေါင်းကို သပ်သပ်ရပ်ရပ်ဖြီးပြီး

www.burmeseclassic.com

www.burmeseclassic.com

ကျော်သာ အခန်းထဲမှ ထွက်ခဲ့သည်။

ဧည့်ခန်းထဲရှိ စားပွဲမှာ ဖိတ်စာများပေါ်တွင် ခင်မွန်က သူ ဖိတ်ခေါ်သူတို့၏ အမည်များကို ရေးနေသည်။

"ဟင်. . . . သူ တကယ်ရေးနေတာပါလား"

ကျော်သာက ဆိုဖာတစ်ခုမှာ ဝင်ထိုင်လိုက်သည်။

"အော်လေ. . . . ကိုကျော်သာ ဖိတ်ချင်တဲ့ လူတွေလည်း ရေးဦး"

ကျော်သာ ခင်မွန့်ကို တစ်ချက်လှမ်းကြည့်ပြီး အကဲခတ်လိုက်သေးသည်။ ခင်မွန်ကတော့ နောက်ထပ် ဖိတ်ရမည့်သူများကို ဆက်ရေးနေသည်။

ကျော်သာလည်း သူ့ရှေ့ရှိ ဖိတ်စာများပေါ်မှာ ဖိတ်ချင်သူတို့၏ အမည်များကို စဉ်းစားပြီး ရေးလိုက်သည်။

ဦးလေးထွန်း. . . .

လက်ဖက်ရည်ဆိုင်မှ ခင်လေးညိုနှင့် လက်ဖက်ရည်ဖျော်သော ကိုချန္ဒရား။

စာပေးစာယူ အနီးကပ်သင်တန်း တက်စဉ်က ရင်းနှီးခင်မင်ခဲ့သော ဆရာနှစ်ယောက်နှင့် သူငယ်ချင်း လေးယောက်။

နောက်ထပ် မရှိတော့ပါ။ အားလုံးမှ ကျော်သာ ဖိတ်ချင်သူ (၉)ယောက်သာ ရှိသည်။

ခင်မွန်က (၁၈)ယောက်။

"ဒီလောက်တော့ ကွာမှာပေါ့လေ၊ သူက ငါ့ထက် အပေါင်းအသင်းများတာပဲ"

ကျော်သာ ကျေနပ်ပါသည်။

"နှစ်ယောက်ပေါင်း နှစ်ဆယ့်ခုနစ်ယောက်တောင် ရှိတယ်နော်၊ လက်စွပ်ကလည်းဝယ်ရဦးမှာဆိုရင် အိမ်ပြန် ထမင်းစားဖို့



အချိန်မရဘူး၊ ဖေဖေ့ကို ပြောပြီး မောင်တော်ကား ခေါ်သွားမှရမယ်၊ ကိုကျော်သာ သွားပြောလိုက်ဦး"

မထင်လောက်အောင် ချောချောမောမော ဖြစ်နေသည့် ခင်မွန်ကို ကြည့်ပြီး ကျော်သာ ယုံရခက်နေသည်။

"မခင်မွန် ခဏ စောင့်"

ကျော်သာ အိမ်ပေါ်တက်ပြီး ဦးမင်းအောင်ကို ကားယူသွားခွင့်တောင်းသည်။

"ယူသွားကြလေ. . . . ယူသွားရမှာပေါ့၊ ဒရိုင်ဘာ မောင်ကျော်ဆွေကို ပြော၊ ဆီအပြည့် ထည့်သွားကြ"

ဦးမင်းအောင်က ခင်မွန်၏ အခြေအနေကို မေးသည်။

ကျော်သာက မနေ့ညက အခြေအနေကို မပြောတော့ဘဲ ခုမနက် ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင် ရှိသည်ကိုသာ ပြောလိုက်၍ ဦးမင်းအောင် စိတ်ချမ်းသာသွားသည်။

"ကဲ. . . . ကဲ သွားကြ သွားကြ"

* * *

ခင်မွန်၏ ဆန္ဒအတိုင်း သူ့အသိ စိန်ပွဲစား တစ်ယောက်ထံ အရင်ဝင်ကြသည်။ စိန်လက်စွပ်တစ်ကွင်း အဆင်သင့် တွေ့သည်။ သုံးလုံးတန်း မဟုတ်၊ အဝိုင်းလေး။ အလယ်စိန်က အကြီး တစ်လုံး၊ ဘေးအရန် စိန်က ဆယ်လုံး စိန်အရည်ကောင်း၍ ပုံလှသောကြောင့် ခုနှစ်သိန်းက တစ်ပြားမျှ မလျှော့၊ ခင်မွန့်လက်နှင့်လည်း တော်နေသည်။ နှစ်ယောက်လုံး သဘောကျ၍ ပွဲရုံသွားပြီး ဦးလေးရှင်ထံမှ ငွေခုနှစ်သိန်း ယူပြီး ပေးလိုက်ကြသည်။ ခင်မွန်က သူ့လက်မှာ တစ်ခါတည်း ဝတ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

သူမှုက်နှာလေး ပြုံးရွှင်နေ၍ "အဲဒါ လက်ထပ်လက်စွပ်နော်" ဟု ကျော်သာ ခပ်တိုးတိုး ပြောမိတော့ ခင်မွန် ခေါင်းညိတ်ပြသည်။

"ဩော်. . . . တကယ် ပျော်ရတော့မှာလား ခင်မွန်ရယ်"

မဝံ့ရဲသော အတွေးလေးနှင့် ကျော်သာ ရင်ထဲမှာ ကြည်နူးလိုက်မိသည်။

ပြီးတော့ သူငယ်ချင်းများကို လိုက်ဖိတ်ကြသည်။

ခင်မွန့် သူငယ်ချင်းများကို လိုက်ဖိတ်တော့ တစ်ချို့က တအံ့တသြ ဖြစ်ကြသည်။ တချို့က ဝမ်းပန်းတသာ ဖြစ်ကြသည်။ သူဇာဆိုသော မိန်းကလေးကတော့ မျက်စိမျက်နှာ ပျက်သွားသည်။ ခင်မွန်က တီးတိုးစကားပြောပြီး ဖိတ်စာ ပေးပစ်ခဲ့သည်။

ကျော်သာ အသိများကို ဖိတ်ရာမှာ လက်ဖက်ရည်ဆိုင်ရောက်တော့ ခင်လေးညိုနှင့် တွေ့သည်။

"ဟယ်. . . . ကိုကျော်သာ့ အမျိုးသမီးက ချောလိုက်တာ"

ခင်လေးညို အံ့သြဝမ်းသာ ဖြစ်နေသည်ကို ခင်မွန် အသေအချာ ကြည့်နေသည်။

"လာခဲ့မယ် ကောင်လေး. . . . စိတ်ချ၊ လက်တော့ မဖွဲ့နိုင်ဘူးနော်၊ ရေခဲမုန့်တော့ အဝစားမယ်"

ကိုချန္ဒရား ဝမ်းသာအားရ ဖြစ်နေသည်။

"လာခဲ့ လာခဲ့. . . . ကိုချန္ဒရား၊ လက်ဖွဲ့စရာ မလိုဘူး၊ အဝစား"

"ကိုချန္ဒရားကလည်း မညို ဖွဲ့မှာပေါ့"

"အေး အေး၊ သူဖွဲ့မယ်. . . ငါ စားမယ်၊ ဟား. . . . ဟား"

ကျော်သာ စိတ်ထဲမှာ ပျော်သွားသည်။

လက်ဖက်ရည်ဆိုင် ပြီးတော့ မန္တလေးတောင်ခြေဘက်မှာ



နေသော ခင်မွန်၏ သူငယ်ချင်း တစ်ယောက်ကို သွားဖိတ်ကြသည်။ သို့သော် ရှာ၍ မတွေ့။

တောင်ခြေ ထမင်းဆိုင် တစ်ဆိုင်ရှေ့ရောက်တော့ ဟင်းနံ့ရ၍ နှစ်ယောက်လုံး ထမင်း ဆာလာကြသည်။

"ကိုကျော်သာ ဒီမှာပဲထမင်းစားကြစို့နော်၊ ခင်မွန်ဆာလာပြီ"

ကျော်သာက သဘောတူပါသည်။

ထမင်းဆိုင်နှင့် ကပ်လျက်မှ ကြံရည်ဆိုင်မှာ ကြံရည်သောက်နေကြသော လူငယ်သုံးယောက်က ကျော်သာနှင့် ခင်မွန်ကို လှမ်းကြည့်လိုက်သည်။

တစ်ယောက်က အောင်ဇော် ဖြစ်သည်။

သို့သော် အောင်ဇော်ကို ကျော်သာ တစ်ခါမျှ မမြင်ဖူး၍ မသိ။

သူဇာကို ပေးခဲ့သော ဖိတ်စာထဲမှာ ခင်မွန်က စာထည့်ပေးခဲ့၍ အောင်ဇော် သူ့ သူငယ်ချင်း နှစ်ယောက်နှင့်အတူ ခင်မွန်စာထဲတွင် မှာထားသည့်အတိုင်း ကြံရည်ဆိုင်မှ လာစောင့်ခြင်းဖြစ်သည်။

"ခင်မွန်အတွက်ကတော့ ကြက်မြစ်ကြက်သည်းမှာ ပေးနော်၊ ကျန်တာကတော့ ကိုကျော်သာနဲ့ ကိုကျော်ဆွေ ကြိုက်တာမှာကြ၊ ခင်မွန် ဟိုဘက်က အသိကြံရည်ဆိုင် ဝင်နှုတ်ဆက်ပြီး ကြံရည်နှစ်ခွက်မှာလိုက်ဦးမယ်နော်"

လက်ပွေ့အိတ်ယူပြီး ခင်မွန် တစ်ဘက်မှ ကြံရည်ဆိုင်သို့ ကူးသွားသည်။

ကျော်သာ၏ သံသယတစ်ခု ခိုင်မာသွားသည်။ ဤဆိုင်ကို ခင်စဉ်က တစ်ဘက်ဆိုင်မှ လှမ်းကြည့်သော လူငယ် သုံးယောက်၏ မျက်လုံးများကို ကျော်သာ သံသယ ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသုံးယောက်အနက်မှ နှုတ်ခမ်းမွေး ရေးရေးနှင့် လူ
မျက်လုံးသည် ခင်မွှန်ကိုသိသော မျက်လုံး၊ အကြည့်မှာလည်း
အဓိပ္ပာယ်ရှိသော စကားလုံးများ ပါသည့်အကြည့်။

"ဘာဟင်းနဲ့ စားမလဲရှင်"

ဆိုင်မှ မိန်းကလေး လာမေး၍ . . . .

"ကြက်မြစ် ကြက်သည်း တစ်ပွဲ၊ ကျွန်တော်ဖို့ ကြက်သား
တစ်ပွဲ၊ ကျော်ဆွေ မင်းဘာစားမလဲ"

ကျော်သာက ကားမောင်းသူကို မေးသည်။

"ကျွန်တော်ဖို့ ငါးဟင်းပေး"

"အေး. . . . အဲဒီ ဟင်းသုံးပွဲ လုပ်ပေး၊ ဟော်. . . . ညီမရေ
အပေါ့သွားချင်လို့ အိမ်သာ ဘယ်မှာရှိလဲ"

"ဒီ ညာဘက်ဘေးမှာပါ ရှင်"

ဆိုင်ဝင်ကတည်းက ညာဘက်ဘေးမှာ ထရံကာ အိမ်သာ
လေးရှိသည်ကို ကျော်သာ မြင်ခဲ့ပြီးသားဖြစ်သည်။

ဆိုင်အတွင်းဘက်မှဝင်၍ ညာဘက်ကို ထွက်လိုက်တော့
အိမ်သာ။

အိမ်သာထဲမှ လှမ်းကြည့်လျှင် တစ်ဘက်မှ ကြံရည်ဆိုင်ကို
မြင်ရသည်။

သံသယမှာ ခိုင်မာရာမှ သေချာသွားလေပြီ။

နှုတ်ခမ်းမွေး ရေးရေးနှင့် လူငယ်ကို ခင်မွှန် စကားပြောနေ
သည်။

လူငယ်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။
ဘာတွေ ပြောနေကြသည်ကိုတော့ ကျော်သာ သဲကွဲစွာ
မကြားရ။

နှစ်ဦးသား ဆိုင်ရှေ့မှ ဟိုင်းလပ်ကားဆီသို့ လှမ်းကြည့်ကြ



သည်။ ကျန်လူငယ်နှစ်ယောက် ကားပေါ်မှာ အသင့်ရောက်နေကြပြီ။

ခင်မွှန် ပြောနေပုံအမူအရာကို ကြည့်ပြီး ထမင်းစားဦးမည်။
စားပြီးမှ 'လာခဲ့မည်။' အသင့်စောင့်နေကြဆိုသော သဘောဟု
ကျော်သာ နားလည်လိုက်သည်။

အိမ်သာထဲမှ ပြန်ထွက်ပြီး ကျော်သာ ထမင်းစားပွဲသို့ လာခဲ့
သည်။

လက်ကို ဆပ်ပြာနှင့် ဆေးနေစဉ် ခင်မွှန် ပြန်ရောက်လာ
သည်။ ကြွေမပျက်၊ ဟန်မပျက်။

ဟင်းများ စုံနေပြီ။

"ကိုကျော်သာ အသည်းကြိုက်ရင် စားလေ"

ခင်မွှန်က သူ့ ဟင်းပန်းကန်ထဲမှ ကြက်သည်းကို ဆယ်ပြီး
ကျော်သာ့ ပန်းကန်ထဲသို့ ထည့်မည်ပြုသည်။

"ဟာ. . . . နေပါစေ မခင်မွှန်၊ ကျွန်တော် အသည်းမစား
ဘူး"

ကျော်သာက ငြင်း၍ ခင်မွှန် ပြုံးသည်။

မိန်းမမာယာ သဲကိုးဖြာဆိုသော စကားကို ကျော်သာ
သတိရ မိသည်။ စိန်လက်စွပ် အရင်ဝယ်သည့် အဓိပ္ပာယ်ကိုလည်း
ကျော်သာ နားလည်လိုက်ပါပြီ။

တစ်မနက်လုံး ပြုံးပြုံးရွှင်ရွှင်နှင့် ဆက်ဆံရေးအပြောင်းကြီး
ပြောင်းလဲသွားသည်ကို ခုမှ အမှန်အတိုင်း သိရတော့သည်။ အဟုတ်
ဒင်ပြီး မယုံမရဲဖြစ်ခဲ့မိသော ကြည်နူးစိတ်ကလေးများကိုပင်
ကျော်သာ ပြန်ပြီး ရှက်မိသည်။

သို့သော် သဲကိုးဖြာ မလောက်၍ မန်ကျည်း ကိုးဖြာနေလောက်
သည်ဆိုသော ယောကျ်ားမာယာနှင့် ကျော်သာ ဘာမျှမသိသလို
ထမင်းစားနေရင်း ခင်မွှန့် ပန်းကန်ထဲကို ကြက်သားဖတ်တစ်ခု ထည့်

www.burmeseclassic.com

www.burmeseclassic.com



နေလိုက်သေးသည်။

“မခင်မွန် စားလေ”

“ဟင့်အင်း. . . . တော်ပြီ၊ ခင်မွန် မစားနိုင်တော့ဘူး”

ခင်မွန်က ကျော်သာ့ ပန်းကန်ထဲ ပြန်ထည့်ပေးသည်။

ဘေးမှ ကျော်ဆွေကတော့ သိပ်ချစ်နေကြသည် ထင်လိမ့်မည်ဟု ကျော်သာ တွေးလိုက်မိသေးသည်။

ခင်မွန် စားသည်က မြန်လွန်းလှသည်။

“ဖြည်းဖြည်းစားလေ မခင်မွန်၊ အချိန်တွေ အများကြီး ရှိပါသေးတယ်၊ ဆက်ဖိတ်စရာလည်း သုံးလေးယောက်ပဲ ရှိပါတော့တယ်”

“ကျွန်မ တအားဆာနေလို့ပါ၊ ကိုကျော်သာဖြည်းဖြည်းစားပါ”

သို့သော်. . . . တအား ဆာနေသော ခင်မွန်က ထမင်းတစ်ပန်းကန်နှင့် ပြီးသွားသည်။

“မခင်မွန် ဆာနေတယ်ဆို ထမင်း ထပ်ထည့်ဦးလေ”

“ဟင့်အင်း တော်ပြီ. . . . တစ်ပန်းကန်ဆို ဝပြီ၊ ကိုကျော်သာတို့ ဖြည်းဖြည်းစားကြ၊ ကိုကျော်ဆွေ ထမင်းထပ်ထည့်လေ ညီမလေး. . . . သူတို့ကို ဟင်းတစ်ပွဲစီ ပေးလိုက်ပါဦး”

ခင်မွန်က သူ့ လက်ကို ဆပ်ပြာနှင့် ဆေးပြီး၍ လက်သုတ်နေပါပြီ။

ကျော်သာကတော့ အေးအေးဆေးဆေးပင် ထမင်းထပ်ထည့်နေသည်။

“ကိုကျော်သာတို့ ဖြည်းဖြည်းစားကြ၊ ဟိုဘက်က ဒေါ်ဒေကြံရည်လည်း လာမပို့သေးဘူး၊ ခင်မွန် သွားကြည့်လိုက်ဦးမယ်”

ခင်မွန် ထွက်သွားသည်နှင့် ကျော်သာက ထမင်းဆိုင်



မိန်းကလေးကို ခေါ်ပြီးငွေ ငါးရာပေးလိုက်သည်။

“ကဲ. . . . ကျော်ဆွေ၊ တော်တော့၊ လက်မြန်မြန် ဆေးပြီး မင်းကားပေါ်က အသင့်စောင့်၊ အရေးအကြောင်းရှိရင် အမြန်လိုက်နိုင်အောင်ပြင်ထား. . . . သွား. . . . သွား”

ကျော်ဆွေ စားလက်စကို ထားခဲ့ပြီး လက်မြန်မြန်ဆေး၍ လက်သုတ်ပြီး ကားဆီသို့ သွားသည်။ ဘာကြောင့် ဆိုသည်ကို နားမလည်၍ လုပ်ရသည်ကတော့ မအူအလည် ဖြစ်နေသည်။

ကျော်သာ လက်သုတ်ပြီး ကြံရည်ဆိုင်ဘက်သို့ လိုက်သွားသည်။

နှုတ်ခမ်းမွေး ရေးရေး လူငယ်နှင့်အတူ ခင်မွန် ဟိုင်းလပ်ကား နားသို့ ရောက်သွားသည်။

“မခင်မွန် အဲဒါ ဘယ်လို လုပ်တာလဲ”

ကျော်သာ နောက်မှ လှမ်းမေးလိုက်၍ ခင်မွန် လှည့်ကြည့်သည်။

“ကိုကျော်သာ မြင်တဲ့အတိုင်းပဲလေ၊ ဒါ ကျွန်မ ချစ်သူ ကိုအောင်ဇော်၊ ကျွန်မ ရှင်နဲ့ လက်မထပ်နိုင်ဘူး၊ အောင်နဲ့ အခု လိုက်သွားတော့မယ်၊ ကျွန်မမှာ ဒီနည်းပဲ ရှိတယ်၊ ဒီလောက်တော့ ရှင်လည်း စာနာလိမ့်မယ် ထင်တယ်၊ ရှင် အေးအေးဆေးဆေး ပြန်ပြီး ဖေဖေ့ကို ပြောပြလိုက်ပါ”

မနက်က အခြေအနေနှင့် ဘာမှ မတူတော့သော ခင်မွန်၊ လေသံက တင်းမာ ပြတ်သားသည်။

“အဲဒီလိုလုပ်ရင် ဦး အရှက်ကြီး ရှက်ပြီး စိတ်လည်း သိပ်ထိခိုက်လိမ့်မယ်၊ ဆရာဝန် သတိပေးထားတာကိုလည်း မခင်မွန် သိပြီးသားပဲ။ ဒီတစ်ခါဆိုရင် ဦးလေး သေသွားနိုင်တယ် မခင်မွန်၊ အဲဒီလို မလုပ်ပါနဲ့”

www.burmeseclassic.com



ကျော်သာ သူတို့ အနားအထိ တိုးသွားသည်။

"အဲဒီလောက်လည်း မစိုးရိမ်ပါနဲ့ ကိုကျော်သာ၊ ဖေဖေ ကျန်းမာရေး ကောင်းနေပါပြီ ဘာမှ မဖြစ်နိုင်ပါဘူး။ ရှင်ကလည်း အောင်းအောင်းဖွဖွ ပြောဖို့တော့ လိုမှာပေါ့၊ ဒါမှ ရှင့် ကျေးဇူးရှင် ဒုက္ခ မဖြစ်အောင်ပေါ့"

ခင်မွန် ပြောပုံကို ကျော်သာ လုံးဝ မကျေနပ်ပါ။

"မခင်မွန်၊ ဦးဟာ မခင်မွန်ရဲ့ အဖေပါ၊ မခင်မွန် အပေါ်မှာ ကျေးဇူးတွေ ပိုများပါတယ်၊ ဒီလို မလုပ်သင့်ပါဘူး"

"ဟာ. . . . ဟေ့လူ၊ ခင်ဗျားနဲ့ မဆိုင်တာကို ဝင်မရှုပ်နဲ့ ဗျာ. . . ."

အောင်ဇော် စိတ်မရှည်တော့ပါ။

ကားမောင်းသူကလည်း ဟိုင်းလပ်ကားကို အဆင်သင့် စက်နှိုးလိုက်သည်။

ကား နောက်ပိုင်းမှ လူက ကားပေါ်မှ ဆင်းလာပြီး အောင်ဇော့် ဘေးမှာ ရပ်နေသည်။

"ဆိုင်တယ်ဗျ၊ ကျွန်တော်နဲ့ ဆိုင်တယ်၊ ကျွန်တော့် ကျေးဇူးရှင် ဒုက္ခဖြစ်မယ့် ကိစ္စတော့ ကျွန်တော် ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး"

"ကိုယ့်လူ၊ ကျုပ်တို့ ခင်ဗျားကို ဘာမှ ထိခိုက်နာကျင်အောင် မလုပ်ချင်ဘူး ဗျာ၊ ခင်ဗျား အေးအေး ဆေးဆေး ပြန်သွားပါ"

အောင်ဇော် ဘေးမှ လူငယ်က ကျော်သာ့ ရှေ့မှရပ်၍ ခြိမ်းခြောက်လိုက်သည်။

"ကျွန်တော် ပြောပြီးပြီပဲ ဒီလို လုပ်တာကို ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူးဆိုတာ ခင်ဗျားတို့ ဒီလိုမလုပ်သင့်ဘူး၊ မခင်မွန် ပြန်လိုက်ခဲ့ပါ"



"ဟာ. . . ဒီကောင် လေရှည်တဲ့ကောင်ပဲ၊ လာ. . . ခင်မွန်"

အောင်ဇော်က ခင်မွန့်ကို ကားရှေ့ခန်းမှာ ဆွဲတင်ပြီး ဟိုင်းလပ်ကားကို အမြန်မောင်းထွက်သွားသည်။

"မခင်မွန်. . . . မခင်မွန်"

ကျော်သာ ပြေးလိုက်မည် ပြုသော်လည်း ရှေ့မှာ ဟန့်တားထားသူရှိနေ၍ ကားက မောင်းထွက်သွားပြီး ဟန့်တားသူက နောက်ပိုင်းသို့ သွက်လက်စွာ ဆွဲတက် လိုက်ပါ သွားသည်။

"ကျော်ဆွေ. . . . အမြန်လာဟေ့"

ကျော်ဆွေက ကားကို အမြန်မောင်းလာသည်။ ကျော်သာ ကားတံခါးကို ဖွင့်ပြီး တက်လိုက်သည်။

"ရှေ့ကားကို မီအောင်လိုက်"

ကျော်ဆွေက အမြန်မောင်းပြီး လိုက်သည်။

ဟိုင်းလပ်ကားက မန္တလေးတောင်ခြေမှ တစ်ဆင့် သုဓမ္မာဇရပ်တန်းကို ကျော်ပြီး အရှေ့ဘက် ကျုံးလမ်းအတိုင်း မောင်းနေသည်။

အမြန်မောင်းသော်လည်း ကျော်ဆွေ ကားကို လွတ်အောင် မပြေးနိုင်။ စက်ဘီးများ မော်တော်ကားများကိုလည်း လွတ်အောင် ရှောင်နေရသေးသည်။

အရှေ့ကျုံးလမ်းမှ တစ်ဆင့် ပုသိမ်ကြီးဘက်သို့ သွားသော လမ်းကို ချိုးလိုက်သည်။

ဈေးရှေ့သို့ ရောက်သောအခါ စက်ဘီးများ ဘတ်စ်ကားများ ဘာမက လူများပါ ရှုပ်လာသည်။

ဈေးအလွန်တွင် နှစ်ယောက်ယှဉ်၍ စီးလာသော စက်ဘီးသမားများကို တိုက်မိမည်စိုး၍ ရုတ်တရက် ရှောင်လိုက်ရသည်။

"ကျွိ. . . . ကျွိ. . . . ကျွိ"

www.burmeseclassic.com

www.burmeseclassic.com

"ဒုန်း. . . ."

ဟိုင်းလပ်ကားသည် စက်ဘီးကို ရှောင်ရာမှ အရှိန်လွန်ပြီး မျက်နှာချင်းဆိုင်မှလာသော ဘတ်စ်ကားနှင့် တိုက်မိသည်။

"အား. . . . တော်တော် မိုက်ရိုင်းတဲ့ ကောင်တွေ"

"ရိုက်ကွာ. . . . ဆော်ကွာ. . . ."

ဘတ်စ်ကားပေါ်မှ လူများနှင့် ဘေးမှ လူများရော စက်ဘီးသမားများပါ ပြေးလာကြသည်။

"ဟေ့. . . . လူတွေ မလုပ်ကြနဲ့ မလုပ်ကြနဲ့"

စျေးနားမှာ တာဝန်ကျသော ရဲသားနှစ်ယောက် ပြေးလာသည်။

အောင်ဇော်၊ ကားသမားနှင့် နောက်မှ လူပါ ထွက်ပြေးကြသည်။

ခင်မွန် ထိတ်လန့်တုန်လှုပ်စွာနှင့် ကားထဲမှ ထွက်လာသည်။

ကြုံတွေ့လိုက်ရသော အဖြစ်များကြောင့် အကြောက်လွန်ပြီး ခပ်ကြောင်ကြောင် ဖြစ်နေသည်။

လူအုပ်က ခင်မွန့်ကို သတိမထားနိုင် ထွက်ပြေးသူများနောက်ကိုသာ လိုက်နေကြသည်။

"လာ. . . . မခင်မွန် မြန်မြန်လာ"

ကျော်သာ ခင်မွန့်ကို ဆွဲခေါ်၍ ကားနောက်ပိုင်းမှာ တက်လိုက်သည်။

"ကျော်ဆွေ. . . . အိမ်ကို အမြန်မောင်း"

* * *

ကြောက်ရွံ့ခြင်း ဝမ်းနည်း ကြေကွဲခြင်း ဒေါသဖြစ်ခြင်းတို့က



ခင်မွန့် ရင်ထဲမှာ ရောမွှေနေကြသည်။

လူက အိပ်ရာထက်မှာ ငြိမ်သက်နေသော်လည်း စိတ်က လှုပ်ရှားလွန်းနေသည်။

နေ့ခင်းပိုင်းမှာ ကြုံတွေ့ခဲ့ရသော မြင်ကွင်းများက ခုထိ မျက်စိထဲမှ မထွက်နိုင်။

အပြေးမောင်းနေသော ဟိုင်းလပ်ကား စက်ဘီးတွေ လူတွေ ကားတွေ ဘရိတ်အုပ်သံ။ ရှေ့မှ ဘတ်စ်ကားနှင့် ဝင်တိုက်မိရာမှ ထွက်ပေါ်လာသည့် ပြင်းထန်သော အသံ။

ဒေါသဖြစ်နေသော လူအုပ်ကြီး။

ထွက်ပြေးကြရသော အောင်ဇော်တို့ သုံးဦး. . . .။

ကျော်သာနှင့်အတူ အိမ်သို့ ပြန်ပါလာခဲ့ရသော မိမိ၏ အဖြစ်။

ခဲလေသမျှ သဲရေကျ ဖြစ်ရလေပြီ။

ချစ်သောသူနှင့် ဝေးကွာ၍ မချစ်မနှစ်သက်သောသူ၏ ရင်မှာ ဝင်ရတော့မည်။

တစ်အိမ်လုံးလည်း ပြင်ဆင်ပြီးလေပြီ။ မနက်ဖြန်ဆိုလျှင် မင်္ဂလာဆောင်ရတော့မည်။

အရင်းစစ်လျှင် အပြစ်ရှိသော တရားခံက ကျော်သာ၊

သူ့ကြောင့် အကြံအစည်အားလုံး ပျက်ရခြင်းဖြစ်သည်၊ သူ့ကားနှင့်အတင်းလိုက်၍ ကားတိုက်မှုဖြစ်ရသည်။ သူ ပြန်ခေါ်လာ၍ အိမ်ပြန်ပါခဲ့ရသည်။

အောင်တို့အဖြစ်ကို တွေး၍ မရ။ လူအုပ်ကြီးရန်မှ လွတ်လေသလား။ အရိုက်အနှက် ခံကြရသလား။ အဖမ်းအဆီး ခံကြရသလား။

ခင်မွန် ဘာလုပ်ရမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com


အိမ်ပေါ်မှ တိတ်တိတ်ကလေး ဆင်းပြီး ထွက်ပြေးချင်သည်။ ဘယ်ကိုပြေးရမှန်း မသိ။

အပြင်ဘက်မှာ ညအမှောင်က ကြီးစိုးနေပြီ။

အောင့်ဆီ ပြေးရမည်ကလည်း အောင့် အဖြစ်ကပင် မရေရာ။

အားကိုးစရာ လုံးဝမရှိသောအဖြစ်။

မျက်ရည်များက အလိုလို စီးဆင်းလာကြသည်။

ခေါင်းအုံးပေါ် မျက်နှာအပ်၍ ရှိုက်ကြီးတငင် ငိုပစ်လိုက်မိသည်။

"မုန်းတယ်. . . . မုန်းတယ်. . . . သူ့ကြောင့်"

ကျော်သာ့ကို ဒေါသဖြစ်၍ ခေါင်းအုံးကို လက်သီးနှစ်ဘက်နှင့် စုံထုပစ်လိုက်သည်။

"သွေးအေးအေးနဲ့ ခေါင်းမာတဲ့လူ၊ ဟင်း. . . . သူကတော့ ပျော်နေမှာပဲ"

ရင်ထဲမှာ နာသည်။

မထူးတော့ဘူးဟူသော စိတ်နှင့် ဇွတ်နှစ်ပြီး ချစ်၍ရမည်လားဟု စဉ်းစားကြည့်သေးသည်။ သူနှင့် ပတ်သက်လာလျှင် အသည်းက ကျောက်ခဲ။ နည်းနည်းကလေးမှ ခံစားလို့မရ။

အောင့်ကိုသာ ချစ်သည်။ အောင်နှင့်ကျလျှင် ဘာကြောင့်မှန်းမသိ။ စဉ်းစားရုံနှင့် ရင်က ခုန်လာသည်။

သို့သော် အောင်ကလည်း အလကား။ အသုံးမကျ။ ပြောတော့ မိုးလားကဲလား။ သိန်းရာဂဏန်းအထက် အမြတ်ရမည်ပြောပြီး သိန်းနှစ်ဆယ်ရင်းခဲ့သည်။ ပြန်ရသောငွေက ငါးထောင်ပင် မပြည့်။ စွန့်စားခဲ့သမျှ ကုန်ပြီ။

"သူ့ကိုရော ယုံရရဲ့လား၊ ဖေဖေပြောသလို ငါ့ဆီကငွေကို လိမ်ညာယူနေတာလား၊ နောက်တစ်ခေါက် ထပ်သွားဦးမယ်တဲ့၊ ဘယ်ကငွေရမှာလဲ"

ခင်မွန့်ခေါင်းထဲမှာ ရှုပ်ထွေးလာသည်။ ရင်ထဲမှာ မွန်းကျပ်လာသည်။

ထိုအရည်အချင်းမှာတော့ ကျော်သာက သာသည်။ ထို့ကြောင့်လည်း ဖေဖေက သူနှင့် သဘောတူခြင်းဖြစ်သည်။ သို့သော် ခက်နေသည်က ကျော်သာ့ကို ချစ်၍ မရ။

ချစ်ရသူကျတော့လည်း မိဘက သဘောမတူ။

"မနက်ဖြန် မင်္ဂလာပွဲကို ဘယ်လိုတက်ရမလဲ၊ ဧည့်သည်တွေကို ဘယ်လို မျက်နှာပြရမလဲ"

ခင်မွန် စဉ်းစား၍ မရ။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

ဖေဖေထင်၍ ခင်မွန် တံခါးဖွင့်ပေးလိုက်သည်။

"အို. . . . ရှင်"

ကျော်သာကို မြင်လိုက်ရ၍ ခင်မွန့်မျက်လုံးများ မီးလျှံဖြစ်သွားကြသည်။

"ရှင့်ကို ကျွန်မ မုန်း. . . ."

ကျော်သာက လက်ကာပြပြီး ဦးမင်းအောင် အခန်းဆီသို့ မျက်လုံးဝင့်ပြလိုက်၍ ခင်မွန် အသံတိတ်သွားသည်။

ကျွန်တော် မခင်မွန်နဲ့ အေးအေးဆေးဆေး ပြောချင်တာလေးတွေ ရှိလို့ပါ၊ အောက်ထပ်ကို ဆင်းခဲ့ပါလား"

ကျော်သာ အသံ တိုးတိုးပြောသည်။

"ကောင်းပြီ၊ ရှင် ဆင်းနှင့် ကျွန်မလိုက်ခဲ့မယ်"

ခင်မွန် မကျေနပ်သမျှကို ရင်ဖွင့် ပေါက်ကွဲချင်သည်နှင့် အတော်ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျော်သာက ထမင်းစားခန်းထဲရောက်မှ ခင်မွန် ညက ထမင်းမစားရှိ ဗိုက်က ဆာလာသည်။

ကော်ဖီ တစ်ခွက် ဖျော်သည်။ မကောင်းတတ်သည်နှင့် ကျော်သာ့အတွက်ပါ ကော်ဖီတစ်ခွက် ပိုဖျော်ပြီး ထည့်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် မခင်မွန်"

မြို့ကြီးသားဆန်သော လောကွတ်စကားဟု ခင်မွန် သတိထားလိုက်သည်။

အဆင်သင့်တွေ့သော သစ်သီးကိတ် တစ်ဝက်ကို ပန်းကန်ပြားမှာ ထည့်၍ ဓားနှင့်အတူ စားပွဲပေါ် တင်လိုက်သည်။

ကိတ်မုန့် ခပ်ထူထူတစ်ချပ်လှီးပြီး ခင်မွန် စားသည်ကို ကျော်သာ ကြည့်နေသည်။

"ရှင် ပြောစရာရှိတာ ပြောလေ"

ခင်မွန့် လေသံက မာသည်။

"မခင်မွန် ကျွန်တော့်ကို မုန်းနေမယ်၊ ဒေါသဖြစ်နေမယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ဒါပေမယ့် ကျွန်တော် မခင်မွန် ထင်သလို တစ်ကိုယ်ကောင်းဆန်တဲ့ လူ မဟုတ်ပါဘူး၊ ဘယ်သူ ဘာဖြစ်ဖြစ် ငါရချင်တဲ့ မိန်းကလေးကို ရရင် ပြီးရောဆိုတဲ့ စိတ်မျိုး ကျွန်တော့်မှာ မရှိဘူး"

ခင်မွန်ကော်ဖီသောက်ရင်း နားထောင်နေသည်။

"အခု ကိစ္စမှာ ကျွန်တော်ကိုယ်တိုင်လည်း အများကြီး စိတ်ဆင်းရဲနေရတဲ့ လူပါ၊ တစ်ဘက်က ကျွန်တော့် ကျေးဇူးရှင်ရဲ့ ကျန်းမာရေးအတွက် သူ့ ဆန္ဒနဲ့အညီ ဆောင်ရွက်ဖို့၊ တစ်ဘက်က ကိုယ့်ကို မချစ်ရုံ မကဘူး၊ အထင်သေးတဲ့ မုန်းနေတဲ့ မိန်းကလေးနဲ့ လက်ထပ်ရမှာ"



ခင်မွန်က နောက်ထပ် ကိတ်မုန့်တစ်ချပ် ထပ်လှီးလိုက်သည်။

"မခင်မွန်ကို ကျွန်တော်ပြောခဲ့ဖူးပါတယ်၊ ဦးကို ကျေးဇူးတုံ့ပြန်ရမယ့် ကိစ္စမျိုးမှာဆိုရင် မခင်မွန်ရဲ့ဆန္ဒနဲ့ ဆန့်ကျင်ရမှာမျိုးကိုလည်း ကျွန်တော် လုပ်ရမှာပဲဆိုတာ. . . ."

ခင်မွန်က အရေးမစိုက်သည့် သဘောနှင့် ကိတ်မုန့်အစားမပျက်။

"ကျွန်တော့်မှာလည်း မာနရှိပါတယ် မခင်မွန်၊ ကျွန်တော့်အပေါ်မှာ မချစ် မနှစ်သက်တဲ့ မိန်းမကို ကျွန်တော်ကလည်း မလိုချင်ပါဘူး"

"ဒါဖြင့် ခင်မွန် ရှင့်ကို မချစ်ဘူး"

"ဒါပေမယ့် ကျွန်တော် မခင်မွန်ကို လက်ထပ်ရမှာပဲ"

"ရှင့် စကား ရှေ့နောက်မညီပါလား"

"မလိုချင်တာက ကျွန်တော့် ဆန္ဒပါ၊ လက်ထပ်ရတာက ကျွန်တော့်ကျေးဇူးရှင်ရဲ့ စိတ်ချမ်းသာရေးနဲ့ ကျန်းမာရေးအတွက်ပါ"

ခင်မွန်က အရွဲ့တိုက်ပြီး ရယ်လိုက်သည်။

"ဟင်း. . . . ဟင်း. . . . ဟင်း. . . . ဒါကြောင့် ရှင်က ဖေဖေ့ကျန်းမာရေးအတွက် ကျွန်မကို မလိုချင်ဘဲ ခိုတ်ကိုတ် ယူရမှာပေါ့၊ ဟုတ်လား"

ကျော်သာ လက်ကာပြသည်။

"ကျွန်တော် အခုပြောချင်တာက အဲဒီ စကားပဲ ဦး စိတ်ချမ်းသာအောင် ကျွန်တော် မခင်မွန်ကို လက်ထပ်မယ်၊ ဒါပေမယ့် စိတ်ချပါ မခင်မွန်၊ ကျွန်တော် ခင်ဗျားကို နှမ တစ်ယောက်လိုပဲ ဆက်ဆံမှာပါ၊ အဲ. . . . မခင်မွန်က ကျွန်တော့်ကို မချစ်နိုင်သမျှ ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့မှ မချစ်နိုင်ဘူး"

"ရပါတယ်၊ ကျွန်တော် မခင်မွန်ကို လက်ဖျားနဲ့တောင် မတို့ပါဘူး၊ နေ့င်တစ်နေ့မှာ အဆင်ပြေရင် မခင်မွန် ချစ်တဲ့သူနဲ့ လက်ထပ်မယ်ဆိုရင်လည်း ကျွန်တော် အားလုံးစီစဉ်ပေးပါ့မယ်၊ ကျွန်တော့်ကြောင့်တော့ မည့်တစ်ပေါက် မစွန်းခဲ့ဘူး ဆိုတာကိုလည်း ကျွန်တော်ကိုယ်တိုင် အာမခံပါ့မယ်၊ အဲ. . . . ဆရာဝန်နဲ့ စစ်ချင်တယ်ဆိုရင်လည်း စစ်ပေါ့၊ မခင်မွန်သာ ခုအထိ အပျိုရည် မပျက်သေးဘူးဆိုရင်. . . ."

"ရှင် ဘာစကား ပြောတာလဲ"

"ကျွန်တော် လိုအပ်တာကို ပွင့်ပွင့်လင်းလင်း ပြောတာပါ"

"ဒီကနေ့အထိ သန့်ရှင်းစင်ကြယ်တဲ့ အပျိုအစစ်ရှင့်"

"ပိုကောင်းတာပေါ့"

"ဘာပိုကောင်းတာလဲရှင့်"

"ကျွန်တော် သစ္စာရှိစွာ စောင့်ထိန်းခဲ့တယ်ဆိုတာကို အစစ်ဆေးခံနိုင်လို့ ပိုကောင်းတယ်ပြောတာပါ"

ခင်မွန် ကျော်သာ့ကို စူးစိုက်သောအကြည့်နှင့် အကဲခတ်လိုက်သည်။

"ရှင်. . . . အခု ပြောတဲ့အတိုင်း တကယ် ကတိတည်မလား"

ကျော်သာ ခေါင်း ညိတ်ပြလိုက်သည်။

"စိတ်ချပါ၊ ဦး စိတ်ချမ်းသာရေး သက်သက်အတွက် ကျွန်တော် မခင်မွန်ကို လက်ထပ်တာပါ၊ မခင်မွန် စိတ်အေးချမ်းသာနေပါ၊ ကျွန်တော် မခင်မွန်ကို တစ်ခုတော့ တောင်းပန်ပါတယ် မခင်မွန်၊ ကျွန်တော့်ကို ကြိုက်သလို ပစ်စလက်ခတ် လုပ်နိုင်ပါတယ် လုပ်ပါ၊ ဒါပေမယ့် မခင်မွန့်အပေါ်မှာ သိပ်ကို စေတနာထားတဲ့



ကျေးဇူးရှင် ဖခင်ကိုတော့ ပစ်စလက်ခတ် မလုပ်ပါနဲ့. . . ."

"နေ့ခင်းက လုပ်ရပ်မျိုးဟာ မခင်မွန် ဦးကို သတ်လိုက်သလို ဖြစ်နိုင်တယ်"

ကျော်သာ့စကားမှန်နေ၍ ခင်မွန် ခေါင်းငုံ့သွားရပါသည်။

"ဒါနဲ့ ပတ်သက်ပြီး မခင်မွန်ကို ကျွန်တော် အပြစ်တော့ မပြောချင်ပါဘူး၊ ငယ်ရွယ်သူတွေဟာ အနှစ်စိတ် သိပ်တက်လာရင် ဘာမှ မစဉ်းစားနိုင်ဖြစ်တတ်ပါတယ်. . . .

"အခုကိစ္စမှာ ဦးရဲ့ စိတ်ချမ်းသာရေးအတွက် မခင်မွန် သည်းခံပြီး လိုက်လျောပေးပါ၊ စိတ်ချ ကျွန်တော် ထပ်ပြီးကတိပေးတယ်၊ မခင်မွန် စိတ်ချမ်းသာအောင် ကျွန်တော် အားလုံးကို ဆောင်ရွက်ပေးပါ့မယ်"

"ကောင်းပြီလေ ရှင့် စကားသာ တည်ပါစေ"

ကျော်သာ လက်သီးဆုပ်ပြီး လက်မထောင်ပြလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

မင်္ဂလာ အခမ်းအနားမှာ အကျဉ်းရုံးသည်ဟု ဆိုသော်လည်း ပွဲရုံလောကမှ ပွဲစားတော်တော်များများလာ၍ စည်စည်ကားကားရှိပါသည်။

ဦးမင်းအောင်မှာ ဝမ်းသာမဆုံး တပြုံးပြုံးနှင့် လာသမျှကို နှုတ်ဆက်ဧည့်ခံနေသည်။ ပွဲစားကြီး ဦးသိန်းက အရေးအပါဆုံး ဧည့်ကြို။

ပွဲစားအားလုံးမှာ ကျော်သာနှင့်လည်း ရင်းနှီးခင်မင်နေကြ၍ ကျော်သာပါ ဒိုင်ခံနှုတ်ဆက်ရသည်။ ခင်မွန်ကတော့ ကျော်သာ့ဘေးမှာ မတ်တပ်။

အန်တီမြင့်မြင့်သိန်းတို့ သားအမိတွေလည်း လာကြသည်။

"လှလိုက်တာဟယ်. . . . သူတို့သားနဲ့ သူတို့သမီးက နေနဲ့လ ရွှေနဲ့မြ"

ကျော်သာ ပြုံးနေသော်လည်း ခင်မွန် မျက်နှာမထားတတ်။

ကျော်သာလုပ်ခဲ့သော လက်ဖက်ရည်ဆိုင်မှ ခင်လေးညိုနှင့် ချစ်ရွှေများလည်း လာသည်။

ခင်လေးညိုကို ကျော်သာကိုယ်တိုင် ရေခဲမုန့် ယူပေးတော့ ဘာကြောင့်မှန်းမသိ၊ ခင်မွန့်ရင်ထဲမှာ မကျေနပ်သလို ဖြစ်မိသေးသည်။



နောက်မှ. . . . .

"ဘာဆိုင်လဲ၊ သူက ငါ့ယောက်ျားအစစ်မှ မဟုတ်ဘဲ၊ ငါလည်း သူ့ကိုမှ မချစ်ဘဲ မေ့လို့. . . . မေ့လို့"ဟု ကိုယ့်ဘာသာ ဘွာခတ်လိုက်ရသည်။

ဦးလေးထွန်းလာတော့ ကျော်သာ. သိပ်ဝမ်းသာသည်။ ဦးလေးထွန်းကလည်း ကျော်သာ့ကိုကြည့်ပြီး သိပ်ဝမ်းသာသည်။

ပျော်ပျော်ရွှင်ရွှင်နှင့် မင်္ဂလာပွဲလေး ချောမောအောင်မြင်စွာ ပြီးစီးသွားပါသည်။

သို့သော် သူတို့သားနှင့် သူတို့သမီးတို့၏ ဟန်ဆောင်အပြုံးများ မင်္ဂလာပွဲလာ ဧည့်ပရိသတ်များ သိနားလည်ကြမည် မဟုတ်ပါ။

မင်္ဂလာအခမ်းအနားပြီးတော့ ဦးမင်းအောင်ကို ကျော်သာနှင့် ခင်မွန်တို့ ကန်တော့ကြသည်။

"သာခု. . . . သာခု. . . . သာခု ဒီလင် ဒီမယား၊ ဒီသားနှင့် ဒီသမီး ကိုယ်ကျန်းမာ စိတ်ချမ်းသာနဲ့ အသက်ရာကျော် ပေါင်းဖော်ကြရပါစေဗျာ"

"ဟဲ့. . . . ပေးတဲ့ဆုနဲ့ ပြည့်ပါစေလို့ ပြောကြလေ"

အန်တီမြင့်မြင့်သိန်းက ညွှန်ကြားနေသည်။

"ဟုတ်သားပဲ ပြောလိုက်ကြလေ"

ပွဲစားကြီး ဦးသိန်းကပါ ဖြည့်စွက် တိုက်တွန်းနေပြန်သည်။

ခင်မွန်နှင့်ကျော်သာတို့ မငြင်းသာ။ တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်ပြီး။

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ" ဟု ပြောလိုက်ကြရသည်။

မင်္ဂလာဆောင်ပြီးသည့် ညတွင် ဦးမင်းအောင်၊ ဦးလေးသိန်းနှင့် အန်တီမြင့်မြင့်သိန်းတို့ လင်မယားက အခန်းအပ်ပြီး အခန်းထဲသို့ လိုက်ပို့ကြ၍ ကျော်သာနှင့် ခင်မွန်တို့ မင်္ဂလာအခန်းထဲမှာ

www.burmeseclassic.com



ရောက်နေခဲ့ကြပြီ။

သန့်ပြန့်မွှေးကြိုင်သော မင်္ဂလာခန်းမထဲတွင် စိတ်လှုပ်ရှားဖွယ်ရာ မင်္ဂလာခုတင်၏ အပြင်အဆင်။

မှန်တင်ခုံ၊ မှန်ဘီရိုနှစ်ခုနှင့် ဒရင်းဘက်တစ်ခု။

အိပ်ရာဘေးမှ စားပွဲပေါ်မှာ မီးတိုင်ငယ်တစ်ခုနှင့်အတူ နှင်းဆီပန်းများ ထိုးထားသည့် ပန်းအိုးတစ်ခု တင်ထားသည်။

ခုတင်ပေါ်မှာ ရေမြှုပ်မွေ့ရာကို ရွှေဝါရောင် တရုတ်အိပ်ရာခင်း ပြန့်ပြန့်ပျူးပျူး ခင်းထားသည်။ ရွှေဝါရောင် ခေါင်းစွပ်များနှင့် ခေါင်းအုံးကြီးနှစ်လုံးက ယှဉ်တွဲလျက်။

ခြင်လုံခန်း၊ လေအေးစက်ရှိသော အခန်းဖြစ်၍ ခုတင်မှာ ခြင်ထောင်မရှိ။

ကျော်သာက ဒရင်းဘက်မှာ သွားထိုင်နေလိုက်၍ ခင်မွှန် ခုတင်ပေါ်မှာ ထိုင်ရမည်ကဲ့သို့ ဖြစ်နေသည်။ ခင်မွှန် မထိုင်ဝံ့၊ မင်္ဂလာခုတင်ကြီးကို ကြည့်ပြီး စိတ်ထဲမှာ စိုးရွံ့နေမိသည်။

ဘာဘဲဖြစ်ဖြစ် ခုချိန်မှစပြီး ခင်မွှန်သည် ကျော်သာ၏ တရားဝင်ဇနီး ဖြစ်နေပြီ။ ကျော်သာကသာ အတင်းအကျပ် သိမ်းပိုက်လျှင် ခင်မွှန် ငြင်းပိုင်ခွင့် မရှိ။

"သူ ကတိ တည်ပါ့မလား၊ ငါ့ကို ရဖို့ရာအတွက် ပရိယာယ်နဲ့ ပြောခဲ့တာဆိုရင် ငါတော့ သူ့ထောင်ချောက်ထဲ ရောက်ပြီ"

တစ်ညလုံး ဤအခန်းထဲမှာ အတူနေပြီး ဤခုတင်ကြီးပေါ်မှာ အတူအိပ်ရမည့် အဖြစ်။

ခင်မွှန် ကျော်သာ့ကို မဝံ့မရဲ လှမ်းကြည့်လိုက်သည်။

ကျော်သာက ဒရင်းဘက်ကို အိပ်၍ အဆင်ပြေအောင် ပြန့်ပြန့်စန့်စန့် အနေအထားကို ပြုပြင်နေသည်။

"ကဲ. . . . မခင်မွှန် တစ်နေ့လုံး ဧည့်ခံရ၊ လုပ်ရကိုင်ရနဲ့



ပင်ပန်းနေရောမယ်၊ အဲဒီ ခုတင်မှာ စိတ်ချလက်ချအိပ်"

ကျော်သာက ခင်မွှန့်ကို အေးအေးဆေးဆေး ပြောသည်။

"ကိုကျော်သာကရော. . . ."

ကျွန်တော် ဒီမှာပဲ အိပ်မယ်"

"သူ့ကို စိတ်ချရပါ့မလား၊ ငါ အိပ်ပျော်နေမှများ ခုတင်ပေါ် တက်လာရင်. . . ."

ခင်မွှန် ကျော်သာ့ကို မယုံနိုင်သေးအောင် ဖြစ်နေသည်။

"မခင်မွှန် ရေချိုးချင်ရင် ချိုးလေ"

"ဟင့်အင်း. . . . ခင်မွှန် ညနေက ရေချိုးပြီးသား"

"ဒါဖြင့်လည်းအိပ်လေ၊ သိပ်အေးရင် လေအေးပေးစက် လျှော့လိုက်ရမလား"

"ဟင့်အင်း. . . . မလျှော့နဲ့"

"ကဲ ဒါဆိုလည်း အိပ်တော့၊ ကျွန်တော် ရေချိုးလိုက်ဦးမယ်"

ကျော်သာက အိပ်ခန်းနှင့်ဆက်လျက်ရှိ ရေချိုးခန်းထဲသို့ ဝင်သွားသည်။

"သူ အိပ်ခါနီး ရေချိုးတာ ဘာအကြံအစည်နဲ့လဲ"

"ဂျောင်း"

ရေချိုးခန်းတံခါး ပိတ်သံကြား၍ ခင်မွှန် လန့်သွားမိသေးသည်။

ကျော်သာ ရေချိုးခန်းထဲမှ ထွက်မလာမီ ခင်မွှန် မင်္ဂလာခုတင်ကြီးနားသို့ ကပ်လိုက်သည်။

စိတ်ထဲက ခပ်လန့်လန့်။

ခုတင်ပေါ်သို့ ထိုင်ကြည့်ပြီး အိနစ်ဝင်သွားသော ရေမြှုပ်မွေ့ရာ၏ အတွေ့အထိကို ထိတ်ခနဲ ခံစားရ၍ ပြန်ထလိုက်သည်။

"အို. . . . သူ ကတိတည်မှာပါ၊ သူ မလာခင် ငါ အိပ်နေ

www.burmeseclassic.com

www.burmeseclassic.com



နှင်းမှ ဖြစ်မယ်"

ခင်မွန် ကုတင်ပေါ်ကို ရဲရဲဝံ့ဝံ့ ခေါင်းချလိုက်သည်။

တစ်နေ့လုံး ပင်ပန်းနေသည်များ သက်သာသွားသည်။

မိမိ၏ ကိုယ်ခန္ဓာမှ မိန်းမပီသသည့် အချိုးအဆစ်ကျ လှပမှုများသည် သူ့ကို ဆွဲဆောင်သလို ဖြစ်နေမည်စိုး၍ စောင်တစ် ထည်ကို ဆွဲယူပြီး လုံခြုံအောင် ကိုယ်ပေါ်မှာ ခြုံထားလိုက်သည်။

နူးညံ့ နွေးထွေးသော အတွေ့အထိများကြောင့် နှစ်နှစ်ခြိုက် ခြိုက် အိပ်ပစ်လိုက်ချင်စိတ် ဖြစ်မိသည်။

ရေချိုးခန်းထဲမှ ရေကျသံများကို ကြားနေရဆဲ။

ခင်မွန် မျက်စိကို မှိတ်ထားလိုက်သည်။

အိပ်ချင်သော်လည်း မအိပ်ဝံ့သေး။ အိပ်ပျော်မသွားအောင် စိတ်ကို တင်းထားရသည်။

ရေချိုးခန်း တံခါးဖွင့်သံ ကြားရသည်။

ခင်မွန် မျက်စိကို မှိတ်ထားရာမှ မှေးမှေးလေး ဖွင့်ပြီး ကျော်သာ့ကို အကဲခတ်နေမိသည်။

ခေါင်းမှ ရေများကို တဘက်နှင့် သုတ်ရင်း ရေချိုးခန်းမှ ထွက်လာသော ကျော်သာ၊ လက်မောင်းနှင့် ရင်အုပ်မှာ သန်မာကျစ် လျစ်သော ကြွက်အဖုအထစ်များနှင့် ယောကျ်ားပီသသော လူငယ် တစ်ယောက်၏ အသွင်အပြင်။

"တောသားပဲ ဒီလောက်တော့ ရှိမှာပေါ့"

အထင်ကြီးချင်စိတ်ကို ခင်မွန် ခြေဖျက်ပစ်လိုက်သည်။

ကျော်သာက သူ့အတွက် မှန်ဗီရိုထဲမှ ချည်လုံချည်တစ် ထည်ကို ထုတ်ယူပြီး လဲဝတ်လိုက်သည်။ အပေါ်ပိုင်း ဗလာဖြစ်နေဆဲ

စပို့ရှပ်အင်္ကျီ အဟောင်းတစ်ထည် ထုတ်ဝတ်လိုက်သည်။

ရေသုတ်ထား၍ ဖွာနေသော ဆံပင်များက ကပိုကရို ဖြစ်



နေသည်။

ကျော်သာက ခင်မွန် အိပ်နေသော ခုတင်ဆီသို့ လှမ်းကြည့် လိုက်သည်။

ခင်မွန်က အိပ်နေသည်နှင့်တူအောင် မျက်စိကို ပိုမှေးထား လိုက်သည်။

"ဖျောက်. . . . ဖျောက်"

မျက်နှာကြက် မီးလုံးနှင့် နံရံကပ် မီးချောင်းများကို ပိတ် လိုက်၍ အခန်းထဲမှာ အလင်းရောင် အားနည်းသွားသည်။

စားပွဲတင် မီးပွင့်လေး တစ်ခုသာ ကျန်တော့သည်။

ခင်မွန့် ရင်ထဲမှာ စိုးရိမ်စိတ်များ ဖြစ်လာသည်။

ကျော်သာ ခုတင်ဆီသို့ လျှောက်လာသည်။

ခင်မွန် ထိတ်လန့်သွားသည်၊ ရင်ခုန်သံတွေ မြန်လာသည်။

ခုတင်ဘေးမှာ ကျော်သာ ရပ်လိုက်သည်။

ခင်မွန် အသက်ပင် ရဲရဲ မရှူဝံ့၊

"သူ ခုတင်ပေါ်မှာပဲ အိပ်တော့မှာလား၊ ဒီလူ ငါ့ကို အယုံ သွင်းပြီး အပိုင်ကြံတော့မှာလား"

ကျော်သာက ခေါင်းအုံးတစ်လုံးကို အသာ မ,ယူသည်။

ခုတင်ခြေရင်းဘက်သို့ လျှောက်သွားသည်။ စောင်တစ် ထည်ကို ယူလိုက်သည်။

ဒရင်းဘက်ဆီသို့ လျှောက်သွားသည်။ ခေါင်းအုံးကို ဒရင်း ဘက်ပေါ်မှာ တင်ပြီး စောင်ကို ခြုံလိုက်သည်။

ခုတင်နှင့် ဒရင်းဘက်ကြားမှာ စားပွဲတစ်လုံးသာခြားသည်။

စားပေါ်တွင် ကျော်သာ ရွေ့ယူလာပြီး တင်ထားသည့် နှင်း ရုပ်ကလေး နှစ်ကောင်က ချိုချဉ်း ဆိုင်လျက်။ ဤအားပြိုင်နေသော နွားရုပ်ကလေး နှစ်ကောင်ကို မြင်နေရသည်မှာ ဘာကို ရန်းကန်

www.burmeseclassic.com

www.burmeseclassic.com

လုပ်နေရာ အားပြင်းရာ၌ အားရှိသည်ဟု ကျော်သာက ယူဆသည်။

ဒေးမှပေါ်မှ မီးခလုတ်ကြီးကို ကျော်သာ ဆွဲ၍ ပိတ်လိုက်သည်။ အခန်းထဲမှာ မှောင်သွားသည်။

"သူ ငါ့ ခုတင်ဘက်ကိုများ ကူးလာမှာလား"

ခင်မွန် ကြောက်လန့်လာ၍ စောစောက အိပ်ချင်စိတ်ကလေးများပင် ပျောက်ကွယ် သွားသည်။

တော်တော်ကြာသည်အထိ ကျော်သာ ခုတင်ပေါ်သို့ တက်လာသည်ကို မတွေ့ရ။

"သူ . . . ဒရင်းဘက်ပေါ်မှာပဲ အိပ်ပျော်နေပြီ ထင်ပါရဲ့"

ခင်မွန် ရင်ထဲမှာ စိုးရိမ်စိတ်များ လျော့ပါးသွားသည်။ မျက်ခွံက ပို၍ လေးလံလာသည်။

ခင်မွန် အိပ်ပျော်သွားပါသည်။

* * *

မနက်ပိုင်းတွင် ကျော်သာ အလုပ်မသွားမီ ဦးမင်းအောင် ခင်မွန်တို့နှင့်အတူ လက်ဖက်ရည် သောက်သည်။

မိသားစု လက်ဖက်ရည် ပွဲလေး. . . .။

ဦးမင်းအောင်၏ မျက်နှာမှာ ကျေနပ်မှုကြောင့် ကြည်ကြည်လင်လင် ဖြစ်နေသည်။

"မောင်ကျော်သာ ဒီနေ့ ပွဲရုံကို မသွားနဲ့ဦးပေါ့ အရေးကြီးတဲ့ အလုပ်လည်း မရှိပါဘူး၊ တစ်ရက် နားလိုက်၊ မနက်ဖြန်ခါ မနက်ကျတော့ ဘုတလင်ကို သွားပြီး ဦး အစ်မကြီးကို မင်းတို့ နှစ်ယောက် သွားကန်တော့ရမယ်၊ သူက သိပ် မကျန်းမာလို့ မင်္ဂလာဆောင်ကို မဖိတ်ဘဲ ထားတာ၊ ဦးလည်း လိုက်ခဲ့မယ်၊ မိုးညှင်း သမ္ဗုဒ္ဓေဘုရား



လည်း ဖူးရင်းပေါ့. . . ."

"ဟုတ်ကဲ့ ဦးလေး. . . ."

"သမီးက ကန်တော့စရာ ပစ္စည်းလေး ဘာလေး စီစဉ်ထားလိုက်ပေါ့"

ခင်မွန်က ဘာမှ ပြန်မပြောပါ။

"ဖေဖေလည်း စိတ်ချမ်းသာလို့လား မသိဘူး၊ ကျန်းမာရေးတောင် အတော်ကောင်းလာတယ်၊ နည်းနည်းလမ်းထွက် လျှောက်လိုက်ဦးမယ်"

"ဖြစ်ပါ့မလား ဦး၊ တစ်ယောက်တည်း. . . ."

"ဖြစ်ပါတယ် ဝေးဝေး မသွားပါဘူး၊ ( ) ဦးဘေးလောက်အထိပဲ လျှောက်မှာပါ"

ဦးမင်းအောင် လက်ဖက်ရည် ဝိုင်းမှ ထ,ထွက်သွားသည်။

ဒေါ်မြ လက်ဖက်ရည် ပန်းကန်များ လာသိမ်းဆည်းနေစဉ် ကျော်သာ အိမ်ပေါ်သို့ တက်ခဲ့သည်။

ခင်မွန် ထမင်း စားခန်း စားပွဲမှာပင် ကျန်ရစ်သည်။

"ဟဲ့. . . . သမီး ခင်မွန်၊ လိုက်သွားလေ ဟိုမှာ သွားပြီ"

"အို. . . . ဒေါ်မြကလည်း သူ ဘာသာ သွားတာ ဘာလို့ လိုက်ရမှာလဲ"

ခင်မွန် ဒေါ်မြကို မကျေမနပ် လှမ်းကြည့်လိုက်သည်

အခန်းထဲ ပြန်ရောက်သည်နှင့် ကျော်သာ ခုတင်ကြီးပေါ် မှာ အားပါးတရ လှဲအိပ်ချလိုက်သည်၊ ခုမှ အိပ်ခွင့်ရသော မင်္ဂလာ ခုတင်. . . .

မိမိ၏ လက်ရှိဘဝကို ကျော်သာ စိတ်ပျက်မိသည်

အများအမြင်မှာ အလုပ်ရှင် သူဌေးသမီးနှင့်သား၍ အားကျစရာ ဖြစ်သော်လည်း တကယ်ကတော့ ဆန်ဆောင် အိမ်

www.burmeseclassic.com

ထောင်ရှင် ဘား

ဟန်ဆောင်ရသည်က မိမိကို မချစ်သော်လည်း မိမိက တစ်ဖက်သတ် ချစ်ခံနေရသော မိန်းကလေးနှင့်။

အခန်းတစ်ခု အတွင်းမှာ ညစဉ် အတူအိပ်ရမည့်အဖြစ်က ရင်မောစရာ။

အခန်းတံခါး ပွင့်သွားပြီး ခင်မွှန် ဝင်လာသည်။

ကျော်သာ ထထိုင်မည်ပြုပြီးမှ မထိုင်တော့ဘဲ အိပ်ရာပေါ်မှာ ဆက်အိပ်နေလိုက်သည်။

"ကိုကျော်သာ မနေ့ညက အိပ်လို့ရရဲ့လား"

ကြင်နာသော လေသံနှင့် မေးသည်ထင်၍ ကျော်သာ ရင်ထဲမှာ မျှော်လင့်ချက် ရောင်ခြည်လေး ဖြစ်ပေါ်လာမိသည်။

"ဟုတ်ကဲ့၊ အိပ်လို့ ရပါတယ်"

ခင်မွှန် ဒရင်းဘက်ပေါ်မှာ ဝင်ထိုင်လိုက်သည်။

"ခင်မွှန် ကိုကျော်သာ့ကို အကူအညီတောင်းချင်လို့" ခင်မွှန့်လေသံက ပျော့ပျောင်းသည်။

"ဟုတ်ကဲ့ ပြောပါ"

"ကိုကျော်သာ အောင်နဲ့ သွားတွေ့ပေးပါ"

"ဗျာ. . . ."

ကျော်သာ ခုတင်ပေါ်မှာ ထထိုင်လိုက်သည်။ မျက်စိက စားပွဲပေါ်မှ အားပြုံးနေသော နွားရုပ်ကလေး နှစ်ကောင်ဆီသို့ အလိုလို ရောက်သွား၏။

"ကိုအောင်ဇော်နဲ့ သွားတွေ့ပေးပါလို့ ပြောတာ"

ကျော်သာ စိတ်ပျက်သွားသည်။ ထိုမျှအထိတော့ ကျော်သာ မလုပ်ချင်ပါ။

"ဘယ်လိုလဲ ကိုကျော်သာ"



"အဲဒီလောက်ထိတော့ ကျွန်တော် မလုပ်ချင်ဘူး မခင်မွှန်"

"ရှင်. . . .၊ကိုကျော်သာ အစတုန်းက ကတိပေးထားခဲ့တာပဲလေ"

"ဘာ ကတိလဲဗျာ"

"ဪ. . . . ကိုယ်ပေးတဲ့ ကတိတောင် ကိုယ်မေ့သွားပြီလား၊ လက်ထပ်ပြီးတဲ့နောက်ကျရင် အခြေအနေကို ကြည့်ပြီး အဆင်ပြေအောင် ကူညီပါ့မယ် ဆိုတာလေ"

"အခု ဘယ်လို အကူအညီ လိုနေလို့လဲ မခင်မွှန်"

"ဖေဖေ့ ကျန်းမာရေးအတွက် ဖေဖေ စိတ်ချမ်းသာအောင် ကိုကျော်သာနဲ့ ခင်မွှန် ဟန်ဆောင် လက်ထပ်ထားတဲ့အကြောင်း၊ တကယ်တော့ သန့်ရှင်းစင်ကြယ်စွာ နေထိုင်ကြတဲ့ အကြောင်းကို ကိုအောင်ဇော် နားလည်အောင် ရှင်းပြပေးဖို့ပါ"

ကျော်သာ ခင်မွှန့်ကို စိတ်ပျက်စွာ လှမ်းကြည့်လိုက်သည်။

"အဲဒီ ကိစ္စက အခုချက်ချင်း မလိုသေးဘူး ထင်ပါတယ် မခင်မွှန်"

"လိုတယ်ရှင့်. . . . လိုတယ်၊ နောင် ကြာသွားမှ ပြောရင် သူယုံမှာ မဟုတ်တော့ဘူး၊ အခုကတည်းက ပြောထားမှ သူ နားလည်မှာ၊ ပြီးတော့လည်း ဒီပြင်လူ ပြောတာထက် ကာယကံရှင် ကိုကျော်သာ ကိုယ်တိုင် ရှင်းပြတာက ပိုကောင်းလို့ပါ"

"အဲဒီလောက်တော့ ကျွန်တော် မပြောချင်သေးဘူးဗျာ"

ကျော်သာ ငြင်းလိုက်သည်။

"ဪ. . . . ဘာလဲ၊ ရှင်က ကျွန်မကို လက်ထပ်ပြီးတဲ့ မိန်းမဆိုပြီး အပိုင် သိမ်းချင်လို့လား"

ကျော်သာ စိတ်ပျက်စွာ ခေါင်းခါပြလိုက်သည်။

"အဲဒီလို သဘောထားရင် ကျွန်တော် မနေ့ညကတည်းက

www.burmeseclassic.com

www.burmeseclassic.com

သိမ်းပိုက်မှာပေါ့"

"ဒါဆို. . . . ကျွန်မက လက်ခံဦးမှကိုး"

"ဟုတ်ပါပြီ၊ ကျွန်တော်ကလည်း နှလုံးသား မပါဘဲနဲ့ အနိုင်အထက် သိမ်းယူတာမျိုး ဘယ်တော့မှ မလုပ်ပါဘူး"

"ဒါဆိုရင်လည်း ရှင် အောင့်ဆီ သွားပြီး ရှင်းပြပေးဖို့ကောင်းတာပေါ့"

"ခက်တာပဲဗျာ၊ ကျွန်တော်တို့ အဲဒီလို လုပ်ရင် ဦးကို သစ္စာဖောက်တာဗျ၊ ဦး သိသွားရင် သိပ် စိတ်ဆိုးမှာ"

"ဒီကိစ္စက ရှင်နဲ့ ကျွန်မကသာ မပြောဘူးဆိုရင် ဖေဖေ ဘယ်လိုမှ မသိနိုင်ပါဘူး"

"မခင်မွန် ကျွန်တော့်ကို ခုလို တောင်းဆိုတာဟာ သိပ်ကို မတရားသဖြင့် ဖြစ်မနေဘူးလားဗျာ၊ ပြန်စဉ်းစားပါဦး"

"မဖြစ်ဘူးရှင့် ကျွန်မ ရှင့်ကို မချစ်ဘဲနဲ့ ဟန်မပျက် လက်ထပ်ခဲ့တာ၊ ရှင့် ကတိ စကားကြောင့် ရှင့်ကို ယုံလို့. . . ."

"အဲဒီလိုလုပ်ရင် ကိုအောင်ဇော်နဲ့လည်း ပြန်ဆုံခွင့်ရမယ်ထင်လို့၊ ရှင်သိအောင် ပွင့်ပွင့်လင်းလင်း ထပ်ပြောလိုက်မယ်၊ ကျွန်မ တကယ် ချစ်တာ ကိုအောင်ဇော်၊ အောင်နဲ့ လွဲရမှာကို ကျွန်မ အကြောက်ဆုံး"

ခင်မွန် ပြောနေရင်းမှာပင် မျက်ရည်များ စီးကျလာသည်။

"နောင်တစ်နေ့ကျရင် ကျွန်မတို့ကို အဆင်ပြေအောင် ကူညီပါ့မယ် ဆိုတဲ့ လက်မထပ်ခင်က ပြောခဲ့တဲ့ စကားဟာ တကယ့် စေတနာနဲ့ ပြောခဲ့တာဆိုရင် ဒီကိစ္စကို ရှင် မကူညီနိုင်စရာ ဘာမှ မရှိဘူး၊ တကယ်လို့ မကူညီနိုင်ဘူးဆိုရင်တော့ ရှင်ဟာ လူလိမ် လူညာပဲ"

ကျော်သာ စိတ်မကောင်း ဖြစ်မိပါသည်။



ခင်မွန်သည် လက်ထပ်ထားသည့် သူ့ဇနီး၊ သူကိုယ်တိုင်ကလည်း ချစ်နေမိသော သူ။

ကိုယ့် ဇနီး၊ ကိုယ့်ချစ်သူကို တစ်ပါးသူနှင့် အဆင်ပြေရေးအတွက် ဆက်သွယ်ပေးရမည့် ကိစ္စ။

"ကောင်းပြီလေ၊ ဒီလို သွားပြောပေးမှ မခင်မွန် စိတ်ချမ်းသာမယ်ဆိုရင် ကျွန်တော် သွားပေးပါ့မယ်၊ ဒါပေမယ့် ဒီလို သွားပေးတာဟာ မခင်မွန် စိတ်ချမ်းသာစေချင်လို့ ကျွန်တော်ကလည်း ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော် မခင်မွန်ကို ချစ်လို့"

"ရှင်. . . . ကျွန်မကို ချစ်တယ်ဆိုတဲ့ စကား မပြောနဲ့ ကျွန်မ မကြားချင်ဘူး"

ခင်မွန် မခော့မနပ် ဖြစ်သွားသည်။

"ဒါဆို. . . . ခင်ဗျားက ကျွန်တော့်ကို မုန်းတယ်လို့ ဆိုတဲ့ စကား ပြောတာတောင် ကျွန်တော် သည်းခံပြီး နားထောင်နိုင်သေးတာပဲ၊ ကျွန်တော်လည်း ကျွန်တော့် ရင်ထဲမှာ ရှိတဲ့အတိုင်းတော့ ပြောခွင့် ရှိရမှာပေါ့"

"ရှင် အစက ကျွန်မကို မရိုးသားတဲ့ မျက်စိနဲ့တောင် ကြည့်ခဲ့တာ မဟုတ်ဘူး၊ ခုမှ ဖေဖေ့ ကျန်းမာရေးကို ငဲ့ပြီး လက်ထပ်လိုက်လို့ ဒီလို စကားမျိုး ပြောလာတာ ကျွန်မ မုန်းတယ်"

ကျော်သာ ခင်မွန့်ကို ရဲရဲဝံ့ဝံ့ လှမ်းကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်. . . . အစက ကျွန်တော် မရိုးသားတဲ့ မျက်စိနဲ့တောင် မကြည့်ခဲ့ပါဘူး၊ ဒါပေမယ့် ကျွန်တော် ကြည့်ချင်ခဲ့ပါတယ်၊ ကျေးလုံးရှင်ရဲ့ သမီး ဖြစ်နေလို့၊ သားရေပေါ် အိပ် သားရေနှစ်တားသလို ဖြစ်မယ်ဆိုတဲ့ အသိနဲ့ ကျွန်တော် ဆင်ခြင် ထိန်းချုပ်ခဲ့တာ၊ ဦးကိုယ်တိုင်က သဘောတူ လက်ထပ်ပေးချင်တယ် ဆိုတာကို သိရတဲ့

www.burmeseclassic.com

www.burmeseclassic.com

အခါမှာတော့ ကျွန်တော့် စိတ်ကို ထိန်းချုပ် ထားစရာ မလိုတော့ဘူး"

"ကျွန်တော့် စိတ်ထဲမှာ ကျွန်တော် ချစ်နေတာကို မခင်မွှန် တားလို့ မရဘူး"

"အဲဒီလိုဆိုရင် ကျွန်မ စိတ်ထဲက ရှင့်ကို မုန်းနေတာလည်း ရှင် တားလို့ မရဘူးပေါ့"

"မရပါဘူး. . . . ကျွန်တော်လည်း မတားပါဘူး၊ မခင်မွှန် လည်း ကျွန်တော့်ကို မတားပါနဲ့. . . ."

"မတားဘူး၊ ရှင့် စကားနဲ့ ရှင် ကိုအောင်ဇော်ကို သွားရှင်းပြပေးပါ"

စောစောက မာနနှင့် ပြောနေသော ကျော်သာ့မျက်နှာပေါ်မှာ လွမ်းရိပ်ကလေး သမ်းသွားသည်။

"ကောင်းပါပြီ ဘယ်ကို သွားရမယ်ဆိုတဲ့ လိပ်စာသာ ပေးလိုက်ပါ"

"ကျွန်မ စာတစ်စောင် ရေးပေးလိုက်မယ်၊ အဲဒီစာပါပေးလိုက်"

မင်္ဂလာ အိပ်ရာခုတင်ပေါ်မှာပင် ကျော်သာ မျက်စိမှိတ်၍ နေလိုက်သည်။

* * *

ဦးမင်းအောင်၏ ကားကို မသုံးချင်၍ ကျော်သာ စက်ဘီးနှင့် လာခဲ့သည်။

ခင်မွှန် ပေးသည့် လိပ်စာမှာ နန်းရှေ့မှ တစ်ထပ်တိုက်ကလေး ဖြစ်သည်။

ဤအိမ်ကို ကျော်သာ မှတ်မိပါသည်။ ခင်မွှန်နှင့်အတူ



မင်္ဂလာဆောင် ဖိတ်စာလာပေးခဲ့သော အိမ်။

"ကိုအောင်ဇော် ရှိလားဗျာ"

ကျော်သာ အသံပြုလိုက်သည်။

မိန်းကလေးတစ်ယောက် ထွက်လာသည်။

ဤမိန်းကလေးကိုလည်း ကျော်သာ မှတ်မိပါသည်။ ခင်မွှန်နှင့်လာစဉ်က ဖိတ်စာလက်ခံသော မိန်းကလေး။ နှာတံပေါ်ပေါ် မျက်လုံးပြူးပြူးနှင့် ကုလားဆင်ချောသူလေး ဖြစ်သည်။

"ကိုအောင်ဇော်ရှိသလားဗျာ"

"ဟုတ်ကဲ့ရှိပါတယ်"

မိန်းကလေး အိမ်ထဲသို့ဝင်သွားပြီး ခဏအကြာတွင် အောင်ဇော် ထွက်လာသည်။

"မင်းကို ငါ မတွေ့ချင်ဘူး"

အောင်ဇော်က အိမ်ရှေ့မှာ ခါးထောက်ပြီး အဖက်မတန်သလို မာရေကျောရေ ပြောလိုက်သည်။

"မတွေ့ချင်ရင်ရပါတယ်၊ ငါကလည်း မတွေ့ချင်ပါဘူး၊ မခင်မွှန် လွှတ်လိုက်လို့သာ လာတာပါ"

ကျော်သာ စက်ဘီးကို တွန်းပြီး ပြန်လှည့်ထွက်တော့ အောင်ဇော် ခပ်တွေတွေ ဖြစ်သွားပြီး နောက်မှ လှမ်းကြည့်နေသည်။

"ဟေ့လူ ခဏနေဦး"

ကျော်သာ စက်ဘီးတွန်းသည်ကို ရပ်ပြီး ပြန်လှည့်ကြည့်လိုက်သည်။

အောင်ဇော် နောက်မှ လိုက်လာသည်။

"ခင်မွှန်က ဘာကိစ္စ လွှတ်တာလဲ"

"စာတစ်စောင် ပေးလိုက်တယ်"

"လာဗျာ၊ ဟိုလမ်းထိပ်က လက်ဖက်ရည်ဆိုင်သွားကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



အောင်ဇော် စိတ်ပြောင်းသွား၍ ကျော်သာလည်း စကားကို တွန်းပြီးလိုက်ခဲ့သည်။

လက်ဖက်ရည်ဆိုင်အပြင်မှ အစွန်ကျသော စားပွဲလေးမှာ အောင်ဇော်က နေရာရွေးလိုက်သည်။

"လက်ဖက်ရည်နှစ်ခွက် ဟေ့"

ဆိုင်မှ ကောင်လေးကို အောင်ဇော် လှမ်းမှာသည်။

"ဘယ်မှာလဲစာ"

ကျော်သာက စာကို ထုတ်ပေးသည်။

အောင်ဇော် စာဖတ်နေစဉ် လက်ဖက်ရည်လာချသည်။ သို့သော် ကျော်သာ သောက်ချစ်စိတ်မရှိ၍ ရေနွေးကြမ်း တစ်ပန်းကန်သာ ငှဲ့ပြီး သောက်နေလိုက်သည်။

"သူ စာထဲမှာ ရေးထားတဲ့အတိုင်း ခင်ဗျားနဲ့ သူနဲ့ဟန်ဆောင် လက်ထပ်ထားကြတယ်ဆိုတာ အမှန်ပဲလား"

အောင်ဇော်၏ ဆက်ဆံရေးလေသံပါ ပျော့ပျောင်းသွားသည်။

"ဟုတ်ပါတယ်၊ ဦးရဲ့ ဆန္ဒအတိုင်း ဦး စိတ်ချမ်းသာရေးနဲ့ ကျန်းမာရေးကြောင့် ကျွန်တော်တို့ လက်ထပ်လိုက်ကြတာပါ"

ကျော်သာ ရှင်းပြပုံကလည်း အေးအေးဆေးဆေး ဖြစ်၏။

"ခုထိ ခင်ဗျားနဲ့ ခင်မွန်ရဲ့ ဆက်ဆံရေးဟာ သန့်သန့်ရှင်းရှင်းဆိုတာရော အမှန်ပဲလား"

"အမှန်ပါပဲ"

"ခင်ဗျားတို့ အိပ်တာတော့ တစ်ခန်းတည်းမှာမို့လား"

"ဟုတ်ပါတယ်၊ သူက ခုတင်ပေါ်မှာပါ ကျွန်တော်က ဒရင်းဘက်ပေါ်မှာပါ"

"အဲဒီအတိုင်း အိပ်ရင် ကျုပ်က ဘယ်နှစ်ရက်စိတ်ချလို့ရမှာလဲ"



ကျော်သာ ပြုံးလိုက်သည်။

"သူက ကျွန်တော့်ကို ချစ်တဲ့စိတ် မဖြစ်မချင်း စိတ်ချရပါတယ်"

"ဘာပြောတယ်"

အောင်ဇော့် လေသံက မာသည်။ ကျယ်သည်။

ကျော်သာ ရေနွေးကြမ်း တစ်ခွက်ထပ်ငှဲ့ နေလိုက်သည်။

"ခင်ဗျား ဆိုလိုတာက ခင်ဗျားအနေနဲ့ သူ့ကို. . . ."

အောင်ဇော် စကားလုံး ရှာမရ၍ စကားကို ရပ်ထားလိုက်သည်။

"ကျွန်တော့် အပေါ်မှာ မေတ္တာမပါတဲ့ မိန်းကလေးကို အနိုင်အထက် ရယူဖို့ ဆိုတာမျိုး ကျွန်တော် ဘယ်တော့မှ မလုပ်ဘူး"

"သူက စိတ်ပြောင်းပြီး ခင်ဗျားကို ချစ်မယ်ဆိုရင်ရော. . ."

"ဒါကတော့ ကျွန်တော့်ဘက်က ငြင်းစရာ မရှိပါဘူး"

အောင်ဇော်၏ မျက်လုံးများတွင် ဒေါသ အရောင်တောက်၍ မျက်နှာလည်း တင်းမာသွားသည်။

"ခင်ဗျားဘက်ကတော့ သူ့ကို ချစ်နေတယ်ပေါ့ ဟုတ်လား"

"ဒီသဘောပါပဲ"

"တောက်. . . ."

အောင်ဇော့်ထံမှ ပြင်းထန်သော တက်ခေါက်သံတစ်ချက် ထွက်လာသည်။

"ဒါဖြင့် ခင်ဗျားက သူ့ မေတ္တာကိုရဖို့ အချိန်တိုင်း ကြိုးစားနေမှာပေါ့"

ကျော်သာ ခေါင်းကို ညင်သာစွာ ခါပြလိုက်သည်။

"မေတ္တာဆိုတာက ဝီရိယနှင့် ဇွတ်အတင်း ကြိုးစားတိုင်း ရတာမျိုးမှ မဟုတ်ဘဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် ကျွန်တော် ခင်မွန်နှင့် တွေ့ချင်တယ်၊ ခင်ဗျား စီစဉ်ပေးပါ"

အောင်ဇော်၏ အပေါ်စီးနှင့် ပြောနေပုံကို ကျော်သာ မကျေမနပ် ဖြစ်မိသော်လည်း စိတ်ကို ထိန်းချုပ်ထားလိုက်သည်။

"ကျွန်တော် လုပ်မပေးနိုင်ဘူး"

"ခင်ဗျား လုပ်ပေးရမယ်"

အောင်ဇော်က အနိုင့်အထက် တောင်းဆိုနေပြန်သည်။

"ဦးမင်းအောင်က ကျွန်တော့် ကျေးဇူးရှင် ဖြစ်လို့ သူ့ဆန္ဒကို ကျွန်တော် လိုက်လျောနိုင်တယ်၊ ခင်မွန်ဟာ ကျွန်တော့် ကျေးဇူးရှင်ရဲ့ သမီး ဖြစ်တယ်၊ ကျွန်တော် ကိုယ်တိုင်ကလည်း သူ့ကို မေတ္တာ စေတနာရှိလို့ သူ ခိုင်းတာကို လုပ်ပေးနိုင်တယ်၊ ဒါပေမယ့် ခင်ဗျားမှာ ကျွန်တော်ကို အဲဒီလို ပြောပိုင်ခွင့် ခိုင်းပိုင်ခွင့် မရှိဘူး၊ ကျွန်တော်ကလည်း အဲဒီလို ခိုင်းတာမျိုးကို ဘယ်တော့မှ လုပ်မယ့်လူ မဟုတ်ဘူး"

"ဒါဖြင့် ခင်ဗျား ဘာလို့ ကျွန်တော့်ကို လာတွေ့ရတာလဲ"

"ဒါက ရှင်းရှင်းလေးပါ၊ ခင်မွန်က သူနဲ့ ကျွန်တော် လက်ထပ်ထားပေမယ့် ခုထိ သန့်ရှင်း စင်ကြယ်တယ်ဆိုတာ ခင်ဗျား သိစေချင်တယ်၊ သူ ပေးလိုက်တဲ့ စာလည်း ခင်ဗျား ဖတ်ပြီးပြီ၊ ကျွန်တော့် အနေနဲ့လည်း ခုထိ သန့်ရှင်းစင်ကြယ်စွာ နေကြတယ်ဆိုတာ ပြောပြီးပြီ"

"ခင်ဗျား ပြောတာကို ကျုပ်က ယုံရမှာလား"

"မယုံရင်လည်း ရပါတယ်၊ ဒါမျိုးက နှလုံးသား မလှတဲ့ လူတွေ ယုံမှာ မဟုတ်ဘူး"

"ခင်ဗျားက လူလိမ်ပဲ၊ ခင်ဗျား ညာပြောရင် ဘယ်လိုလုပ် သိနိုင်မလဲ"

"ဒါမျိုးကို ကျွန်တော်က ဘာကိစ္စနဲ့ လိမ်ညာ ပြောရမှာလဲ"



အောင်ဇော်က ကျော်သာ့ မျက်လုံးများကို လှမ်းကြည့်ပြီး အကဲခတ်နေသည်။

ကျော်သာက ဝံ့ဝံ့စားစား အကြည့်ခံရင်း အောင်ဇော် မျက်လုံးများကို စူးစူးစိုက်စိုက် ပြန်ကြည့်နေလိုက်သည်။

"ခင်မွန်က ခင်ဗျားကို မချစ်ဘူး၊ ကျွန်တော့်ကိုသာ ချစ်တယ် ဆိုတာ ခင်ဗျား ဘယ်တော့မှ မမေ့နဲ့"

အောင်ဇော်၏ အပေါ်စီး စကား။

"ခင်မွန်ဟာ ခင်ဗျားနဲ့အတူ နေရတာ မဟုတ်ဘူး၊ ကျွန်တော်နဲ့နှစ်ယောက်အတူ တစ်ခန်းထဲမှာ နေရတယ်ဆိုတာလဲ ခင်ဗျား ဘယ်တော့မှ မမေ့နဲ့"

အောင်ဇော့်မျက်နှာမှာ စိုးရိမ်မှု အရိပ်များ ဖြတ်သွားသည်။

"ကျွန်တော် ခင်ဗျားနဲ့ အေးအေးဆေးဆေး ညှိချင်တယ် ကိုကျော်သာ" အောင်ဇော် လေသံ ပြောင်းသွားသည်။

"အခု လာတဲ့ ကျွန်တော့် တာဝန်က သူ့စာကိုပေးဖို့နဲ့ ကျွန်တော်တို့ သန့်ရှင်းစွာ နေကြတယ်ဆိုတာ ပြောပြဖို့ပဲ၊ အခု အဲဒါကို ပြောပြီးပြီဆိုတော့ ကျွန်တော့် တာဝန် ပြီးပြီ၊ ကျွန်တော် ပြန်မယ်"

ကျော်သာ မတ်တပ် ရပ်လိုက်သည်။

ဘယ်သူမှ မသောက်ကြသော လက်ဖက်ရည် နှစ်ခွက်မှ လက်ဖက်ရည်များမှာ အေးပြီး အပေါ်ရေကလေးများတင်း၍ လှိုင်းတွန့်ကလေးများ ထနေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဦးမင်းအောင်၏ အစီအစဉ်အရ ဦးမင်းအောင်၏ ဇာတိဘုတလင်မြို့သို့ ကိုယ့် ကားနှင့်ကိုယ် ဆွေပြ မျိုးပြ သွားကြသည်။

လမ်းမှာ စစ်ကိုင်းကို လွန်တော့ ကောင်းမှုတော်ဘုရားကြီးကို ဝင်ဖူးကြသည်။

ဦးမင်းအောင် ရှေ့မှာမို့ ခင်မွန်နှင့် ကျော်သာ နှစ်ဦးအတူ ဘုရားဖူးရသည်။ လက်မှုံ ဦးမှ ကြာဖူးနှစ်ခိုင်ကို အတူပေါင်း၍ ပန်းအိုးမှာ ထိုးစိုက်ကြသည်။

သမီးနှင့် သမက်ကို ကြည့်၍ ဦးမင်းအောင် ပီပါ ဖြစ်နေသည်။

ကောင်းမှုတော်မှ ဆက်ထွက်ပြီး ညောင်ပင်ဝန်းရောက်တော့ ထမင်းဆိုင်မှာ ဦးမင်းအောင်၏ ဆန္ဒအတိုင်း ထမင်းစားကြသည်။

"ဦးတို့ ငယ်ငယ်ကတည်းက ဒီညောင်ပင်ဝန်းဆိုင်မှာ စားရတာ သိပ်သဘောကျတာကွ၊ စား. . . . မောင်ကျော်သာ"

ဦးမင်းအောင် ကိုယ်တိုင်လည်း ဝမ်းသာကြည်နူးစိတ်ကြောင့် ထင်ပါ၏။ ထမင်းတော်တော် စားနိုင်သည်။

ခရီးဆက်ပြီး မိုးညှင်း သမ္ဗုဒ္ဓေမှာ ဘုရားဝင်ဖူးကြပြန်သည်။



လက်အုပ်ချီလေရာတိုင်းမှာ ဘုရားဆင်းတုတော်များနှင့် မလွတ်။

"ဟော့. . . . ဓာတ်ပုံဆရာလေး လာပါဦးကွ"

ဘုရားဖူးပြီး၍ အပြင်ပြန်အထွက်တွင် ဦးမင်းအောင်က ဓာတ်ပုံဆရာကို ခေါ်လိုက်သည်။

"ဦးတို့ သုံးယောက်ကို တစ်ပုံရိုက်ပေးပါ"

ဓာတ်ပုံဆရာလေးက မျှော်စင်အမြင့်ကို နောက်ခံထားပြီး ဓာတ်ပုံတစ်ပုံ ရိုက်ပေးသည်။

ဦးမင်းအောင်က အလယ်မှ ခင်မွန်နှင့် ကျော်သာက ဘေးတစ်ဘက်စီမှ။

"သူတို့ နှစ်ယောက်ကိုလည်း တစ်ပုံရိုက်ပေးလိုက်ပါ"

ဦးမင်းအောင် ဘေးထွက်နေလိုက်သည်။

"မောင်နှမလား လင်မယားလား ခင်ဗျာ"

ဓာတ်ပုံဆရာလေးက အမှားကို ပြောမိ လုပ်မိမည်စိုး၍ တိုးတိုးမေးသည်။

"မောင်နှမ"

ခင်မွန့်ထံမှ ထွက်လာသည်။

"လင်မယား"

တစ်ပြိုင်တည်း ပြောလိုက်သော ကျော်သာ၏စကား။

ဓာတ်ပုံဆရာလေး နားလည်သွားပြီမို့ ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

ညားခါစလင်မယား၊ မိန်းကလေးက နည်းနည်း ရှက်နေသေးသည်ဟု ဓာတ်ပုံဆရာလေးက တွေးတောရင်း ကင်မရာကို အနီးအဝေး အလင်းအမှောင် ချိန်နေသည်။

"မမလေးက အစ်ကို့ဘက် နည်းနည်း ကပ်လိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဖခင် ဦးမင်းအောင် ကြည့်နေ၍ မာတ်ပုံဆရာ
အမိန့်ကို ခင်မွန် နာခံလိုက်ရသည်။

"လက်ချင်းတွဲထားလိုက်ပါလားဗျာ၊ အစ်ကိုက မ
လက်ကို ကိုင်ထားလိုက်ပါ"

ကျော်သာ ခင်မွန့်လက်ကို ဆုပ်ကိုင်ထားလိုက်သည်။

"အိုကေ. . . . ရိုက်ပါတော့မယ် ခင်ဗျာ"

မီးလေး တစ်ချက် ပွင့်သွားသည်။

သမ္ဘုဒ္ဓေမှ ခရီးဆက်ကြသည်။ မုံရွာမြို့မှာ မဝေးတော့
ခဏသာ မောင်းလိုက်ရပါသည်။ မုံရွာမှ ဘုတလင်သို့ ၂၂ မိုင်
သွားရသည်။

ဘုတလင်မြို့သို့ ရောက်သော် နှစ်ထပ်အိမ်ကြီးတစ်လုံး
ရှေ့မှာ ကားရပ်လိုက်သည်။

ဦးမင်းအောင်၏ တူမများ အိမ်ထဲမှ ပြေးထွက်လာ
သည်။

"မေမေရေ. . . . ဦးလေးတို့ လာပြီ၊ ဦးလေး နေကော
လား"

"အေး. . . . အတော် ကောင်းနေပါပြီ"

"သမီးတို့ အမေ မမနုရော နေကောင်းရဲ့လား"

ဦးမင်းအောင် ကားပေါ်မှ ဆင်းရင်းမေးလိုက်သည်။

"မေမေကတော့ ဒီအတိုင်းပါပဲ ဦးလေးရယ်၊ ဒါပေ
ဦးလေး ရောက်လာရင် ဝမ်းသာပြီး နေကောင်းလာမှာ"

"အေး. . . . အေး"

ဦးမင်းအောင် အိမ်ထဲဝင်သွားသည်။

ခင်မွန်နှင့် ကျော်သာလည်း ကားအပြင်သို့ ရောက်နေကြ

"မကျေနပ်ဘူးဟော့. . . . ခင်မွန်တို့များ မင်္ဂလာဆောင်



မတို့တောင် မဖိတ်ဘူး"

"ဖေဖေက အကျဉ်းစီစဉ်လိုက်တာမို့ပါ"

ခင်မွန် အဆင်ပြေအောင် ဖြေလိုက်သည်။

"မိတ်ဆက်ပေးပါဦး ကိုယ့် မောင်နဲ့"

ခင်မွန့် အစ်မက သွက်သည်။

"ကိုကျော်သာတဲ့. . . ."

"ကဲ. . . . အထဲကို လာကြ"

ဦးမင်းအောင်၏ အစ်မ ဒေါ်နုနုတို့ မိသားစု ဝမ်းသာပျော်
င်နေကြသည်။ မနက်စာ ညောင်ပင်ဝန်းက စားခဲ့သည်ဆို၍ မကျေ
ပ်ကြ။

"မောင်မင်းအောင်တို့များ ဟော့. . . . ငယ်ငယ်က အကျင့်
ယ် မပျောက်ဘူး ညောင်ပင်ဝန်းရောက်ရင် ထမင်းမစားဘဲကို မနေ
ိင်ဘူး၊ ကဲ. . . . သမီးတို့က ညစာကောင်းကောင်း ချက်ကျွေးကြ၊
ီမှာ သုံးညလောက် အိပ်ပြီးမှ ပြန်ကြ"

"သုံးညတော့ မနေနိုင်ပါဘူး မမရယ်၊ တစ်ညပဲ အိပ်တော့
မယ်၊ ပွဲရုံမှာကလည်း မောင်ကျော်သာ ရှိမှဖြစ်မှာမို့ပါ"

"လာပြီ. . . . လုပ်လိုက်ရင် ဒါမျိုးချည်းပဲ၊ နှစ်ညတော့ အိပ်
ဟယ်. . . . တော်ကြာ ငါသေသွားရင် နင်ဝအောင် စကားမပြော
လိုက်ရဘူး ဖြစ်နေမယ်. . . ."

"ဟာ. . . . မမကလည်း မဟုတ်တာ"

"မဟုတ်တာတွေ ဟုတ်တာတွေ လုပ်မနေနဲ့၊ နှစ်ညတော့
အိပ်၊ သမီးတို့ကလည်း ငါ့တူမလင်မယားကို မနက်ဖြန်ကာကျ
တွင်းရွာကို လိုက်ပို့လိုက်ကြ"

"ကဲ. . . . ဒီလိုလုပ် မမဆန္ဒအတိုင်း မောင်ကျော်သာနဲ့
သမီးကို ငါ့တူမတွေက မနက်ဖြန်ခါ မနက် တွင်းရွာကို လိုက်ပို့လိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြ နေ့ခင်း နှစ်နာရီလောက်ကျမှ ပြန်မယ်၊ ဒါဆိုရင် ကျွန်တော်တို့ မောင်နှမလည်း ဝအောင် စကားပြောရရော၊ ဟိုမှာလည်း အိမ်ရော ပွဲရုံပါ ပစ်ထားခဲ့ရတာမို့ပါ မမ ကျေနပ်ပါတယ်နော်”

ပွဲစားကြီး ဦးမင်းအောင်က အချိန်ကို ဈေးဆစ်သလို ဆစ်နေသည်။

“ကဲ. . . ကျေနပ်ပါတယ်တော်၊ ငါက ငယ်ငယ်ကတည်းက မင်း အလိုကို လိုက်ခဲ့ရတာချည်းပါ”

လူငယ်များ ရယ်ကြသည်။

ခင်မွန်နှင့် ကျော်သာက အသင့်ပါလာသည့် လုံချည်၊ ထဘက်၊ စားစရာများနှင့် ဒေါ်နုနုကို ကန်တော့ကြသည်။

ဒေါ်နုနု ဆုတွေ ပေး၍ မဆုံးနိုင်။

ခင်မွန်၏ အစ်မများက အိမ်ပေါ်မှ အခန်းတစ်ခုမှာ ကျော်သာနှင့် ခင်မွန်အတွက် နှစ်ယောက်အိပ် ခုတင်တစ်လုံးနှင့် နေရာပြင်ပေးသည်။ မပြန်မချင်း နေရန်အခန်း အပ်ကြသည်။

ဦးမင်းအောင်ကတော့ အောက်ထပ်မှာပင် သူ့ အစ်မနှင့် ခုတင်ချင်း ယှဉ်အိပ်ပြီး စကားတွေ ပြော၍ မကုန်နိုင် မဆုံးနိုင်။

ညစာ စားတော့လည်း ဦးမင်းအောင်တို့ မောင်နှမက စကားပြော မရပ်ကြ၊ ခင်မွန်၏ အစ်မများက ခင်မွန်တို့ နှစ်ယောက်ကို စကြ ပြောင်ကြ။

ခင်မွန်တို့က ဖခင်ရှေ့မို့ ပြုံးရုံပြုံးနေရသည်။ အစ်မများက ညားခါစမို့ ရှက်နေသည်ဟု ထင်ကြသည်။

ညအိပ်တော့ ကျော်သာနှင့် ခင်မွန် အခက်တွေ့ကြပြီ။

မန္တလေးမှာလို ခြင်လုံခန်း မဟုတ်။

ခြင်ထောင်က နှစ်ယောက်အိပ်ခုတင်မှာ ထောင်ထားသည်။

“ဘယ်လို လုပ်ကြမလဲ”



ခင်မွန်၏ အမေးကို ကျော်သာ ပခုံးတွန့်ပြလိုက်သည်။

ဒရင်းဘက်ကလည်း မရှိ။ ခုတင်ပေါ် နှစ်ယောက် မအိပ်လျှင် တစ်ယောက်ကတော့ အောက်မှာ အိပ်ပြီး ခြင်ကိုက် ခံရမည်။

စောင်ခြုံအိပ်၍လည်း မဖြစ် အခန်းက လေလုံပြီး စောင်မခြုံဘဲနှင့်ပင် အိုက်နေပြီ။

“ကျွန်မ အောက်မှာ အိပ်မယ်. . . .”

“ခင်ဗျားကို ခြင်ချီသွားမှာပေါ့”

“ချီပါစေလေ. . . . လူချီမှာနဲ့ စာရင်တော့ တော်သေးတာပေါ့”

“ကျွန်တော့် သိက္ခာကို ဒီလောက် အထင်မသေးပါနဲ့ မခင်မွန်၊ တကယ်တမ်းသာ ကျွန်တော် သစ္စာ မရှိဘူးဆိုရင် အခန်း တစ်ခန်းထဲမှာ အိပ်တာနဲ့ ခုတင် တစ်ခုတည်းမှာ အိပ်တာ ဘာမှ ထူးပြီး မကွာပါဘူး၊ မခင်မွန် ခုတင်အောက်မှာ အိပ်ရင်လည်း ခြင် ကိုက်ခံရတာပဲရှိမယ်၊ ကျွန်တော် ဆင်းလာရင် ရတာပဲ”

“လာကြည့်ပါလား. . . . ခင်မွန့်အကြောင်း ရှင် သိသွားမှာပေါ့”

ကျော်သာ ပြုံးလိုက်သည်။

“အပြောမကြီးနဲ့ မခင်မွန်၊ တကယ်ကျတော့ မိန်းကလေး သန်တယ်ဆိုတာ ယောကျ်ားလေး အားပျော့တာလောက်ပဲ ရှိပါတယ်. . . .”

“နောက်ပြီး ကျွန်တော်တို့ဟာ တရားဝင် လက်ထပ်ထားတာ၊ အားလုံးကလည်း သဘောတူကြပြီးသား လင်မယား ဖြစ်နေကြတာ. . . .”

“မခင်မွန် အော်လို့ ငြင်းလို့ မေးကြမြန်းကြရင်လည်း ဦးက ကျွန်တော်တို့ လိမ်ညာနေကြတာကို သိသွားမှ ပိုဆိုးမယ်”

www.burmeseclassic.com

www.burmeseclassic.com



ကျော်သာ ပြောသည်များမှာ မှန်နေ၍ သူ့ဘက်က အရှုံးချည်း ဖြစ်နေသည်ကို ခင်မွန် နားလည်သွားပါသည်။

"ဒါပေမယ့် စိတ်ချပါ၊ ကျွန်တော် အဲဒီလို ဘယ်တော့မှ မလုပ်ဘူး၊ မခင်မွန် ယုံကြည်အားကိုးရမှာက ကျွန်တော့် ကတိသစ္စာပါ"

ခင်မွန် ဘာမျှ ပြန်မပြောတတ်တော့၍ တွေတွေလေး ငေးနေမိသည်။

ကျော်သာ ခင်မွန့် မျက်နှာကို ကြင်နာစွာ လှမ်းကြည့်လိုက်သည်။

"အဲဒီတော့ ကျွန်တော် အကောင်းဆုံး အကြံဉာဏ်ပေးပါ့မယ်၊ ဘယ်သူမှ အောက်ဆင်းပြီး ခြင်ကိုက်ခံစရာ မလိုပါဘူး၊ ဒီခုတင်ပေါ်မှာပဲ အတူအိပ်ပါ၊ စတိ အဖြစ်ကြားမှာ စောင်တစ်ထည်ကို ကန့်လန့် အရှည်လိုက် စည်းတားချင်တားထားပါ၊ ကိုယ့်ဘက်အခြမ်းမှာ ကိုယ်အိပ်ကြတာပေါ့"

ကျော်သာ သူ့ကိုယ်သူ ယုံကြည်စိတ်ချစွာ ပြောနေခြင်း ဖြစ်ပါသည်။

ကျော်သာ ပြောသည်မှာ သဘာဝကျကြောင်း ခင်မွန် သိပါသည်။ သို့သော် ခုတင် တစ်ခုတည်းပေါ်မှာ နှစ်ယောက်အတူ အိပ်ရမည်ကို စိုးရွံ့နေမိသည်။

"ဘယ်လိုလည်း မခင်မွန်"

ကျော်သာက ထပ်မေးသည်။

"ခက်တာပဲရှင်၊ ကျွန်မ ဘယ်ယောကျ်ားနဲ့မှ နှစ်ယောက်အတူ မအိပ်ဖူးဘူးရှင့်"

"ကျွန်တော်လည်း ဘယ်မိန်းကလေးနဲ့မှ နှစ်ယောက်အတူ မအိပ်ဖူးပါဘူး"



"ဒုက္ခပါပဲ ရှင်၊ အရေးထဲမှာ ဂုဏ်ဖော်နေသေးတယ်"

"မခင်မွန်က အရင် ဂုဏ်ဖော်တာပါ"

ကျော်သာ ယပ်တောင်တစ်ချောင်းနှင့် ခြင်ခြောက်ရင်း လေယပ်နေသည်။

ညဦးနက်လာ၍ ခင်မွန် အိပ်ချင်ပြီမို့ အိပ်ရာခင်းဖြူဖြူ ဖွေးဖွေးခင်းထားသော အိပ်ရာ ခုတင်ကို လှမ်းကြည့်လိုက်သည်။

"ဘယ်လိုလဲ မခင်မွန်၊ နှစ်ယောက်အတူ အိပ်ရမှာ ကိုယ့်ကိုကိုယ် စိတ်မချလို့လား"

"ဟင်. . . . ရှင် ဘာစကား ပြောတာလဲ"

ကျော်သာက လက်ကာပြသည်။

"တစ်မျိုးမထင်ပါနဲ့ မခင်မွန်၊ မခင်မွန် အအိပ်ကြမ်းပြီး ကျွန်တော့် ဘက်ကို ခြေကျော် လက်ကျော်ဖြစ်မှာ စိတ်မချလို့လားလို့ မေးတာပါ"

ခင်မွန် တွေသွားရပြန်သည်။

"ဟုတ်တယ်၊ ကျွန်မက တစ်ယောက်တည်း လွတ်လွတ်လပ်လပ် အိပ်နေကျဆိုတော့ အအိပ်ကြမ်းမိမှာ စိုးရိမ်တယ်"

ဤအချက်ကို ခင်မွန် စောစောကတည်းက တွေးမိ၍ ဝန်လေးနေခဲ့ပါသည်။

"ကိစ္စမရှိပါဘူး မခင်မွန်၊ ကျွန်တော် နားလည်ပါတယ်"

"ကျွန်မ ရှင့်ကို စိတ်ချရပါတယ်နော်"

ခင်မွန်က ကျော်သာ့ကို အသနားခံသော မျက်လုံးများနှင့် ကြည့်လိုက်သည်။

"စိတ်ချပါ မခင်မွန်"

ကျော်သာ ကရုဏာစိတ်နှင့် ကတိပြုလိုက်ပါသည်။

ခင်မွန် ခုတင်ပေါ်သို့ တက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေရင်းမှ စောင်ကို ယူ၍ အရှည်လိုက်လိပ်ပြီး ခုတင်အလယ်မှာ ချထားလိုက်သည်။

သူ့ ခေါင်းအုံးကိုလည်း ဘယ်ဘက်ခြမ်းသို့ ထပ်ရွှေ့ပြီး ကျော်သာ အိပ်မည့်ဘက်ကို ကျောပေး၍ အိပ်လိုက်သည်။

ကျော်သာ ခြင်ထောင်ကို ချလိုက်သည်။ ခြင်မဝင်နိုင်အောင် ခြင်ထောင် အောက်အနားကို မွေ့ရာအောက်မှာ ဖိသွင်းပေးသည်။

သူ့ဘက်အခြမ်းကို ကျော်သာ လာဖိပေးမည်စိုး၍ ခင်မွန်သူ့ဘာသာ ခြင်ထောင်အနားကို မွေ့ရာအောက်သို့ သွင်းလိုက်သည်။

"မီးပိတ်အိပ်မလား မခင်မွန်"

"မီးဖွင့်အိပ်မယ်၊ ဟာ် . . . . မဖြစ်ဘူး၊ မီးပိတ်အိပ်မယ်၊ အို . . . . အဲဒါလည်း မဖြစ်ပါဘူး"

ကျော်သာ ပြုံးလိုက်မိသည်။

"ချောက်"

မီးခလုတ်ကို ပိတ်လိုက်သည်။ တစ်ခန်းလုံး မှောင်သွားသည်။

"ဟင် . . . . ရှင်"

ခင်မွန့်ထံမှ စိုးရွံ့သံ။

ကျော်သာ ခုတင်ပေါ်ကို တက်လိုက်သည်။ သူ့ဘက်အခြမ်းမှ ခြင်ထောင်အနားများကို မွေ့ရာအောက်သို့ သွင်းလိုက်သည်။

ပူအိုက်၍ မအိပ်နိုင်သောကြောင့် အသင့်ယူလာသော ယပ်တောင်နှင့် ကျော်သာ ယပ်ခတ်နေသည်။

ယပ်လေက ခင်မွန့်ဘက် အခြမ်းသို့လည်း ရောက်လာ၍ လေအေးကို ခင်မွန်ပါ ခံစားရသည်။

မကြာမီမှာပင် ခင်မွန် အိပ်ပျော်သွားသည်။ မည်မျှကြာ



အောင် အိပ်ပျော်သွားသည် မသိ။ အိပ်ရာမှ နိုးသောအခါ လန့်သွားသည်။ စအိပ်စဉ်က ဘယ်ဘက်ကို စောင်းလျက် ဖြစ်သော်လည်း လန့်နိုးသောအခါ ပက်လက်အနေအထားနှင့် ဖြစ်သည်။

မျက်နှာနှင့် တကွ တစ်ကိုယ်လုံး အေးအေးသွားသော ယပ်လေကို ခင်မွန် ခံစားနေရသည်။

အခန်းထဲမှာ မှောင်မည်းနေဆဲမို့ မလင်းသေးမှန်း ခင်မွန်သိသည်။ သို့သော် အချိန်မည်မျှရှိပြီ မသိ။

ပုံမှန် တိုက်ခတ်နေသော ယပ်လေကြောင့် ကျော်သာ ယပ်ခတ်ပေးနေမှန်း ခင်မွန် သိရသည်။ သူ့ဘက်မှ လေပိုလေလျှံ ရောက်လာခြင်း မဟုတ်။ တမင် သူ့ကို ခတ်ပေးနေသော ယပ်လေဖြစ်သည်။

ခင်မွန် အိပ်ပျော်နေသည့်ဟန်နှင့် အသာငြိမ်နေလိုက်သည်။

လေ လုံလောက်စွာ မဝင်သော ဤအခန်းထဲတွင် ယပ်ခတ်မနေလျှင် အတော် ပူအိုက်လိမ့်မည်။ ကျော်သာ ယပ်ခတ်ပေး၍သာ မိမိ အေးအေးချမ်းချမ်း အိပ်ပျော်ရကြောင်း ခင်မွန် နားလည်သွားသည်။

တစ်ခါတစ်ရံတွင် ယပ်လေက လျော့သွားသည်။ ကျော်သာသူ့ကိုသူလည်း ယပ်ခတ်နေရဟန် တူသည်။

"သူ တစ်ရေးမှ မအိပ်ရသေးဘူးလား"

ကျေးဇူးတင်ခြင်းနှင့်အတူ ကျော်သာ့အတွက် စိတ်မကောင်းဖြစ်မိသလို ခင်မွန့် ရင်ထဲမှာ ခံစားလိုက်ရသည်။

မိမိဘက်သို့ လေပြန်ရောက်လာပြန်သည်။ တစ်ကိုယ်လုံးအေးသွားသည်။ မိမိကို အနှောင့်အယှက် ပေးမည့်သဘော လုံးဝမတွေ့ရ။

ကျော်သာ၏ ကတိသစ္စာ တည်ကြည်မှုအတွက်လည်း ခင်မွန့် ရင်ထဲမှာ လေးစားလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ခင်မွန် ထုတ်ဖော်ပြီး စကား မပြောဝံ့ပါ။ ထိုသို့ ပြောလိုက်ခါမှ ရင်းနှီးမှုယူပြီး မိမိဘက်သို့ ချဉ်းကပ်လာလျှင်. . . .

ခင်မွန် ထိတ်လန့်သွားမိသည်။

ထိုအခိုက်မှာပင် စိတ်ထဲ၌ ဖြစ်ပေါ်လာသော အတွေးတစ်ခုကြောင့် ခင်မွန် ပြုံးချင်ချင် ဖြစ်လာသည်။

မအိပ်ခင်က ပြောခဲ့သော စကားအတိုင်း အအိပ်ကြမ်းဟန်နှင့် ကျော်သာ့ ဘက်သို့ ခြေကျော်၊ လက်ကျော် လုပ်ကြည့်ချင်သည်။ ကျော်သာ၏ ကတိသစ္စာကို စမ်းကြည့်ချင်သည်။

စိတ်မြန် ကိုယ်မြန်ရှိသော ခင်မွန်သည် စဉ်းစားမိခြင်းနှင့် မရွေမနှောင်းမှာပင် စည်းရိုးတားထားသော စောင်ကိုကျော်အောင် ညာဘက် ခြေထောက်ကို ဆန့်ထုတ်လိုက်သည်။

"ဟယ်. . . . ပြဿနာပဲ"

ခင်မွန် ထိတ်လန့်သွားမိသည်။

အဆန့်လွန်သွားသော ခင်မွန်၏ ခြေထောက်သည် ကျော်သာ၏ ဘယ်ဘက် ခြေသလုံးပေါ်မှာ တင်မိလျက်သား ဖြစ်နေသည်။

ကျော်သာ့ထံမှ လှုပ်ရှားမှုကို လုံးဝ မတွေ့ရ။ ပကတိငြိမ်သက်နေသည်၊ ယပ်လေကတော့ မှန်မှန် ခတ်နေဆဲ။

ခင်မွန် ခြေထောက်ကို ပြန်အရုတ်ရ ခက်နေသည်။

"သိသာသွားရင် ငါ့ဘက်က တမင်စတယ်ထင်မှ ဒုက္ခ"

ခင်မွန် ခြေထောက်ကို ဆက်တင်ထားပြီး ငြိမ်နေလိုက်ရသည်။

မှောင်နေသောအခန်းထဲမှအိပ်ရာခုတင်တစ်ခုတည်းပေါ်မှာ သွေးသားမတော်သော ယောကျ်ားတစ်ယောက်နှင့် ခြေထောက်ချင်း တင်ထားရသော အတွေ့အထိကြောင့် စိုးရွံ့စိတ်နှင့်အတူ ရင်ထဲမှာ မောသလိုလို နွမ်းသလိုလို။ နှလုံးခုန်သံတွေကလည်း မြန်နေကြပြီ။



ကျော်သာ့ဘက်ကတော့ ငြိမ်သက်နေဆဲ။

"သူလည်း သိမှာပဲ၊ သူ့ရင်ထဲမှာရော လှုပ်ရှားနေမှာပဲလား သူက ငါ့ကို ချစ်တယ်လို့ အတိအလင်း ပြောထားတဲ့ လူ၊ သူပေးထားတဲ့ ကတိကို သူထိန်းရတာနေမှာပေါ့"

ခင်မွန့် ရင်ထဲမှာ လှုပ်ရှားရလွန်းသည်။

"ငါ ဘယ်လို လုပ်ရပါ့မလဲ"

ကြာလျှင် ခက်တော့မည်။

ခင်မွန် ရုတ်တရက် ခြေထောက်ကို ခပ်ကြမ်းကြမ်း ဆွဲယူပြီး ဘယ်ဘက်ခြမ်းသို့ လှည့်အိပ်လိုက်သည်၊

အအိပ်ကြမ်းသော ကောင်မလေးအဖြစ် ပီပြင်အောင် သ ရုပ်ဆောင်လိုက်ရခြင်း ဖြစ်၏၊ နှလုံးခုန်သံတွေကတော့ မြန်နေဆဲ။

တော်ပါသေးသည်၊ ကျော်သာ့ဘက်မှ ယပ်ခတ်ပေးနေခြင်းမှအပ အခြား လှုပ်ရှားမှု လုံးဝ မရှိ။

စောစောက အိပ်ရာနှင့်ထိ၍ ပူနေသော ကျောပြင်လေးသည် ကျော်သာ ယပ်လေသွေးသောကြောင့် အေး၍အေး၍ သွားလေသည်။

မကြာမီမှာပင် ခင်မွန် အိပ်ပျော်၍ သွားပြန်၏။

မနက်လင်း၍ ခင်မွန် အိပ်ရာမှနိုးသောအခါ ယပ်တောင်ကို ဘေးမှာ ချ၍ အိပ်ပျော်နေသော ကျော်သာ့ကို တွေ့ရသည်။

လင်းပိုင်းတွင် အေးလာမှ ယပ်ခတ်သည်ကို နားပြီး အိပ်ပျော်သွားဟန် တူပါသည်။

ကျော်သာ နိုးသွားမည်စိုး၍ ခင်မွန် အိပ်ရာထဲမှ အသာထ လိုက်သည်။

ခုတင်ပေါ်မှ အဆင်းတွင် ကျော်သာ့မျက်နှာကို လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘဘတိ အေးချမ်းစွာ အိပ်ပျော်နေသူ တစ်ယောက်၏ အပြစ်ကင်းသော မျက်နှာ။

* * *

အခန်း (၁၆)

ဒေါ်နုနု၏သမီး မရင်မြနှင့် မရင်လှတို့က ခင်မွန်နှင့် ကျော်သာတို့ကို တွင်းရွာသို့ လိုက်ပို့ကြသည်။

တွင်းကြီး၏ နှုတ်ခမ်းအရောက်မှာ ကားကိုရပ်၍ ကားမောင်းသူ ကျော်ဆွေက ကားစောင့်ရင်း ကျန်ရစ်သည်။

ကျောက်တုံး ကျောက်ဆောင်များနှင့် တောင်တစ်ခု၏ အနေအထားမျိုး ဖြစ်သောကြောင့် အချို့ကလည်း တွင်းတောင်ဟု ခေါ်ကြသည်။

တွင်းနှုတ်ခမ်းသို့ ရောက်၍ အောက်ဘက်သို့ လှမ်းကြည့်လိုက်သောအခါ. . .

"အို. . . ."

ကျော်သာ သိပ်ကို အံ့သြသွားသည်။ မြင်ဖူးခဲ့သမျှ ရှုခင်းများတွင် အလှဆုံးရှုခင်းတစ်ခုဟုပင် သတ်မှတ်လိုက်မိသည်။

အောက်ဘက်မှ တွင်းကြီးထဲတွင် ရေအိုင်ကြီးတစ်ခုနှင့် အတူ စိမ်းလန်းစိုပြည်သော ရွာကလေးကို သာယာလှပစွာ လှမ်းမြင်ရသည်။

ကျောက်ဆောင် ကျောက်တုံးများကို ကွေ့ပတ်သွားရသော တောင်ဆင်းလမ်း သို့မဟုတ် တွင်းဆင်းလမ်း။

www.burmeseclassic.com

www.burmeseclassic.com



ကျော်သာ့ စိတ်ထဲမှာတော့ လှပသော ရွာကလေးသို့ အမြန် ရောက်ချင်နေမိသည်။

ခင်မွန့်အတွက်ကတော့ ခပ်ငယ်ငယ်က နှစ်ခေါက်ရောက်ဖူး၍ သိပ်မထူးဆန်းပါ။

“ငါ့ညီမ ယောက်ျားက လူချောပဲ၊ စိတ်ရင်းလည်း ကောင်းပုံရတယ်၊ ငါ့ညီမ လူအရွေးတော်သားပဲ”

ကျောက်တုံးကြီး တစ်ခုဘေးမှာရပ်၍ တွင်းရွာဆီသို့ တအံ့တသြငေးမောနေသော ကျော်သာ့ကို လှမ်းကြည့်ပြီး မရင်မြက ခင်မွန့်ကို တိုးတိုး ပြောလိုက်သည်။

“ခင်မွန် ရွေးတာ မဟုတ်ပါဘူး၊ ဖေဖေ ရွေးတာပါ”

“ဟုတ်လား၊ ဒီလိုဆိုရင် ဦးလေး အရွေးတော်တာပေါ့”

မရင်လှက ထောက်ခံသည်။

“မတော်ပါဘူး၊ လူပုံလည်း ကြည့်ပါဦး၊ ခေတ်လူငယ်ဖြစ်ပြီး ဒီလို ခရီးမျိုး ထွက်တာတောင် ဂျင်းဘောင်းဘီလေး ဝေါကင်းရှူးလေးနဲ့ ဝတ်တတ်ဆင်တတ်တဲ့ လူမျိုးမဟုတ်ဘူး”

မရင်မြက ကျော်သာ မကြားနိုင်သော်လည်း ခင်မွန် ပြောသောစကားများအတွက် ကျော်သာ့ကို အားနာသွားသည်။

မရင်လှကတော့ ရယ်သည်။

“ဒါဖြင့် ငါ့ညီမ သဘောကျတဲ့ ပုံမျိုးက. . . .”

မရင်လှက စူးစမ်းလိုက်သည်။

“ခင်မွန် သဘောကျတဲ့ ပုံမျိုးက ဆိုင်ကယ်နဲ့ ဂျင်းဘောင်းဘီ ဂျင်းအင်္ကျီနဲ့၊ ဒါမှ မဟုတ်လည်း စပို့ရှပ် တီရှပ်ပေါ့၊ ပြီးတော့ ဝေါကင်းရှူးနဲ့၊ ရေဘင်မျက်မှန်နဲ့၊ ဒါမှခေတ် မိန်းကလေးတွေ ကြွေတဲ့ ဒီဇိုင်း”

“မမကလည်း တက္ကသိုလ်က ထွက်ခဲ့တာ မကြာသေးပါဘူး ညီမရယ်၊ ခေတ်အလိုက် ဝတ်တာ၊ ဆင်တာ မမလည်း သဘောကျ



တယ်၊ ဒါပေမယ့် ညီမပြောသလို ဆိုင်ကယ်နဲ့ ဂျင်းဝတ်စုံနဲ့ ဝေါကင်းရှူးနဲ့ နေကာမျက်မှန်နဲ့ အဆောင်အယောင် အဆင်အယင်တွေ အပျံစားဖြစ်နေတဲ့ လူငယ်တစ်ယောက်ဟာ အဲဒါတွေက လွဲပြီး သူ့မှာ ဒီ့အပြင် ဘာမှမရှိဘူးဆိုရင်တော့ အဲဒီ လူငယ်ဟာ အလကားပဲ”

“ရှင်. . . .”

ခင်မွန် တွေသွားရှာပြီ။

မရင်လှ ပြောလိုက်သော စကားက သူချစ်သူ အောင့်ကို တည့်တည့် ထိသွားသောကြောင့် ဖြစ်သည်။

“ကဲ. . . . အောက်ကို ဆင်းကြရအောင်လေ”

ကျော်သာ လှမ်းခေါ်သောကြောင့် ညီအစ်မ သုံးယောက် ကျော်သာ့ဆီသို့ လျှောက်သွားကြပြီး တွင်းဆင်းလမ်းအတိုင်း အတူ ဆင်းကြသည်။ အမြင်နီးသော်လည်း တွင်းက အနက်ကြီးမို့ ကွေ့ကာ ပတ်ကာနှင့် အတော်ကလေး ဆင်းရ၏။

တွင်းရွာကိုရောက်တော့ ရေညှိများနှင့် စိမ်းနေသော ရေအိုင်ကြီးကို သွားကြည့်ကြသည်။

မိန်းမကြီးအချို့ ဆန်ကာခုံးလေးများနှင့် တွင်းပိုးများ သဲ့ယူနေသည်ကို တွေ့ရသည်။

“လက်ဖက်ထဲ ထည့်စားတဲ့ တွင်းပိုးဆိုတာ ဒါတွေလေ ကိုကျော်သာ”

မရင်မြက ရှင်းပြသည်။

“သြော်. . . . ဟုတ်ကဲ့”

ကျော်သာ အသေအချာ သွားကြည့်သည်။

ရေအိုင်ကြီးမှာ အပေါ်ကကြည့်တော့ ခပ်သေးသေးတွေ့ရသော်လည်း အောက်ရောက်မှ အကျယ်ကြီး ဖြစ်နေသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုနား သည်နားမှာ တွင်းပိုး ဆည်နေသူတွေကို တော်တော်များများ တွေ့ရသည်။

အေးချမ်းလှပသော တွင်းရွာကလေးသည် ကွမ်းခြံများ၊ အုန်းပင်များ၊ အရိပ်ရပင်၊ စားပင်များနှင့် စည်ကားလှသည်။ တွင်းထဲမှာ ရွာတစ်ရွာကိုပင် တည်ထားနိုင်အောင် မြေပြန့်ကျယ်ကြီး ဖြစ်နေသည်။

မရင်လှ၏ သူငယ်ချင်း ကျောင်းဆရာမတစ်ယောက် အိမ်သို့ ဝင်လည်၍ ဆရာမလေးက ဧည့်သည်များကို တွင်းရွာထွက် အုန်းဖာလူဒါ ချိုချိုလေး အဝတိုက်သည်။

ဤ ရွာကလေးသို့ ရောက်ဖူးရသည်ကို ကျော်သာ ဝမ်းသာဂုဏ်ယူနေမိသည်။

ကမ္ဘာပေါ်တွင် ရှုခင်းအလှတွေ အများကြီးရှိသည့်အနက် ဤတွင်းရွာ၏ ရှုခင်းသည်လည်း ထိပ်တန်းစာရင်းမှ ပါဝင်လိမ့်မည်ဟု သတ်မှတ်ပြီး တွင်းရွာ အလှကို ကမ္ဘာသိအောင် ပြချင်စိတ် ဖြစ်နေမိသည်။

"ဒီ တွင်းရွာကို လိုက်အပို့ခိုင်းတဲ့ ဒေါ်ဒေါ်ကိုရော၊ လိုက်ပို့ပေးတဲ့ မရင်မြနဲ့ မရင်လှကိုရော ကျွန်တော် သိပ်ကျေးဇူးတင်တာပဲဗျာ၊ ဒီ ရွာလေးကို ကျွန် သိပ်သဘောကျတာပဲ"

တွင်းရွာကို ကျော်သာ သိပ်သဘောကျနေ၍ မရင်မြနှင့် မရင်လှ ညီအစ်မ ဝမ်းသာကြပါသည်။

နေမပူခင် တွင်းရွာမှ ပြန်တက်ခဲ့ကြသည်။ တကယ့် တောင်တက်ခရီးဖြစ်သည်။

ရွာသားများ၊ ဧည့်သည်များ အသွားအလာ၊ အတက်အဆင်းများ၍ လမ်းက ဖုံနေသော်လည်း လမ်းပေါ်မှာ ကျောက်တုံးကျောက်ခဲများ ရှိနေသည်။



"အမယ်လေး"

ခင်မွန် ကျောက်တုံးတစ်ခုကို နင်းမိရာမှ ခြေချော်ပြီး လဲကျသွားသည်။ သို့သော် သတိရှိသော ကျော်သာက ခင်မွန့် ဘေးသို့ ပြေးသွားပြီး လဲကျသည်ကို ဖမ်းပွေ့ထားလိုက်သည်။

"အမယ်လေး၊ တော်ပါသေးရဲ့ ညီမရယ်၊ မောင်ကျော်သာ မြန်ပေလို့သာပေါ့"

ခင်မွန် လဲကျသည့် ညာဘက်မှာ လူတစ်ရပ်ခန့်ရှိသော ကျောက်တုံးမည်းမည်းကြီးရှိနေသည်။ ကျော်သာ အချိန်မီ ဖမ်းမပွေ့နိုင်လျှင် ခင်မွန့် ခေါင်းသည် ကျောက်တုံးနှင့် ရိုက်မိပေလိမ့်မည်။

ကျော်သာ ခင်မွန့်ကို မတ်တတ် ပြန်ရပ်နိုင်အောင် ကူညီပေးသည်အထိ ခင်မွန့် ရင်တွေ ခုန်နေဆဲ။ လဲကျသည်ကို ကြောက်၍လား၊ ကျော်သာ ဖမ်းပွေ့ထား၍လား ဆိုသည်ကိုတော့ ခင်မွန် ကိုယ်တိုင် မသိ။

သို့သော် ဖမ်းပွေ့သူ ကျော်သာ ကိုယ်တိုင်လည်း ရင်တွေခုန်နေမိသည်ကို ကျော်သာတစ်ယောက်တည်းသာ သိပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ညနေပိုင်းတွင် ဦးမင်းအောင် မိသားစု မန္တလေးသို့ ပြန်ရောက်ကြသည်။

ဦးမင်းအောင်မှာ စိတ်ကပျော်၍ ကျန်းမာရေးကောင်းနေသော်လည်း ခရီးပန်းသောကြောင့် လူက နွမ်းနယ်လာ၍ ကျော်သာတွဲပြီး အိမ်ပေါ်သို့ ပို့ပေးလိုက်ရသည်။

"ခင်မွန်. . . . သမီးရေ သမီးတို့ သွားနေတုန်း သမီးသူငယ်ချင်း သူဇာတဲ့ ဟိုကုလားဆင်မလေး နှစ်ရက်တောင် လာတယ်၊ ဘာအရေးကြီးလို့လဲ မေးတော့ မကြီးပါဘူးတဲ့ မနက်ဖြန်ခါမှ လာခဲ့မယ်တဲ့"

ဒေါ်မြက ရောက်ရောက်ချင်း သတင်းပေးသည်။

ခင်မွန် အိမ်လှေကားဆီသို့ လှမ်းကြည့်လိုက်သည်။

"ကိုကျော်သာ မကြားလို့ တော်ပါသေးရဲ့"

ထိုမိန်းကလေးမှာ အောင်ဇော်၏နှမဝမ်းကွဲ သူဇာဖြစ်ကြောင်း ခင်မွန် သိလိုက်ပါသည်။

"အောင် လွှတ်တာနေမှာ ဘာများ အရေးကြီးလို့ပါလိမ့်"

"မနက်ဖြန် ကိုကျော်သာ ပွဲရုံသွားနေတဲ့အချိန် ဖေဖေ အိမ်ပေါ်မှာ ရှိနေတဲ့ အချိန်လာရင် ကောင်းမှာ"



ခင်မွန် စဉ်းစားနေမိသည်။

ထိုနေ့က ဦးမင်းအောင် ညစာ မစားနိုင်ပါ။

ရင်ဘတ် ပြန်အောင့်လာ၍ ဆရာဝန်ခေါ်ရသည်။

ဆရာဝန်က ဆေးထိုး ဆေးတိုက်ပြီး အနားယူခိုင်းသည်၊ နောင်တွင် ခရီးဝေးဝေး မသွားရန်လည်း တားမြစ်သည်။

ညနေပိုင်းတွင် ခင်မွန်တိုက်သော ခွပ်ပြုတ်နည်းနည်းသာ သောက်နိုင်သည်။

ကျော်သာရော. . . . ခင်မွန်ပါ၊ ဦးမင်းအောင် ဘေးမှာ ထိုင်ပြီး ပြုစုကြရသည်။

"သေရင်လည်း. . . . ဖေဖေ ကျေကျေနပ်နပ် သေပျော်ပါပြီ။ သမီးတို့ နှစ်ယောက်ကို ခုလို ချစ်ချစ်ခင်ခင် မြင်ရတာ. . . . ဖေဖေ သိပ်ဝမ်းသာတယ်၊ သမီးအတွက်ရော၊ မောင်ကျော်သာအတွက်ပါ ဦး အာလုံး စိတ်ချပြီ"

"ဖေဖေရယ်. . . . ဘာလို့ သေရမှာလဲ၊ ဒါက ခရီးပန်းလို့ပါ၊ ဖေဖေ ကောင်းသွားမှာပါ"

တကယ်တန်းကျတော့ ဖေဖေ သေမည့် စကားကို ခင်မွန် မကြားချင်ပါ။ ဖေဖေ့ကို အသက်ရှည်ရှည် နေစေချင်သေးသည်။

"အေးပါ သမီးရယ်၊ ဖေဖေကလည်း မသေသေးပါဘူး၊ ဒါက ဖေဖေ စိတ်ချတဲ့ သဘောကို ပြောတာပါ"

ဦးမင်းအောင်က သမီးကို ပြုံးပြသည်။ သို့သော် အပြုံးက ခပ်နွမ်းနွမ်း။

"ကဲ. . . . သမီးတို့ မောင်ကျော်သာတို့လည်း ခရီးပန်းတာပဲ သွားနားကြတော့၊ အိပ်ကြတော့၊ ဖေဖေလည်း အိပ်တော့မယ်"

ညားခါစ ဇနီးမောင်နှံမို့ ဦးမင်းအောင်က အလိုက်သိစွာ နှင်လွှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ခင်မွန်နှင့် ကျော်သာတို့ ကိုယ့်အခန်းသို့ ကိုယ်ပြန်ခဲ့ကြရသည်၊ လေအေးစက် ဖွင့်ထား၍ အေးနေသောကြောင့် ဘုတလင်မှ အိပ်ခန်းနှင့် ကွာခြားလှသည်။ အအေးဓာတ်ကလေးနှင့်မို့ ခရီးပန်းဒဏ်ကြောင့် နှစ်ယောက်လုံး အိပ်ချင်နေကြပြီ။

အထူးသဖြင့် ကျော်သာမှာ မနေ့ညက အိပ်ရေးပျက်ထား၍ အိပ်ချင်သည်။

ခုတင်ပေါ်မှ ခေါင်းအုံးတစ်လုံးနှင့် စောင်တစ်ထည် ဆွဲယူနေသော ကျော်သာကို ကြည့်ပြီး ခင်မွန် စိတ်မကောင်းသလို ဖြစ်မိသည်။

"မထူးပါဘူး ကိုကျော်သာ၊ ဘုတလင်မှာတုန်းကလိုပဲ အိပ်လိုက်ကြတာပေါ့"

ခေါင်းအုံးနှင့် စောင်ကို ပွေ့ပိုက်ထားလျက်မှ ကျော်သာ ခင်မွန်ကို လှမ်းကြည့်လိုက်သည်။

"ကိုကျော်သာ ပြောသလိုပေါ့၊ အခန်းတစ်ခုတည်းမှာ အိပ်နေမှတော့ ခုတင် တစ်ခုတည်းမှာ အိပ်တာနဲ့ ဘာမှ မကွာတော့ပါဘူး၊ အဓိက ကတော့ ကိုကျော်သာရဲ့ ကတိသစ္စာပါ"

ကျော်သာက သူ့လက်ထဲမှ စောင်ကို ခင်မွန့်ထံသို့ ပစ်ပေးလိုက်သည်။

ခင်မွန်က စောင်ကို အရှည်လိုက်ဖြန့်၍ စည်းရိုးတားနေသည်။ အလွန် လုံခြုံ စိတ်ချရသော မဟာရံ တံတိုင်းကြီး သဖွယ်။

ကျော်သာကတော့ သူ့ဘက်အခြမ်းမှာ ခေါင်းအုံးကို ပြန်ထားပြီး လှဲအိပ်ချလိုက်ပါသည်။

မီးခလုတ်များကိုပင် မပိတ်နိုင်တော့၍ ခင်မွန် ပိတ်လိုက်ရပါ၏။

*   *   *



နောက်တစ်နေ့ မနက်တွင် ဦးမင်းအောင် ထူထူထောင်ထောင် လန်းလန်းဆန်းဆန်း ပြန်ဖြစ်လာ၍ တစ်အိမ်လုံး ဝမ်းသာကြရသည်။

နေ့လည်တွင် ပန်းခြံထဲမှာ ခင်မွန် တစ်ယောက်တည်း ရှိနေစဉ် အောင်ဇော်၏ သူငယ်ချင်းတစ်ယောက် စက်ဘီးနှင့် ရောက်လာ၍ အောင်ဇော် ပေးလိုက်သော စာကို ပေးပြီး ပြန်သွားသည်။

ထိုစာကို ဖတ်ပြီးတော့ ခင်မွန် ကျော်သာ့ကို အကြီးအကျယ် မကျေမနပ် ဖြစ်မိသည်။ ဘုတလင် သွားစဉ်က နည်းနည်းပါးပါး သံယောဇဉ် ဖြစ်မိသလိုရှိသည်လေးများပင် ပြန်ပျက်သွားသည်။ ယခင်က ရှိခဲ့သော မယုံကြည်စိတ်၊ မုန်းတီးစိတ်များ ပြန်လည် ကြီးထွားလာသည်။

"ဟင်. . . . သိကြသေးတာပေါ့"

ကျော်သာနှင့် နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် တွေ့ရမည့် အချိန်ကို ခင်မွန် စောင့်နေလိုက်သည်။

ညနေစာကို ဦးမင်းအောင် မိသားစုနှင့်အတူ ထမင်းစားခန်းမှာ ဆင်းစားနိုင်ပါသည်။ သို့သော် မြူစွမ်းနှင့် ကြက်ပေါင်း ဖြစ်သည်။ ဆရာဝန်လာ၍ ဆေးထိုးရသေးသည်။

ညအချိန် အိပ်ခန်းထဲမှာ နှစ်ယောက်တည်း တွေ့သည်နှင့် ခင်မွန်က တင်းမာသော မျက်နှာထားနှင့် ကျော်သာကို ရင်ဆိုင်လိုက်သည်။

"ဘုတလင်မသွားခင် အောင့်ကို ရှင်းပြဖို့ ခိုင်းတုန်းက ရှင်. . . . အောင့်ကို ဘာတွေ ပြောခဲ့သလဲ"

ခင်မွန်က မာရေကြောရေ မေးနေ၍ ကျော်သာ အံ့သြသွားသည်။

"ဘာဖြစ်လို့လဲ၊ ဘယ်သူက ဘာတွေ လာပြောလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

ကျော်သာကလည်း ခပ်တင်းတင်းပင် အမေးကို အမေးနှင့် တုံ့ပြန်လိုက်သည်။

"ကျွန်မ မေးတာသာ ဖြေပါ"

"ကျွန်တော့်မှာ ဘာမှ ထူးပြီး ဖြေစရာမရှိဘူး၊ ခင်ဗျား ဆန္ဒအတိုင်း ကျွန်တော် ဆောင်ရွက်ခဲ့တာပဲ"

"ကျွန်မ ဆန္ဒမဟုတ်တာတွေ ရှင် အများကြီး ပြောခဲ့တာကရော"

"ကျွန်တော် ဘာတွေ ပြောခဲ့လို့လဲ"

"သြော်. . . . ရှင်ဟာ တော်တော် ကြောင်တဲ့လူ၊ ကိုယ်ပြောခဲ့တာကိုတောင် သူများ ပြန်မေးနေရသေးလား"

"ကျွန်တော် မပြောတဲ့ စကားတွေကို အပြောလုပ်မှာစိုးလို့ မေးရတာပါ"

"ကျွန်မက အောင့်ကို ချစ်တာမှန်ပေမယ့် အတူနေရတာကတော့ ရှင်နဲ့ ဖြစ်တဲ့အကြောင်း အိပ်ခန်းတစ်ခုထဲမှာ အတူအိပ်တဲ့အကြောင်း"

"ကျွန်တော်က ဒရင်းဘက်ပေါ်မှာ အိပ်တယ်လို့ ပြောခဲ့ပါတယ်"

ကျော်သာ ဖြတ်ပြောသည်။

"ဒါပေမယ့် ခုအထိသာ သန့်ရှင်းစင်ကြယ်စွာ နေတယ်လို့ အာမခံတာဖြစ်ကြောင်း၊ ကျွန်မက ရှင့်ကို ပြန်ချစ်လာတဲ့ နေ့မှာ ကျွန်မကို ရှင်က သိမ်းပိုက်မှာ ဖြစ်တဲ့အကြောင်း ကျွန်မ ရှင့်ကို ပြန်ချစ်လာအောင်လည်း နည်းအမျိုးမျိုးနဲ့ ကြိုးစားသွားမယ့်အကြောင်း. . . ."

ကျော်သာ နားထောင်နေရင်း ပြုံးလိုက်သည်။

"ရှင်. . . . ဘာ ပြုံးတာလဲ"



"ကျွန်တော် ပြောခဲ့တဲ့ စကား တချို့ကို အခြေခံပြီး သာသာထိုးထိုး ပြောတာတွေ မပြောတဲ့ စကားကို အပြောလုပ်တာတွေ ကြားရလို့ ပြုံးတာပါ"

"နောက်ပြီး ရှင်. . . . အောင့်ကို ပြောဆိုဆက်ဆံတာဟာ သိပ်ကို မာရေကြောရေ နိုင်တယ်တဲ့၊ ရှင် အောင့်ကို ဘာမှ အဲဒီလို မာရေကြောရေ ပြောစရာ မလိုဘူး"

"ဒီလိုဆိုရင် သူကလည်း ကျွန်တော့်ကို မာရေကြောရေ အထက်စီးနဲ့ ပြောစရာမလိုဘူး"

"ဒါက ကျွန်မ ခိုင်းလိုက်တဲ့ကိစ္စ၊ ပြီးတော့ အောင်က ကျွန်မ ချစ်သူ"

ကျော်သာ့ ရင်ထဲမှာ နာသွားသည်။ မျက်နှာလည်း တင်းသွားသည်။

"အမှန်ကတော့ ခင်ဗျား ကိုယ်တိုင်လဲ ကျွန်တော့်ကို မာရေကြောရေ ပြောလို့ မရဘူး၊ ခင်ဗျားဟာ ကျွန်တော် လက်ထပ်ထားတဲ့ ကျွန်တော့် မိန်းမ"

ကျော်သာ စကားလုံးများပါ ခက်ထန်လာ၍ ခင်မွန် မျက်လုံးဝိုင်းသွားသည်။

"ခင်ဗျား ခိုင်းတာကို ကျွန်တော် လုပ်ပေးတာက ခင်ဗျားကို မေတ္တာစေတနာထားလို့ ခင်ဗျား စိတ်ချမ်းသာစေချင်လို့ လုပ်ပေးတာ၊ ကြောက်လို့ လုပ်ပေးတာ မဟုတ်ဘူး. . . .

"ကျွန်တော့်နေရာက ခင်ဗျား စည်းစားကြည့်စမ်း ကိုယ့်မိန်းမကို တခြားလူနဲ့ အဆင်ပြေအောင် စာသွားပေးရတဲ့ အလုပ်၊ ပြီးတော့ ကိုယ့်နဲ့ လက်ထပ်ထားပေမယ့် သန့်ရှင်းစင်ကြယ်စွာ နေကြပါတယ် ဆိုတာကိုလည်း ကိုယ်တိုင် ဝန်ခံပြီး ရှင်းပြပေးရသေးတယ်၊ ဘယ်ယောကျ်ားလုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



ခင်မွန် ဘာမှ မပြောနိုင်. . . .

"ကျွန်တော်သာ လူလို စာနာတဲ့စိတ် ညှာတာတဲ့စိတ် မရှိရင် လက်ထပ်တဲ့ ည ကတည်းက ခင်ဗျား ကျွန်တော့်မယား၊ အဲ. . . , တကယ် မယား ဖြစ်နေပြီ၊ ဒါပေမယ့် သူများ မျက်ရည်ကျမှ ကိုယ့် လိုအင်ဆန္ဒပြည့်မယ့် အလုပ်မျိုးကို ကျွန်တော် ဘယ်တော့မှ မလုပ်ဘူး၊ ကျွန်တော့် ဘဝမှ ငယ်ငယ်ကတည်းက သူများ ညစ်တာ အနိုင်ကျင့်တာ ခံရလွန်းလို့ မျက်ရည် အကြိမ်ကြိမ် ကျခဲ့ရပြီးပြီ၊ ဒါကြောင့်မို့ ကျွန်တော့်ကြောင့် သူများ မျက်ရည်ကျရမှာ စိုးတယ်၊ ရှောင်တယ်၊ ဒါပေမယ့် အဲဒီလို စိတ်ကောင်းထားတာကိုတော့ အနိုင်မကျင့်နဲ့ မစော်ကားနဲ့ ကျွန်တော် မခံဘူး. . . ."

"မခင်မွန်ရဲ့ လူက ကျွန်တော့်ကို တွေ့တာနဲ့ ဟော့ကောင် မင်းမျက်နှာ ငါမကြည့်ချင်ဘူး ဆိုတာမျိုးနဲ့ စပြောတာ၊ နောက်ပြီး ကျွန်တော့်ကို မာရေကြောရေ ပြောတာတွေ အထက်စီး လေသံနဲ့ ခိုင်းတာတွေ လုပ်လာတယ်၊ ကျွန်တော် သူ့တပည့် မဟုတ်ဘူး၊ သူ့ ကျွန် မဟုတ်ဘူး. . . .

"မခင်မွန်ကို ကျွန်တော် မေးစမ်းပါရစေ၊ အောင်ဇော်ဆိုတဲ့ လူဟာ ခင်ဗျား ချစ်သူဆိုတာနဲ့ ကျွန်တော်က သူ့ကို ရိုသေရမှာလား ကြောက်နေရမှာလား"

ကျော်သာ၏ အသံက ကျယ်သွားသောကြောင့် ဦးမင်းအောင် ကြားမည်ကို ခင်မွန် စိုးရိမ်သွားသည်။

"တိုးတိုး ပြောပါ ရှင့်"

ခင်မွန်က ကျော်သာ့ကို သတိပေးသည်။

ကျော်သာ ခေါင်းကို ခါယမ်းပစ်လိုက်သည်။

"ကျွန်တော် ဦးကိုရော မခင်မွန်ကိုရော စေတနာထားခဲ့ တယ်၊ ဒါပေမယ့် မခင်မွန် ကျွန်တော့်အပေါ်မှာ မတရားဘူးဗျာ"



"ကျော်သာ ခုတင်ပေါ်မှ ခေါင်းအုံးတစ်လုံးနှင့် စောင်တစ်ထည်ကို ဆွဲယူလိုက်သည်။

ခေါင်းအုံးကို ဒရင်းဘက်ပေါ် ပစ်တင်လိုက်သည်။

ခုတင်ပေါ်မှာပဲ အိပ်ပါဟု ခင်မွန် မပြောဝံ့။ ကျော်သာ ခံစားမှုတွေ ပေါက်ကွဲနေသော ညဖြစ်၍ ခုတင်ပေါ် လာအိပ်မည်ကို ပင် ကြောက်နေမိသည်။

ထိုညက ခင်မွန် မီးကိုပင် ထ,မပိတ်ဝံ့၍ အလင်းရောင် အောက်မှာ အိပ်လိုက်ရသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

အပြင်ဘက်တွင် နေ့လယ်ခင်း နေက လွတ်လွတ်ကင်းကင်း ပူပြင်းနေ၏။

လေအေးစက် တပ်ထားသော အခန်းထဲမှာပင် ခင်မွန့် ရင်ထဲမှာ ပူလောင်နေသည်။

ခင်မွန့်မှာ နောက်ဆံတင်းစရာ ဖေဖေ တစ်ယောက်သာရှိသည်။

"ဖေဖေ ဘာမှ မဖြစ်ပါစေနဲ့"

ခင်မွန် စိတ်ထဲမှာ ဆုတောင်းနေမိသည်။

ဖေဖေ တစ်ခုခုဖြစ်လျှင် ခင်မွန် တရားခံ ဖြစ်တော့မည်။ တစ်သက်လုံး ယူကျုံးမရ ဖြစ်ရတော့မည်။

"ဘာမှ မဖြစ်ပါဘူးလေ. . . . ဖေဖေ့ ကျန်းမာရေးကလည်း ကောင်းနေပြီပဲ၊ ဆရာဝန်လည်း ဆေးမှန်မှန် ထိုးပေးနေသားပဲ ဘယ်သူတွေ ဘာပဲ ပြောပြော တကယ်တော့ ဆရာဝန် ကုသပေးတဲ့ ဆေးက အဓိကပါ"

ဖြေသိမ့်သော အတွေးများကို တွေးရင်း ဗီရိုထဲမှ အင်္ကျီ လုံချည်များကို အိတ်တစ်ခုထဲမှာ ထည့်နေသည်။

ခင်မွန် အောင်ဇော်နှင့်လည်း မပေးချင်ပါ။ ကျော်သာနှင့်



အတူ ဆက်နေရမည်ကိုဖက်ခုတ်နေသော လမ်းအလုပ်သမား တစ်

အောင်ဇော့် စာကို ဖတ်ပြီး ဖြစ်မိသည်။ မနေ့ညက ကျော်သာ၏မာနနှင့် ပေါက်ကွဲပုံကို တွေ့လိုက်ရ၍လည်း ဆုံးဖြတ်ချက် ပြတ်သားရန် အထောက်အကူ ရသွားသည်။ ကျော်သာ့ကို မုန်းရုံသာမက ကြောက်လည်း ကြောက်သွားမိသည်။

ဖေဖေ အိပ်နေ၍ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ခုလောက်ဆိုလျှင် ကျော်သာလည်း ပွဲရုံမှာ ပဲစာရင်း နှမ်းစာရင်းနှင့် ရှုပ်ထွေးနေလိမ့်မည်။

ညနေ အိမ်ပြန်လာလျှင် ဒေါသတွေ ပေါက်ကွဲပြီး ပိုရှုပ်လိမ့်မည်ဟု တွေးပြီး ခင်မွန် ပြုံးချင်သည်။ သို့သော် ပြုံးတော့မပြုံးမိ။

အလှပြင်ပစ္စည်းကိရိယာများပါသော ဘူးနှစ်ဘူးနှင့် မိတ်ကပ်ဘူးများကိုပါ ခင်မွန် အိတ်ထဲသို့ ထည့်လိုက်သည်။

လက်မှ နာရီကို ကြည့်လိုက်သည်။ ၁၂ နာရီခွဲနေပြီ။ တစ်နာရီခွဲတိတိဟု စဉ်းစားမိသောအခါ ခင်မွန် ရင်ခုန်သံတွေ မြန်လာသည်။

ဒေါ်မြအတွက်ကတော့ ဘာမှ ပူစရာမရှိ။ စောစောကပင် ကော်ဖီထဲမှာ အိပ်ဆေးထည့်ပြီး တိုက်ထား၍ နောက်ဘက်အဆောင်မှာ ဟောက်နေပြီ။ နောက်ထပ် နှစ်နာရီ သုံးနာရီလောက်တော့ အသာလေးအိပ်လိမ့်ဦးမည်။

မာလီကြီးက နေမကောင်း၍ အလုပ် မဆင်းတာ နှစ်ရက်ရှိပြီ။ ယနေ့လည်း မလာ။ သည့်ထက် အဆင်ပြေတာ ဘာမျှ မရှိ။

မတတ်နိုင်။ ခင်မွန် စွန့်ရတော့မည်။

အားလုံးပြင်ဆင်ပြီးတော့ ဖေဖေ့ အခန်းမှ အရိပ်အခြည်ကို ကြည့်ပြီး အိတ်ကြီးကို အိမ်အောက်သို့ ပို့ရသည်။

အားလုံးအဆင်သင့် ဖြစ်နေပြီ။

www.burmeseclassic.com

အောင်နှင့် အချိန်းအချက်လုပ်ထားကြသည် က တစ်နာရီခွဲတိတိ။

ခင်မွန် အိမ်ရှေ့ကို လှမ်းကြည့်သည်။

လမ်းပေါ်မှ လူသွားလူလာရှင်းနေ၏။ လမ်းဘေးမှာ စည်ပင်သာယာမှ အလုပ်သမားနှစ်ယောက် မြက်ခုတ်နေကြသည်။

အောင်ဇော်တို့ ကားနှင့်လာလျှင် အသင့်ဖြစ်အောင် ခင်မွန် ဝင်းတံခါးကို သွားဖွင့်ထားလိုက်သည်။

တန်မဖျက် အိမ်ထဲမှာ သွားထိုင်ပြီး ကက်ဆက်ဖွင့်ရင်း စောင့်နေလိုက်သည်။

မည်မျှပင် ဣန္ဒြေဆောင်နေသော်လည်း ရင်ထဲမှာတော့ လှုပ်ရှားလျက်. . . .

ထမင်းစားခန်းထဲမှ ရှိုးကေ့စ်ကို ဖွင့်ပြီး လိုလိုမယ်မယ် ဘီစကွတ်တစ်ထုပ်ကို ယူပြီး အိတ်ထဲမှာ ထည့်ထားလိုက်သည်။

တစ်နာရီခွဲခါနီးလေ ခင်မွန့်ရင်က လှုပ်ရှားလေ ဖြစ်လာသည်။ သို့သော် ဘာမျှ အနှောင့်အယှက်မရှိ ချောချောမောမော အောင်မြင်မည်က သေချာသည်ကိုတော့ ခင်မွန် စိတ်ချမိသည်။

"တီ. . . ."

ကားဟွန်းသံကြားရသည်။ ခင်မွန် အိမ်ရှေ့သို့ ပြေးထွက်ကြည့်လိုက်သည်။

အိမ်ထဲသို့ စူပါရုဖ် ကားတစ်စီး ဝင်လာသည်။

ကားပေါ်မှာ အောင်ဇော် ဆင်းလာသည်။

"ဘယ်လိုလဲ ခင်မွန်၊ အဆင်သင့်ပဲလား"

ခင်မွန် ခေါင်းညိတ်ပြပြီး အိမ်ထဲသို့ဝင်၍ အသင့်ထည့်ထားပြီးဖြစ်သော အိတ်ကြီးကို ယူလိုက်သည်။



ထိုအချိန်တွင် မြက်ခုတ်နေသော လမ်းအလုပ်သမား တစ်ယောက် အိမ်ထဲသို့ ဝင်လာသည်။

ခင်မွန် အိတ်ကို ဆွဲ၍ အိမ်ရှေ့သို့ ထွက်လာသည်။

အောင်ဇော်က ခင်မွန်လက်မှ အိတ်ကို လှမ်းယူသည်။ သို့သော် အိတ်က အောင်ဇော်လက်သို့ မရောက်၊ မြက်ခုတ်သမားက ဖြုတ်ယူလိုက်သည်။

"ဟေ့ လူ ခင်ဗျား ဘာလုပ်တာလဲ"

အောင်ဇော်က မြက်ခုတ်သမားကို ဒေါသနှင့် မေးလိုက်သည်။

"ခင်ဗျားတို့ကရော ဒါ ဘာလုပ်ကြမလို့လဲ"

"ငါတို့ ဘာသာ ဘာလုပ်လုပ် မင်းနဲ့ ဘာဆိုင်လဲ၊ ပေးစမ်း အိတ်"

အောင်ဇော်က မြက်ခုတ်သမားလက်မှ အိတ်ကို လှမ်းဆွဲသည်။

မြက်ခုတ်သမားက အိတ်ကို နောက်သို့ ဆုတ်၍ ရှောင်လိုက်သည်။

"ဟာ. . . . ဒီကောင်"

အောင်ဇော်က မြက်ခုတ်သမားကို လက်သီးနှင့် ထိုးလိုက်သည်။

မြက်ခုတ်သမားက တိမ်းရှောင်ပြီး အောင်ဇော်ကို ပြန်ထိုးလိုက်သည်။

အောင်ဇော် နောက်သို့ ယိုင်သွားသည်။

"ဟင်. . . . ရှင်. . . . ရှင် ဘယ်လို လုပ်တာလဲ"

ခင်မွန်က မကျေမနပ် ပြောနေစဉ် နောက်ကပ် မြက်ခုတ်သမားတစ်ယောက် မြက်ခုတ်ဓားကိုင်၍ အိမ်ထဲသို့ ပြေးဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်၊

အောင်ဇော်က အိမ်ရှေ့ အုတ်လမ်းကလေးမှ အလှအပ စိုက်ဆောင်ထားသော အုတ်ခဲတစ်ခဲကို ဆွဲနုတ်ပြီး အိတ်ကိုင်ထားသော အလုပ်သမားကို ထုမည်ပြုစဉ် နောက်ရောက်လာသော မြက်ခုတ်သမားက အောင်ဇော်ကို နောက်မှနေ၍ မားနှောင့်နှင့် ခေါင်းကို ဆုံခုလိုက်သည်။

"ဒုတ်. . . ."

အောင်ဇော် လဲကျ သွားသည်။

"ဟင်. . . . ရှင်. . . . ရှင်တို့"

"ဟုတ်တယ်၊ ကျုပ်တို့ ကိုကျော်သာ လွှတ်ထားတဲ့ အလုပ်သမားတွေ"

စူပါရှမ် ကားမောင်းသူက အခြေအနေမဟန်မှန်း သိ၍ ကားကို အမြန်မောင်းပြီး ထွက်ပြေးသည်။

ဆူဆူညံညံ အသံများကြောင့် ဦးမင်းအောင် အိမ်အောက်သို့ ဆင်းလာသည်။

"ဟင်. . . . မင်း. . . ."

အောင်ဇော့်ကို မြင်ရသောအခါ ဦးမင်းအောင် ဒေါသများကို မနည်းသိန်းချုပ်နေရသည်။

"မင်းတို့က. . . ."

မြက်ခုတ်သမားနှစ်ယောက်ကို ဦးမင်းအောင် အမေးမျက်လုံးနှင့် ကြည့်လိုက်သည်။

"ကျွန်တော်တို့က ဆရာကိုကျော်သာ လွှတ်ထားတဲ့ အလုပ်သမားတွေပါ၊ ဆရာက သူ့ စိတ်ထဲမှာ သံသယရှိလို့ အိမ်ရှေ့မှာ မြက်ခုတ်ဟန်ဆောင်ပြီး သွားစောင့်နေကြ၊ လူစိမ်းတစ်ယောက်လာရင် ဒါမှမဟုတ် ပွဲစားကြီး သမီးကို အတင်းအဓမ္မခေါ်တာမျိုး လုပ်ရင် ကာကွယ်ရမယ် ဆိုပြီး၊ လွှတ်ထားတာပါ"



ဦးမင်းအောင် သက်ပြင်းချလိုက်သည်။

ခင်မွန်ကတော့ ဒုတိယအကြိမ် ခိုးထုပ်ခိုးထည်နှင့် မိ၍ အရှက်ကြီးရှက်ပြီး မျက်နှာကို လက်နှင့်အုပ်၍ ငိုရင်း အိမ်ထဲသို့ ပြေးဝင်သွားသည်။

"သမီး နေဦး လာခဲ့၊ ကဲ. . . . မင်းတို့က သူ့ကို အိမ်ထဲခေါ်ခဲ့ကြ"

ဦးမင်းအောင် အိမ်ထဲသို့ ဝင်ခဲ့သည်။

ခင်မွန် ဧည့်ခန်းမှ ဆက်တီမှာ ထိုင်၍ ငိုနေသည်။

အလုပ်သမားတစ်ယောက်ယူလာသော ခင်မွန်၏ အိတ်ကြီးကို ကြည့်ပြီး ဦးမင်းအောင် နားလည် လိုက်ပါသည်။

"ဟင်း. . . . သိပ်မိုက်တဲ့ သမီး၊ ငါ့ကို အသေ သတ်မယ့် သမီး"

အလုပ်သမားတစ်ယောက်က ခေါင်းမူးပြီး ယိုင်တီးယိုင်ထိုး ဖြစ်နေသော အောင်ဇော်ကို အိမ်ထဲသို့ ဆွဲခေါ်လာသည်။

"ဟို တစ်ယောက်က ပွဲရုံကို ဖုန်းဆက်ပြီး မောင်ကျော်သာ အမြန်လာဖို့ ခေါ်လိုက်"

"မမြရေ. . . . မမြ"

ဦးမင်းအောင် လှမ်းအော်သော်လည်း ဘာ ထူးသံမှ မကြားရ။

"ဟင်း. . . . တော်တော် စိတ်ချရတဲ့ ဟာတွေ"

အောင်ဇော်က ဆိုဖာ ဆက်တီ တစ်ခုမှာ ဝင်ထိုင်ပြီး ဦးမင်းအောင်ကို မကျေမနပ် ကြည့်လိုက်သည်။

"နေစမ်းပါဦး. . . . မင်းက အတင့်ရဲလှချည်လား၊ ငါ့သမီးက မောင်ကျော်သာနဲ့ လက်ထပ်ထားပြီဆိုတာ မင်းမသိဘူးလား၊

www.burmeseclassic.com

www.burmeseclassic.com

သူများ မယားဖြစ်နေမှ ခိုးယူဖို့ကြိုးစားတာ မင်း အကြံပက်စက်လှပါလား"

ဦးမင်းအောင်က အောင်ဇော်ကို ဒေါသနှင့် မေးလိုက်သည်။

"သူတို့က အန်ကယ် စိတ်ချမ်းသာအောင် ဟန်ဆောင်လက်ထပ်ထားတာပါ"

"ဘာ. . . . မင်းကို ဘယ်သူပြောလဲ"

"ခင်မွန်လည်း ပြောပါတယ်၊ ကိုကျော်သာလည်း ပြောပါတယ်"

"ဘာ မောင်ကျော်သာ ပြောတယ် ဟုတ်လား မင်းနဲ့ ဘယ်မှာ တွေ့လို့လဲ"

"ကျွန်တော့် အိမ် လာပြောတာပါ"

"ဟင်း. . . . သူက ဘာတွေ ပြောသလဲ"

"ဦး ကျန်းမာရေးအတွက် ဦး စိတ်ချမ်းသာအောင်လို့ သူတို့ ဟန်ဆောင် လက်ထပ်ထားတာပါတဲ့၊ ခုထိ သူတို့ သန့်ရှင်းစင်ကြယ်စွာ နေကြပါတယ်တဲ့"

"မောင်ကျော်သာ ကိုယ်တိုင် မင်းကို လာရှင်းပြတာလား"

"ဟုတ်ပါတယ်. . . ."

"သြော်. . . . သိပ်ကောင်းကြတာပေါ့ အဲဒီအတိုင်း အမှန်ပဲလား သမီး ပြောစမ်း"

ဦးမင်းအောင် ခင်မွန့်ကို လှမ်းမေးသည်။

"ဟုတ်ပါတယ် ဖေဖေ. . . ."

ဦးမင်းအောင် ရင်ထဲမှာ နာကျင်သွားသည်။ တပည့်နှင့် သမီး၏ အလိမ် အညာကို ခံရ၍ ရှက်လည်း ရှက်သွားသည်။

"ဒါဆိုရင်တော့ မင်း မလွန်ပါဘူးကွာ၊ မင်းမှာ အပြစ်မရှိဘူး၊ မင်းသွားတော့"



အောင်ဇော် ထိုင်နေရာမှ ထ, လိုက်သည်။ အလုပ်သမားတစ်ယောက်က အောင်ဇော့်ကို ခြံပေါက်ဝအထိ လိုက်ပို့သည်။

ဦးမင်းအောင်က ကျော်သာထံသို့ တယ်လီဖုန်းဆက်သော အလုပ်သမားကို လှမ်းကြည့်လိုက်သည်။

"မင်း ဆရာက ဘာတဲ့လဲဟေ့"

"အခုချက်ချင်း လာခဲ့ပါမယ်တဲ့ ပွဲစားကြီး"

"အေး. . . . မင်း ဆရာကို အပြင်က သွားစောင့်နေလိုက်၊ သာရင်အထဲကို လွှတ်လိုက် မင်းတို့ နှစ်ယောက်မပြန်ကြနဲ့ဦး၊ မောင်ကျော်သာ လာရင် ဝင်းတံခါးပိတ်ပြီး ခြံထဲမှာ ခဏ စောင့်ပေးကြဦး"

"ဟုတ်ကဲ့ပါ ပွဲစားကြီး"

အလုပ်သမား အပြင်သို့ ထွက်သွားသည်နှင့် ကားသံကြားရသည်။

ကျော်သာ ပြန်ရောက်လာသည်။

အသင့်စောင့်နေသော အလုပ်သမားနှစ်ယောက်က ဖြစ်ပုံကို အကျဉ်းချုပ် ပြောပြပြီး ပွဲစားကြီး စောင့်နေသည်ဆို၍ ကျော်သာ အိမ်ထဲသို့ ဝင်ခဲ့သည်။

"ကဲ. . . . လာပါဦးကွ၊ မောင်ကျော်သာ ထိုင်ပါဦး"

ကျော်သာ ဆိုဖာထိုင်ခုံ တစ်ခုမှာ ဝင်ထိုင်လိုက်သည်။

"ရှေးလူကြီးတွေ ပြောတဲ့စကား သိပ်မှန်တယ်ကွ၊ ကျွန်ယုံဘစ်ဖက်ကန်း၊ သားသမီးယုံ စုံလုံးကန်တဲ့၊ ဦးက မောင်ကျော်သာကို တပည့်ပေမယ့် သားလို ယုံခဲ့ အားကိုးခဲ့တယ်၊ သမီးထက်တောင် ပိုယုံပြီး ပိုအားကိုးတယ်၊ ဦးကို လိမ်ညာလိမ့်မယ်၊ သစ္စာမဲ့လိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဘူး. . . ."

"အခုတော့ မင်းတို့ နှစ်ယောက် ပေါင်းပြီး ငါ့ကို ညာတယ်

www.burmeseclassic.com

www.burmeseclassic.com

အရှုံးလုပ်ခဲ့ကြတယ်"

ဦးမင်းအောင် ပြောဆို စွပ်စွဲနေသည်များကို ကျော်သာ နားမလည်နိုင်အောင် ဖြစ်နေမိသည်။

"ကျွန်တော် ဦး ကျေးဇူးကို. . . ."

ဦးမင်းအောင် လက်ကာ ပြလိုက်သည်။

"ဦး မေးတာကိုသာ မောင်ကျော်သာ အမှန်အတိုင်း ဖြေပါ ဟိုကောင် ဒီနေ့ သမီးကို ခိုးပြေးဖို့ ကြိုးစားတယ်၊ ဒါပေမယ့် မောင်ကျော်သာ လွှတ်ထားတဲ့ တပည့်နှစ်ယောက် လိမ္မာပါးနပ်လို့ သူတို့ အကြံအစည် မအောင်မြင်ဘူး"

ကျော်သာ ခေါင်းညိတ်ပြသည်။

ဦးမင်းအောင်က အောင်ဇော် ပြောသွားသော စကားများကို ပြန်ပြောပြသည်။

"မောင်ကျော်သာ သူ့ဆီကို သွားရှင်းပြတယ် ဆိုတာ အမှန်ပဲလား"

ကျော်သာ ငြင်းရခက်နေသည်။ ခင်မွန် လွှတ်၍ သွားရသည်ဟုလည်း ထမင်းရည်ပူလာ လျှာလွှဲ မလုပ်ချင်ပါ၊ ခင်မွန်က တော့ သူ့ကို လွှဲချမည် ထင်၍ စိုးရွံ့စွာနှင့် ကျော်သာ့ကို လှမ်းကြည့်နေသည်။

"ဘယ်လိုမှ မင်း မငြင်းနိုင်တော့ဘူး မဟုတ်လား၊ သိပ်ကောင်းကြတဲ့ တပည့်နဲ့ သမီး၊ ငါကတော့ အဟုတ် ထင်လို့ စိတ်ချမ်းသာနေလိုက်တာ၊ ဟင်း. . . . ငါက လက်နဲ့ ရေးတာကို မင်းတို့က ခြေနဲ့ ဖျက်ကြတာ၊ မင်းတို့ အမြင်မှာတော့ ပျော့နေတဲ့ ငါဟာ အလကားကောင်ကြီး အရှုံး အပေါကြီး၊ သိပ်ရှက်ဖို့ ကောင်းတယ်ကွာ၊ မင်းတို့ ငါ့ကို သေအောင် သတ်နေကြတာကွ၊ မင်းတို့. . အဟွတ်. . အဟွတ်"



"ဖေဖေ"

"ဦး. . . ."

ဦးမင်းအောင် ဒေါသတကြီး ပြောဆိုရင်း ချောင်းဆိုးရာမှ သဲကျသွားပါသည်။

ကျော်သာ ပြေးပွေ့လိုက်သည်။

ဘာမျှလည်း ရှင်းပြခွင့်မရဘဲ ကျေးဇူးရှင်၏ အထင်လွဲခြင်းခံရ၍ ကျော်သာ့ပါးပေါ်မှာ မျက်ရည်များစီးကျလာသည်။

"မခင်မွန် ဆရာဝန်ကို အမြန်ဆုံး ဖုန်းဆက်ခေါ်ပါ"

ခင်မွန် ဖုန်းရှိရာသို့ ပြေးသွားသည်။

ရင်ခွင်ထဲမှာ မလှုပ်မယှက် ငြိမ်သက်နေသော ဦးမင်းအောင်ကို ကြည့်၍ ကျော်သာ စိုးရိမ် ပူပန်မိသည်။

"ဘုရား တရား သံဃာ ရတနာသုံးပါး ဂုဏ်ကျေးဇူးနဲ့ ဦး မသေပါစေနဲ့ဗျာ"

ကျော်သာ ဆုတောင်းနေမိသည်။ ပြီးတော့ ဘာလုပ်ရမှန်းမသိ၍ ဦးမင်းအောင်ကို ပွေ့ထားရင်း ငယ်ငယ်ကတည်းက ရခဲ့သော ဘုရားဂုဏ်တော်များကို ရွတ်နေမိသည်။

ခင်မွန် ဖုန်းဆက်ပြီးပြီ ဖြစ်၍ ကျော်သာ့ ဘေးမှာ ပြန်ရောက်လာပြီး ဖခင်ကို ကြည့်၍ ငိုနေသည်။

ဆရာဝန်ရောက်လာသည်အထိ ဦးမင်းအောင် သတိမရသေးပါ။

ဆရာဝန်က ဦးမင်းအောင်ကို ဆေးတစ်လုံး ထိုးပေးပြီး ဆေးရုံကြီးသို့ အပို့ခိုင်းသည်။

ကျော်သာနှင့် ခင်မွန်တို့ ဦးမင်းအောင်ကို မန္တလေး ဆေးရုံသို့ ပို့ကြသည်။

ဆရာဝန်များက ဦးမင်းအောင်၏ အသက် ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



ရရှိရန်အတွက် ကြိုးစား၍ ကုသကြသည်။

ကျော်သာနှင့် ခင်မွှန်တို့ကိုတော့ မနက်မှ လာကြရန် ပြန်လွှတ်လိုက်သည်။

ကျော်သာတို့ အိမ်ပြန်ရောက်မှ ဒေါ်မြ အိပ်ရာမှ နိုးသည်။

ကျော်သာ ခင်မွှန့်ကို စိတ်ပျက် နာကြည်းမိသည်။

ဖခင်၏ အသက်ကိုပင် မထောက်မညာ ပက်ပက် စက်စက် ကြံရက်သော ခင်မွှန်ကို မကြည့်ချင်လောက်အောင် မုန်းမိသည်။ ဘာမျှလည်း ပြောချင်စိတ် မရှိပါ။

သို့သော် ခင်မွှန် ဝမ်းနည်းကြေကွဲပုံကို မြင်ရသောအခါ စိတ်လိုက် မာန်ပါ လုပ်တတ်သော ငယ်ရွယ်သူတို့၏ အားနည်းချက် အရ သူ့ကိုယ်သူ ရှက်ခြင်း ဖခင်အတွက် နောင်တရခြင်းတို့ဖြင့် မလုပ်သင့်သည်ကို လုပ်မည် စိုးသောကြောင့် ခင်မွှန်နှင့်အတူ အခန်းထဲသို့ လိုက်ပါခဲ့ရသည်။

ထိုညက နှစ်ယောက်လုံး ဝမ်းနည်းကြေကွဲစိတ်ကြောင့် ညစာ မစားဖြစ်တော့ပါ။ တစ်ယောက်နှင့် တစ်ယောက် လုံးဝ စကား မပြောဖြစ်ပါ။

ခင်မွှန်တော့ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ဖခင်အတွက် စိုးရိမ်ခြင်း၊ နောင်တရခြင်းတို့နှင့် ခုတင်ပေါ်မှာ ငိုရှိုက်၍သာ နေသည်။

ကျော်သာ ခင်မွှန့်ကို မချော့နပ်သည် ကြားမှပင် စောင့်ကြည့်နေရသေးသည်။ ခင်မွှန် အိပ်ပြီးမှပင် စိတ်ချ လက်ချ အိပ်ရသည်။

* * *



နောက်တစ်နေ့ မနက်တွင် ခင်မွှန်နှင့် ကျော်သာ ဆေးရုံသို့ သွားကြသည်။

ဦးမင်းအောင် ပြန်၍ သတိရပြီ ဖြစ်သော်လည်း လေဖြတ် သွား၍ ညာဘက်တစ်ခြမ်းမှာ လုံးဝ လှုပ်ရှား၍ မရတော့ပါ။ မျက်နှာ တစ်ခြမ်းမှာလည်း ရွဲ့သွား၍ စကားပီသအောင် မပြောနိုင်တော့ပါ။

ခင်မွှန် ဝမ်းနည်း ကြေကွဲလွန်း၍ ဖခင်ကို ဖက်ပြီး ငိုကြွေး သည်။

"ဖေဖေရယ် သမီးမိုက်လို့ ဖေဖေ ခုလို ဖြစ်ရတာပါ သမီးကို ခွင့်မလွှတ်ပါနဲ့ ဖေဖေရယ်၊ ဖေဖေ ဒီလို ဖြစ်မယ့်အစား သမီး ဖြစ် လိုက်ပါတော့၊ သမီး သေလိုက်တာ ကောင်းပါတယ် ဖေဖေရယ်"

"ဖေဖေ ခွင့်လွှတ်ပါတယ် သမီးရယ်"

ဦးမင်းအောင်က မပီသသော အသံဖြင့် သမီး၏ ဦးခေါင်း ကို ပွတ်သပ်ပေးရှာသည်။

ဦးမင်းအောင်က ကျော်သာကိုပါ လက်ပြ၍ ခေါ်သော ကြောင့် ကျော်သာ ဦးမင်းအောင် အနီးမှာ သွားပြီး မသန်တော့သော လက်ကို ဆုပ်နယ်ပေးနေမိသည်။

ဦးမင်းအောင်ကို ပြုစုရင်း ကွယ်လွန်ခါနီးမှာ လေအဖြတ်ခံ ခဲ့ရသော အမေ့ကို သတိရ၍ ပို၍ စိတ်မကောင်း ဖြစ်မိသည်။

ခင်မွှန် ခေါင်းကို ပွတ်သပ်ပေးနေသော ဦးမင်းအောင်၏ လက်သည် ကျော်သာ့ လက်ကို ဆုပ်ကိုင်လိုက်သည်။

"ဦး ဒီလို ဖြစ်ရတာ ဘယ်သူ့အပြစ်ကြောင့်မှ မဟုတ်ပါဘူး၊ ဦး စိတ်ကို ဦး မထိန်းချုပ်နိုင်တာနဲ့ ဦးရဲ့ ကျန်းမာရေး အခြေခံက လည်း မကောင်းလို့ပါ၊ မောင်ကျော်သာရော၊ သမီးရော ဘာမှ စိတ်မ ကောင်း မဖြစ်ကြပါနဲ့"

ဦးမင်းအောင် မပီသသော လေသံနှင့် ခပ်ဖြည်းဖြည်း ပြော

www.burmeseclassic.com

www.burmeseclassic.com

သည်ကို ခင်မွှန်နှင့် ကျော်သာ နားလည်အောင် ကြိုးစားပြီး နားဆောင်ကြသည်။

"ဦးကို ဘဝကူး ကောင်းစေချင်ရင် ဒီတစ်ခါ ဟန်ဆောင်မဟုတ်ဘဲနဲ့ တကယ် လက်ထပ်နိုင်ဖို့ စဉ်းစား ပေးကြပါကွာ"

ဦးမင်းအောင် ကျော်သာ့ကို ကြည့်၍ အသနားခံသော မျက်နှာနှင့် တောင်းပန်နေသည်။

ကျော်သာ စိတ်မကောင်း ဖြစ်မိသည်။

ခင်မွှန့်ကို လှမ်းကြည့်လိုက်သည်။

ခင်မွှန့် မျက်လုံးအိမ်တွင် မျက်ရည်များ ရစ်ဝဲနေသည်။

"သမီးလေး. . . ."

ခင်မွှန် ရှေ့သို့ တိုးလိုက်သည်။

"ဒီတစ်ခါ တကယ် လက်ထပ်နိုင်ပါ့မလား သမီးရယ်"

ခင်မွှန် ခေါင်းညိတ်ပြလိုက်သည်နှင့် မျက်ရည်တစ်ပေါက်က ဦးမင်းအောင်၏ မလှုပ်နိုင်တော့သော လက်ပေါ်သို့ ကျသွားသည်။

"ဖေဖေ့ကို ကတိပေးမလား သမီး"

"ကတိပေးပါတယ် ဖေဖေ"

ခင်မွှန့် ပါးပေါ်မှာ မျက်ရည်များက စီးကျလာသည်။

ဦးမင်းအောင် ခင်မွှန်၏ လက်တစ်ဘက်ကို ဆွဲယူ၍ သူ၏ ရင်ဘတ်ပေါ်မှာ တင်ထားလိုက်သည်။

"မောင်ကျော်သာ"

ကျော်သာ ရှေ့ကို တိုးလိုက်သည်။

"ဦးကို ကတိပေးပါလားကွာ. . . ."

"ဟုတ်ကဲ့. . . . ကျွန်တော် ကတိပေးပါတယ် ဦး"

ဦးမင်းအောင်က ကျော်သာ၏ လက်တစ်ဘက်ကို ဆုပ်ကိုင်ပြီး သူ့ ရင်ဘတ်ပေါ်သို့ ဆွဲယူပြီး ခင်မွှန်၏ လက်ပေါ်မှာ တင်ထားလိုက်သည်။



"ဒီတစ်ခါတော့ ကတိမဖျက်ပါနဲ့တော့ မောင်ကျော်သာ"

"ကျွန်တော် ဦးကို ဘယ်တုန်းကမှ ကတိ မဖျက်ခဲ့ပါဘူး ဦး၊ ဦး ကျေးဇူးကိုလည်း ဘယ်တော့မှ မမေ့ပါဘူး"

ကျော်သာ့ မျက်လုံးမှာ မျက်ရည်များ ရစ်ဝဲနေကြသည်။

ကျေးဇူးရှင်၏ အထင်လွဲခြင်းခံရ၍ ကျော်သာ စိတ်မကောင်း ဖြစ်မိသည်။

"သမီးလေး. . . ."

"ဟုတ်ကဲ့ပါ ဖေဖေ"

"ဒီတစ်ခါတော့ ကတိမဖျက်ပါနဲ့တော့ နော်"

ခင်မွှန် ခေါင်းညိတ်ပြသည်။

ရင်ဘတ်ပေါ်မှ လက်ကလေးနှစ်ဘက်ကို ဦးမင်းအောင်၏ ကောင်းသော လက်တစ်ဘက်က တင်းနေအောင် ဆုပ်ကိုင်ထားပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

တစ်အိမ်လုံး တိတ်ဆိတ် ငြိမ်သက်နေ၍ လေအေးပေးစက်မြည်သံကိုပင် ကျယ်လွန်းသည်ဟု ထင်နေရသည်။

အိပ်ရာ ခုတင်ကြီးပေါ်တွင် ကျော်သာ့ဘက် အခြမ်းကို ကျောပေး၍ ခင်မွှန် အိပ်နေသည်။

ကျော်သာ ဒရင်းဘက်ကို အိပ်ရာ ခုတင်ဘေးသို့ ဆွဲယူပြီး ထိုင်လိုက်သည်။

"မခင်မွှန်. . . ."

ကျော်သာ ခေါ်သည်ကို ခင်မွှန် ပြန်မထူးပါ။ ကျော်သာ့ဘက်ကိုလည်း လှည့်မလာပါ။

"ကျွန်တော်တို့ ဒီနေ့ ဦးကို ကတိပေးခဲ့ကြတယ်နော်"

ခင်မွှန် ဘာမှ ပြန်မပြောပါ။

"ဦး စိတ်ချမ်းသာအောင် ကတိပေးခဲ့သလို ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် တကယ့်မေတ္တာနဲ့ ချစ်တဲ့ အိမ်ထောင် တစ်ခု တည်ထောင်ချင်ပါတယ် မခင်မွှန်"

ကျော်သာက လေသံကို အနူးညံ့ဆုံး၊ အညင်သာဆုံး ဖြစ်အောင် သတိထား၍ ပြောပါသည်။

"ကျွန်မ ရှင့်ကို မချစ်ဘူး"

ခင်မွှန်က ဒေါသနှင့် ပြောရင်း ကျော်သာဘက်သို့ ရုတ်တ ရက် လှည့်၍ အိပ်နေရာမှ ထ, ထိုင်လိုက်သည်။

ပါးပေါ်မှာလည်း မျက်ရည်များက တတွေတွေ စီးကျလျက်၊ စောစောကတည်းက ခင်မွှန် တစ်ဘက်သို့ လှည့်ပြီး ငိုနေဟန် တူပ သည်။

"မခင်မွှန် ကျွန်တော့်ကို ဘာဖြစ်လို့ ဒီလောက် မုန်းရတာလ ဗျာ"

ကျော်သာ စိတ်မကောင်းစွာ မေးမိသည်။

"ဩော်. . . . မေးပြန်ပြီလား၊ ရှင်ကြောင့် ကျွန်မ ချစ်တဲ့ လူနဲ့ ကွဲရတာရှင့်၊ ရှင်ဟာ ကျွန်မတို့ကို အမျိုးမျိုး လိုက်ပြီး နှောင့်ယှက် နေတဲ့လူ၊ မန္တလေးတောင်ခြေတုန်းကလည်း ရှင်ပဲ အတင်းလိုက်ခဲ့ပြီ ကျွန်မကို အိမ်ပြန် ခေါ်လာတာ၊ အခုကိစ္စလည်း ရှင် လူနှစ်ယောက် ကိုလွှတ်ထားလို့ ကျွန်မတို့ အစီအစဉ် ပျက်ရတာ ရှင့်ကြောင့်. . . ."

"ရှင့်ကို မုန်းတယ်. . . . မုန်းတယ်"

ခင်မွှန် ပြောရင်းမှ ဒေါသထွက်လာ၍ ခေါင်းအုံးကို လက်သီးဆုပ်နှင့် တဗုန်းဗုန်း ထုနေပါသည်။

"ခင်ဗျား အဲဒီလိုလုပ်ရင် အရင်ဆုံး ဦး ဒုက္ခဖြစ်မှာပေါ့ဗျာ"

"ဖေဖေ ဒုက္ခ ဖြစ်ရတာလည်း ရှင့်ကြောင့်ပဲ ကျွန်မ အစီအ စဉ်အတိုင်းသာ အောင်နဲ့ပါသွားရင် ဖေဖေ ဒီလောက် ဒုက္ခဖြစ်မှာ မဟုတ်ဘူး၊ ရှင့် လူတွေ ထိုးလား၊ ကြိတ်လားလုပ်လို့ အသံတွေ ဆူပြီး ဖေဖေ ဆင်းလာတာ၊ ဒါကြောင့်မို့ ဖေဖေ ဒေါသဖြစ်စရာတွေ တွေ့ပြီး ရုတ်တရက် စိတ်မထိန်းနိုင်ဖြစ်သွားတာ၊ အေးအေး ဆေး ဆေး စဉ်းစားချိန်ရလို့ ရှင်လည်း အားပေးမယ်ဆိုရင် ဖေဖေ ဒီလို ဖြစ်မှာ မဟုတ်ဘူး"

ကျော်သာ ခေါင်းကို ခါယမ်း ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့် လူတွေကို လွှတ်ထားတာလဲ၊ အဲဒီလို လုပ်ဖို့အထိ ကျွန်တော် ပြောမထားပါဘူးဗျာ၊ ကျွန်တော့် စိတ်ထဲမှာ မခင်မွန် တစ်ခုခု လုပ်လိမ့်မယ်လို့တော့ ထင်နေတယ်၊ လုပ်ရင် ဦး ဒုက္ခ ဖြစ်မှာစိုးလို့ မလုပ်နိုင်အောင် ဟန့်တားထားပြီး ကျွန်တော့်ဆီ ဖုန်းဆက်ဖို့ လွှတ်ထားတာပါ၊ သူတို့ ပြောတာတော့ မခင်မွန် လူက စ,ထိုးလို့ အဲဒီလိုမှ မလုပ်ရင် မခင်မွန် ပါသွားမှာမို့ လုပ်ရတာပါတဲ့"

"ပါသွားတော့ ဘာဖြစ်လဲ၊ ပါသွားတော့ သူတို့အပူ ဘာပါလဲ"

ခင်မွန် ဒေါသတကြီး မေးသည်။

"ဦး ဘက်ကလဲ ပြန်ကြည့်ပါဦး မခင်မွန်၊ လူသိရှင်ကြား လက်ထပ်ပေးထားပြီးမှ မခင်မွန် အဲဒီလို လုပ်ရင် ဦး ဘယ်လောက် သိက္ခာ ကျမလဲ၊ အရှက်ကွဲ မလဲ၊ ဒါဆိုရင် ဦး အခြေအနေက ဒီထက်တောင် ဆိုးဦးမယ်၊ ကျွန်တော်လုပ်တာ ကျွန်တော့်အတွက် မဟုတ်ဘူး ဦး အတွက်၊ ပြီးတော့ မခင်မွန်အတွက်. . . ."

ကျော်သာ၏ လေသံများလည်း မာလာပါသည်။

"ဘာ. . . . ကျွန်မအတွက် ဟုတ်လား ဟင်း. . . . ဟင်း ရယ်စရာကောင်းလိုက်တာ၊ ကျွန်မကို ရှင်နဲ့ ညားပြီး ဒုက္ခပေးဖို့ အတွက်ပေါ့ ဟုတ်လား"

ရုပ်ကလေး လှသလောက် ရန်တွေ့ကောင်းနေသော ခင်မွန်ကို ကြည့်၍ ကျော်သာ စိတ်ပျက်မိသည်။

"ဟုတ်တယ် ခင်ဗျားအတွက် ခင်ဗျား တစ်သက်လုံး ဒုက္ခရောက်မှာ စိုးလို့၊ ကျွန်တော့်အတွက်ကတော့ ခင်ဗျား သိအောင် ပြောထားလိုက်မယ်၊ ခင်ဗျားလောက် လှတဲ့ မိန်းကလေးတစ်ယောက်ကို အချိန်မရွေး ကောက်ယူလို့ရတယ်၊ ကျွန်တော့်ကို အထင်ကြီးတဲ့ မိန်းကလေးတွေ ငွေကြေး ဥစ္စာပြည့်စုံတဲ့ မိန်းကလေးတွေ ပြည့်လို့"



"ပြည့်လို့ဆိုရင် ရှင် အဲဒီ မိန်းကလေးတွေ သွားယူပါလား၊ ကျွန်မကိုပဲ ဘာလို့ ကပ်နေရတာလဲ"

"ခင်ဗျား ဒုက္ခဖြစ်မှာ စိုးလို့ဆိုတာ ပြောပြီးပြီ မဟုတ်လား"

"ဖြစ်. . . . ဖြစ်. . . . ဖြစ်ချင်တာ ဖြစ်ပစေ"

"ခင်ဗျားဟာ အတော်အပြောရ ခက်တာပဲ၊ ကဲ . . . . ဒီလောက်တောင်ရှိတာ ကျွန်တော် သူများအကြောင်း မကောင်းမပြောချင်ပေမယ့် ခင်ဗျား သိအောင် အားလုံး ဖွင့်ပြောလိုက်မယ်၊ ခင်ဗျား သိပ်ချစ် သိပ် အထင်ကြီးနေတဲ့ အောင်ဇော်ဆိုတဲ့ လူကို ကျွန်တော် ကိုယ်တိုင် အသေအချာ စုံစမ်းပြီးပြီ. . . . သင့်တော်ရင် ကျွန်တော် ကိုယ်တိုင် ဦးကို ပြောပြမလို့ပါ၊ ဒါပေမယ့် မခင်မွန် လူက မခင်မွန် ပေးထားတဲ့ ငွေတွေနဲ့ စားသောက်ဆိုင်မှာ သူဌေးသားလို သုံးဖြုန်း၊ မိန်းကလေးတွေနဲ့ ရှုပ်လုပ်နေတယ်"

"ရှင်. . . . ဒါတွေဟာ အောင့်ကို ကျွန်မ စိတ်ပျက်သွားအောင် မဟုတ်တမ်း တရားတွေ ပြောနေတာပဲ၊ ကျွန်မ တစ်ခုမှ မယုံဘူး"

"ကဲ. . . အဲဒီလိုဆိုရင် ပိုပြီး တိတိကျကျ ပြောလိုက်ဦးမယ်၊ အဲဒီလူ ဖားကန့်ကို ကျောက်စိမ်း အရောင်းအဝယ် လုပ်မယ်ဆိုတော့ မခင်မွန်က စိန်လက်စွပ်ရော ငွေပါ ထုတ်ပေးလိုက်တယ်၊ ဟိုရောက်တော့ ကျောက်တစ်လုံးကို အပိုင်ထင်ပြီး ဝယ်တယ်၊ ကျန်တဲ့ငွေက မိန်းမတွေနဲ့ ပျော်ပါးပြီး ဖဲရှုံးလို့ ကုန်တယ်၊ ဝယ်တဲ့ ကျောက်က အကြွအဖန်ဖြစ်နေလို့ ရှုံးတယ်၊ ဒီကျတော့ ကျောက်အလိမ်ခံရလို့ အားလုံး ကုန်တယ်လို့ ပြောတယ်"

"မဟုတ်ဘူး. . . . မဟုတ်ဘူး၊ ရှင် ပြောတာတွေ တစ်ခုမှ မယုံဘူး"

ကျော်သာ မခင်မွန်ကို စိတ်မဆိုးနိုင်တော့ပါ။ အလွန်သနား

www.burmeseclassic.com

www.burmeseclassic.com

စရာကောင်းသည့် မိန်းကလေးအဖြစ်နှင့် ကြည့်နေမိသည်။

"ခက်တာပဲဗျာ၊ ကျွန်တော် မဟုတ်တာတွေ ပြောနေတာ မဟုတ်ပါဘူးဗျာ. . . . အသေအချာ သိလို့ ပြောတာပါ၊ မခင်မွှန် ဒုက္ခဖြစ်မှာ စိုးလို့ပါ"

"ဖြစ်ချင် ဖြစ်ပါစေလို့ ရှင့်ကို ပြောထားပြီးပြီ မဟုတ်လား"

ခင်မွှန့်ဘက်မှ စကားကုန်နေပြီ။

ကျော်သာ ခင်မွှန့်ကို အံ့သြစွာ ငေးကြည့်နေမိပါသည်။

ခင်မွှန်က မွေ့ရာ ခင်းထားသည့် ခုတင်ပေါ်မှာ ဒူးနှစ်ဘက်ကို ထောင်၍ လက်နှစ်ဘက်ဖြင့် ပိုက်ပြီး ထိုင်နေသည်။

ကျော့ရှင်းလှပသော ကိုယ်ခန္ဓာနှင့် လိုက်လျောညီထွေသော မျက်နှာ လှလှလေး။

ကုပ်ပေါ်တွင် ဖွာဖွာထွေးထွေး ဝဲကျနေသော နက်မှောင်သည့် ဆံပင်များက ဖြူဝင်းသော မျက်နှာလေးကို လှပစွာ အနားသပ်ပေးထားကြသည်။

သူ့ ကျေးဇူးရှင် သိပ်ချစ်သော သမီးလေး။ သူကိုယ်တိုင်လည်း မြတ်နိုးမိသော မိန်းကလေး။

ဤ မိန်းကလေးသည် မိုက်မဲစွာ ခေါင်းမာ၍ နေလေပြီ။

ကျော်သာ လမ်းနှစ်သွယ် စဉ်းစားလိုက်သည်။

တစ်လမ်းက သူ့ ထိုက်နှင့် သူ့ကံ လျစ်လျူ ရှုလိုက်ရန်. . .

သို့သော် ထိုသို့ ပြုခြင်း၏ နောက်ဆုံး ဖြစ်ပေါ်လာမည့် အဖြေကို ကျော်သာ သိနေသည်။ ရှိပစ္စည်းများ အားလုံး ကုန်ပြီး ဒုက္ခမျိုးစုံ ကြုံပြီးမှ ခင်မွှန် နောင်တ ရလိမ့်မည်။ သို့သော် ထိုနောင်တသည် ဘာမျှ အသုံးကျတော့မည် မဟုတ်။

ဒုတိယ လမ်းတစ်သွယ်ကတော့ ခင်မွှန်ကို အတင်းအကျပ် သိမ်းပိုက်လိုက်ရန် ဖြစ်သည်။



ခင်မွှန်သည် သူနှင့် လက်ထပ်ထားသည့် သူ့မယား။ အိပ်ရာတစ်ခုတင်တည်းမှာ အိပ်နေသူ။ အိမ်ကြီးပေါ်မှာလည်း မည်သူမျှ မရှိ။

"အချစ်နှင့် စစ်မှာ မတရားတာမရှိ" ဟူသော စကားကို ကျော်သာ ကြားဖူးသည်။

သို့သော် ထိုသို့ ပြုလိုက်လျှင် ခင်မွှန် သူ့ကို တစ်သက်လုံး နာကြည်းသွားလိမ့်မည်။ ခင်မွှန့် မေတ္တာကို ဒီတစ်သက်မှာ သူ ရနိုင်တော့မည် မဟုတ်။

ကျော်သာ အစဉ်းစားရ ခက်လှသည်။

"ဘယ်လိုပဲ ဖြစ်ဖြစ်လေ၊ မခင်မွှန်ရော ကျွန်တော်ပါ ဒီနေ့ ဦးကို အခိုင်အမာ ကတိ ပေးခဲ့ကြပြီ၊ ဦး ကိုယ်တိုင်လည်း ဒုတိယ အကြိမ် လက်ထပ်ပေးလိုက်ပြီး ဖြစ်နေပြီ"

ကျော်သာ မတတ်နိုင်တော့ပါ။ မပြောချင်သော အကျပ်ကိုင် စကားနှင့်ပင် ခင်မွှန့်ကို သတိ ပေးလိုက်ရသည်။

ခင်မွှန် ကျော်သာကို လှမ်းကြည့်လိုက်သည်။ သို့သော် ကြည့်ပုံက ကြောက်ကြောက် လန့်လန့်မဟုတ် တည်ငြိမ်သည်။

"ဘာလဲ၊ အဲဒီ ကတိအရ ရှင် ကျွန်မကို ဒီနေ့ည သိမ်းပိုက်တော့မလို့လား၊ ရပါတယ်၊ ကျွန်မလည်း ဖေဖေ့ကို ကတိပေးပြီးသားပဲ၊ ရှင် ယူနိုင်ပါတယ်၊ ကျွန်မရဲ့ ခန္ဓာကိုယ်ကို ရှင်ရမှာပေါ့၊ ဒါပေမယ့် ကျွန်မ ရှင့်ကို ပိုပြီး စက်ဆုပ်သွားမယ်၊ တစ်သက်လုံး နာကြည်းပြီး အမုန်းကြီး မုန်းပစ်လိုက်မယ်"

ပြောနေရင်းမှာပင် ခင်မွှန်၏ အကြည့် မျက်လုံးများတွင် ရက်စက်ခါးသီးသော အမုန်းကို ကျော်သာ မြင်နေရသည်။

ကျော်သာ မလိုချင်ဆုံးသော ဆု၊ မဖြစ်ချင်ဆုံးသော အဖြစ်။

"ခက်တာပဲဗျာ၊ ကျွန်တော် လိုချင်တာကလည်း မခင်မွှန်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ခန္ဓာ မဟုတ်ဘူး၊ ကျွန်တော့်မှာ အဲဒီလောက် အောက်တန်းကျတဲ့ စိတ်မရှိဘူး၊ ကျွန်တော် လိုချင်တာ မခင်မွန်ရဲ့ မေတ္တာ၊ ကျွန်တော် မခင်မွန်ကို သိပ်ချစ်တယ်ဗျာ၊ ခင်ဗျား သိပ်ထင်နေတဲ့ အောင်ဇော် ဆိုတဲ့လူ ချစ်တာထက် စင်ကြယ်တဲ့ မေတ္တာမျိုးနဲ့ အဆပေါင်းများစွာ ပိုပြီး ချစ်တာ၊ ခင်ဗျား ကျွန်တော့် မေတ္တာကို ဘာလို့ မတုံ့ပြန်နိုင်တာလဲဗျာ"

ကျော်သာ ဝမ်းနည်းကြေကွဲစွာ ညည်းညူပြောဆို၍ ခင်မွန် ကိုယ်တိုင်ပင် သနားသလို ဖြစ်သွားမိသည်။

"အဲဒါကိုလည်း ရှင် သိပါတယ်၊ ကျွန်မမှာ ချစ်သူ ရှိနေပြီးသားမို့ ကျွန်မ နှလုံးသားမှာ ရှင့်အတွက် နေရာမပေးနိုင်တာ ဝမ်းနည်းပါတယ်လို့ ပြောရမှာပဲ"

ခင်မွန့် လေသံပါ နည်းနည်း ပျော့သွားသည်။

ထောက်ထားသော ဒူးပေါ်တွင် မေးတင်လျက်မှ မျက်လုံးပင့်ကြည့်လိုက်သော ခင်မွန်၏ အလှကြောင့် ကျော်သာ ရူးချင်သလိုပင် ဖြစ်သွားမိသည်။

အရယူလိုက်လျှင် ရတော့ရမည်။ သို့သော် ကိုယ့်ကို အလွန်မုန်းသော မိန်းမနှင့် တစ်သက်လုံး ပေါင်းရမည့် ကြေကွဲစရာ ဒုက္ခကို မရှုမလှ ခံစားရလိမ့်မည်။

မထွေးနိုင် မအန်နိုင် ခံစားနေရသော အဖြစ်။

ကျော်သာ ခုတင်ပေါ်သို့ ကိုယ်တစောင်း တက်ထိုင်လိုက်သည်။

"ကျွန်တော် ဘာလုပ်ရမလဲ မခင်မွန်၊ ကျွန်တော့်ကို ယူရင် ခင်ဗျား တစ်သက်လုံး စိတ်ချမ်းသာအောင် အကောင်းဆုံး ထားမှာပါဗျာ"

ကျော်သာ အားမလို အားမရဖြစ်၍ ခင်မွန့် ပခုံးကို ကိုင်



လှုပ်ပြီး ပြောမိသည်။

ခင်မွန်က မရုန်းပါ။ ငြိမ်သက်စွာ ထိုင်လျက်. . . .

"ကျွန်မ ပြောပြီးပြီပဲ၊ ရှင် ကျွန်မကို ယူချင်ရင် ယူနိုင်တယ်၊ ကျွန်မ မငြင်းပါဘူး၊ ကျွန်မ ကိုယ်ခန္ဓာတော့ရမယ်၊ ဒါပေမယ့် ရှင် ဘယ်လိုပဲ စိတ်ချမ်းသာအောင် ထားထား ကျွန်မ တစ်သက်လုံး စိတ်ဆင်းရဲမှာပဲ"

"ဟာဗျာ. . . ."

ခင်မွန့် ပခုံးပေါ်မှာ ရှိနေဆဲဖြစ်သော လက်များကို ကျော်သာ ရုတ်တရက် ဖယ်ပစ်လိုက်မိသည်။

"ခင်ဗျား သိပ်ရက်စက်တယ်ဗျာ. . . . မခင်မွန်"

ကျော်သာ ခုတင်ပေါ်မှ ဆင်း၍ ဒရင်းဘက်ပေါ်မှာ ပြန်ထိုင်လိုက်သည်။

"ဒါဟာ ခင်ဗျားရဲ့ နောက်ဆုံး စကားလား. . . . မခင်မွန်"

ခင်မွန့် မျက်နှာကို စေ့စေ့ကြည့်၍ ကျော်သာ မေးလိုက်သည်။

"ကျွန်မ ရင်ထဲမှာ ရှိတဲ့အတိုင်း ပြောတာပါ"

ခင်မွန့် လေသံက အေးအေးဆေးဆေး ဖြစ်သည်။

ကျော်သာ သက်ပြင်းတစ်ချက်ကို မနိုင်ဝန်တစ်ခု လွှတ်ချသလို ချပစ်လိုက်သည်။

"ကောင်းပြီဗျာ. . . . ဒါဖြင့် မခင်မွန်ဆီက ကတိ တစ်ခုတော့ တောင်းမယ်"

ခင်မွန်က လှပသော အကြည့်တစ်ချက် ဝင့်လိုက်သည်။

ပြောပါဆိုသော အဓိပ္ပာယ်။

"ဦးရဲ့ ကျန်းမာရေး အခြေအနေအရ ဦး မကွယ်လွန်မချင်း နောက်ထပ် အခု ကြံစည်တာမျိုး ဘာမှ မလုပ်ပါဘူး လို့တော့ ကတိ

www.burmeseclassic.com

www.burmeseclassic.com



ပေးပါ"

"အဲဒီလိုဆိုရင် ရှင်ကလည်း ကတိတစ်ခု ပေးရမယ်"

"ပြောပါ. . . ."

"ဖေဖေ ကွယ်လွန်သွားရင် ကျွန်မ စိတ်ချမ်းသာအောင် ရှင့်ဘက်ကလည်း ကူညီပါ့မယ်ဆိုတဲ့ ကတိ"

ကျော်သာ စိတ်မောသွားရပြီ။ အပြောရလည်း ခက်သွားပြီ။

သူ စိတ်ချမ်းသာအောင် ကူညီရမည့် ကိစ္စကို ကျော်သာ သိနေသည်။ မလုပ်ချင်ဆုံး အလုပ်ကို လုပ်ပေးရလိမ့်မည်။

အရက်စက်ဆုံးသော တောင်းဆိုမှု ဖြစ်သည်။

သို့သော် ဦး မကွယ်လွန်မီ စိတ်ချမ်းသာ သွားစေချင်သည်။

"ကောင်းပါပြီဗျာ. . . . ခင်ဗျား လိုချင်တဲ့ ကတိကို ကျွန်တော် ပေးပါတယ်"

ကျော်သာ ဝမ်းနည်းကြေကွဲစွာ ကတိ ပေးလိုက်ရပါသည်။

"ကျွန်မလည်း ကိုကျော်သာ လိုချင်တဲ့ ကတိကို ပေးပါတယ်"

ကျော်သာ ခေါင်းအုံးနှင့် စောင်ကို ဆွဲယူ၍ ဒရင်းဘက်ပေါ် တင်ပြီး ဒရင်းဘက်ကို နံရံဆီသို့ တွန်းရွှေ့သွားလိုက်သည်။

* * *

ညနေပိုင်း လူနာတွေ့ချိန်တွင် ဆေးရုံသို့ သွားရန် ကျော်သာနှင့် ခင်မွန် ပြင်ဆင်နေကြသည်။ ဒေါ်မြက ကြက်ပေါင်းရည် တစ်ချိုင့် နို့ကြက်ဥ ပူတင်း တစ်ချိုင့် ထည့်နေသည်။

မနက်ပိုင်း ကျော်သာနှင့် ခင်မွန် တစ်ခေါက်သွားစဉ်က ဦးမင်းအောင်၏ အခြေအနေက ပိုပြီးထူထူထောင်ထောင် ဖြစ်လာ၍



နှစ်ယောက်လုံး ဝမ်းသာနေကြသည်။ ညာဘက်အခြမ်း လေဖြတ်သည်ကတော့ ပြန်ကောင်းရန် မလွယ်ဟု ဆရာဝန်က ပြောသည်။

သို့သော် အသက်မသေလျှင်ပင် ဝမ်းသာလှပြီ။ လေဖြတ်သည်ကိုတော့ ဆေးရုံက ဆင်းမှ မြန်မာဆရာကောင်းကောင်းနှင့် ကုယူမည်ဟု နှစ်ဦးသဘောတူ တိုင်ပင်ထားကြသည်။

ဆေးရုံသွားရန် ရိုးရိုးလေး ဝတ်ထားသည်ပင် လှနေသော ခင်မွန့်ကို တိတ်တခိုး ကြည့်ပြီး ကျော်သာ သက်ပြင်းတစ်ချက် လူမသိအောင် ရှိုက်လိုက်သည်။

ခင်မွန်က ချိုင့်နှင့် လိမ္မော်သီးများ ထည့်ထားသော ပလတ်စတစ်အိတ်ကို ခြင်းထဲ ထည့်လိုက်သည်။

ကျော်သာ ခြင်းကို ဆွဲယူလိုက်သည်။

နှစ်ယောက်အတူ အိမ်ထဲက ထွက်လိုက်သည်။ ဘယ်လိုပဲ ဖြစ်ဖြစ် သူတစ်ပါး အမြင်မှာတော့ လင်မယား။ ဟန်ဆောင် လင်မယား ဖြစ်ဖြစ်၊ အငှား လင်မယား ဖြစ်ဖြစ် ကျော်သာ ရင်ထဲမှာ ခင်မွန်နှင့် အတူ နေရသမျှလေးကို ရူးမိုက်စွာ သာယာနေမိသည်။

ခင်မွန် ကားထဲသို့ ဝင်ရန် ကျော်သာ တံခါးဖွင့်ပေးလိုက်သည်။

ခင်မွန် ကားထဲသို့ အဝင်မှာ လက်မောင်းချင်း ထိသွားသည်ကိုပင် ကျော်သာ့ ရင်ထဲမှာ ကြည်နူးစရာ။

ကျော်သာ ကားပေါ် တက်မည်လုပ်မှ အိမ်ထဲမှ တယ်လီဖုန်း မြည်လာသည်။

ဒေါ်မြ သွားကိုင်နေသည်။

"မောင်ကျော်သာ ဆေးရုံကတဲ့၊ တယ်လီဖုန်း"

ကျော်သာ စိတ်ထဲမှာ ထင့်သွားသည်။

အိမ်ထဲသို့ အပြေးအလွှား ဝင်၍ တယ်လီဖုန်းကို ကိုင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

". . . . . . . . . . . . ."

"ခင်ဗျာ. . . . ဘယ်အချိန်ကလဲ ဗျာ. . . ."

". . . . . . . . . . . . ."

"ဟုတ်. . . . ဟုတ်ကဲ့ပါဗျာ၊ ကျွန်တော်တို့ အခု လာခဲ့ပါမယ်. . . ."

ကျော်သာ မျက်စိ မျက်နှာ ပျက်နေသည်ကို ကြည့်၍ ဒေါ်မြ မျက်နှာ ငိုတော့မလို ဖြစ်နေပြီ။

ကားထဲ ရောက်နေပြီ ဖြစ်သော ခင်မွန်လည်း အိမ်ထဲသို့ ပြန်ရောက်လာပြီ။

"ဘာလဲ ကိုကျော်သာ၊ ဘာဖြစ်လို့လဲ ဟင်. . . ."

"ဦး. . . . ဆုံးသွားရှာပြီ. . . ."

ကျော်သာ့ အသံတွေ တစ်ဆို့နေပြီ။

ဒေါ်မြ ဟစ်အော် ငိုကြွေးနေလေပြီ။

ခင်မွန် ဧည့်ခန်းထဲမှ ဆိုဖာပေါ်မှ အရုပ်ကြိုးပြတ် ထိုင်ချလိုက်ပြီး ဝမ်းနည်း ပူဆွေးစွာ ငိုကြွေးပါသည်။

ကျော်သာကတော့ တယ်လီဖုန်းနားမှ ထိုင်ခုံမှာပင် ထိုင်၍ ငိုင်နေမိသည်။

သူ့ဘဝအတွက် အားကိုးရာ ရွှေတောင်ကြီး ပြိုလဲသွားခဲ့လေပြီ။

လက်ဖက်ရည်ဆိုင် စားပွဲထိုးဘဝ အလုပ်ပြုတ်သည်မှ စ၍ လူတစ်လုံးသူတစ်လုံးဖြစ်သည်အထိ ပြုစုပျိုးထောင်ပေးခဲ့သော ကျေးဇူးရှင်ကြီးကို မျက်စိထဲမှာ မြင်ယောင်နေမိသည်။

နှမ်းအရောင်းအဝယ်ကိစ္စမှာ အယူအဆ မတူ၍ အငြင်းပွားနေသည့်ကြားမှပင် ကျော်သာ့ စိတ်ကူးကို အကောင်အထည်ဖော်



ခွင့်ရအောင် တစ်ဖက်လှည့်နှင့် လိုသော ငွေရအောင် ကူညီပေးခဲ့သူ. . . .

ကျော်သာ့ ရင်ထဲမှာ ဆို့နင့်လာသည်။

အလုပ်ရှင်လို၊ ဆရာလို အားကိုးရရုံမက ဖခင်လို ချစ်ရသူ၊ မိမိကိုလည်း တပည့်လိုသာမက သားလိုပါ ချစ်သောသူ။

ကျော်သာ့ ပါးပေါ်မှာ ပူလောင်သော မျက်ရည်များက အလိုလို စီးဆင်းလာကြသည်။

ခင်မွန့်ကို ငဲ့ညှာမိ၍ ကျေးဇူးရှင်ကြီး မကွယ်လွန်မီမှာ မိမိကို အထင်လွဲပြီး မကျေမနပ် ဖြစ်သွားရသည်ကို စဉ်းစားမိတော့ ကျော်သာ့ ရင်ထဲမှာ ဆောက်တည်ရာ မရ ဖြစ်မိသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ဦးရယ်. . . ."

ကျော်သာ နှုတ်မှ တောင်းပန်ပြီး တယ်လီဖုန်းတင်ထားသော စားပွဲပေါ်မှာ မျက်နှာ အပ်၍ ငိုကြွေးမိပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၀)

ဦးမင်းအောင်၏ ဈာပနကိစ္စပြီးသော နောက်တစ်နေ့မှာပင် ကျော်သာ ပေးထားသော ကတိအတိုင်း ခင်မွန်နှင့် ရင်ဆိုင်ရပါသည်။

ဈာပနကိစ္စအတွင်းမှာနှစ်ဦးလုံး ထိုအကြောင်းကိုမဆွေးနွေးရန် သဘောတူခဲ့ကြပါသည်။ ကျော်သာကတော့ ဈာပနကိစ္စပြီးသည့် နောက်တွင်လည်း မဆွေးနွေးချင်ပါ။ မြွေမသေ တုတ်မကျိုးပင် ဖြစ်ဖြစ် ဟန်ဆောင် လင်မယားပင်ဖြစ်ဖြစ် ဤအတိုင်း ကန္တြေမပျက် ဆက်နေရလျှင် နေချင်ပါသည်။

သို့သော် ခင်မွန်က စတင်လာပါသည်။

"ဘယ်လိုလဲ ကိုကျော်သာ ရှင် ပေးထားတဲ့ကတိ"

နေ့ခင်းပိုင်းတွင် ကျော်သာ စိတ်ပန်းလူပန်းနှင့် ခုတင်ပေါ်မှာ ခဏ လှဲနေခိုက်တွင် ခင်မွန် အခန်းထဲသို့ ဝင်လာ၍ မေးလိုက်ခြင်းဖြစ်သည်။

ကျော်သာ ဘာပြောရမှန်းမသိ။ ခုတင်ပေါ်မှ ဆင်းပြီး ဒရင်းဘက်ပေါ် ပြောင်းထိုင်လိုက်သည်။ ခင်မွန် ခုတင်ပေါ်မှာ ထိုင်သည်။

"ရှင် တောင်းတဲ့ ကတိကို ကျွန်မ လိုက်နာခဲ့ပြီလေ၊ ဖေဖေ့ရဲ့ ဈာပနကိစ္စလည်း ပြီးသွားပြီ"

"ကောင်းပါပြီ၊ မခင်မွန် ဘယ်လို ဖြစ်ချင်သလဲ ပြောပါ"



ကျော်သာ ဝမ်းနည်းကြေကွဲစွာ မေးလိုက်ပါသည်။

"ကိုကျော်သာ ကျွန်မကို တရားဝင် ကွာပေးပါ"

ကျော်သာ့ ရင်ထဲမှာ နာသွားမိသည်။

"ကျွန်တော် ကွာပေးပြီးရင်. . . ."

"ကျွန်မ အောင်နဲ့ လက်ထပ်မယ်"

"မခင်မွန် ကျွန်တော့်ကို မကြည့်ချင် မမြင်ချင်တော့ဘူးဆိုရင် ကျွန်တော် ကွာပေးပါ့မယ်၊ ဒီအိမ်ကြီးကလည်း ဆင်းသွားပါ့မယ်၊ ဒါပေမယ့် အောင်ဇော်နဲ့ လက်ထပ်ဖို့ကိစ္စကတော့ စဉ်းစားစေချင်တယ်"

"ကျွန်မ စဉ်းစားပြီးပါပြီ"

ခင်မွန်ကတော့ ပေါ့ပေါ့လွယ်လွယ်ပင် ပြောလိုက်ပါသည်။

"ကျွန်တော် အသေအချာ အခိုင်အမာ စုံစမ်းပြီး သိတာပါ မခင်မွန်၊ ဒီလူဟာ ဘာမှ လက်ကြောတင်းအောင် မလုပ်ချင်ဘူး၊ သုံးမယ်၊ စားမယ်၊ မိန်းမရှုပ်မယ်၊ မခင်မွန်မှာ ရှိတဲ့ ဥစ္စာ အားလုံး ကုန်ပြီး ဒုက္ခဖြစ်ကျန်ခဲ့မှာပါ"

"ဘယ်လိုပဲ ဖြစ်ဖြစ် ကျွန်မ ရင်ဆိုင်မယ်"

"အဲဒီလောက် မိုက်မိုက်မဲမဲ မဆုံးဖြတ်ပါနဲ့ မခင်မွန်"

"ရှင်က အောင့်ကို မဟုတ်မတရားတွေ ပြောနေတာကိုး"

"ကျွန်တော် မဟုတ်မတရားပြောတာ မဟုတ်ဘူးဗျ၊ ကျွန်တော့်တပည့် ပွဲစားစာစ်ယောက်ကို အောင်ဇော့် သူငယ်ချင်းတစ်ယောက်နဲ့ ခင်မင်ရင်းနှီးအောင် အပေါင်းခိုင်းပြီးမှ သိရတာ"

"ရှင့် တပည့်က ရှင့် အကြိုက်လိုက်ပြီး ပြောမှာပေါ့"

ခင်မွန်က မလျှော့။

"ကျွန်တော်လည်း အဲဒီလို ထင်လို့ ဒီပြင်တစ်ယောက်ကို အစုံစမ်းခိုင်းတော့လဲ ပိုတောင် ဆိုးပါသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဆိုးပါစေလေ၊ ဒါတွေက ကျွန်မ ကိစ္စပါ၊ ရှင်နဲ့ မဆိုင်ပါဘူး"

ရက်စက်စိမ်းကားစွာ ပြောဆိုလိုက်သော ခင်မွန့် စကားကြောင့် ကျော်သာ ရင်ထဲမှာ တင်းသွားသည်။

"ဆိုင်တယ်ဗျ ဆိုင်တယ်၊ ဦး ကျေးဇူးတွေကို ထောက်ထားပြီး ကျွန်တော် စေတနာနဲ့ ပြောနေတာ၊ ခင်ဗျားကို ချစ်မိတဲ့ လူတစ်ယောက်အနေနဲ့ ပြောနေတာ၊ ခင်ဗျားကို ကျွန်တော် မရချင်နေပါစေ ခင်ဗျား ဒုက္ခ မရောက်စေချင်လို့ ပြောနေတာ၊ ခင်ဗျား ဒီလောက်မှ နားမလည်ဘူးလား"

"မလည်ဘူး. . . . မလည်ဘူး၊ ရှင်ဟာ ယောကျ်ား မဟုတ်ဘူး၊ ကိုယ် ပေးခဲ့တဲ့ ကတိ ကိုယ်တကယ်လိုက်လျောရမယ့် အချိန်ကျမှ ဒါတွေ လာပြောမနေနဲ့၊ ဘာမှ ကျွန်မ မကြားချင်ဘူး"

ကျော်သာက ဒေါသနှင့် အော်ပြော၍ ခင်မွန်ကလည်း ဒေါသနှင့်ပင် ပြန်အော်လိုက်သည်။

ကျော်သာ ထိုင်နေရာမှ ဝုန်းခနဲ ထ,လိုက်သည်။

"ကောင်းပြီ၊ ကျွန်တော့် တာဝန် ကုန်ပြီ၊ ခင်ဗျားဟာ အစဉ်းစားဉာဏ်မရှိတဲ့ မိန်းမ၊ ငရဲပန်းကို ရွှေပန်းထင်တဲ့ မိန်းမ၊ မကောင်းတဲ့ လူကို အကောင်းထင်ပြီး ကောင်းတဲ့ လူကို မကောင်းထင်တဲ့ မိန်းမ၊ ခင်ဗျားထိုက်နဲ့ ခင်ဗျားကံ၊ ဒုက္ခဖြစ်မှ နောင်တရမယ့် မိန်းမ"

"ရှင် တော်တော့၊ ဆက်မပြောနဲ့၊ ရှင်သာ ဖေဖေ့ စည်းစိမ်ရော သမီးကိုပါ အပိုင်စီးချင်တဲ့ လူ"

"ခင်ဗျား. . . . အဲဒီလို မပြောနဲ့"

ကျော်သာ့ ရင်ထဲမှာ ဆတ်ဆတ်ခါခါ နာမိသည်။

"ပြောမယ်၊ ဟုတ်တာပြောတော့ ရှင် နာသွားပြီမို့လား"

"မဟုတ်ဘူး၊ ကျွန်တော့်မှာ အဲဒီလို ယုတ်မာတဲ့ စိတ်မရှိဘူး"



"ဟုတ်တယ်၊ ရှင် လူယုတ်မာ"

"ဖြန်း. . . . "

ကျော်သာ ခင်မွန့် ပါးကို ရိုက်ပစ်လိုက်၍ ခင်မွန် ခုတင်ပေါ်သို့ လဲကျသွားသည်။

ခင်မွန် လက်တစ်ဘက်နှင့် နာကျင်နေသော ပါးကို ကိုင်ရင်း ကျော်သာ့ကို ကြောက်ရွံ့စွာနှင့် မုန်းတီးစွာ ကြည့်နေသည်။

ရုတ်တရက် ဒေါသကို မချုပ်ထိန်းနိုင်ဘဲ ရိုက်လိုက်မိပြီးမှ လွန်သွားမှန်း သိ၍ ကျော်သာ စိတ်မကောင်း ဖြစ်မိသည်။

"ကျွန်တော့် စိတ်ကို မထိန်းနိုင်ဘဲ ရိုက်လိုက်မိတာကို ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ တကယ်တော့ ဘယ်လိုပဲဖြစ်ဖြစ် သူများ သားသမီးကို နာကျင်အောင် ဒီလို မလုပ်သင့်ပါဘူး၊ မခင်မွန် ကျွန်တော်ကို ပြန်ရိုက်ပါ"

"ကျွန်မ ရှင့် မျက်နှာကို မကြည့်ချင်ဘူး"

ခင်မွန် ခုတင်ပေါ်မှ ခေါင်းအုံးမှာ မျက်နှာအပ်၍ ရှိုက်ကြီးတငင် ငိုပါသည်။

"ကောင်းပါပြီ၊ ကျွန်တော် ထွက်သွားဖို့ ဆုံးဖြတ်ပြီးသားပါ၊ ခင်ဗျား ဆန္ဒအတိုင်း ကြိုက်သလို လုပ်ပါ၊ ကျွန်တော် လက်မှတ်ထိုးပေးစရာ ရှိသမျှ အားလုံး ထိုးပေးပါ့မယ်၊ နောက်ပြီး ကျွန်တော် လင်ခန်းမယားခန်းနဲ့ ပတ်သက်လို့လဲ ဘာပစ္စည်းတစ်ခုမှ မလိုချင်ဘူး၊ ပွဲရုံကိစ္စ ငွေကြေးကိစ္စလည်း ရှယ်ယာပါတဲ့ ကျွန်တော့် ငွေက စပြီး ဘာတစ်ခုမှ မလိုချင်ပါဘူး၊ အဲဒါပေမယ့် ဦး ကျွန်တော့် နာမည်နဲ့ ဝယ်ပေးထားတဲ့ ပွဲရုံကိုတော့ ကျွန်တော် လုပ်ငန်း လုပ်နိုင်ဖို့ ယူရလိမ့်မယ်၊ ဝယ်တုန်းကလည်း ကျွန်တော် ငွေနဲ့ ဝယ်တာပါ"

"ယူ. . . . ယူ. . . . ရှင့် ပွဲရုံ ရှင် ဆင်းသွား"

ခင်မွန် ငိုနေရင်းမှ အော်ပြောလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

စားပွဲပေါ်မှ အားပြိုင်နေသော နွားရုပ်ကလေး နှစ်ကောင်ကို ကျော်သာ ကောက်ယူလိုက်ပါသည်။

"ကောင်းပါပြီ ကျွန်တော် ခု သွားမှာပါ၊ မသွားခင် နောက်ဆုံး အနေနဲ့တော့ ကျွန်တော် ထပ်တောင်းပန်ပါတယ်၊ မခင်မွန်ကို ရိုက်မိတာ ကျွန်တော် မှားတယ်၊ မခင်မွန် အနေနဲ့ ကျွန်တော့် အကူအညီကို လိုရင် ပြောပါ၊ မခင်မွန် အမှန်ကို မြင်လာလို့ ဆုံးဖြတ်ချက် ပြောင်းရင်လည်း ကျွန်တော် အမြဲတံခါးဖွင့်ပြီး ကြိုဆိုလျက်ပါ၊ ဒါပေမယ့် တစ်ခုတော့ ကျွန်တော် ပြောပါရစေ၊ ဟိုလူနဲ့ ညားပြီးမှ မှားပြီးမှ ဆိုရင်တော့ ကျွန်တော် သနားပေမယ့် တခြား အကူအညီပဲ တောင်းပါတော့ မခင်မွန်"

"မတောင်းဘူး. . . . မတောင်းဘူး၊ ဘာအကူအညီမှ မတောင်းဘူး၊ မှားရင်လည်း ကိုယ့်ဘာသာပဲ ခံမယ်"

ခင်မွန် ကျော်သာ့ကို လှည့်၍ပင် မကြည့်တော့ပါ။

* * *

## အခန်း (၂၁)

ဦးမင်းအောင်၏ "မင်းအောင်ပွဲရုံ"မှ လူများသည် ကျော်သာ ပွဲရုံခွဲသောအခါ အားလုံးပင် ကျော်သာနှင့်အတူ လိုက်ချင်ကြသည်။

သို့သော် ကျော်သာက လက်မခံ။

"အဲဒီလိုတော့ မလုပ်ကြပါနဲ့ဗျာ၊ ဦးရဲ့ ကျေးဇူးကို ထောက်ပြီး ဒီမှာလည်း အရှိန်မပျက်အောင် ဆက်ပြီး ထိန်းပေးကြ လုပ်ပေးကြပါ၊ ကျွန်တော့် အကူအညီ လိုတာရှိရင်လည်း ပြောကြပါ၊ တိုင်ပင်စရာ ရှိရင်လည်း တိုင်ပင်ကြပါ"

ကျော်သာ သူ၏ သင်တပည့် နှစ်ယောက်ကိုသာ ခေါ်သွားသည်။ ဂိုဒေါင်လုပ်ထားသော ပွဲရုံမှာ အစကတည်းက တာဝန်ပေးထားသော အလုပ်သမားနှစ်ယောက်ကိုတော့ ဆက်သုံးသည်။

ကျော်သာ ပွဲရုံအသစ် ဖွင့်သည်နှင့် အဆက်အသွယ် ရှိပြီးသား ပွဲစားများ အားလုံး ကျော်သာနှင့် လာရောက် ဆက်သွယ်ကြသည်။

ဦးလေးသိန်းကတော့ ကျော်သာ၏ မိဘသဖွယ် ဖြစ်နေ၍ ခင်မွန်နှင့် ဖြစ်ကြသော ကိစ္စ အားလုံးကို ကျော်သာ ဖွင့်ပြောပြသည်။

ဦးလေးသိန်း စိတ်မကောင်း ဖြစ်သော်လည်း ဝင်၍ မသင့်သော ကိစ္စမို့ ကျော်သာကိုသာ နှစ်သိမ့် အားပေးသည်။

www.burmeseclassic.com

 www.burmeseclassic.com

"မောင်ကျော်သာကို ဦးလေး နားလည်ပါတယ်၊ ကွယ်လွန်သွားတဲ့ ဦးမင်းအောင်အတွက်လည်း ဦးလေး စိတ်မကောင်းပါဘူး၊ ဒါပေမယ့် မောင်ကျော်သာ လိမ္မာလို့ သူ့ခမျာ မသေခင် စိတ်ချလက်ချ ဖြစ်သွားတာတော့ တော်သေးတယ်လို့ ပြောရမှာပေါ့၊ မှားလိုက်တဲ့ မိန်းကလေးကွယ်၊ မိဘ စီစဉ်ခဲ့တာကို ပစ်ပယ်ရတယ်လို့ မိုက်လိုက်တာ"

ဦးလေးသိန်းက ကျော်သာ့ ပွဲရုံမှ လိုသမျှကိုလည်း ကူညီရန် ကတိပေး၍ ကျော်သာ အားတက်ရပါသည်။

* * *

ပွဲရုံဖွင့်ပြီး နောက်တစ်ရက်တွင် အလွန်ထူးခြားသော ဧည့်သည် သုံးဦး ရောက်လာသည်။

ဆရာ ဦးခင်မောင်ရင်၊ ကျော်ဝင်းနှင့် လှကြိုင်တို့ ဖြစ်သည်။

သို့သော် ကျော်ဝင်းနှင့် လှကြိုင်ကို မြင်ရတော့ ကျော်သာ့ စိတ်ထဲ ဘာကိစ္စပါလိမ့်ဟု စနောင့်စနင်း ဖြစ်မိသည်။

ပွဲရုံစားပွဲပေါ်မှာ တင်ထားသော ဝှေ့နေကြသည့် နွားရုပ်ကလေး နှစ်ကောင်ကိုလည်း ကျော်သာ အလိုလို ကြည့်မိပြီးသား ဖြစ်သွားသည်။

"ကဲ. . . . မောင်ကျော်သာ မန္တလေးမှာ မင်း ကြီးပွားနေတယ်ဆိုတာ ကြားရလို့ ဆရာတို့ ဝမ်းသာနေကြတာ၊ ဒါပေမယ့် ကိုယ့်အလုပ်နဲ့ ကိုယ်ဆိုတော့ မရောက်ဖြစ်ကြဘူး၊ ခုမှ အကူအညီလိုလို့ ရောက်အောင် လာရတာပဲ"

ဆရာ စကားနိဒါန်းပျိုးနေစဉ်မှာ ကျော်ဝင်းနှင့်လှကြိုင်ကငြိမ်သက်စွာထိုင်၍ ပွဲရုံအခြေအနေကို မသိမသာအကဲခတ်နေကြသည်။



ကျော်သာ၏ တပည့်များက အလိုက်သိစွာနှင့် လက်ဖက်ရည်၊ မုန့်နှင့် စီးကရက် လာချပေးကြသည်။

"ဒါ မောင်ကျော်သာ ကိုယ်ပိုင် ပွဲရုံလား"

"ဟုတ်ပါတယ် ဆရာ"

ကျော်သာ ကြွားချင်၍ မဟုတ်သော်လည်း ဆရာ ဝမ်းသာစေချင်၍ ပြောခြင်းဖြစ်ပါသည်။

"ဟာ. . . . အကျယ်ကြီးပါလား၊ ကောင်းလိုက်တာကွာ"

ဆရာက သူ့ရှေ့မှ လက်ဖက်ရည် ပန်းကန်ကို ယူ၍ တစ်ကျိုက် သောက်လိုက်သည်။

"ကဲ. . . . မောင်ကျော်ဝင်းတို့ မောင်လှကြိုင်တို့ သောက်ကြ. . . ."

"သောက်ကြပါ"

ကျော်သာက စိမ်းသလို ဖြစ်နေ၍ ဆရာ့ စကားနှင့်ရောပြောလိုက်ရသည်။

"ကဲ. . . . ဆရာတို့ လာတဲ့ ကိစ္စကတော့. . . . ရွာမှာ အစိုးရအထက်တန်းကျောင်း ဖြစ်သွားတာလည်း မောင်ကျော်သာ ကြားပြီးသား ဖြစ်မှာပါ"

ကျော်သာ ခေါင်းညိတ်ပြသည်။

"အဲဒါ. . . . အခု ကျောင်းသားကများပြီး အဆောက်အအုံနဲ့ မမျှလို့ ကိုယ်ထူ ကိုယ်ထ နှစ်ထပ် ကျောင်းဆောင်တစ်ခု ဆောက်ဖို့ စီစဉ်ကြတယ်၊ မောင်ကျော်ဝင်းက သူကိုယ်တိုင် မ,တည်ပြီး လိုတာကို အလှူခံရတာပေါ့၊ ရွာမှာရှိတဲ့ ကျောင်းသားဟောင်းတွေကလည်း တတ်အားသမျှ ဝိုင်းလှူကြပါတယ်"

ကျော်သာ ခေါင်းညိတ်ပြသည်။

"အခု မောင်ကျော်ဝင်းတို့ကပဲ မင်းဆီကိုလည်း အလှူခံချင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ အကြောင်း ဆရာ့ကို ပြောပါတယ်၊ ဩော်. . . . ဆရာ ပြောဖို့ ကျန်သေးတယ်၊ သူတို့က မင်းနဲ့ ရွာမှာ ဖြစ်ခဲ့ကြတာတွေကိုလည်း ငယ်တုန်းက ငယ်စိတ်နဲ့ ပေါ့ကွာ၊ ခုတော့ ဆရာကလည်း ပြောပြလို့ သူတို့ မှားမှန်း သိကြပါပြီ"

"ဟုတ်ပါတယ်. . . . သူငယ်ချင်း၊ ဖြစ်သမျှတွေဟာ ငါတို့ အလွန်တွေ ချည်းပါပဲ၊ မင်းဘက်က အမှားမရှိပါဘူး၊ ငါတို့ကိုလည်း နောက်ကျတော့ မင်းနဲ့ ပတ်သက်လို့ ရွာရပ်ကတောင် မကျေမနပ် ဖြစ်ခဲ့ပြီး ကြဉ်သလိုဖြစ်လာကြတာနဲ့ ဆရာကပဲ အဲဒီလို မဖြစ်အောင် ငါတို့ကို ရပ်ရေး ရွာရေး ကိစ္စတွေမှာ ပါဝင်လုပ်နိုင်ဖို့ စီစဉ်ပေးတယ်၊ အဲဒီလို လုပ်ရင်းနဲ့ ငါတို့လည်း ဆရာနဲ့ ပိုရင်းနှီးပြီး အရင်က ငါတို့ အမှားတွေ ငါတို့ သိလာတယ်"

"ဟုတ်ပါတယ်ကွာ. . . ."

လှကြိုင်က ကျော်ဝင်း ပြောသည်ကို ထောက်ခံသည်။

"အဲဒါနဲ့ အခု ကျောင်းဆောင်အသစ် ဆောက်တဲ့ကိစ္စမှာ ဆရာနဲ့အတူ ငါတို့ တာဝန်ယူလုပ်တော့ မင်းကိုလည်း အလှူခံချင်တယ်၊ အဓိက အချက်ကတော့ မင်းနဲ့တွေ့ပြီး ငါတို့ အမှားတွေကိုလည်း တောင်းပန်ချင်တယ်၊ ဒါကြောင့် ငါတို့က တမင် လာခဲ့ကြတာပါ"

ဆရာ ဦးခင်မောင်ရင် နားထောင်ရင်း ပီတိဖြစ်နေပုံမှာ သိသာပါသည်။

"ကောင်းပါတယ် သူငယ်ချင်းတို့ရာ ငါသိပ်ဝမ်းသာပါတယ်၊ ငွေလည်း လှူပါ့မယ်၊ အခု ကျောင်းဆောင်က မဆောက်ရသေးဘူး ပေါ့"

"ဩော်. . . . အဲဒါ ဆရာ ပြောမယ်၊ ကျောင်းဆောင် ဆောက်တာက ပြီးသလောက် ဖြစ်နေပြီ၊ အမိုးသွတ်အတွက်လောက်



ပဲ ကျန်တော့တာပါ၊ ရှေ့လ,ထဲမှာ ကျောင်းဆောင်ကို ပညာရေးဌာန အပ်တဲ့ပွဲလည်း တစ်ခမ်းတစ်နား ကျင်းပမှာပါ၊ အဲဒီပွဲကိုလည်း မင်းကို လာဖို့ အားလုံးက ဆန္ဒရှိနေကြတယ်"

"မိနှင်းလည်း အခု ကျောင်းမှာပဲ အလယ်တန်းပြ ဆရာမ ဖြစ်နေပြီကွ၊ သူကလည်း မင်းကို လာစေချင်တယ်၊ လာအောင် ခေါ်ဖိတ်ခေါ် ခဲ့ပါတဲ့၊ ငါတို့ကို မှာလိုက်တယ်"

လှကြိုင်က ဖြည့်စွက်ပြောသည်။

"ဒါဖြင့် သွပ်မိုးဖို့အတွက်က ဘယ်လောက်လိုနေလို့လဲ ဆရာ"

ဆရာက ကျော်ဝင်းကို လှမ်းကြည့်လိုက်သည်။

"လိုတာတော့ ငါးသိန်းလောက် လိုတာပါ ဒါပေမယ့် သူငယ်ချင်း တတ်နိုင်သလောက်. . . ."

"ရတယ်. . . . ငါးသိန်းပဲ လှူလိုက်မယ်"

"ဟာ. . . . ဝမ်းသာလိုက်တာကွာ"

သုံးယောက်လုံး ပြိုင်တူ ပြောမိကြ၍ လေးယောက်လုံး ရယ်မိကြသည်။

"ကဲ. . . . ဒီနေ့ည ဆရာတို့ သုံးယောက် ဒီမှာပဲ စား ဒီမှာပဲ အိပ်"

"အေးပါ၊ ငါတို့ကလည်း ဒီမှာပဲ စားပြီး၊ ဒီမှာပဲ အိပ်မသွား"

ဆရာ့ စကားကြောင့် အားလုံး ရယ်ကြရပြန်သည်။

"ကျောင်းဆောင် ဖွင့်ပွဲကိုလဲ. . . ."

"လာမယ်. . . . စိတ်ချ"

ကျော်ဝင်း စကား မဆုံးမီပင် ကျော်သာ ကတိ[illegible] ဖြစ်နေပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ကျော်သာနှင့် အပြန်အလှန်ပြောကြစဉ်က မခံချင်စိတ်နှင့် အနိုင်အထက်ပြောခဲ့မိသော်လည်း ကျော်သာထွက်သွားမှ ကျော်သာ ပြောသွားသော စကားများကို အသေအချာပြန်စဉ်းစားနေရပြီ"

ကျော်သာ စုံစမ်း သိရှိထားသော အောင့် အကြောင်းများ သည် အမှန်ပဲလား။ သူ ပေးထားသော ငွေများကို အောင် သုံးဖြုန်း ပစ်သလား။ မိန်းမများနှင့် ရှုပ်သည်ဆိုတာရော အဟုတ်ပဲလား။ ဖားကန့်မှာ ကျောက်ရှူးသည် မဟုတ်ဘဲ ဖဲရှူးသည်ဆိုတာကရော။

သူ ပြောသည့်အတိုင်းသာ အမှန်ဆိုလျှင် အောင်သည် အလွန် ကြောက်စရာကောင်းသော လူတစ်ယောက်။ ဘယ်နည်းနှင့်မျှ အိမ်ထောင်ဖက်အဖြစ် ပေါင်းသင်း ထိုက်သူ မဟုတ်။

ပြောသာ ပြောရသော်လည်း တစ်သက်လုံး ဒုက္ခဖြစ်မည်ကို တော့ ခင်မွန် ကြောက်ပါသည်။

ထို့ကြောင့် အောင်ဇော်ကို အလျင်စလို မဆက်သွယ်သေးဘဲ သူ့အကြောင်း သေချာအောင် စုံစမ်းကြည့်ဦးမည်ဟု ခင်မွန် ဆုံးဖြတ်လိုက်သည်။

တစ်ဖက်ကလည်း သူနှင့် ဆက်ဆံရသမျှတော့ အောင်ဇော် ပြောပုံ ဆိုပုံမှာ ဘာမျှ မယုံစရာ မရှိ။ အောင့် အပေါ်မှာ ယုံချင်စိတ် ကတော့ အပြည့်။

အောင် သူ့ကို ညာလိမ့်မည်ဟု မထင်။ အောင် သူ့ကို သိပ် ချစ်သည်။ ကြင်နာသည်။ အောင်နှင့်အတူသာဆိုလျှင် သိပ်ပျော်ရ မည်ဟု ထင်နေဆဲ။

"အို. . . ရည်းစား လူဘက်၊ ပြိုင်ဘက်အချင်းချင်း ဘယ် သူက အကောင်းပြောမှာလဲ၊ သူ့အကြောင်းလည်း အောင်က မကောင်းပြောတာပဲ၊ အောင့် အကြောင်းလည်း သူ မကောင်းပြော တာ ဖြစ်မှာပေါ့"



ကျော်သာ ပြောသော စကားများ အပေါ်မှာ စိုးရိမ်စိတ် လျော့ပါးသွားသည်။

သို့သော် ခင်မွန်က မဆက်သွယ်သမျှ အောင်ဇော့်ဘက်မှ ဆက်သွယ်ရန် လမ်း မရှိသေး။

"ဘာပဲ ဖြစ်ဖြစ်၊ စုံစမ်းတာကတော့ မလွန်ပါဘူးလေ၊ အဲဒီ တော့မှပဲ မဟုတ်ရင် မဟုတ်သလို ဟုတ်ရင် ဟုတ်သလို ဆုံးဖြတ် တာပေါ့၊ ဒါက တစ်သက်လုံး အရေး. . . "

ခင်မွန် ခေါင်းအေးအေး ထားလိုက်သည်။

သည်ကြားထဲမှာပင် တစ်ခါတရံတွင် ကျော်သာ၏ အနစ် နာခံမှု ကြင်နာမှုများကိုလည်း အမှတ်မထင် သတိရမိသေးသည်။

အထူးသဖြင့် ဘုတလင်သွားစဉ် ပူအိုက်သော ညမှာ အအိပ်ပျက်ခံပြီး ယပ်ခတ်ပေးသည်ကို မကြာခဏ သတိရသည်။

သို့သော် အပျော့ဆွဲနည်းနှင့် သူ့ဘက်ပါအောင် အနစ်နာခံ တာ၊ ကြင်နာမှုပြတာတွေ လုပ်လိမ့်မယ် ဟူသော အောင် ရေးထား သည့် စာကိုလည်း သတိရမိသည်။

ဒါပေမယ့် ဘယ်လိုပဲ ဖြစ်ဖြစ်၊ တရားဝင် လက်ထပ်ထားပြီး သား၊ အိပ်ရာတစ်ခုတည်းမှာ အတူ အိပ်ရပါလျက် စောင့်စည်းနိုင် သည်ကိုတော့ ခင်မွန် မလေးစားဘဲ နေ၍မရ။

ဦးမင်းအောင် ဆေးရုံပေါ်မှာ လက်ထပ်ပေးသည့် ညက ခင်မွန် ကိုယ်တိုင် ကိုယ်ခန္ဓာကို ယူလိုက ယူနိုင်ပါသည်ဟု ပြောပါ လျက် မေတ္တာကို မရဘဲ မလိုချင်၍ စွန့်လွှတ်ခဲ့သည်။

"သူ ငါ့ မေတ္တာကို တကယ် လိုချင်တာလား ငါ့ကို တကယ် ချစ်တာလား"

သို့သော် ထိုသို့ စဉ်းစားကာမှ ပါးက နာချင်သလို ဖြစ်လာ၍ ယောင်ရမ်းပြီး ပါးကို စမ်းကြည့်မိသည်။

www.burmeseclassic.com



"ဟင်း. . . . ရက်စက်လိုက်တဲ့ လူ"

ရင်ထဲကပါ နာလာသည်။

အတူနေခဲ့စဉ်က အကြင်နာလေးများကို လွမ်းသလိုလို ဖြစ်မိသော စိတ်များ ပျောက်ကွယ်သွားပါသည်။

* * *

ကျော်သာ ထွက်သွားပြီးနောက် လေးရက်မြောက်သော နေ့လယ်ခင်းတွင် အိမ်သို့ သူဇာ ရောက်လာသည်။

အောင် လွှတ်လိုက်ဟန်တူသည်။ အောင့် အကြောင်းကို ကြားရမည်ဟု ခင်မွန် ဝမ်းသာနေသည်။

"ကြုံတုန်းမှာ နည်းနည်းပါးပါး အစ်အောက်ပြီး စုံစမ်းကြည့်လိုက်ဦးမည်"ဟုလည်း စိတ်ထဲမှာ စဉ်းစား လိုက်မိသည်။

"အိမ်ထဲကို လာ. . . . သူဇာ၊ အောင် လွှတ်လိုက်တာလား"

ခင်မွန်၏ အမေးကို သူဇာ ခေါင်းယမ်း၍ ပြသည်။ မျက်နှာကလည်း မသာမယာ ဖြစ်နေသည်ကို ခင်မွန် သတိထားမိသည်။

ဧည့်ခန်းထဲမှာ နှစ်ယောက် ထိုင်မိကြသည်။

"ပြော. . . . သူဇာ၊ ဘာထူးလို့လဲ"

ခင်မွန်က စကား စ,ပေးလိုက်သည်။

သူဇာ ဒူးပွဲချ ငိုပြီး ခင်မွန့် ခြေရင်းမှာ ဒူးထောက် ထိုင်လိုက်သည်။

"သူဇာ့ကို ကယ်ပါဦး မမရယ်"

ခင်မွန့် ဒူးကို ဖက်၍ သူဇာ ငိုပါသည်။

"အို. . . . ဘာဖြစ်လို့လဲ သူဇာရယ်၊ မမကို ပြောစမ်း"

"ကိုအောင်ဇော်. . . သူ. . . သူ. . မကောင်းဘူး မမရယ်"



"ဟင်. . . . ဘာဖြစ်လို့လဲ သူဇာ၊ သူ ဘာတွေ လုပ်လို့လဲ"

ခင်မွန် စိုးရိမ်စွာ မေးမိသည်။

"သူ. . . . သူ. . . . သူဇာ့ကို. . . ."

"ဟင်. . . . သူဇာ့ကို. . . ."

"ဟုတ်တယ်၊ မမ လက်ထပ်တဲ့ နေ့မှာပဲ သူ. . . . သူဇာ့ကို. . . ."

"သူနဲ့ သူဇာက မောင်နှမ တစ်ဝမ်းကွဲ မဟုတ်လား"

"မဟုတ်ပါဘူး မမ၊ သူက မမညွန့်ဘက်ကပါတဲ့ မောင်ပါ၊ သူဇာက ကိုကိုစိုးဘက်ကပါတဲ့ နှမပါ"

ခင်မွန် ကိုယ်တိုင် ဒူးပွဲချပြီး ငိုချင်လာမိသော်လည်း စိတ်ကို တင်းထားလိုက်သည်။

"သူနဲ့ ညီမ ချစ်နေကြလို့လား"

"သူ မိန်းမကိစ္စ သိပ်ရှုပ်ပါတယ် မမ၊ မမနဲ့ ဖြစ်နေတုန်းမှာလည်း တခြား မိန်းကလေးတွေနဲ့ တွဲနေတာပါပဲ"

ခင်မွန့် ရင်ထဲမှာ နာသွားသည်။ မိမိအတွက်ထက် သူဇာ့အတွက် ပိုနာသည်။

"ဒါကို သိလျက်သားနဲ့များ ဖြစ်ရတယ်လို့ ညီမရယ်"

"နေ့ခင်းကျတော့ အိမ်မှာ သူနဲ့ ကျွန်မတို့ နှစ်ယောက်တည်း ရှိတယ် မမ၊ အဲဒီမမ လက်ထပ်တဲ့ နေ့ကတော့ ကျွန်မ အခန်းထဲကို သူ ဝင်လာပြီး. . . ."

သူဇာ ဆက်မပြောနိုင်ဘဲ ငိုပါသည်။

"ကျွန်မ ငြင်းပါတယ် မမ၊ မရဘူး"

"ဟင်. . . . ယုတ်မာလိုက်တဲ့ လူ၊ သူ. . . . အခု အိမ်မှာ ရှိလား"

"မရှိဘူး မမ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားလဲ"

"မမက သူ့ကို အိမ်က နှင်ချလိုက်တယ်"

"သူဇာ့ ကိစ္စ သိသွားကြလို့လား"

"မဟုတ်ပါဘူး မမ၊ သူ မိုးကောင်းကို ကျောက်စိမ်း လုပ်မယ် ဆိုပြီး သွားတော့ မမတို့ကလည်း အဟုတ်မှတ်လို့ ငွေသုံးသိန်း ထည့် ပေးလိုက်တယ်၊ အဲဒါ ဟိုမှာ ငွေတစ်ဝက်လောက်က ကျောက် အလိမ်ခံရတယ်၊ ကျန်တဲ့ ငွေက မိန်းမတွေနဲ့ရှုပ်၊ ဖဲရိုက်တော့ ဖဲရှုံး၊ အိမ်ကျတော့ ကျောက် အလိမ်ခံရလို့ အားလုံး ကုန်တယ်ဆိုပြီး ညာ ဘယ်၊ အဲဒါ သူနဲ့ အတူသွားတဲ့ ကိုခင်အောင်တင့်ကိုလည်း နှစ်သိန်း အကြွေးပေးစရာရှိတာ မပေးလို့ ကိုခင်အောင်တင့်က အိမ်လာ တောင်းမှ အကုန်ပေါ်ကုန်တာ"

ကျော်သာ ပြောသည့် စကားအားလုံး မှန်နေသည်ကို ခင်မွှန် နားလည်လိုက်ပါပြီ။

သူ့ကို လာခိုးသည့်နေ့က သူဇာ့ကို သူ စော်ကားပြီး ဖြစ်နေ သည်ကို ခင်မွှန် တွက်၍ ရပါသည်။

"မမ သူဇာ့ကို ဘယ်လို ကူညီရမလဲ ပြော"

"သူဇာနဲ့ မဖြစ်ခင်က သူ ပြောခဲ့ဖူးပါတယ် မမ၊ သူ ဘယ် မိန်းကလေးနဲ့ ရှုပ်ရှုပ်၊ တကယ်ယူမှာကတော့ ခင်မွှန်တဲ့၊ မမကိုတော့ သူ တကယ်ချစ်ပုံရပါတယ်၊ အဲဒါ သူဇာ့ကို သနားပါ မမရယ်"

"စိတ်ချ. . . . သူဇာ၊ မမ သူ့ကို ဘယ်တော့မှ မယူဘူး၊ ဒီ အကြောင်းကို သူဇာရဲ့ အစ်ကိုနဲ့ ယောက်မရော အသိပေးပြီးပြီလား"

"မပေးရသေးဘူး မမ၊ ကြောက်လို့"

"ကြောက်နေလို့မရဘူး ညီမ၊ အသိပေးလိုက်၊ ဒါမှ ညီမ အစ်ကိုနဲ့ ယောက်မက သူ့ကို ပြန်ခေါ်ပြီး ညီမအတွက် တာဝန်ယူခိုင်းရမယ်"

"သူက မမကို မရတော့ဘူးလို့ ယုံရင် သူဇာ့ကို ယူချင်ယူမှာ



ပါ၊ မမ လက်ထပ်ဖို့ ဘာတောင် မမတို့ တကယ် လက်ထပ်တာ မဟုတ်ဘူး၊ တစ်နေ့ကျရင် မမက သူ့ကို ပြန်ယူမှာလို့ မျှော်လင့်နေတာ"

စိတ်ချ ဒီလို လူမျိုးကို ဘယ်တော့မှ မယူဘူး၊ ပြီးတော့ သူနဲ့ မမရဲ့ ဆက်ဆံရေးကလည်း သူဇာနဲ့လို အခြေအနေမျိုးအထိ မဟုတ်ဘူး၊ အဲဒီတော့ သူဇာ ပြန်တော့၊ သူဇာ့ အစ်ကိုနဲ့ အစ်မကို ဖွင့်ပြောလိုက်၊ ဘာမှ မကြောက်နဲ့ သတ္တိရှိရှိသာ ပြော. . . ."

သူဇာ ခေါင်းညိတ်ပြသည်။

ပါးပေါ်မှ မျက်ရည်များကိုလည်း သုတ်ပစ်လိုက်ပါသည်။

* * *

သူဇာ ပြန်ထွက်သွားတော့ ခင်မွှန် ခေါင်းထဲမှာ ရှင်းလင်း ကြည်လင်သွားပါသည်။ ဝမ်းနည်းကြေကွဲစိတ်လည်း လုံးဝ မရှိတော့ ပါ။

သူက အယုံကြီး ယုံပြီး၊ အထင်ကြီး ထင်ခဲ့မိသူကို ဖွင့်ထွက် သွားတာ မြင်လိုက်ရ၍ တောင်ပို့မှန်း အသေအချာ သိသွားပါပြီ။

ထိုလူနှင့် ပတ်သက်၍ မိုက်မိုက်ကန်းကန်း လုပ်ဆောင်မိခဲ့ သမျှ၊ ရပ်တည်ပြောဆိုပြီး ဆုံးဖြတ်ခဲ့သမျှမှာ. . . . ကျော်သာ ပါးရိုက် တာ နည်းပင် နည်းသေးသည်ဟု မှတ်ယူလိုက်မိသည်။

"ဒေါ်မြရေ. . . . ကိုကျော်ဆွေ ရှိသလား"

"ရှိတယ်"

"ရှိတယ်"

ဒေါ်မြရော ကျော်ဆွေပါ ပြိုင်တူ ဖြေလိုက်ကြသည်။

"အပြင် သွားစရာ ရှိတယ် ကားထုတ်ပါ"

"ဟုတ်ကဲ့. . . . ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ခင်မွန် အိမ်ပေါ်သို့ အပြေးအလွှား တက်သွားသည်။ မှန်တင်ခုံ ရှေ့မှာ ရပ်၍ မျက်နှာကို အလှအပဆုံးဖြစ်အောင် အမြန်ဆုံး ခြယ်မှုန်းလိုက်သည်။

ရင်ထဲမှာလည်း ပျော်ရွှင်ခြင်း ကြည်နူးခြင်းတို့နှင့်အတူ နှလုံးခုန်သံများ မြန်လျက်။

မျက်နှာနှင့် ဆံပင်ကို ပြုပြင်ပြီးသည်နှင့် လုံချည် အင်္ကျီလဲလိုက်သည်။ ရတနာမွန်ဟော်တယ်မှာ ညစာစားစဉ်က ဝတ်ခဲ့သော ဝတ်စုံ။

အိမ်အောက်သို့ ရောက်သောအခါ ကိုကျော်ဆွေ မော်တော်ကားတံခါးကို ဖွင့်၍ အသင့်စောင့်နေသည်။

"ကိုကျော်သာ အခု ထိုင်နေတဲ့ ပွဲရုံကို သိသလား"

"ဟုတ်ကဲ့ သိပါတယ်"

"အဲဒီကို မောင်း"

BURMESE CLASSIC .com

* * *

ပွဲရုံထဲသို့ ဝင်လာသော ခင်မွန့်ကို မြင်ရသောအခါ ကျော်သာ ကိုယ့်မျက်စိ ကိုယ် မယုံနိုင်အောင်ဖြစ်မိသည်။

ဝတ်ဆင်ထားသည်ကလည်း သူ အလွန် သဘောကျသော မြန်မာဆန်ဆန် ဝတ်စုံ။ ခင်မွန်နှင့် အလွန် လိုက်ဖက်သည်။ အလှအပကို ပေါ်လွင်ရုံမက ကျက်သရေပါ ရှိသည်ဟု ကျော်သာ ယူဆသည်။ သို့သော် ဤ လှပသော မိန်းကလေးသည် သူ့ကို အလွန်မုန်းတီးသူ ဖြစ်သည်ဟု စဉ်းစားမိသောအခါ ကျော်သာ စိတ်မကောင်း ဖြစ်မိသည်။

ခင်မွန်က ကျော်သာ့ စားပွဲ ရှေ့မှ ကုလားထိုင်မှာ ကြော့ကြော့လေး ထိုင်လိုက်သည်။



စားပွဲပေါ်တွင် တင်ထားသော နွားရုပ်ကလေးနှစ်ကောင်မှာ ကျော်ဝင်းတို့ ပြန်သွားကတည်းက အားပြိုင်သည့် အနေအထားမှ ဘေးချင်း ယှဉ်လျက် အနေအထားသို့ ပြောင်းလဲပြီး ဖြစ်နေသည်။

"ဘာကိစ္စရှိလို့လဲ မခင်မွန်၊ ပြောပါ"

ခင်မွန် ပြုံးလိုက်သည်။

"ကိုကျော်သာ ပြောတာတွေ အားလုံး မှန်တဲ့အကြောင်း အခု သိတာနဲ့ ချက်ချင်း ထ, လာခဲ့တာပါ"

"ဗျာ. . . ."

ကျော်သာ ဝမ်းသာလွန်း၍ ထိုင်နေရာမှ မတ်တတ် ရပ်မိလျက်သား ဖြစ်သွားပါသည်။

"တကယ် စိတ်ထားလှတဲ့လူက ကိုကျော်သာ ဆိုတာ အခုတော့ ခင်မွန် သိပါပြီ"

"မခင်မွန် တကယ် ပြောနေတာလားဗျာ"

ခင်မွန် ခေါင်းညိတ်ရင်း ထိုင်ရာမှ ထ, လိုက်သည်။ ပွဲရုံထဲကို မျက်စိတစ်ချက် ဝေ့ပြီး ကြည့်လိုက်သည်။

"ကိုကျော်သာ ဘယ်မှာ အိပ်သလဲ"

"ဒီ ပွဲရုံထဲမှာပဲပေါ့"

ကျော်သာက ပွဲရုံထောင့်မှ သူ အိပ်သော အခန်းကို လိုက်ပြသည်။

ခင်မွန်က အခန်းထဲအထိ ဝင်ကြည့်သည်။

"ညကျရင် အိုက်မှာပေါ့နော်"

"လေအေးပေးစက်ရှိတဲ့ အခန်းကျယ်ကြီးတော့ မဟုတ်ဘူးပေါ့ မခင်မွန်"

"ကဲ. . . . အိမ်ပြန်လိုက်ခဲ့တော့ အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ အစ်ကိုလို့ ခေါ်တယ် ဟုတ်လား"

"မသိဘူး၊ မသိချင်ယောင်ဆောင်နေတာ မဟုတ်ဘူး၊ မခေါ်တော့ဘူး"

"ဪ. . . . နေဦး၊ ဒီတစ်ခါ ဟန်နီးမွန်းကို အစ်ကို့ ရွာက ကျောင်းဆောင်သစ် ဖွင့်ပွဲ သွားမယ်၊ လိုက်မှာလား၊ သူတို့ လာဖိတ်ထားတယ်"

ခင်မွန် ခေါင်းညိတ်ပြသည်။

"ဆိုင်ကယ်တစ်စီးရယ်၊ ဂျင်းဝတ်စုံရယ်၊ ဝေါကင်းရှူးရယ်၊ ရေဘင်နေကာမျက်မှန်ရယ် မနက်ဖြန်ခါ ဝယ်မယ်"

"ဘာလုပ်ဖို့လဲ"

ခင်မွန် နားမလည်ပါ။

"ဘုတလင်က ပြန်ခါနီးမှာ မရင်မြနဲ့ မရင်လှက မှာလိုက်တယ်လေ၊ အဲဒါတွေ ဝယ်သုံးဖို့ လိုတယ်တဲ့"

ခင်မွန် စိတ်မကောင်း ဖြစ်သွားသည်။

"မလိုတော့ပါဘူး အစ်ကိုရယ်"

ကျော်သာ ခင်မွန့်ကို ရင်ခွင်ထဲ ဆွဲယူ၍ ပွေ့ထားလိုက်မိသည်။

"ဟော့. . . . အစ်ကို နေဦး၊ မင်္ဂလာအခန်းက အိမ်မှာ"

"ဒီနေ့မှ တကယ့် မင်္ဂလာဦး ညပေါ့နော်"

ခင်မွန် ချစ်စဖွယ်သော အပြုံးလေးနှင့် ခေါင်းညိတ်ပြလိုက်ပါသည်။

လယ်တွင်းသား စောချစ်

BURMESE CLASSIC .com

www.burmeseclassic.com